# ကြေးမုံ

The Mirror

၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။

Established in 1957

၁၃၇၇ ခုနှစ်၊ တော်သလင်းလဆန်း ၄ ရက်၊ ကြာသပတေးနေ့၊ (17-9-2015) (၈၃၂၆)


## အေးစေ မြဲစေ မေတ္တာရေ

- နှစ်ရွာတစ်ရွာ၊ ဆက်ဆံရာ၊ မေတ္တာလိုရင်းသုံး၊
- မိတ်ဆွေချင်းသာ၊ ပေါင်းသင်းရာ၊ မေတ္တာအမြတ်ဆုံး၊
- အေးစေမြဲစေ၊ မေတ္တာရေ၊ သုံးလေ ရပ်ရွာသုံး၊
- မေတ္တာစိတ်ဓာတ်၊ လွန်မြင့်မြတ်၊ လူနတ်အချစ်ဆုံး၊
- မေတ္တာရန့်၊ ကြိုင်လှိုင်နံ့၊ သင်းပျံ့နယ်မဆုံး၊
- မေတ္တာပန်းခိုင်၊ ကိုယ်စီကိုင်၊ ဖက်ပြိုင်သူတို့ရှုံး၊
- တစ်ဦးမေတ္တာ၊ တစ်ဦးမှာ၊ ရှည်ကြာရှုံမမုန်း၊
- တရားပျောက်ကွယ်၊ မေတ္တာပြယ်၊ ကြီးငယ်အများမုန်း၊
- မေတ္တာနတ်ပန်း၊ ပန်ဆင်မြန်း၊ ရွှင်လန်းစိတ်နှလုံး။

စံကင်းဆရာတော်

# မြန်မာနိုင်ငံ၏ ဖြစ်ပေါ်တိုးတက်မှုများအရ ရင်းနှီးမြှုပ်နှံရန် သင့်လျော်သည့် နိုင်ငံတစ်ခုဖြစ်

နေပြည်တော် စက်တင်ဘာ ၁၆

**မြန်မာနိုင်ငံတွင် ရင်းနှီးမြှုပ်နှံနိုင်မည့် ဈေးကွက်ဆိုင်ရာအခွင့်အလမ်းများအား နိုင်ငံခြားရင်းနှီးမြှုပ်နှံသူများ သိရှိလာစေရန်ရည်ရွယ်လျက် တစ်ကမ္ဘာလုံးဆိုင်ရာ မြန်မာရင်းနှီးမြှုပ်နှံမှုဖိုရမ်ကို နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန-၂ (MICC-2)၌ စက်တင်ဘာ ၁၅ ရက်မှ ၁၆ ရက်အထိ အောင်မြင်စွာ ကျင်းပခဲ့သည်။**

မြန်မာရင်းနှီးမြှုပ်နှံမှုဖိုရမ်သို့ ပြည်ထောင်စုဝန်ကြီး ဦးစိုးသိန်း၊ ဦးစိုးမောင်၊ ဦးဇေယျာအောင်၊ ဒေါက်တာမြင့်အောင်၊ ဦးဝင်းထွန်း၊ ဦးကျော်လွင်၊ ဦးငွေးအောင်၊ ဒုတိယဝန်ကြီးများ၊ ဥရောပငွေကြေးဆိုင်ရာရင်းနှီးမြှုပ်နှံမှုအဖွဲ့၊ အမေရိကန်၊ အင်္ဂလန်၊ ဂျပန်၊ ဂျာမနီ၊ ဩစတြေးလျနိုင်ငံတို့မှ ကုန်သည်ကြီးများ အသင်းအပါအဝင် ပြည်တွင်း၊ ပြည်ပမှ ထင်ရှားသည့် စီးပွားရေးလုပ်ငန်းရှင် တစ်ထောင်ကျော် တက်ရောက်ခဲ့ကြသည်။

အဆိုပါ ဖိုရမ်ဖွင့်ပွဲအခမ်းအနားတွင် ဥရောပငွေကြေးဆိုင်ရာရင်းနှီးမြှုပ်နှံမှုအဖွဲ့မှ အာရှဒေသဆိုင်ရာ စီအီးအို မစ္စတာတိုနီရှေးက ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားသည်။ **စာမျက်နှာ ၃ ကော်လံ ၁ သို့** ☆

**မြန်မာနိုင်ငံ၏ နိုင်ငံခြားတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှုသည် ရေရှည်နိုင်ငံခြားတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှုစီမံချက်အရ ၂၀၁၄ ခုနှစ်တွင် အမေရိကန်ဒေါ်လာ လေးဘီလီယံသာ မျှော်မှန်းခဲ့သော်လည်း ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်တွင် အမေရိကန် ဒေါ်လာ ၈ ဒသမ ၀၁ ဘီလီယံရှိခဲ့၊ နိုင်ငံတော်အစိုးရ အနေဖြင့် ပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်များကို တစိုက်မတ်မတ်ဖြင့် ဇွဲကောင်းစွာ ဆောင်ရွက်ခဲ့၍ဖြစ်။**




တစ်ကမ္ဘာလုံးဆိုင်ရာ မြန်မာရင်းနှီးမြှုပ်နှံမှုဖိုရမ်ကို နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန-၂ ၌ ကျင်းပစဉ်။ (သတင်းစဉ်)




ကြေးမုံ စာတည်းရှုထောင့် — ၁၇-၉-၂၀၁၅၊ ကြာသပတေးနေ့

# ဦးခေါင်းကျန်းမာရေးအလေးပေး

လူတို့သည် အရာရာကို ဦးနှောက်ဖြင့် အလုပ်လုပ်ကြရာတွင် မိမိတို့၏ ဦးနှောက်ကြည်လင်လန်းဆန်းရန် အထူးလိုအပ်ပေသည်။ ဦးနှောက်ကြည်လင်လန်းဆန်းနေလျှင် မည်သည့်အလုပ်မဆို လုပ်ကိုင်ရာ၌ အဆင်ပြေချောမွေ့စွာလုပ်ကိုင်၍ ကောင်းပေလိမ့်မည်။ ဦးနှောက်မကြည်လင်၊ စိတ်မရွှင်လန်းပါက မည်သည့်အလုပ်မျှ လုပ်ကိုင်လိုစိတ်ရှိမည်မဟုတ်ချေ။

လူတို့အနေဖြင့် အချို့အချိန်အခါများတွင် မမျှော်လင့်ဘဲ ဦးနှောက်မကြည်လင်ခြင်း၊ ခေါင်းကိုက်သကဲ့သို့ ခံစားရခြင်းများ ဖြစ်ပေါ်တတ်သည်။ တစ်ခါတစ်ရံ အလုပ်ဖိစီးသောအခါ ခေါင်းကိုက်သကဲ့သို့ခံစားရသည်။ တစ်ခါတစ်ရံ အကြောင်းမဲ့ခေါင်းကိုက်တတ်သည်။ ထိုအခါ ခေတ္တနားနေခြင်း၊ သင့်တော်သည့် ဆေးဝါးတစ်မျိုးသောက်သုံးခြင်းဖြင့် ပျောက်ကင်းသက်သာတတ်ပေသည်။

ယင်းတွင် သာမန်စိတ်ဖိစီးသောကြောင့် ခေါင်းကိုက်ခြင်းဖြစ်တတ်သလို ပတ်ဝန်းကျင်မှ မိမိနှင့်မသင့်လျော်သော အခြေအနေတစ်ရပ်ကြောင့် ခေါင်းကိုက်ခြင်းလည်း ဖြစ်တတ်ပေသည်။ ခေါင်းကိုက်ခြင်းသည် သာမန်အခြေအနေတစ်ရပ်ကြောင့် ဖြစ်ပွားခြင်းနှင့် အခြားသော ဘေးထွက်ဆိုးကျိုးများကြောင့်လည်း ဖြစ်တတ်သည်ကို မိမိ၏ခန္ဓာကိုယ်အခြေအနေအရ သတိပြုခွဲခြားနားလည်ထားသင့်ပေသည်။

ခေါင်းကိုက်ခြင်းသည် အရေးကြီးသည့်အချက်ဖြစ်သောကြောင့် ဖြစ်စဉ်အမှန်ကို မိမိကိုယ်ကို အကြမ်းဖျင်းဆန်းစစ်သိရှိထားသင့်ပေသည်။ ပုံမှန်အခြေအနေအရ မမျှော်လင့်သောခေါင်းကိုက်ခြင်းများ ဖြစ်တတ်ပြီး သွေးကြောကျဉ်းခြင်း၊ ကျို့ခြင်း၊ သွားနာခြင်း၊ နားနာခြင်း၊ မျက်စိနာခြင်း၊ အနံ့အသက်မကောင်းခြင်း၊ စိတ်ဖိစီးခြင်း၊ အအေးမိခြင်း၊ ဖျားနာခြင်း စသည့် အခြေအနေများမှလည်း ခေါင်းကိုက်ခြင်းများဖြစ်တတ်ပါသည်။

ခေါင်းကိုက်ဝေဒနာသည် မိနစ်အနည်းငယ်၊ နာရီပိုင်း၊ အချိန်ပိုင်းမှ တစ်ရက်၊ နှစ်ရက်ကြာသည်အထိ အများဆုံးဖြစ်ပွားတတ်သော်လည်း ထိုထက်မက ပိုကြာမြင့်ပြီး တစ်လ၊ နှစ်လမက ရက်ပေါင်းများစွာပိုမိုကြာမြင့်လာသောအခါ မိမိအတွက် အန္တရာယ်ရှိလာပြီကို သတိပြုရပေမည်။ သာမန်အားဖြင့် နေထိုင်မှုပြောင်းလဲခြင်းနှင့် ဆေးဝါးသောက်သုံးခြင်းဖြင့် မပျောက်ကင်းပါက အထူးကုသမှုကို စောစောစီးစီးခံယူသင့်သည်ဟု အကြံပြုလိုပါသည်။

ဦးနှောက်အတွင်း အကြိတ်တည်ခြင်း၊ ဦးနှောက်အမြှေးပါးရောင်ခြင်း၊ ဦးနှောက်အတွင်း သွေးယိုစီးခြင်း၊ ဦးနှောက်ရှိ အာရုံကြောများရောင်ရမ်းခြင်း၊ ဦးနှောက်အတွင်း ပြည်တည်နာဖြစ်ခြင်းနှင့် ဦးခေါင်းပိုင်းဆိုင်ရာ အခြားဒဏ်ရာဒဏ်ချက်များကြောင့် ခေါင်းကိုက်ဝေဒနာ ကြာရှည်စွာခံစားနေရသည်တို့ကို အနာနှင့်ဆေးတည့်အောင်မလုပ်မိဘဲ အချိန်ကြာမြင့်သွားပါက အသက်အန္တရာယ်ရှိသည်အထိ ဆိုးရွားစွာထိခိုက်သွားနိုင်သည်ကို သတိပြုရမည်ဖြစ်သည်။

ဦးနှောက်သည် ခန္ဓာကိုယ်တစ်ခုလုံးအတွက် အဓိကကျသောအလုပ်လုပ်ဆောင်ရသည့် အစိတ်အပိုင်းဖြစ်၍ ခေါင်းပူအောင်၊ ဦးခေါင်းထိခိုက်အောင် မပြုလုပ်မိဖို့ အထူးလိုအပ်ပါသည်။ မိမိဦးခေါင်းထိခိုက်ပါက အသက်အန္တရာယ်မထိခိုက်လျှင်ပင် ရှင်လူဖြစ်ခဲ့သော်လည်း သေလူကဲ့သို့ မည်သို့မျှစွမ်းဆောင်နိုင်ခြင်းမရှိသည့်အဖြစ်ကို ရောက်သွားတတ်ပေသည်။

ထို့ကြောင့် မိမိ၏ဦးခေါင်းပိုင်းဆိုင်ရာကိစ္စများကို အထူးသတိပြုရန်လိုပြီး ခေါင်းမကိုက်အောင်လည်း နေ့စဉ်သတိပြုရမည်ဖြစ်သည်။ အလုပ်အကိုင်များ ပြင်းထန်စွာလုပ်ကိုင်မိလျှင် မိမိတို့၏စိတ်ကို ဖြေလျှော့ပေးခြင်း၊ အပန်းဖြေခြင်း၊ အိပ်ရေးဝဝအိပ်ခြင်း၊ မျက်စိကို အနားပေးခြင်း၊ ခေါင်းကိုက်စေတတ်သော တက်စာကဲ့သို့ အစားအစာများကို ရှောင်ကြဉ်ခြင်း စသည့်အမှုများကို ပြုရပေမည်။

ခေါင်းကိုက်ခြင်းသည် အသက်အရွယ်မရွေး ဖြစ်ပွားတတ်သောကြောင့် မိမိတို့ဦးခေါင်းကို ထိခိုက်နိုင်သော အမှုကိစ္စများကို ရှောင်ရှားရမည်ဖြစ်သည်။ ဦးခေါင်းပိုင်းနှင့်ပတ်သက်၍ ပေါ့ပေါ့တန်တန်သဘောမထားဘဲ ဖြစ်လျှင်ဖြစ်ချင်း တစ်ကိုယ်ရေကုသမှုနှင့် မပျောက်ကင်းပါက ချက်ချင်းပင် ဦးနှောက်နှင့်အာရုံကြောဆိုင်ရာ အထူးကုဆရာဝန်များနှင့်ပြသ၍ ပျောက်ကင်းအောင်ပြုလုပ်သင့်ပါသည်။ ။

# ရေဝတီမြစ်ရေ နှစ်ကြိမ်တိုးမြင့်မှုကြောင့် မင်းဘူးဒေသ ရေနစ်မြုပ်ကျေးရွာများမှ စာသင်ကျောင်းများ အခက်အခဲများဖြစ်ပေါ်

**မင်းဘူး စက်တင်ဘာ ၁၆**

မင်းဘူးဒေသ မင်းဘူးမြို့မြောက်ဘက်ခြမ်းရှိ ကျေးရွာများတွင် ဧရာဝတီမြစ်ရေ နှစ်ကြိမ်နစ်မြုပ်မှုကြောင့် စာသင်ကျောင်းများ ရေနစ်မြုပ်ကာ အခက်အခဲများ ကြုံတွေ့နေရကြောင်း သိရသည်။

ပထမအကြိမ် ရေနစ်မြုပ်မှုကြောင့် စာသင်ကျောင်းများ ပိတ်ထားရပြီး ရေပြန်ကျသွားပြီး ရက်ပေါင်း ၂၀ လောက်သာ ကျောင်းများပြန်ဖွင့်၍ စာသင်ကြားနေစဉ် ယခုတစ်ကြိမ် ရေကြီးနစ်မြုပ်မှုကြောင့် ကျောင်းများပြန်လည်ပိတ်ထားရကြောင်း၊ ပထမအကြိမ် ရေကြီးနစ်မြုပ်မှုကြောင့် ကျောင်းအဆောက်အအုံများ၊ စာသင်ခုံများပါ ပျက်စီးခဲ့ကြောင်း သိရသည်။

ရေနစ်မြုပ်သော ကျေးရွာများတွင် ပျက်စီးဆုံးရှုံးသွားသော စာသင်ခုံ၊ အိမ်သာနှင့် အခြားပျက်စီးမှုများကို ကျေးရွာမှ ကျောင်းထောက်ပံ့ရေးကော်မတီနှင့်ညှိနှိုင်း၍ သုံးစွဲရန် ညွှန်ကြားထားကြောင်း၊ ကျောင်းသားဦးရေ ၁၀၀ ကျော်ရှိသော ကျောင်းများကိုပထမထောက်ပံ့ကြေး ငွေကျပ် ငါးသိန်း၊ ဒုတိယထောက်ပံ့ကြေး ငွေကျပ် ငါးသိန်းနှင့် စုစုပေါင်း ကျပ် ၁၀ သိန်း ထောက်ပံ့ကြေးများပေးထားကြောင်း၊ ရေနစ်မြုပ်ကျောင်းများတွင် နုံး/နွံဆေးခ ကျပ် နှစ်သိန်း၊ မိလ္လာကန်သန့်ရှင်းရေးခ ကျပ်နှစ်သိန်း၊ သောက်သုံးရေဘုံပိုင်များအား သန့်ရှင်းခကျပ်နှစ်သိန်း ထုတ်ပေးထားပြီးဖြစ်ကြောင်း၊ မင်းဘူးခရိုင်အတွင်း ငါးမြို့နယ်ရှိ စာသင်ကျောင်းများအား စာသင်ခုံများ ပေးအပ်ထားကြောင်း မင်းဘူးခရိုင် ပညာရေးမှူး ဒေါ်ခိုင်မာလာက ပြောသည်။

မင်းဘူးမြို့နယ်အတွင်း စာသင်ခုံအသေး ၂၁၄ ခုံ၊ စာသင်ခုံ အကြီး ၃၅၆ ခုံ၊ ပွင့်ဖြူမြို့နယ်အတွင်း စာသင်ခုံအသေး ၂၀၅ ခုံ၊ စာသင်ခုံအကြီး ၃၄၀၊ စလင်းမြို့နယ်အတွင်း စာသင်ခုံအသေး ၂၉၇ ခုံ၊ စာသင်ခုံအကြီး ၄၉၃ခုံ၊ စေတုတ္တရာမြို့နယ်အတွင်း စာသင်ခုံအသေး ၅၉ခုံ၊ စာသင်ခုံအကြီး ၉၇ ခုံ၊ ငဖဲမြို့နယ်အတွင်း စာသင်ခုံအသေး ၆၉ခုံ၊ စာသင်ခုံအကြီး ၁၁၅ ခုံနှင့် မြို့နယ်အတွင်း စာသင်ကျောင်းများအား စာသင်ခုံအသေး စုစုပေါင်း ၈၄၄ ခုံနှင့် စာသင်ခုံအကြီး ၁၄၀၁ ခုံတို့ကို ပေးပို့ထားပြီးဖြစ်ကြောင်း သိရသည်။

"ရေနှစ်ကြိမ် နစ်မြုပ်မှုကြောင့် ကျောင်းတွေကို ပိတ်ထားရပါတယ်။ ပထမအကြိမ်ရေကြီးတုန်းက ကျောင်းဝင်းထဲကရေကန်၊ အိမ်သာတွေ၊ စာသင်ခုံတွေ၊ စာသင်ဆောင်တွေ ပျက်စီးခဲ့တယ်။ စာသင်ခုံတွေ၊ ကျောက်သင်ပုန်းတွေက အထပ်သားတွေဆိုတော့ ရေနစ်မြုပ်ပြီး ပျက်စီးကုန်ပါတယ်။ ဒါကိုပညာရေးဌာနက စစ်ဆေးပြီး ပြန်ပြုပြင်ပေးဖို့တော့ရှိတယ်။ အခုတစ်ကြိမ် ရေထပ်တက်လာတော့ ပြုပြင်မှုကို မပြုလုပ်ရသေးပါဘူး"ဟု နိဗ္ဗာန်ကျွန်းကျေးရွာမှ ကျောင်းအုပ်ဆရာမကြီး ဒေါ်မူမူမြင့်ကပြောသည်။

အဆိုပါစာသင်ကျောင်းတွင် မူလတန်းအဆင့် ၈၁ ဦး၊ အလယ်တန်းအဆင့် ၆၄ ဦး စုစုပေါင်း ၁၄၅ ဦး စာပေသင်ကြားနေပြီး သင်ကြားပေးမှုပိုင်းတွင် ပညာရေးဝန်ထမ်း ဆရာ ဆရာမ ခုနစ်ဦးရှိကြောင်း၊ မူလတန်း အဆင့်တွင် ဆရာ ဆရာမ ငါးဦးနှင့် အလယ်တန်းအဆင့် ဆရာမ နှစ်ဦးတို့က သင်ကြားပို့ချပေးကာ သင်ကြားရေးပိုင်းတွင် ဆရာ မလုံလောက်မှုကြောင့် ကျေးရွာကျောင်းဆရာတစ်ဦး ငှားရမ်းထား၍ စုစုပေါင်း ဆရာ ဆရာမ ရှစ်ဦးဖြင့် စာသင်ကြားပေးနေကြောင်း၊ ထိုင်ခုံ၊ စာရေးခုံများလည်း လိုအပ်နေသေးကြောင်း၊ ရွာမှာရှိသည့် မိဘတွေက ဆင်းရဲကြတော့ ကလေးတွေမှာ စာအုပ်၊ ခဲတံကအစ အကူအညီအထောက်အပံ့တွေ လိုအပ်နေကြောင်း သိရသည်။

"ကျွန်တော်တို့ဒေသက ကျေးရွာတွေ ရေကြီးနစ်မြုပ်တာ နှစ်ကြိမ်ရှိပြီ။ ပထမအကြိမ် ရေကြီးတုန်းက အိမ်တွေပါ နစ်မြုပ်ကုန်တာဆိုတော့ ရေလွတ်ရာကို ပြောင်းရွှေ့ကြရတယ်။ အခုတစ်ကြိမ်ရေတက်လာတာ အိမ်တွေ မနစ်မြုပ်သေးပေမယ့် စာသင်ကျောင်းတွေ ရေဝင်ပြီး ကျောင်းကို ထပ်ပိတ်ထားရပြန်တယ်။ စာသင်ခုံတွေ၊ အဆောက်အအုံတွေ ပျက်စီးနေတာတွေကို ကူညီစေလိုပါတယ်" ဟု ဒေသခံတစ်ဦးက ပြောသည်။

နိဗ္ဗာန်ကျွန်းကျေးရွာတွင် အိမ်ခြေ ၂၄၀၊ အိမ်ထောင်စု ၂၅၅ စု၊ လူဦးရေ ၁၃၁၀ နေထိုင်ကြပြီး အများစုမှာ လယ်ယာလုပ်ငန်းဖြင့် အသက်မွေးကြကာ နှစ်စဉ်ကိုင်းမြေများတွင် မြေပဲ၊ ငရုတ်၊ စားတော်ပဲ၊ ကုလားပဲ၊ နေကြာ စသည့် သီးနှံများ စိုက်ပျိုးကြကြောင်း သိရသည်။ **ကိုကျော်(မင်းဘူး)**

## ရွှေဈေး၊ စက်သုံးဆီဈေးနှင့် နိုင်ငံခြားငွေလဲလှယ်နှုန်း

**ရန်ကုန် စက်တင်ဘာ ၁၆**

| | | | |
|---|---|---|---|
| ရန်ကုန် | ရွှေဈေး | ၇၆၅၅၀၀ - ၇၆၆၅၀၀ | |
| မန္တလေး | ရွှေဈေး | ၇၆၅၃၀၀ - ၇၆၆၃၀၀ | |

**စက်သုံးဆီဈေးနှုန်း**

| | | | |
|---|---|---|---|
| (က) | ဒီဇယ် | တစ်လီတာ | ၆၄၀/၆၅၀ ကျပ် |
| (ခ) | အောက်တိန်း 95 | တစ်လီတာ | ၇၉၀/၈၀၀ ကျပ် |
| (ဂ) | အောက်တိန်း 92 | တစ်လီတာ | ၆၉၀/၇၀၀ ကျပ် |
| (ဃ) | ဓာတ်ဆီ | တစ်လီတာ | ၇၁၀ ကျပ် |

**နိုင်ငံခြားငွေလဲလှယ်နှုန်း**

| | | | | |
|---|---|---|---|---|
| (က) | အမေရိကန် | တစ်ဒေါ်လာ | = | ၁၂၈၉. ၀ |
| (ခ) | ဥရောပ | တစ်ယူရို | = | ၁၄၅၃. ၀ |
| (ဂ) | တရုတ် | တစ်ယွမ် | = | ၂၀၂. ၃၅ |
| (ဃ) | ထိုင်း | တစ်ဘတ် | = | ၃၅. ၈၇၅ |
| (င) | မလေးရှား | တစ်ရင်းဂစ် | = | ၂၉၉. ၁၈ |
| (စ) | အိန္ဒိယ | တစ်ရူပီး | = | ၁၉. ၄၀၃ |
| (ဆ) | ဂျပန် | တစ်ရာယန်း | = | ၁၀၇၀. ၁ |
| (ဇ) | တောင်ကိုရီးယား | တစ်ရာဝမ် | = | ၁၀၉. ၃၇ |
| (ဈ) | ဩစတြေးလျ | တစ်ဒေါ်လာ | = | ၉၁၉. ၀၁ |
| (ည) | စင်ကာပူ | တစ်ဒေါ်လာ | = | ၉၁၈. ၈၁ |

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဗဟိုဘဏ် သတ်မှတ်ရည်ညွှန်းနှုန်း**



# စေတုတ္တရာမြို့နယ် ရေဘေးသင့်ကျေးရွာများ ပြောင်းရွှေ့နိုင်ရေး အလှူငွေပေးအပ်

**စေတုတ္တရာ စက်တင်ဘာ ၁၆**

မုန်းချောင်းရေလျှောင်တမံ ရေကြီးရေလျှံမှုများကြောင့် ပျက်စီးဆုံးရှုံးခဲ့သော စေတုတ္တရာမြို့နယ်အတွင်းရှိ ခြင်းပြစ်ကိုင်းကျေးရွာ၊ ပွင့်တောက်ကျေးရွာနှင့် ငလဲကျေးရွာ အိမ်ထောင်စုများအား ကျေးရွာပြောင်းရွှေ့နေထိုင်နိုင်ရေးအတွက် အလှူငွေပေးအပ်ပွဲကို စက်တင်ဘာ ၁၀ရက်က မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အဆိုပါ ရေနစ်မြုပ်ပျက်စီးခဲ့သော ကျေးရွာသုံးရွာတွင် နေထိုင်ခဲ့သည့် အိမ်ထောင်စုများအား ကျေးရွာပြောင်းရွှေ့ထူထောင်နိုင်ရေးအတွက် စေတနာရှင်၊ အလှူရှင်များက ခြင်းပြစ်ကိုင်းကျေးရွာအတွက် အလှူငွေကျပ် သိန်း ၇၀၊ ပွင့်တောက်ကျေးရွာပြန်လည်ထူထောင်နိုင်ရန် အလှူငွေကျပ် သိန်း ၈၀၊ ငလဲကျေးရွာပြန်လည်ထူထောင်နိုင်ရန် အလှူငွေကျပ် ၁၀၅ သိန်း စုစုပေါင်း အလှူငွေကျပ် ၂၅၅သိန်းကို ထောက်ပံ့ပေးအပ်လှူဒါန်းခဲ့သည်။

စေတုတ္တရာမြို့နယ် ခြင်းပြစ်ကိုင်းကျေးရွာတွင် အိမ်ထောင်စု ၈၈ စု၊ လူဦးရေ ၃၄၁ ဦး၊ ပွင့်တောက်ကျေးရွာတွင် အိမ်ထောင်စု ၁၁၄ စု၊ လူဦးရေ ၅၃၂ ဦးနှင့် ငလဲကျေးရွာတွင် အိမ်ထောင်စု ၁၃၅ စု၊ လူဦးရေ ၅၉၇ ဦး နေထိုင်လျက်ရှိရာ ရေကြီးရေလျှံမှုများကြောင့် လူနေအိမ်များအတွင်း ရွှံ့ညွန်နှစ်များမြုပ်၍ ဆက်လက်နေထိုင်နိုင်ရန် မသင့်လျော်သည့်အတွက် ကျေးရွာပြောင်းရွှေ့နေထိုင်ကာ ပြန်လည်ထူထောင်ရေးလုပ်ငန်းများ လုပ်ကိုင်နိုင်ရန် စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **တင်ထွန်းဦး(မင်းဘူး)**

သဘာဝဘေးအန္တရာယ် ကြိုတင်ကာကွယ်

ကြေးမုံ
နေ့စဉ်သတင်းစာ

စာတည်းမှူးချုပ် - ဦးခင်မောင်ကျော်ခင်
စာတည်းများ - ဦးလှစိန်၊ ဦးဝင်းနိုင်၊ ဦးစိုးစိုးနိုင်၊ ဦးစန်းအောင်
သတင်းထောက်မှူး - ဦးငွေအောင်
ဘာသာပြန်စာတည်းများ - ဦးအောင်ထိန်၊ ဦးဇော်ဝင်း၊ ဒေဝမ်းစိုး၊ အောင်ကျော်ကျော်

အနုပညာစာတည်း - ခင်ခင်သက်
အားကစားစာတည်း - မေလှိုင်သင်း
ဆောင်းပါးစာတည်း - စန္ဒာဝင်း
အကြီးတန်းသတင်းထောက်များ - ဟိန်းထက်လင်း၊ နိုင်လင်းကြည်၊ ဖြိုးစန္ဒာမြင့်၊ သီသီမင်း

အငယ်တန်းသတင်းထောက်များ - အောင်ကျော်ဦး၊ ခင်ဇာလီ၊ မေသကြိန်၊ အေးအေးမြင့်၊ ခင်စုစုလှိုင်၊
ဓာတ်ပုံသတင်းထောက် - ခင်မောင်ဝင်း၊ ဇေယျာဝင်း(ဖိုးခွား)
အထူးသတင်းထောက် - ဆုနှင်းလှဲ၊ သီရိ

## ပြည်တွင်းရေးရာ

**မြန်မာနိုင်ငံ၏ နိုင်ငံရေးစနစ်ပြုပြင်ပြောင်းလဲမှုနှင့်အညီ စီးပွားရေး အသွင်ကူးပြောင်းမှုကို ကမ္ဘာ့စီးပွားရေးအခင်းအကျင်းအပေါ် အခြေခံပြီး ကုန်သွယ်မှုတံခါးဖွင့်ခြင်း၊ ပြည်ပရင်းနှီးမြှုပ်နှံမှုကို အားပေးခြင်းနှင့် ငွေကြေးကဏ္ဍ အားကောင်းအောင် စီမံဆောင်ရွက်လျက်ရှိ၊ ဈေးကွက်စီးပွားရေးစနစ် အသွင်ကူးပြောင်းရေး အရှိန်မြှင့်လုပ်ဆောင်နေသော မြန်မာနိုင်ငံတွင် အခွင့်အလမ်းများစွာနှင့် အားသာချက်များရရှိနိုင်မည်ဖြစ်။**

☆ ရွှေဖုံးမှ

ထို့နောက် မြန်မာနိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု အလားအလာကောင်းများ၊ နိုင်ငံခြားတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှု အခွင့်အလမ်းဆိုင်ရာများနှင့်စပ်လျဉ်း၍ မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်ဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဦးဇေယျာအောင်က ရှင်းလင်းပြောကြားရာတွင် မြန်မာနိုင်ငံ၏ နိုင်ငံရေးစနစ်ပြုပြင်ပြောင်းလဲမှုနှင့်အညီ စီးပွားရေးအသွင်ကူးပြောင်းမှုကို ကမ္ဘာ့စီးပွားရေး အခင်းအကျင်းအပေါ် အခြေခံပြီး ကုန်သွယ်မှုတံခါးဖွင့်ခြင်း၊ ပြည်ပရင်းနှီးမြှုပ်နှံမှုကို အားပေးခြင်းနှင့် ငွေကြေးကဏ္ဍအားကောင်းအောင် စီမံဆောင်ရွက်လျက်ရှိပါကြောင်း၊ ဈေးကွက်စီးပွားရေးစနစ် အသွင်ကူးပြောင်းရေးအရှိန်မြှင့်လုပ်ဆောင်နေသော မြန်မာနိုင်ငံတွင် အခွင့်အလမ်းများစွာနှင့် အားသာချက်များရရှိနိုင်မည် ဖြစ်ပါကြောင်း။

ဒေသတွင်းနိုင်ငံများ ပူးပေါင်းဆောင်ရွက်မှု မြင့်မားလာခြင်းသည် ကုန်သွယ်မှုမြှင့်တင်ရေး၊ နယ်စပ်ဖြတ်ကျော် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ အလားအလာနှင့် အခွင့်အလမ်းများကို ပိုမိုပွင့်လန်းလာနိုင်ကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် အာဆီယံနိုင်ငံများနှင့် ဆက်ဆံရေးမြှင့်တင်နိုင်ခြင်းသည် နိုင်ငံ၏ ထူးခြားသော ပထဝီအနေအထားကို အသုံးပြုပြီး အရှေ့တောင်အာရှနှင့် တောင်အာရှတို့ကို ဆက်သွယ်ပေးသည့် တံတားတစ်စင်းကဲ့သို့ လုပ်ဆောင်ပေးနိုင်မည်ဖြစ်ကြောင်း။

၂၀၁၅ ခုနှစ်သည် မြန်မာနိုင်ငံအတွက် နိုင်ငံရေးနှင့် စီးပွားရေးကဏ္ဍများတွင် အပြောင်းအလဲများ ဖြစ်ပေါ်လာနိုင်ပြီး မြန်မာပြည်သူအများစုကလည်း ၂၀၁၅ ခုနှစ် အထွေထွေရွေးကောက်ပွဲနှင့် အာဆီယံစီးပွားရေးအသိုက်အဝန်း ပေါ်ပေါက်လာရေးအတွက် စိတ်ဝင်စားမှုမြင့်တက်လျက်ရှိပါကြောင်း။

နိုင်ငံတော်အစိုးရအနေဖြင့် ငွေကြေးကဏ္ဍဖွံ့ဖြိုးတိုးတက်မှုအပေါ် များစွာအကျိုးသက်ရောက်နိုင်သည့် ပြုပြင်ပြောင်းလဲရေးလုပ်ငန်းများ ဆောင်ရွက်ခဲ့ရာတွင် အောင်မြင်မှုများ ရရှိခဲ့ပါကြောင်း၊ ငွေကြေးစနစ် ပြုပြင်ပြောင်းလဲရေးတွင် အဓိကအရေးပါသည်မှာ ဘဏ်စနစ်အတွက် အခြေခံဖြစ်သည့် ခိုင်မာသည့် ဥပဒေနှင့် လုပ်ထုံးလုပ်နည်းများကို ချမှတ်ဆောင်ရွက်နိုင်ခဲ့ခြင်း ဖြစ်ပါကြောင်း၊ ထိုသို့ဆောင်ရွက်ရာတွင် မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥပဒေကို ပြန်လည်ပြင်ဆင်ခဲ့မှုနှင့်အတူ မြန်မာနိုင်ငံတော် ဗဟိုဘဏ်အနေဖြင့်လည်း ၂၀၁၂ ခုနှစ် ဧပြီလမှ စတင်ပြီး Managed Floating Exchange Rate Regime ကို ကျင့်သုံးကာ ပုဂ္ဂလိကဘဏ်များတွင် နိုင်ငံခြားငွေလဲလှယ်နိုင်ရန် ခွင့်ပြုပေးခဲ့ကြောင်း။

ထို့အပြင် ကမ္ဘာ့ဘဏ်၏အကူအညီဖြင့် ပြင်ဆင်ရေးဆွဲခဲ့သော ငွေကြေးဆိုင်ရာ ဥပဒေနှင့် လုပ်ထုံးလုပ်နည်းများကို ၁၉၉၀ ခုနှစ်က ပြဋ္ဌာန်းခဲ့သည့် ငွေကြေးဆိုင်ရာ ဥပဒေနှင့် လုပ်ထုံးလုပ်နည်းများနှင့် လဲလှယ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ကမ္ဘာ့ဘဏ်နှင့် နိုင်ငံတကာငွေကြေးရန်ပုံငွေအဖွဲ့များအနေဖြင့်လည်း ငွေကြေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ မဟာဗျူဟာတွင်ပါဝင်သည့် Master Plan တစ်ရပ် ပြင်ဆင်ရေးဆွဲမှုတွင် အကူအညီပေးလျက်ရှိကြောင်း။

ထိုသို့ဆောင်ရွက်စဉ် ဂျပန်နိုင်ငံတကာ ပူးပေါင်းဆောင်ရွက်ရေး အေဂျင်စီ JICA အနေဖြင့်လည်း မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏လုပ်ငန်းများ လည်ပတ်မှုဖွံ့ဖြိုးတိုးတက်ရေးအတွက် အကူအညီပေးခဲ့ကြောင်း၊ မဟာမဲခေါင်ဒေသအတွင်း စီးပွားရေးပူးပေါင်းဆောင်ရွက်မှု ပိုမိုအားကောင်းလာစေရန် မြန်မာ၊ ကမ္ဘောဒီးယား၊ လာအို၊ ထိုင်း၊ ဗီယက်နမ်နှင့် တရုတ်နိုင်ငံ (ယူနန်ပြည်နယ်)တို့ကလည်း မဟာမဲခေါင်ဒေသ ပူးပေါင်းဆောင်ရွက်မှု အစီအစဉ် (GMS) တွင် ပူးပေါင်းပါဝင်အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း၊ အဆိုပါနိုင်ငံများ၏ ရည်မှန်းချက်မှာ နယ်စပ်ဒေသတစ်လျှောက်တွင် စီးပွားရေးဆိုင်ရာ ဆက်သွယ်မှုမြှင့်တင်ရန်ဖြစ်ရာ မြန်မာနိုင်ငံအနေဖြင့် မဟာဗျူဟာမြောက် ပထဝီဝင်တည်နေရာ အချက်အချာကျမှုဖြင့် အရေးပါသည့်အခန်းကဏ္ဍမှ ပါဝင်ဆောင်ရွက်လျက်ရှိကြောင်း။

ထို့ကြောင့် နယ်မြေဒေသဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုရှုထောင့်အရ မြန်မာနိုင်ငံသည် တောင်အာရှနှင့် အရှေ့တောင်အာရှနိုင်ငံများကို ဆက်သွယ်ပေးမည့် ကုန်းတွင်းပိုင်းတံတားတစ်စင်းအဖြစ် တွေ့မြင်နိုင်သကဲ့သို့ မြန်မာနိုင်ငံ၏ဒေသတွင်း နိုင်ငံများအကြား မဟာဗျူဟာမြောက်တည်ရှိမှုသည် ကုန်သွယ်ဖက်နိုင်ငံများအတွက် စီးပွားရေးအခွင့်အလမ်းများစွာကို ဖော်ဆောင်ပေးနိုင်မည်ဖြစ်ကြောင်း။



ပြည်ထောင်စုဝန်ကြီး ဦးဇေယျာအောင်။

မြန်မာနိုင်ငံအနေဖြင့် ဦးစားပေးအကောင်အထည်ဖော်ဆောင်ရွက်ရမည့် အခြေခံအဆောက်အအုံဆိုင်ရာ စီမံကိန်းများ အမြန်ပြီးစီးနိုင်ရန် ကြိုးပမ်းဆောင်ရွက်လျက်ရှိသကဲ့သို့ မဟာဗျူဟာအရ ရေရှည်ဆောင်ရွက်ရမည့် အခြေခံအဆောက်အအုံဆိုင်ရာ အစီအစဉ်တစ်ရပ်ကိုလည်း ရေးဆွဲဆောင်ရွက်လျက်ရှိကြောင်း၊ လက်ရှိအခြေအနေတွင် မြို့ပြပို့ဆောင်ရေးစနစ်နှင့် လေဆိပ်များ အဆင့်မြှင့်တင်ရေး၊ ရေကောင်းရေသန့်ရရှိရေးနှင့် လျှပ်စစ်ဓာတ်အား ပိုမိုရရှိအသုံးပြုနိုင်ရေးကို ဦးစားပေးဆောင်ရွက်ရန် လိုအပ်လျက်ရှိကြောင်း။

ထို့ကြောင့် ဒေသတွင်းနိုင်ငံများနှင့် ဆက်သွယ်မှု၊ ပူးပေါင်းဆောင်ရွက်မှုများမြှင့်တင်ရန်နှင့် အာဆီယံစီးပွားရေးအသိုက်အဝန်းသို့ ဝင်ရောက်နိုင်ရန်အတွက် ပို့ဆောင်ရေးနှင့် အခြားသောအခြေခံအဆောက်အအုံများဆိုင်ရာ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း၊ နိုင်ငံတော်အစိုးရအနေဖြင့် ပုဂ္ဂလိကရင်းနှီးမြှုပ်နှံမှုနှင့်ကိုက်ညီမည့် အခြေအနေတစ်ရပ်ကို ဖော်ဆောင်နိုင်ခဲ့သဖြင့် ပြည်ပမှ တိုက်ရိုက်ရင်းနှီးမြှုပ်နှံမှုများ မြင့်တက်လာခဲ့ရာ အထူးသဖြင့် ဆက်သွယ်ရေး၊ ရေနံနှင့် သဘာဝဓာတ်ငွေ့ဆိုင်ရာလုပ်ငန်းများတွင် အများဆုံး တွေ့မြင်ရမည်ဖြစ်ကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် ရေရှည်ဖွံ့ဖြိုးတိုးတက်မှုရရှိနိုင်ရန် လျှပ်စစ်ဓာတ်အား၊ ပို့ဆောင်ရေး၊ အထူးစီးပွားရေးဇုန်များနှင့် နိုင်ငံ၏အရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ အခြေခံအဆောက်အအုံများတွင် ရင်းနှီးမြှုပ်နှံမှုများ ပြုလုပ်နိုင်ရန် လိုအပ်လျက်ရှိပါကြောင်း။

မြန်မာနိုင်ငံတွင် ရေနံနှင့် သဘာဝဓာတ်ငွေ့အပြင် ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင် အရင်းအမြစ်များစွာရှိနေရာ မြန်မာနိုင်ငံ၏ စွမ်းအင်ကဏ္ဍသည် မြန်မာနိုင်ငံသားများသာမက ရင်းနှီးမြှုပ်နှံမည့် နိုင်ငံနှင့် အဖွဲ့အစည်းများအတွက်လည်း အကျိုးအမြတ်များစွာ ဖြစ်ထွန်းစေနိုင်သည့် အခြေခံကောင်းများ ပိုင်ဆိုင်လျက်ရှိပါကြောင်း၊ လျှပ်စစ်ဓာတ်အားကဏ္ဍတွင် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုမြှင့်တင်နိုင်ရေး ဆောင်ရွက်လျက်ရှိရာတွင် ကမ္ဘာ့ဘဏ်(World Bank)၊ အာရှဖွံ့ဖြိုးရေးဘဏ်(ADB)နှင့် အပြည်ပြည်ဆိုင်ရာ ငွေကြေးကော်ပိုရေးရှင်း(IFC) စသည့် အဖွဲ့အစည်းများက လျှပ်စစ်ဓာတ်အားထုတ်လုပ်ရေး၌ ချေးငွေအပါအဝင် အခြားလိုအပ်သည်များ ကူညီခဲ့ကြောင်း။

မြန်မာနိုင်ငံအတွင်း ရင်းနှီးမြှုပ်နှံမှုအနေအထားများ ပိုမိုကောင်းမွန်လာစေရေးအတွက် ဥပဒေပိုင်းဆိုင်ရာနှင့် လုပ်ထုံးလုပ်နည်းပိုင်းဆိုင်ရာများ တိုးတက်လာစေရန် အာရှဖွံ့ဖြိုးရေးဘဏ်(ADB)၏ အကူအညီနှင့်အတူ ၁၉၁၄ ခုနှစ် မြန်မာကုမ္ပဏီများဥပဒေကို ပြင်ဆင်ရေးဆွဲနေပါကြောင်း၊ မြန်မာနိုင်ငံသားများနှင့် နိုင်ငံခြားရင်းနှီးမြှုပ်နှံသူများအခွင့်အရေးတန်းတူရစေရန် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်သည် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဥပဒေနှင့် နိုင်ငံသားရင်းနှီးမြှုပ်နှံမှုဥပဒေကို ပေါင်းစပ်နိုင်ရန် မူကြမ်းရေးဆွဲလျက်ရှိကြောင်း။

မြန်မာနိုင်ငံ၏ဖြစ်ပေါ်တိုးတက်မှုများအရ မြန်မာနိုင်ငံသည် ရင်းနှီးမြှုပ်နှံရန်သင့်လျော်သည့် နိုင်ငံတစ်ခုဖြစ်ကြောင်း၊ ရင်းနှီးမြှုပ်နှံမှုအများဆုံးကဏ္ဍများမှာ ကုန်ထုတ်လုပ်ငန်း၊ ဆောက်လုပ်ရေးလုပ်ငန်းနှင့် ကမ္ဘာလှည့်ခရီးသည်လုပ်ငန်းများဖြစ်ပြီး ဆက်သွယ်ရေးနှင့် ဘဏ္ဍာရေးကဏ္ဍများတွင်လည်းရင်းနှီးမြှုပ်နှံရန် ကောင်းမွန်ပါကြောင်း၊ ယခုနှစ်နှင့်လာမည့်နှစ်များတွင် နိုင်ငံခြားတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှုများတိုးတက်လာမည်ဖြစ်ရာ အထူးသဖြင့် ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း၊ နေရောင်ခြည်စွမ်းအင်သုံးစီမံကိန်းများနှင့် အခြားသောစွမ်းအင်ကဏ္ဍဆိုင်ရာများ၌ တင်ဒါများခေါ်ယူခြင်းသည် စီးပွားရေးဆောင်ရွက်မှုအများအပြား စီးဝင်လာမည်ကိုညွှန်ပြနေခြင်းပင်ဖြစ်ကြောင်း။

မြန်မာနိုင်ငံ၏ နိုင်ငံခြားတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှုသည် ရေရှည်နိုင်ငံခြားတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှု စီမံချက်အရ ၂၀၁၄ ခုနှစ်တွင် အမေရိကန်ဒေါ်လာလေးဘီလီယံသာ မျှော်မှန်းခဲ့သော်လည်း ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်တွင် အမေရိကန် ဒေါ်လာ ၈ ဒသမ ၀၁ ဘီလီယံရှိခဲ့ကြောင်း၊ လူသုံးကုန်ပစ္စည်းများတင်ပို့မှု၊ သဘာဝဓာတ်ငွေ့ထုတ်လုပ်ရေးနှင့် ကမ္ဘာလှည့်ခရီးသည်လုပ်ငန်းများ တိုးတက်လာရခြင်းမှာ နိုင်ငံတော်အစိုးရအနေဖြင့် ပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်များကို တစိုက်မတ်မတ်ဖြင့် ဖွဲ့ကောင်းစွာဆောင်ရွက်ခဲ့၍ဖြစ်ကြောင်း။

အကြီးစား စီးပွားရေးလုပ်ငန်းများတိုးတက်လာစေရေးအတွက် နိုင်ငံခြားတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှုများကို ဆွဲဆောင်နိုင်မှသာလျှင် လုံလောက်သောစီးပွားရေးဝန်းကျင်အနေအထားနှင့် အခြေခံအဆောက်အအုံများကို ဖော်ဆောင်နိုင်မည်ဖြစ်၍ မြန်မာနိုင်ငံတွင် အလုပ်အကိုင်အခွင့်အလမ်းများ ပိုမိုတိုးတက်လာစေရေးအတွက် နိုင်ငံခြားတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှုများကို ဖိတ်ခေါ်ပါကြောင်း ပြောကြားသည်။

စက်တင်ဘာ ၁၅ ရက်ဆွေးနွေးပွဲတွင် မြန်မာနိုင်ငံ၏ ပြုပြင်ပြောင်းလဲရေးကဏ္ဍ၊ ဘဏ္ဍာရေးဖွံ့ဖြိုးတိုးတက်မှုကဏ္ဍ၊ ကုန်သွယ်ရေးနှင့် အခြေခံအဆောက်အအုံများ၊ မဟာမဲခေါင်ဒေသခွဲဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးကဏ္ဍ၊ စွမ်းအင်နှင့် လျှပ်စစ်ဓာတ်အား ဖွံ့ဖြိုးတိုးတက်ရေးကဏ္ဍများကို ပြည်တွင်း၊ ပြည်ပစီးပွားရေးပညာရှင်များနှင့် ရင်းနှီးမြှုပ်နှံသူများ၊ စိတ်ပါဝင်စားသူများက ကဏ္ဍအလိုက် ပါဝင်ဆွေးနွေးခဲ့ကြသည်။

ထိုသို့ဆွေးနွေးရာတွင် မြန်မာနိုင်ငံ၏ ပြုပြင်ပြောင်းလဲရေးကဏ္ဍ၌ ပြည်ပတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံတကာကုန်သွယ်မှုအလားအလာများ၊ ဒေသတွင်းကုန်ထုတ်လမ်းကြောင်းသို့ မြန်မာနိုင်ငံ ဝင်ရောက်ပေါင်းစည်းမှု အရှိန်မြှင့်တင်ရန် လိုအပ်ချက်များ၊ ဆင်းရဲမှုလျှော့ချရေး ပညာရေးမြှင့်တင်ရေးနှင့် လူသားအရင်းအမြစ် ဖွံ့ဖြိုးရေးတို့နှင့် စပ်လျဉ်း၍လည်းကောင်း၊ ဘဏ္ဍာရေးဖွံ့ဖြိုးတိုးတက်မှုကဏ္ဍတွင် ဘဏ်လုပ်ငန်းကဏ္ဍ ခေတ်မီစေရေးနှင့် ခိုင်မာစေရေး၊ နိုင်ငံခြားဘဏ်များ၏ အခန်းကဏ္ဍ၊ အသေးစားချေးငွေနှင့် ဘဏ္ဍာရေးကဏ္ဍ၊ မြန်မာ့အာမခံဈေးကွက်၏ အလားအလာတို့နှင့် စပ်လျဉ်း၍လည်းကောင်း၊ ကုန်သွယ်ရေးနှင့် အခြေခံအဆောက်အအုံများ၊ မဟာမဲခေါင်ဒေသခွဲဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးကဏ္ဍတွင် ဒေသတွင်းကုန်သွယ်မှုဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ရေးနှင့် အခြေခံအဆောက်အအုံ စီမံကိန်းများ ဦးစားပေးဆောင်ရွက်ခြင်း၊ မဟာဗျူဟာမြောက် သီလဝါ၊ ထားဝယ်နှင့် ကျောက်ဖြူအထူးစီးပွားရေးဇုန်များ၏ တိုးတက်မှု၊ ပို့ကုန်အေဂျင်စီများနှင့် ဖွံ့ဖြိုးရေးဘဏ်များ၏ အခန်းကဏ္ဍနှင့် စပ်လျဉ်း၍လည်းကောင်း၊ စွမ်းအင်နှင့် လျှပ်စစ်ဓာတ်အား ဖွံ့ဖြိုးတိုးတက်ရေးကဏ္ဍတွင် မြန်မာ့စွမ်းအင်နှင့် လျှပ်စစ်ဓာတ်အား အလားအလာ၊ ရေနံဈေးနှုန်းကျဆင်းမှု၏ ဂယက်၊ စွမ်းအင်နှင့် လျှပ်စစ်ဓာတ်အား ဖွံ့ဖြိုးရေးတွင် ပြည်ပရင်းနှီးမြှုပ်နှံမှုများ၊ အခွန်နှင့် နည်းပညာပိုင်းဆိုင်ရာ ကဏ္ဍများတို့တွင်လည်းကောင်း ကဏ္ဍအလိုက် ကျယ်ပြန့်စွာ ဆွေးနွေးခဲ့ကြသည်။

ထို့ပြင် မြန်မာနိုင်ငံ၏ စားသုံးသူ ဈေးကွက်အခြေအနေကို သဘောပေါက်နားလည်မှု၊ မြန်မာနိုင်ငံတွင် စီးပွားရေးလုပ်ငန်းများ အောင်မြင်စွာ လုပ်ကိုင်နိုင်ခြင်း၊ ၂၀၁၅ အထွေထွေရွေးကောက်ပွဲနှင့် ရွေးကောက်ပွဲအလွန်ကာလတို့နှင့်စပ်လျဉ်း၍ အလုပ်ရုံဆွေးနွေးပွဲများ ထည့်သွင်းကျင်းပခဲ့သည်။



တစ်ကမ္ဘာလုံးဆိုင်ရာ မြန်မာရင်းနှီးမြှုပ်နှံမှုဖိုရမ်တွင် ပြည်တွင်း၊ ပြည်ပစီးပွားရေးပညာရှင်များနှင့် ရင်းနှီးမြှုပ်နှံသူများ၊ စိတ်ပါဝင်စားသူများက ကဏ္ဍအလိုက် ပါဝင်ဆွေးနွေးကြစဉ်။ (သတင်းစဉ်)

စက်တင်ဘာ ၁၆ ရက်တွင် နိုင်ငံခြားတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှုအပေါ် သဘောထားအမြင်၊ မြန်မာခရီးသွားလုပ်ငန်းကဏ္ဍ၏ အလားအလာနှင့် အိမ်ခြံမြေနှင့် ဆောက်လုပ်ရေးလုပ်ငန်းကဏ္ဍများကို ဆွေးနွေးခဲ့ကြသည်။

နိုင်ငံခြားတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှုအပေါ် သဘောထားအမြင်၌ မြန်မာနိုင်ငံသည် နိုင်ငံသားနဲ့နိုင်ငံခြားသား ရင်းနှီးမြှုပ်နှံမှုဥပဒေနှစ်ခုရှိသည့် တစ်ခုတည်းသော နိုင်ငံဖြစ်ခြင်း၊ ရင်းနှီးမြှုပ်နှံရေးလုပ်ငန်းစဉ်များလွယ်ကူရှင်းလင်းခြင်း အခြေအနေများကိုလည်းကောင်း၊ မြန်မာခရီးသွားလုပ်ငန်းကဏ္ဍ၏ အလားအလာနှင့်ပတ်သက်၍ ခရီးသွားဈေးကွက်အခြေအနေ၊ ခရီးသွားလုပ်ငန်းတွင် နိုင်ငံခြားတိုက်ရိုက်ရင်းနှီးမြှုပ်နှံနိုင်မှုနှင့် ခရီးသွားနေရာသစ်များကိုလည်းကောင်း၊ အိမ်၊ ခြံ၊ မြေလုပ်ငန်းကဏ္ဍတွင် မြေယာဥပဒေ၏ အကျိုးသက်ရောက်မှု၊ ဆောက်လုပ်ရေးလုပ်ငန်းနှင့် မြေယာများတွင် စရိတ်ကြီးမြင့်မှုကြောင့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုအပေါ် အကျိုးသက်ရောက်မှုကိုလည်းကောင်း ပွင့်လင်းစွာဆွေးနွေးခဲ့ကြသည်။

ကမ္ဘာ့နိုင်ငံအသီးသီးမှ စီးပွားရေးလုပ်ငန်းရှင်များက မြန်မာနိုင်ငံ၌ ရင်းနှီးမြှုပ်နှံနိုင်မည့် အခွင့်အလမ်းများကို သိရှိနိုင်ရန် ရည်ရွယ်ကျင်းပသည့် တစ်ကမ္ဘာလုံးဆိုင်ရာ မြန်မာရင်းနှီးမြှုပ်နှံမှုဖိုရမ်သည် လေးကြိမ်မြောက် ကျင်းပခြင်းဖြစ်သည်။

**(သတင်းစဉ်)**

# တရုတ်-အမေရိကန် ထိပ်သီးဆွေးနွေးပွဲကျင်းပမည်



၂၀၁၄ ခုနှစ် နိုဝင်ဘာလတွင် အမေရိကန်သမ္မတ ဘာရက်အိုဘားမား တရုတ်နိုင်ငံသို့ ရောက်ရှိလာစဉ်။

**ပေကျင်း စက်တင်ဘာ ၁၆**

အမေရိကန်သမ္မတ ဘာရက်အိုဘားမားနှင့် တရုတ်သမ္မတ ရှီကျင့်ဖျင်တို့သည် လာမည့်သီတင်းပတ်တွင် ကျင်းပမည့် နှစ်နိုင်ငံထိပ်သီးဆွေးနွေးပွဲတွင် နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာကိစ္စရပ်များကို ဆွေးနွေးသွားမည်ဟု မျှော်လင့်ရသလို ကမ္ဘာ့ပြဿနာများကိုလည်း ဆွေးနွေးအဖြေရှာသွားကြမည်ဖြစ်သည်။

တရုတ်နိုင်ငံခြားရေးဝန်ကြီးဌာနက ရှီကျင့်ဖျင်၏ အမေရိကန်ခရီးစဉ်နှင့် ပတ်သက်သည့်အစီအစဉ်ကို စက်တင်ဘာ ၁၆ ရက်တွင် ထုတ်ပြန်ကြေညာသည်။ ကြေညာချက်တွင် ရှီကျင့်ဖျင်သည် စက်တင်ဘာ ၂၂ ရက်မှ ၂၅ ရက်ထိ နိုင်ငံတော်ခရီးစဉ်အဖြစ် အမေရိကန်သို့ သွားရောက်မည်ဖြစ်ပြီး နယူးယောက်မြို့တွင်ကျင်းပမည့် ကုလသမဂ္ဂအထွေထွေညီလာခံတက်ရောက်ရန် စက်တင်ဘာ ၂၈ ရက်ထိ နေထိုင်မည်ဖြစ်သည်။

အိုဘားမားနှင့် ရှီကျင့်ဖျင်တို့သည် ပြီးခဲ့သည့်နှစ် နိုဝင်ဘာလနောက်ပိုင်း ပထမဆုံးအကြိမ်တွေ့ဆုံခြင်းဖြစ်သည်။ ရှီကျင့်ဖျင်သည် ၂၀၁၃ ခုနှစ် ဇွန်လအတွင်းက အမေရိကန်သို့ လာရောက်ခဲ့ဖူးပြီးဖြစ်သည်။

ကမ္ဘာ့စီးပွားရေးအင်အားကြီးနိုင်ငံ နှစ်နိုင်ငံမှ ခေါင်းဆောင်နှစ်ဦးသည် ကမ္ဘာကြီးပူနွေးလာမှုပြဿနာကဲ့သို့သော ပြဿနာများတွင် ပိုမိုပူးပေါင်းဆောင်ရွက်ရေးနှင့် မြောက်ကိုရီးယားနိုင်ငံအရေးတို့ကို ဆွေးနွေးအဖြေရှာဆောင်ရွက်သွားကြမည်ဖြစ်သည်။ ထို့ပြင် တရုတ်နိုင်ငံက တောင်တရုတ်ပင်လယ်ရှိ စပရက်တလီကျွန်းစုအနီးတွင် ကျွန်းတုများတည်ဆောက်နေခြင်းနှင့် တရုတ်နိုင်ငံက အမေရိကန်အစိုးရကို ဆိုက်ဘာတိုက်ခိုက်မှုများပြုလုပ်နေသည်ဟု စွပ်စွဲထားသည့်ပြဿနာများလည်းရှိသည်။

**အင်န်အိတ်ချ်ကေ။**

# ဆာဘီးယားနှင့် ထိစပ်နေသော နယ်စပ်ကို ဟန်ဂေရီပိတ်ပြီ

**ရော်စကီး စက်တင်ဘာ ၁၆**

ဟန်ဂေရီနိုင်ငံသည် ဆာဘီးယားနိုင်ငံနှင့် ထိစပ်နေသော ယင်း၏နယ်စပ်ဒေသကို ပိတ်လိုက်ပြီဟု အတည်ပြုပြောကြားကြောင်း ဒေသဆိုင်ရာသတင်းဌာနများက စက်တင်ဘာ ၁၆ ရက်တွင် သတင်းထုတ်ပြန်သည်။

ဟန်ဂေရီနိုင်ငံသည် ရွှေ့ပြောင်းအခြေစိုက်နေထိုင်မှု ထိန်းချုပ်ရေးဆိုင်ရာ ဥပဒေစည်းမျဉ်းသစ်များကိုလည်း ထုတ်ပြန်လိုက်ပြီဖြစ်သည်။

ရော်စကီးနှင့် အဆိုသာလွှမ်နယ်စပ်စခန်းများကို စက်တင်ဘာ ၁၅ ရက်မှစ၍ ပိတ်ထားလိုက်ကြောင်း နယ်ခြားစောင့်ရဲတပ်ဖွဲ့အရာရှိ လာဇလိုဘာလက်က ပြောကြားသည်။

နယ်စပ်ဒေသကို ပိတ်ထားကြောင်း၊ ပြန်လည်ဖွင့်လှစ်မည့်နေ့ရက်ကိုလည်း ဟန်ဂေရီအာဏာပိုင်များက မိမိတို့ကို အသိပေးခြင်းမရှိကြောင်း ကုလသမဂ္ဂဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီးရုံး၏ ပြောရေးဆိုခွင့်ရှိသူတစ်ဦးက ပြောကြားသည်။

ဆာဘီးယားနိုင်ငံသည် တရားမဝင်ရွှေ့ပြောင်းအခြေစိုက်သူများအား ထိန်းချုပ်ခြင်းမရှိသဖြင့် မိမိတို့နယ်စပ်ကို ဖြတ်ကျော်၍ နောက်ထပ်ဝင်ရောက်လာမည့်သူများကို ခွင့်ပြုပေးတော့မည်မဟုတ်ကြောင်း ဟန်ဂေရီနယ်ခြားစောင့်ရဲတပ်ဖွဲ့က ပြောကြားသည်။

ဟန်ဂေရီနိုင်ငံတွင်းသို့ စက်တင်ဘာ ၁၄ ရက်က ရွှေ့ပြောင်းအခြေစိုက်သူ ၉၃၈၀ အထိ စံချိန်တင်ဝင်ရောက်ခဲ့ကြောင်း ဟန်ဂေရီနယ်ခြားစောင့်ရဲတပ်ဖွဲ့က ပြောကြားသည်။

**ရိုက်တာ။**



# အရှေ့တောင်အာရှ၌ မီးခိုးမြူလွှမ်းခြုံမှုကြောင့် စာသင်ကျောင်းအချို့ပိတ်၊ လေကြောင်းခရီးစဉ်များဆိုင်းငံ့

**ဂျကာတာ စက်တင်ဘာ ၁၆**

အင်ဒိုနီးရှားနိုင်ငံ မြောက်ပိုင်းဒေသ၊ အိမ်နီးချင်းစင်ကာပူနှင့် မလေးရှားနိုင်ငံဒေသအချို့တို့တွင် မီးခိုးမြူလွှမ်းခြုံမှုအခြေအနေ ပိုမိုဆိုးရွားလာသဖြင့် စာသင်ကျောင်းအချို့ကိုပိတ်လိုက်ရပြီး လေကြောင်းခရီးစဉ်များကို ဆိုင်းငံ့လိုက်ကြောင်း ဒေသဆိုင်ရာသတင်းဌာနများက စက်တင်ဘာ ၁၆ ရက်တွင် သတင်းထုတ်ပြန်သည်။

မီးခိုးမြူလွှမ်းနေစဉ်အတွင်း ရွှေ့ပြောင်းတောင်ယာလုပ်ကိုင်သူများအနေဖြင့် တောမီးရှို့မှုပြုလုပ်ပါက အရေးယူမည်ဖြစ်ကြောင်း အင်ဒိုနီးရှားအစိုးရက သတိပေးထားသည်။ အင်ဒိုနီးရှားနိုင်ငံ ဆူမားတြားကျွန်းစုနှင့် ကာလီမန်တန်ကျွန်းစုတို့တွင် ရွှေ့ပြောင်းတောင်ယာလုပ်ကိုင်မှုကြောင့် နှစ်စဉ်မီးခိုးမြူလွှမ်းခြုံမှုပြဿနာ ဖြစ်ပေါ်ရလေ့ရှိသည်။

ယခုနှစ်တွင် အယ်လ်နီညိုရာသီဥတုထူးခြားဖြစ်စဉ်ပေါ်ပေါက်မှု၏ အကျိုးရလဒ်အဖြစ် တောမီးလောင်မှုပိုမိုများပြားကြောင်း၊ အင်ဒိုနီးရှားနိုင်ငံ၌ ကာလရှည် အပူလှိုင်းကျရောက်မှုကြောင့် မြေဆီလွှာခန်းခြောက်ပြီး တောမီးလောင်မှုကို ပိုမိုဆိုးရွားစေကြောင်း နိုင်ငံရေး၊ တရားဥပဒေနှင့် လုံခြုံရေးရာညှိနှိုင်းရေးဝန်ကြီး လူဟုတ်ပန်ဂျေတန်က ပြောကြားသည်။

တောမီးလောင်ကျွမ်းမှုကို ငြိမ်းသတ်နိုင်ရေးအတွက် ကြိုးပမ်းဆောင်ရွက်ရန်နှင့် တောမီးလောင်မှုအတွက် တာဝန်ရှိသည့် ကုမ္ပဏီများအား ထုတ်ပေးထားခဲ့သော မြေယာလုပ်ကိုင်ခွင့် ခွင့်ပြုချက်များကို ပြန်လည်ဖျက်သိမ်းရန် သမ္မတ ဂျိုကိုဝီဒိုဒိုက ညွှန်ကြားထားသည်။ **ရိုက်တာ။**

# ထိုင်းပင်လယ်စာထုတ်လုပ်ရေး လုပ်ငန်းကဏ္ဍရှိ ကလေးလုပ်သားများ လုပ်ငန်းခွင်ဘေးအန္တရာယ်ပိုများ

**ဘန်ကောက် စက်တင်ဘာ ၁၆**

ထိုင်းနိုင်ငံ၏ ပင်လယ်စာထုတ်လုပ်ရေးလုပ်ငန်းကဏ္ဍ၌ အလုပ်လုပ်နေကြသော ကလေးများသည် အခြားသော လုပ်ငန်းကဏ္ဍများ၌ အလုပ်လုပ်ကြရသည့် ကလေးများထက် လုပ်ငန်းခွင်ဘေးအန္တရာယ် ပိုမိုကြီးမားကြောင်း ကျွမ်းကျင်ပညာရှင်များက သတိပေးကြောင်း ရိုက်တာသတင်းတွင် ဖော်ပြသည်။

ထိုင်းနိုင်ငံ၏ ဥပဒေအရ အလုပ်လုပ်ကိုင်နိုင်သော အနိမ့်ဆုံး အသက်အရွယ်မှာ (၁၅)နှစ်ဖြစ်သော်လည်း ရွှေ့ပြောင်းကလေးများအပါအဝင် ယင်းအသက်အရွယ်အောက် ပိုမိုငယ်ရွယ်သော ကလေးများမှာ တရားမဝင်အလုပ်လုပ်ကိုင်နေကြရပြီး စာသင်ကျောင်းသို့သွားနိုင်ခြင်းမရှိကြောင်း နိုင်ငံတကာအလုပ်သမားအဖွဲ့ချုပ် (ILO)နှင့် အာရှဖောင်ဒေးရှင်းတို့မှ ကျွမ်းကျင်ပညာရှင်များ ပူးတွဲထုတ်ပြန်သော အစီရင်ခံစာတွင် ဖော်ပြထားသည်။

ပင်လယ်စာ ထုတ်လုပ်သည့်လုပ်ငန်းကဏ္ဍ၌ လုပ်ကိုင်နေသော ကလေးလုပ်သားဦးရေ၏ ၂၀ ရာခိုင်နှုန်းနီးပါးမှာ ထိခိုက်ဒဏ်ရာရရှိသည်ကိုတွေ့ရကြောင်း၊ အခြားလုပ်ငန်းကဏ္ဍများ၌ လုပ်ကိုင်နေသော ကလေးလုပ်သားဦးရေ၏ ၈ ဒသမ ၄ ရာခိုင်နှုန်း ထိခိုက်ဒဏ်ရာရရှိမှုနှင့် နှိုင်းယှဉ်ပါက မြင့်မားကြောင်း အစီရင်ခံစာတွင် ဖော်ပြထားသည်။

၂၁ ရာစုခေတ်တွင် ကလေးများ၏ လုပ်အားပေါ်မှ ခေါင်းပုံဖြတ်အမြတ်ထုတ်မှု မရှိသင့်တော့ကြောင်း ILO အကြီးအကဲ မော်ရီဇီယိုဘာစီက ပြောကြားသည်။ ၎င်းသည် ထိုင်း၊ ကမ္ဘောဒီးယားနှင့် လာအိုနိုင်ငံဆိုင်ရာ ILO ရုံးခွဲ၏ အကြီးအကဲဖြစ်သည်။

ထိုင်းနိုင်ငံ၏ ပင်လယ်စာထုတ်လုပ်ရေးလုပ်ငန်းကဏ္ဍသည် ဒေါ်လာသုံးဘီလီယံ ရင်းနှီးမြှုပ်နှံမှုတန်ဖိုးရှိ လုပ်ငန်းကဏ္ဍကြီးတစ်ရပ်ဖြစ်ကြပြီး စျေးချိုသော အလုပ်သမားများကို ငှားရမ်းနိုင်ရန် အိမ်နီးချင်းနိုင်ငံများမှ ရွှေ့ပြောင်းလုပ်သားများအပေါ် မှီခိုအားထားနေရသည်။ **ရိုက်တာ။**

# နှာခေါင်းခွဲစိတ်ကုသပေးမှုကို မကြိုက်သည့်အတွက် ဆရာဝန်ကိုသတ်ဖြတ်သူ ထောင်တစ်သက်တစ်ကျွန်း ချမှတ်ခံရ







**ဟာဘင်း စက်တင်ဘာ ၁၆**

(၁၈)နှစ်အရွယ် အမျိုးသားတစ်ဦးသည် ၎င်းကို ခွဲစိတ်ကုသပေးခဲ့သည့် ဆရာဝန်ကိုသတ်ဖြတ်မှုကြောင့် ၎င်းအား ထောင်ဒဏ်တစ်သက်တစ်ကျွန်းချမှတ်လိုက်ကြောင်း တရုတ်တရားရုံးတစ်ရုံးက စက်တင်ဘာ ၁၆ ရက်တွင်ပြောကြားသည်။

မိသားစုအမည်ကွီဆိုသူ အမျိုးသားက ၎င်း၏နှာခေါင်းခွဲစိတ်ပြုပြင်မှုနှင့်ပတ်သက်၍ မကျေနပ်သဖြင့် ၂၀၁၄ ခုနှစ် ဖေဖော်ဝါရီလက ဆရာဝန် ဆွန်ဒေါင်တောင်အား သံချောင်းဖြင့်ရိုက်ခဲ့ကြောင်း တရုတ်နိုင်ငံ အရှေ့မြောက်ပိုင်း ဟေလုံကျန်ပြည်နယ် ကွီကွီဟာမြို့တော်ရှိ တရားရုံးက အဆုံးအဖြတ်နှင့်ပတ်သက်၍ ပြောကြားသည်။

ယင်းတိုက်ခိုက်မှုမှာ လူမှုရေးနှင့်ပတ်သက်၍ ပြင်းထန်သော ခံစားချက်အပေါ် တုံ့ပြန်သည့် အလွန်ရက်စက်သော ရာဇဝတ်မှုတစ်ခုဖြစ်ကြောင်း၊ သို့သော် ၎င်းမှာ ရာဇဝတ်မှုကျူးလွန်စဉ်က အရွယ်မရောက်သေးသည့်အတွက် သေဒဏ်ချမှတ်ခဲ့ခြင်းမရှိကြောင်း အဆိုပါတရားရုံးက ဆိုသည်။

တရုတ်နိုင်ငံတွင် လူနာနှင့် ဆရာဝန်များအကြား ဆက်ဆံရေးမှာတင်းမာနေစဉ်အတွင်း ဆေးဘက်ဆိုင်ရာဝန်ထမ်းများအပေါ် တိုက်ခိုက်မှုများ ကြုံတွေ့နေသည်။ တရုတ်လူနာများက ဆရာဝန်များမှာ စနစ်တကျကုသပေးမှုများမရှိဘဲ ဆေးဝါးများအလွန်အမင်းပေးသည်ဟု စွပ်စွဲထားသည်။ ဆရာဝန်များကလည်း အလုပ်ချိန်များခြင်း၊ လစာနည်းပါးခြင်းနှင့် လူနာများ၏ အထင်အမြင်လွဲမှားမှုများ ကြိမ်ဖန်များစွာ ကြုံတွေ့ရကြောင်း ပြောဆိုသည်။ ၂၀၁၃ ခုနှစ်က တရုတ်နိုင်ငံအရှေ့ပိုင်း ဝမ်လင်းမြို့တွင် နှာခေါင်းခွဲစိတ်ပြုပြင်မှုနှင့်ပတ်သက်၍ ဆရာဝန်တစ်ဦးအား ဓားဖြင့်ထိုးပြီး အခြားနှစ်ဦးအားထိခိုက်ဒဏ်ရာရရှိစေခဲ့သူ အမျိုးသားတစ်ဦးအား ပြီးခဲ့သည့်မေလက ကွပ်မျက်ခဲ့ကြောင်းသိရသည်။ ယခုနှစ်အစောပိုင်းက ဆရာဝန်တစ်ဦးနှင့်လူနာတစ်ဦးတို့ စကားများရန်ဖြစ်ရာမှ ဆေးရုံရှိ ဓာတ်လှေကားအတွင်းသို့ ပြုတ်ကျသေဆုံးခဲ့ကြောင်း သိရသည်။

**ဆင်ဟွာ။**

# ပိုးလမ်းမကြီး မှတ်တမ်းရိုက်ကူးရေးနှင့် နွေဦးပွဲတော်ကျင်းပရေး ဆွေးနွေး



**နေပြည်တော် စက်တင်ဘာ ၁၆**

မြန်မာနှင့် တရုတ်တို့အကြား စီးပွားရေး၊ ကုန်သွယ်ရေးနှင့် ယဉ်ကျေးမှုများ သမိုင်းစဉ်တစ်လျှောက် အပြန်အလှန်ဖလှယ်ခဲ့ကြသည်များကို ထင်ဟပ်စေမည့် ပိုးလမ်းမကြီး မှတ်တမ်းရိုက်ကူးရေးနှင့် မြန်မာနှင့် တရုတ်ပြည်သူများအကြား ချစ်ခင်ရင်းနှီးမှုကို ဖော်ဆောင်နိုင်မည့် ၂၀၁၆ ခုနှစ် နွေဦးပွဲတော် ကျင်းပရေးဆိုင်ရာများနှင့် စပ်လျဉ်းသည့် ညှိနှိုင်းဆွေးနွေးပွဲကို ယနေ့နံနက် ၉ နာရီတွင် ပြန်ကြားရေးဝန်ကြီးရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။**(ယာပုံ)**

ဆွေးနွေးပွဲသို့ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးရဲထွဋ်နှင့် တာဝန်ရှိသူများ၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ယူနန်ရေဒီယိုနှင့် ရုပ်မြင်သံကြားမှ ဥက္ကဋ္ဌ Ms. Lin Siying နှင့်အဖွဲ့ဝင်များ တက်ရောက်ကြပြီး ပိုးလမ်းမဟောင်းနှင့် ရေလမ်းမကြီး နှစ်ခုကြောင့် မြန်မာနှင့် တရုတ်နိုင်ငံတို့အကြား ဒေသတွင်း ဖွံ့ဖြိုးတိုးတက်မှုအခွင့်အလမ်းများ ရရှိနိုင်မည့်အခြေအနေ၊ နှစ်နိုင်ငံပြည်သူများအကြား အပြန်အလှန် ယဉ်ကျေးမှု တိုးမြှင့်ဖလှယ်နိုင်မည့် အခြေအနေ၊ မြန်မာ-တရုတ် သမိုင်းအစဉ်အဆက် ပူးပေါင်းဆောင်ရွက်ခဲ့မှုအခြေအနေများကို ပေါ်လွင်ထင်ဟပ်စေမည့် ပိုးလမ်းမကြီး ရုပ်မြင်သံကြားအစီအစဉ်ရိုက်ကူးရေးနှင့် ၂၀၁၆ ခုနှစ် နွေဦးပွဲတော်ကို မြန်မာနိုင်ငံ၌ ကျင်းပနိုင်ရေးတို့နှင့်စပ်လျဉ်း၍ အပြန်အလှန် ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြသည်။ **(သတင်းစဉ်)**

# မတူကွဲပြား ယဉ်ကျေးမှုဓလေ့များကို လေ့လာခွင့်ရစေမည့် ဥရောပရုပ်ရှင်ပွဲတော်



Diplomacy ရုပ်ရှင်ဇာတ်ကားမှ ဇာတ်ဝင်ခန်းတစ်ခု။

**ရန်ကုန် စက်တင်ဘာ ၁၆**

(၂၄) ကြိမ်မြောက် ဥရောပရုပ်ရှင်ပွဲတော်ကို ရန်ကုန်မြို့ရှိ နေပြည်တော် ရုပ်ရှင်ရုံတွင် ဝင်ကြေးအခမဲ့အဖြစ် စက်တင်ဘာ ၁၈ ရက်မှ ၂၉ ရက်ထိ ကျင်းပသွားမည်ဖြစ်သည်။

မတူကွဲပြားသော နိုင်ငံပေါင်း ၁၁ နိုင်ငံမှ ရုပ်ရှင်များကို ပြသမည့် ယင်းပွဲတော်ကို မြန်မာနိုင်ငံဆိုင်ရာဥရောပသမဂ္ဂ ကိုယ်စားလှယ်၊ အိုင်ယာလန်၊ အီတလီ၊ နယ်သာလန်၊ ပိုလန်၊ စပိန်၊ ဆွီဒင်နှင့် ဆွစ်ဇာလန်နိုင်ငံတို့မှ သံရုံးများအပြင် ပြင်သစ်ယဉ်ကျေးမှုအဖွဲ့နှင့် ဗြိတိသျှကောင်စီတို့မှ ပူးပေါင်းဆောင်ရွက်ပြီး မြန်မာနိုင်ငံ Goethe-Institute မှ စီစဉ်ပေးထားကြောင်း သိရသည်။

ရုပ်ရှင်များသည် ပရိသတ်ကို ဆန်းသစ်သောအရာများပေးစွမ်းနိုင်ခြင်းနှင့် ရုပ်ရှင်များမှတစ်ဆင့် ပထဝီဝင်အကွာအဝေး ခြားနားမှုကြောင့် ကွဲပြားခြားနားမည်ဟုထင်ရသော ယဉ်ကျေးမှု၊ ဘာသာစကား၊ ကိုးကွယ်သည့်ဘာသာ၊ လူမျိုးခြားနားနေမှုစသည်တို့ကို လေ့လာနိုင်မည်ဖြစ်သည်။

ယင်းဥရောပရုပ်ရှင်ပွဲတော်တွင် နိုင်ငံအဆင့်၊ နိုင်ငံတကာအဆင့်မှ ဆုပေါင်းများစွာရရှိခဲ့သည့် ဇာတ်လမ်းရုပ်ရှင်၊ မှတ်တမ်းရုပ်ရှင်၊ ကာတွန်းရုပ်ရှင် ၁၂ ကားကိုပြသသွားမည်ဖြစ်သည်။ ရုပ်ရှင်တစ်ကားစီကို တစ်ရက်လျှင် နှစ်ကြိမ်ပြသမည်ဖြစ်ပြီး ရုပ်ရှင်ချစ်ပရိသတ်များအနေဖြင့် ညနေ ၃ နာရီခွဲတွင် တစ်ကြိမ်နှင့် ညနေ ၆ နာရီခွဲတွင် တစ်ကြိမ် ရုပ်ရှင်မစခင် တစ်နာရီအလိုတွင် လက်မှတ်ရယူနိုင်မည်ဖြစ်ပြီး ပြသချိန်မတိုင်ခင် ၁၅ မိနစ်အထိ ရရှိနိုင်မည်ဟု သိရသည်။

ဖွင့်ပွဲ အထိမ်းအမှတ်အနေဖြင့် ပြင်သစ်၊ ဂျာမနီ နှစ်နိုင်ငံတွဲဖက်ရိုက်ကူးထားသော Diplomacy ရုပ်ရှင်ကို ပြသမည်ဖြစ်သည်။ ယင်းရုပ်ရှင်၏ ဇာတ်လမ်းအကျဉ်းမှာ ဒုတိယကမ္ဘာစစ် နှောင်းပိုင်းကာလ ပြင်သစ်နိုင်ငံတွင် တပ်စွဲထားသော ဂျာမန်စစ်တပ်၏ စစ်ဗိုလ်ချုပ် တစ်ဦးသည် မြို့တော်ပါရီ၏ ထင်ရှားသော အဆောက်အအုံများကို လက်နက်မချမီ ဖျက်ဆီးခဲ့ရမည်ဆိုသော ဟစ်တလာ၏ အမိန့်ကို မည်သို့တော်လှန်ခဲ့သည်ကို ရိုက်ကူးတင်ဆက်ထားခြင်းဖြစ်သည်။

ထို့ပြင် ထူးခြားချက်အနေဖြင့် ယင်းရုပ်ရှင်ဖြင့်၂၀၁၄ ခုနှစ်က အော်စကာဆုရရှိခဲ့သော ဒါရိုက်တာ Volker Schlöndorff ကိုယ်တိုင် ရုပ်ရှင်ဖွင့်ပွဲသို့လာရောက်မည်ဖြစ်ပြီး ရုပ်ရှင်မဟာဘွဲ့သင်တန်းတစ်ခုတွင် ယင်းရုပ်ရှင်နှင့်ပတ်သက်သည့်ဝေဖန်သုံးသပ်ချက်များ၊ ဆွေးနွေးမှုများအပြင် သင်တန်းများပို့ချပေးသွားမည်ဟု သိရသည်။ **(ခင်ဇာလီ)**

# နိုင်ငံရေးပါတီများ၏ ပြည်သူများသို့ စည်းရုံးဟောပြောချက်များ မြန်မာ့ရုပ်မြင်သံကြား၊ မြန်မာ့အသံ ရေဒီယိုနှင့် နိုင်ငံပိုင်သတင်းစာများမှ ထုတ်လွှင့်ဖော်ပြသွားမည်

**နေပြည်တော် စက်တင်ဘာ ၁၆**

အမျိုးသားဖွံ့ဖြိုးတိုးတက်ရေး ဒီမိုကရက်တစ်ပါတီ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီတို့၏ ပြည်သူများသို့ စည်းရုံးဟောပြောချက်များကို စက်တင်ဘာ ၁၇ရက် ည ၇ နာရီတွင် မြန်မာ့ရုပ်မြင်သံကြား (MRTV)၊ လွှတ်တော်ရုပ်သံလိုင်း၊ MWD (Variety)၊ မြန်မာ့အသံရေဒီယိုနှင့် ရွှေ FM တို့မှ ထုတ်လွှင့်သွားမည်ဖြစ်ပြီး စက်တင်ဘာ ၁၈ရက်ထုတ် နိုင်ငံပိုင်သတင်းစာများဖြစ်သော ကြေးမုံသတင်းစာနှင့် မြန်မာ့အလင်းသတင်းစာတို့၌ ဖော်ပြသွားမည် ဖြစ်ပါသည်။

နိုင်ငံရေးပါတီများအား တစ်နေ့လျှင် သုံးပါတီဖြင့် အလှည့်ကျ စည်းရုံးဟောပြောခွင့်ပြုလျက်ရှိရာတွင် တိုင်းရင်းသားလူမျိုးစုများဖွံ့ဖြိုးရေးပါတီအနေဖြင့် လာရောက်ဟောပြောခြင်းမပြုခဲ့၍ ထုတ်လွှင့်ဖော်ပြနိုင်မှု မရှိခြင်းဖြစ်ပါကြောင်း အသိပေးအပ်ပါသည်။

**(သတင်းစဉ်)**

# သားငါးပြတ်လပ်မှုကို အထောက်အကူပြုရန် တီလားပီးယားငါးသားဖောက်စခန်းဖွင့်မည်

**ရန်ကုန် စက်တင်ဘာ ၁၆**

မြန်မာနိုင်ငံတွင် တီလားပီးယားငါးသားဖောက်စခန်း ဖွင့်လှစ်ရန်နှင့် ပြည်ပသို့ ငါးရှဉ့်ငါးဈေးကွက် ထိုးဖောက်နိုင်ရန် တရုတ်နိုင်ငံ နန်နင်းမြို့၌ ကျင်းပသည့် The 12th CHINA-ASEAN EXPO ပြပွဲတွင် ငါးဈေးကွက် ရှာဖွေသွားမည်ဖြစ်ကြောင်း Orchard Farm ငါးမွေးမြူရေးလုပ်ငန်းရှင်ဒေါက်တာမြင့်စိန်က ပြောသည်။

"ဒီနှစ်မှာ ရေကြီးရေလျှံတော့ ငါးကန်တွေ ပျက်စီးဆုံးရှုံးသွားကြတယ်။ သားငါးပြတ်လပ်မှုဖြစ်သွားနိုင်တယ်။ တီလားပီးယားငါးက လေးလနဲ့ ခြောက်လ မွေးလိုက်တာနဲ့ ရောင်းတန်းဝင်သွားပြီ။ငါးမြစ်ချင်းလို ငါးမျိုးကျတော့ရေရှည်မွေးရတာ။ တီလားပီးယားငါးသားဖောက်စခန်း ဖွင့်လိုက်မယ်ဆိုရင် ကုန်ဈေးနှုန်းကို ထိန်းသိမ်းရာမှာရော သားငါးပြတ်လပ်မှုကိုပါ အထောက်အကူပြုမယ်။ ပြပွဲမှာ တီလားပီးယားငါးသားဖောက်ပညာရှင်တွေနဲ့ ညှိနှိုင်းပြီး ဒီမှာသားဖောက်စခန်းဖွင့်သွားမယ်"ဟု ၎င်းက ပြောသည်။



မြန်မာနိုင်ငံတွင် ငါးမွေးကန်ဧကနှစ်သိန်းခွဲနှင့် ပုစွန်မွေးကန်ဧကနှစ်သိန်းနှစ်သောင်းကျော်ရှိကြောင်း၊ ရေကြီး နစ်မြုပ်မှုများကြောင့် ငါးကန်ဧကသုံးသောင်းကျော်နှင့် ပုစွန်ကန်ဧက ငါးသောင်းကျော် ပျက်စီးသွားကြောင်း၊ လာမည့်နှစ်တွင် သားငါးရှားပါးမှုနှင့် ပြည်ပတင်ပို့မှုလျော့ကျနိုင်ကြောင်း မြန်မာနိုင်ငံငါးလုပ်ငန်းအဖွဲ့ချုပ်မှ အထွေထွေအတွင်းရေးမှူး ဦးဝင်းကြိုင်က သုံးသပ်သည်။

ပြပွဲတွင် ပြည်ပ ငါးရှဉ့်ဈေးကွက်ထိုးဖောက်ရန်အတွက် ဒေါက်တာမြင့်စိန်က"တရုတ်နိုင်ငံက ပညာရှင်တွေနဲ့ ပေါင်းပြီး ကျွန်တော့်ငါးကန်မှာ ငါးရှဉ့်အသားတိုးမွေးမြူတာ အောင်မြင်သွားတယ်။ အရင်က ငါးရှဉ့်ကို ပြည်ပပို့ရင် အရှင်ပို့ရတာ၊အခုတစ်ခါ တည်းကင်စားလို့ရအောင်၊ ကြော်စားလို့ရအောင် ရယ်ဒီမိတ်လုပ်ပြီးပို့ဖို့ ဈေးကွက်ရှာသွားမယ်။ ရရင် ဒီပြပွဲက စက်ပစ္စည်းတွေ တစ်ခါတည်းဝယ်သွားမယ်" ဟုဆိုသည်။

"ကျွန်တော်တို့နိုင်ငံက နိုင်ငံခြားထွက်ပြီး ပြည်ပရင်းနှီးမြှုပ်နှံမယ့်သူရှာတာ အားနည်းတယ်။ စင်ကာပူလိုနိုင်ငံမျိုးတောင် ပြည်ပထွက်ပြီး ရင်းနှီးမြှုပ်နှံမယ့်သူရှာကြတယ်။မြန်မာနိုင်ငံက လုပ်ငန်းရှင်တွေလည်း ရှာသင့်တယ်။ ကိုယ့်ဆီမှာလုပ်နိုင်တဲ့ အနေအထားကိုရှင်းပြသင့်တယ်။ သူတို့စိတ်ဝင်စားရင်လာကြမှာပဲ"ဟု ၎င်းက ပြောသည်။

မြန်မာနိုင်ငံရှိ မွေးမြူရေးလုပ်ငန်းရှင်များအနေဖြင့် တစ်ဦးကောင်း၊ တစ်ယောက်ကောင်းထက် အဖွဲ့လိုက် ပြည်ပနိုင်ငံများတွင်ပြုလုပ်သည့် ပြပွဲများသို့ဝင်ရောက်ပြသပြီး ဈေးကွက်ရှာဖွေသင့်ကြောင်း၊လက်ရှိတွင် အခက်အခဲများရှိနေသေးကြောင်း ပြပွဲဝင်ရောက်ပြသသူများထံမှ သိရသည်။

တရုတ်နိုင်ငံ နန်နင်းမြို့၌ စက်တင်ဘာ ၁၆ ရက်မှ ၂၂ ရက်ထိ ကျင်းပသည့် The 12th CHINA-ASEAN EXPO ပြပွဲတွင် အာဆီယံနိုင်ငံများအပြင် ဩစတြေးလျနှင့်ဂျပန်နိုင်ငံတို့မှ လုပ်ငန်းရှင်များကလည်း ကုန်ပစ္စည်းများကို ဝင်ရောက်ပြသသွားမည် ဖြစ်ကြောင်း သိရသည်။

**သတင်းနှင့်ဓာတ်ပုံ-မင်းသစ်**

# နိုင်ငံတကာဆက်ဆံရေးလုပ်ငန်းကော်မတီ ညှိနှိုင်းစည်းဝေး



**နေပြည်တော် စက်တင်ဘာ ၁၆**

သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီ၏ နိုင်ငံတကာဆက်ဆံရေးဆပ်ကော်မတီအား နိုင်ငံတကာဆက်ဆံရေး လုပ်ငန်းကော်မတီအဖြစ် ဩဂုတ် ၃၁ ရက်တွင် ပြင်ဆင်ဖွဲ့စည်းပေးပြီးနောက် ပထမအကြိမ် ညှိနှိုင်းအစည်းအဝေးကို ယနေ့မွန်းလွဲ ၂ နာရီတွင် နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန၌ ကျင်းပသည်။**(ယာပုံ)**

အစည်းအဝေးကို နိုင်ငံတကာဆက်ဆံရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးဦးဝဏ္ဏမောင်လွင်က သဘာပတိအဖြစ်ဆောင်ရွက်ပြီး လုပ်ငန်းကော်မတီအဖွဲ့ဝင် သက်ဆိုင်ရာဝန်ကြီးဌာနများမှ အမြဲတမ်းအတွင်းဝန်များ၊ ညွှန်ကြားရေးမှူးချုပ်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အစည်းအဝေးတွင် ရေဘေးကယ်ဆယ်ရေးပစ္စည်းများ သယ်ယူလာသည့်လေယာဉ်များအတွက် ဆင်းသက်ရပ်နားပျံသန်းခွင့်ဆောင်ရွက်ပေးခြင်း၊ ကုန်းလမ်းဖြင့် ရောက်ရှိလာသည့် ပစ္စည်းများအတွက် နယ်စပ်ဖြတ်ကျော်အဆင်ပြေစေရန် ညှိနှိုင်းပေးခြင်း၊ ပြည်ပမှ ရောက်ရှိလာသည့် လှူဒါန်းပစ္စည်းများအား အကောက်ခွန်ဆိုင်ရာကင်းလွတ်ခွင့်ရရှိစေရန် ညှိနှိုင်းဆောင်ရွက်ပေးခြင်း၊ ထို့ပြင် ပြည်ပမှ လူကိုယ်တိုင်လာရောက်သည့် အဖွဲ့အစည်းများ၊ ကျန်းမာရေးအထောက်ကူပြုအဖွဲ့များအတွက် ဗီဇာကိစ္စအပါအဝင် နိုင်ငံတကာဆက်ဆံရေး လုပ်ငန်းကော်မတီသည် ပြည်ပနိုင်ငံများ၊ စေတနာရှင်အဖွဲ့အစည်းများနှင့် ပုဂ္ဂိုလ်များမှ လှူဒါန်းသည့် အလှူငွေနှင့် ပစ္စည်းများအား လိုအပ်သည့်နေရာများကို အဆင်ပြေစွာရောက်ရှိရေးတို့နှင့် စပ်လျဉ်း၍ နိုင်ငံတကာဆက်ဆံရေးလုပ်ငန်းကော်မတီက လက်ရှိပေါင်းစပ်ညှိနှိုင်းဆောင်ရွက်နေသည့် ကိစ္စရပ်များအပြင် အသိုက်အဝန်းသို့ ဆက်လက် မေတ္တာရပ်ခံနိုင်ရန် ရေဘေးသင့်ပြည်သူများအတွက် လိုအပ်ချက်များကို အချက်အလက်၊ ကိန်းဂဏန်းပြည့်စုံစွာဖြင့် လုပ်ငန်းကော်မတီသို့ ပေးပို့နိုင်ရေးကိစ္စတို့ကို ညှိနှိုင်းဆွေးနွေးကြသည်။ **(သတင်းစဉ်)**



# ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ် သင်တန်းသား သင်တန်းသူများ နေပြည်တော်၌လေ့လာ

**နေပြည်တော် စက်တင်ဘာ ၁၆**

နယ်စပ်ရေးရာ ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးကျော်ဆွေသည် စက်တင်ဘာ ၁၅ ရက် ညနေပိုင်းတွင် ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ် ခေတ္တပါမောက္ခချုပ် ဦးအောင်ကျော် ဦးဆောင်သည့် မူလတန်းဆရာအတတ်သင် သုံးနှစ်သင်တန်းအမှတ်စဉ်(၄၄)မှ သင်တန်းဆင်းမည့် သင်တန်းသား သင်တန်းသူ ၁၉၈ ဦးတို့၏ လေ့လာရေးခရီးစဉ်အတွင်း နေပြည်တော်သို့ရောက်ရှိစဉ် သင်တန်းသား သင်တန်းသူများ တည်းခိုရာ အမှတ်(၇)စစ်ကြောရေးနှင့်တည်းခိုရေးစခန်းသို့ သွားရောက်တွေ့ဆုံနှုတ်ဆက်ကာ အားပေးစကားပြောကြားပြီး **(ဝဲပုံ)** ထောက်ပံ့ကြေးများ ပေးအပ်ချီးမြှင့်သည်။

အလားတူ ဒုတိယဝန်ကြီး ဗိုလ်ချုပ်သန်းထွဋ်သည် နယ်စပ်ရေးရာဝန်ကြီးဌာန စုပေါင်းခန်းမ၌ သင်တန်းသား သင်တန်းသူ ၁၉၈ ဦးတို့အား တွေ့ဆုံ၍ အမှာစကားပြောကြားသည်။ လေ့လာရေးအဖွဲ့သည် နေပြည်တော်ရှိ ဉပ္ပါတသန္တိစေတီတော်အား ဖူးမြော်ပြီး အမျိုးသားအထိမ်းအမှတ်ဉယျာဉ်၊ တိရစ္ဆာန်ဉယျာဉ်၊ နေပြည်တော် စည်ပင်သာယာရေး ကော်မတီ၊ ပြည်ထောင်စုလွှတ်တော်၊ အမျိုးသားပြတိုက်နှင့် အော်ဂင်းနစ်စိုက်ခင်းများကို လေ့လာခဲ့သည်။ လေ့လာရေးအဖွဲ့ဝင်များသည် ပုပ္ပားတောင်ကလပ်၊ ပုဂံညောင်ဦးနှင့်ပြင်ဦးလွင်တို့ကို ဆက်လက်လေ့လာရန် ထွက်ခွာမည်ဖြစ်ကြောင်းနှင့် သင်တန်းသားသင်တန်းသူများသည် အောက်တိုဘာ ၁ ရက်တွင် သင်တန်းဆင်းမည်ဖြစ်ပြီး သင်တန်းဆင်းပြီးပါက မိမိတို့ဒေသအသီးသီးတွင် မူလတန်းဆရာအဖြစ် ပညာရေးတာဝန်များ ထမ်းဆောင်မည်ဖြစ်ကြောင်း သိရသည်။

**(သတင်းစဉ်)**

# မြန်မာနိုင်ငံသားကိုးဦး အင်ဒိုနီးရှားနိုင်ငံ တန်ဂျွန်ပီနန်နှင့် မယ်လာဘိုးကျွန်းတို့မှ ပြန်လည်ရောက်ရှိ

**ရန်ကုန် စက်တင်ဘာ ၁၆**

အင်ဒိုနီးရှားနိုင်ငံ တန်ဂျွန်ပီနန်နှင့် မယ်လာဘိုးကျွန်းတို့တွင် ရောက်ရှိနေသည့် မြန်မာနိုင်ငံသားကိုးဦးသည် မလေးရှားလေကြောင်းလိုင်း MH-740 လေယာဉ်ဖြင့် ယနေ့မွန်းလွဲ ၁၂ နာရီ ၁၅ မိနစ်ခန့်က ရန်ကုန် အပြည်ပြည်ဆိုင်ရာ လေဆိပ်သို့ ရောက်ရှိလာခဲ့သည်။

အဆိုပါ မြန်မာနိုင်ငံသားကိုးဦးသည်လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနမှ မြန်မာနိုင်ငံသားအဖြစ် အတည်ပြုချက်ရရှိပြီးသူများဖြစ်၍ အင်ဒိုနီးရှားနိုင်ငံရှိ မြန်မာသံရုံးနှင့် ရွှေ့ပြောင်းသွားလာနေထိုင်ခြင်းဆိုင်ရာ နိုင်ငံတကာအဖွဲ့အစည်း (IOM) တို့၏ အကူအညီဖြင့် ပြန်လည်ရောက်ရှိလာခဲ့ခြင်းဖြစ်သည်။

ထိုသို့ပြန်လည်ရောက်ရှိလာသူများသည် တောင်ငူ၊ သံတွဲ၊ ပဲခူး၊ ထားဝယ်၊ မော်လမြိုင်၊ သံဖြူဇရပ်၊ သရက်ချောင်း၊ ပန်းတနော်၊ မြိတ်အရှေ့မြို့နယ်တို့မှဖြစ်ပြီး သက်ဆိုင်ရာနေရပ်အသီးသီးသို့ အမြန်ဆုံးပြန်လည်ရောက်ရှိနိုင်ရေးအတွက် သက်ဆိုင်ရာမှ စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

မြန်မာသံရုံးနှင့် ရွှေ့ပြောင်းသွားလာနေထိုင်ခြင်းဆိုင်ရာ နိုင်ငံတကာအဖွဲ့အစည်း (IOM) တို့၏ အကူအညီဖြင့် အင်ဒိုနီးရှားနိုင်ငံရောက်မြန်မာနိုင်ငံသားများကို ပြန်လည်ပို့ဆောင်ပေးလျက်ရှိရာ စက်တင်ဘာလဆန်းမှ ၁၆ ရက်အထိ ၅ ကြိမ်မြောက် ပို့ဆောင်ပေးနိုင်ခဲ့သဖြင့် မြန်မာနိုင်ငံသား ၁၇၆ ဦးသည် သက်ဆိုင်ရာ နေရပ်အသီးသီးသို့ ပြန်လည် ရောက်ရှိခဲ့ကြောင်း သိရသည်။

**(သတင်းစဉ်)**



# ယာဉ်နှင့် ယာဉ်မောင်းလိုင်စင် မှတ်ပုံတင်နယ်မြေများ သတ်မှတ်ဆောင်ရွက်ပေးလျက်ရှိ

**နေပြည်တော် စက်တင်ဘာ ၁၆**

ရန်ကုန်တိုင်းဒေသကြီး ယာဉ်ကြောပိတ်ဆို့မှု လျော့နည်းစေရေးအတွက် ၂၀၁၅ ခုနှစ် ဩဂုတ် ၁ ရက်မှစ၍ ရာသက်ပန်အငှား (Taxi) ယာဉ်များ ကနဦးမှတ်ပုံတင်ခြင်းကို တိုင်းဒေသကြီးရုံးခွဲ (ရွာသာကြီး)မှ ကနဦးမှတ်ပုံတင်ဌာန ထောက်ကြန့်ရုံးသို့လည်းကောင်း၊ ၂၀၁၄ ခုနှစ် ဩဂုတ် ၁ ရက်တွင် ကနဦးယာဉ်မှတ်ပုံတင်လုပ်ငန်းများအား မြင်သာရုံးနေရာမှ ထောက်ကြန့်မြို့ က. ပ. ရ (၉) လိုင်းဝင်းအတွင်းရှိ ကနဦးယာဉ်မှတ်ပုံတင်ဌာန ထောက်ကြန့်ရုံးသို့လည်းကောင်း ရွှေ့ပြောင်းဆောင်ရွက်ပေးခဲ့သည်။

ထို့အပြင် ရထားပို့ဆောင်ရေးဝန်ကြီးဌာန ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနအနေဖြင့် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ မြို့နယ်များအတွက် ရန်ကုန်အနောက်ပိုင်းခရိုင်ရုံး၊ ရန်ကုန်အရှေ့ပိုင်းခရိုင်ရုံး၊ ရန်ကုန်မြောက်ပိုင်းခရိုင်ရုံး၊ ရန်ကုန်တောင်ပိုင်းခရိုင်ရုံးတို့တွင် မှတ်ပုံတင်နယ်မြေများ သတ်မှတ်၍ ယာဉ်နှင့်ယာဉ်မောင်းလိုင်စင်များကို ဆောင်ရွက်ပေးလျက်ရှိပြီး တိုင်းဒေသကြီး ရုံးခွဲ (ရွာသာကြီး)တွင် မှတ်ပုံတင်နယ်မြေအားလုံး၏ နှစ်တန်နှင့်အထက် မော်တော်ယာဉ်မှတ်ပုံတင်ခြင်းလုပ်ငန်းကို ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။ **(သတင်းစဉ်)**

# သီလဝါအထူးစီးပွားရေးဇုန်၌ ကူဘိုတာကုမ္ပဏီက လယ်ယာသုံးစက်ကိရိယာတပ်ဆင်ရေးစက်ရုံ တည်ဆောက်မည်

**ရန်ကုန် စက်တင်ဘာ ၁၆**

ဂျပန်နိုင်ငံအခြေစိုက် ကူဘိုတာကုမ္ပဏီသည် ရန်ကုန်မြို့တော်အနီး၌ လယ်ယာသုံး စက်ကိရိယာတပ်ဆင်ရေးစက်ရုံတစ်ရုံ တည်ဆောက်မည်ဖြစ်ပြီး မြန်မာနိုင်ငံက လယ်ယာကဏ္ဍကို ခေတ်မီအောင်ဆောင်ရွက်နေသောကြောင့် တစ်ဟုန်ထိုး ဝယ်လိုအားမြင့်တက်လာသည့် ယင်းပစ္စည်းထုတ်လုပ်ရေးလုပ်ငန်းတွင် အရင်းအနှီးပြုလုပ်ခြင်းဖြစ်သည်ဟု Nikkei Asian Review တွင် ရေးသားထားသည်။

အဆိုပါ စက်ရုံမှာ မြန်မာနိုင်ငံ၌ ကူဘိုတာကုမ္ပဏီ၏ ပထမဆုံးသော အရေးပါသည့်ထုတ်လုပ်ရေးဌာန ဖြစ်လာမည်ဖြစ်ပြီး အများပိုင်နှင့် ပုဂ္ဂလိက ကဏ္ဍရင်းနှီးမြှုပ်နှံမှုများပါဝင်သော မြန်မာ-ဂျပန်ဖက်စပ်လုပ်ငန်းတစ်ခုက အကောင်အထည်ဖော်လျက်ရှိသည့် သီလဝါအထူးစီးပွားရေးဇုန်၌ တည်ရှိမည်ဖြစ်သည်။ ကူဘိုတာ ကုမ္ပဏီသည် စက်ရုံတည်ဆောက်ရန်အတွက် အကြမ်းဖျင်း စတုရန်းပေ ၁၀၀၀၀ ရှိသော မြေကွက်တစ်ကွက် ဝယ်ယူထားပြီး ထုတ်လုပ်နိုင်စွမ်းကို မပြောကြားရသေးသော်လည်း ပြည်ပမှတင်သွင်းလာသည့် အင်ဂျင်၊ တာယာနှင့် အခြားအစိတ်အပိုင်းများ အသုံးပြုကာ ထွန်စက်ကဲ့သို့သော အဓိကထုတ်ကုန်များကို တပ်ဆင်မည်ဖြစ်သည်။ ကူဘိုတာကုမ္ပဏီအနေဖြင့် ဂျပန်ယန်း တစ်ဘီလီယံ (အမေရိကန်ဒေါ်လာ ၈ ဒသမ ၂၀ သန်း)နီးပါး ကုန်ကျဖွယ်ရှိသည့် စက်ရုံတည်ဆောက်ရန် မြေယာပြုပြင်မှုကို ဆောင်းဦးရာသီ ထက်စော၍ ပြုလုပ်မည်ဖြစ်သည်။

မြန်မာနိုင်ငံမှာ နိုင်ငံခြားကုမ္ပဏီများ၏ သွင်းကုန်များရောင်းချမှုကို ပိတ်ပင်တားမြစ်ထားသော်လည်း အစိုးရက အထူးစီးပွားရေးဇုန်များ၌ သတ်မှတ်ငွေကြေးပမာဏ ရင်းနှီးမြှုပ်နှံမှုပြုလုပ်သည့် စီးပွားရေးလုပ်ငန်းများ၏ လက်ကားရောင်းချမှုကို ခွင့်ပြုရန် မေလကဆုံးဖြတ်ခဲ့သည်။ ထို့ကြောင့် ကူဘိုတာကုမ္ပဏီမှာ လူဦးရေ၏ ၆၀ ရာခိုင်နှုန်းခန့် လယ်ယာလုပ်ငန်း လုပ်ကိုင်ကြသည့် မြန်မာနိုင်ငံ၌ သွင်းကုန်များရောင်းချရန် လက်ကားအရောင်းလိုင်စင်ရရှိသည့် ပထမဆုံးသော နိုင်ငံခြားကုမ္ပဏီဖြစ်လာခဲ့ပြီး စက်ရုံသစ်အား ခြေကုပ်တစ်ခုအဖြစ် အသုံးပြုကာ တင်သွင်းလာသည့် လယ်ယာသုံး စက်ကိရိယာများ ရောင်းချရန် စီစဉ်ဖွယ်ရှိသည်။

**သုတ**

ပြည်တွင်းရေးရာ

# တိုင်းပြည်ရဲ့ ဖွံ့ဖြိုးမှုအတွက် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုတွေ ဝင်လာနိုင်အောင် တစ်ဆင့်ပြီးတစ်ဆင့် သွားနေ

**တစ်ကမ္ဘာလုံးဆိုင်ရာ မြန်မာရင်းနှီးမြှုပ်နှံမှုဖိုရမ်ကို မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန-၂ ၌ ယနေ့တွင် ဆက်လက်ကျင်းပသည်။**

**ဖိုရမ်သို့ တက်ရောက်သည့် မြန်မာနိုင်ငံ ခရီးသွားလုပ်ငန်းအဖွဲ့ဥက္ကဋ္ဌ ဒေါက်တာအောင်မြတ်ကျော်၊ ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများ ညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးအောင်နိုင်ဦး၊ ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန ခရီးသွားလုပ်ငန်းမြှင့်တင်ရေးဦးစီးဌာနမှ ဒေါ်ခင်သန်းဝင်းနှင့် အီးယူမြန်မာစင်တာမှ Mr. Billy Harkin တို့အား တွေ့ဆုံမေးမြန်းခဲ့သည်များကို ပြန်လည်တင်ပြလိုက်ရပါသည်။**

အမေးအရေး- စိုးသူရ၊ နန္ဒာဝင်း
ဓာတ်ပုံ-သူရဇော်

**ဒေါက်တာ အောင်မြတ်ကျော်**
**မြန်မာနိုင်ငံ ခရီးသွားလုပ်ငန်းအဖွဲ့ ဥက္ကဋ္ဌ**

**မေး။ ဒီနေ့ဖိုရမ်မှာဆွေးနွေးခဲ့တာတွေကို ပြောပြပေးစေလိုပါတယ်ခင်ဗျာ။**

ဖြေ။ ခရီးသွားလုပ်ငန်းနဲ့ပတ်သက်တဲ့ အကြောင်းတွေဆွေးနွေးပါတယ်။ ဆွေးနွေးတဲ့အထဲမှာ မြန်မာနိုင်ငံ ခရီးသွားလုပ်ငန်းတိုးတက်ဖို့ အလားအလာတွေကို ဆွေးနွေးပါတယ်။ အာဆီယံဒေသ ခရီးသွားလုပ်ငန်းအခြေအနေနဲ့ မြန်မာနိုင်ငံ ခရီးသွားလုပ်ငန်းအခြေအနေဆက်စပ်မှုကို ဆွေးနွေးခဲ့ပါတယ်။

**မေး။ ခရီးသွားလုပ်ငန်းပွင့်လင်းလာရင် နိုင်ငံခြားတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှုပိုများလာမယ်လို့ ထင်ပါတယ်။ အဲဒါနဲ့ ပတ်သက်ပြီး ရှင်းပြပေးစေလိုပါတယ်။**

ဖြေ။ ခရီးသွားလုပ်ငန်းဟာ ကမ္ဘာပေါ်မှာ အရေးကြီးတဲ့လုပ်ငန်းတစ်ရပ်လို့ ယူဆလာကြပါတယ်။ ဟိုတယ်လုပ်ငန်းတစ်ခုတည်းမဟုတ်ပါဘူး။ လမ်းပန်းဆက်သွယ်ရေး၊ လေကြောင်းလိုင်းနှင့် လေဆိပ်စတဲ့ လုပ်ငန်းတွေ အများကြီးပါဝင်ပါတယ်။ ခရီးသွားတွေရောက်တဲ့နေရာတိုင်းမှာ လျှပ်စစ်မီးရဖို့၊ သောက်ရေသန့်ရဖို့တွေဟာ အရေးကြီးပါတယ်။ ပြည်သူတွေရဲ့အကျိုးဟာ ပထမအရေးကြီးပါတယ်။ ဒုတိယအချက်ကတော့ မြန်မာနိုင်ငံဟာ လာချင်စဖွယ်နေရာဖြစ်ဖို့ အရေးကြီးပါတယ်။ ခရီးသွားလုပ်ငန်းကို Master Plan ချမှတ်နေကြောင်း ဂုဏ်ယူစွာပြောလိုပါတယ်။

**မေး။ Master Plan နဲ့ ပတ်သက်ပြီး နည်းနည်းလောက် ပြောပြပေးနိုင်မလားခင်ဗျာ။**

ဖြေ။ Master Plan အရ မဟာဗျူဟာစီမံကိန်းခြောက်ခုကို တစ်ပြေးညီအကောင်အထည် ဖော်နေပါတယ်။ ကျွန်တော်တို့ရဲ့ ခရီးသွားလုပ်ငန်းလုပ်ဖော်ကိုင်ဖက်တွေက Myanmar Tourism Development Bank ကို အကောင်အထည်ဖော်ဖို့ ဆောင်ရွက်နေပါတယ်။ ဒီနေ့ဖိုရမ်မှာ မြန်မာပြည်ရဲ့ခရီးသွားကဏ္ဍ အားသာချက်၊ အားနည်းချက်တွေကိုလည်း ဆွေးနွေးပါတယ်။ Master Plan က ၂၀၁၃-၂၀၂၀ အထိဖြစ်ပါတယ်။ ကမ္ဘာကြီးရဲ့ Trend တွေဟာ ပြောင်းလဲနေပါတယ်။ ခေတ်အခါနဲ့ အခြေအနေအရ လိုအပ်သလိုပြောင်းလဲဆောင်ရွက်ရပါမယ်။

**ဦးအောင်နိုင်ဦး**
**ညွှန်ကြားရေးမှူးချုပ်**
**ရင်းနှီးမြှုပ်နှံမှုနှင့်**
**ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန**

**မေး။ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုနဲ့ ပတ်သက်ပြီး လုပ်ကိုင်ဆောင်ရွက်ရာမှာ ကြုံတွေ့နေရတဲ့ အတွေ့အကြုံလေးကို ပြောပြပေးစေလိုပါတယ်။**

ဖြေ။ လက်ရှိအနေအထားမှာတော့ မြန်မာနိုင်ငံမှာ ဥပဒေနှစ်ခုရှိနေတဲ့အတွက် ခွဲခြားသလိုဖြစ်နေတယ်။ နိုင်ငံခြားသားတွေကလည်း မြန်မာနိုင်ငံသားတွေကို ပိုပြီးတော့ အခွင့်အရေးပိုပေးထားတယ်လို့ မြင်တယ်။ နိုင်ငံသားတွေဘက်ကကြည့်ရင် နိုင်ငံခြားတွေကိုပိုပြီးတော့ အခွင့်အရေး ပိုပေးတယ်လို့ထင်တယ်။ အမှန်ကတော့ ဥပဒေနှစ်ရပ်ပြန်ကြည့်လိုက်ရင် အားလုံးကအတူတူနီးပါးပါပဲ။ဒါပေမယ့်လည်း ဥပဒေနှစ်ခုရှိနေတဲ့အတွက် အထင်တွေအမျိုးမျိုးလွဲကြတယ်။ ဒါက ပထမအချက်။

ဒုတိယအချက်က သူတို့ထောက်ပြသွားတာက ကုန်သွယ်မှုတို့၊ဘာတို့မှာ နိုင်ငံခြားသားတွေကို မပေးသေးတာက မြန်မာနိုင်ငံဘက်အနေနဲ့က ကိုယ့်ကျိုးစီးပွား ကာကွယ်မှုကိုသိပ်ပြီးတော့ အလေးထားလွန်းအားကြီးနေတယ်လို့ ထင်သွားတာ။ သူတို့ထင်သလိုလည်း မဟုတ်ပါဘူး။ နိုင်ငံအနေနဲ့ တံခါးဖွင့်စဆိုတော့ တစ်ဆင့်ပြီး တစ်ဆင့် တိုင်းပြည်နဲ့ ကိုယ့်ရဲ့ပြည်တွင်းစီးပွားရေးအသိုက်



**ဒေါက်တာ အောင်မြတ်ကျော်၊ ဥက္ကဋ္ဌ မြန်မာနိုင်ငံ ခရီးသွားလုပ်ငန်းအဖွဲ့**

အဝန်းကိုလည်း ပြည်တွင်းရော ပြည်ပမှာရောရှိနေတဲ့ အသေးစား၊ အလတ်စားတွေလည်း မထိခိုက်နိုင်အောင်၊ တစ်ဖက်က တိုင်းပြည်ရဲ့ဖွံ့ဖြိုးမှုအတွက်လည်း နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုတွေကို ဝင်လာနိုင်အောင် တစ်ဆင့်ပြီးတစ်ဆင့် သွားနေတာပါ။ အခုဒီထက်ပိုပြီးတော့ ဥပဒေအသစ်ကိုထပ်ပြီး ဥပဒေနှစ်ရပ်ကို ပေါင်းလိုက်တာပါ။ ပေါင်းလိုက်တာကလည်း ဒုတိယခြေလှမ်း။ တိုင်းပြည်အနေနဲ့ကတော့ ကိုယ့်ကျိုးစီးပွား ကာကွယ်မှုကို လုပ်နေတာချည်း လုံးဝမဟုတ်ပါဘူး။ လုပ်သင့်လုပ်ထိုက်တာ တဖြည်းဖြည်းသွားနေတာ။ အခုက လိုင်စင်ထုတ်ပေးရာမှာ လိုင်စင် transparency မရှိဘူးလို့ ပြောနေတယ်။

လိုင်စင် transparency မရှိတာတော့မဟုတ်ဘူး။ လိုင်စင်ယူရတာ လိုအပ်တာလည်း ပိုပြီးတော့ များနေတယ်။ မလိုအပ်ဘဲနဲ့ လိုင်စင်ယူနေရတယ်လို့ တချို့ကတော့ ထင်တယ်။ transparency မရှိတာက အဓိကက accountability မရှိတာပါ။ လိုင်စင်လျှောက်ပြီး ဘယ်တော့ရမယ် မသိတာမျိုးတွေ မကြာခဏ ကြုံရလေ့ရှိတယ်။ ကြိုတင်ခန့်မှန်းလို့ရအောင် လိုင်စင်တစ်ခုလျှောက်ရင် ဘယ်နှရက်ကြာရင်ရမယ်။ ဘယ်လောက်ကုန်ကျမယ်။ ဘယ်လို Process တွေဖြတ်ရမယ်။ ကျွန်တော်တို့ဝက်ဘ်ဆိုက်မှာ Procedure လည်းတင်ထားပေးပါပြီ။ ဥပမာ ကုမ္ပဏီမှတ်ပုံတင် သုံးရက်နဲ့ရမယ်။ တရားဝင်ကြေညာပေးထားတယ်။ သုံးရက်နဲ့မရရင် Complain လုပ်လို့ရတယ်။ ဒါ သုံးရက် မရပါဘူးဆိုတာကိုပါ။ Procedure မှာလည်း၊ ကျွန်တော်တို့ Website မှာလည်း တင်ထားပေးတယ်။ ရုံးမှာလည်း Procedure ကို ရုတ်တရက်ဖတ်လိုက်ရင် ပိုပြီးတော့ ရှင်းလင်းလွယ်ကူအောင် ပုံစံကားချပ်နဲ့ အဆင့်(၁) က ဘာ၊ အဆင့်(၂) က ဘာ၊အဆင့်(၃)ကဘာ။ Investor ဆိုလို့ရှိရင် Application လာတင်တာနဲ့ သူ့ဟာတွေ ဘယ်အဆင့်ရောက်နေပြီဆိုတာကို စာနဲ့ ဝန်ကြီးဌာနတွေကို စာပို့တယ်။ Investor ကို စာမိတ္တူပေးလိုက်တယ်။ ဝန်ကြီးဌာနက သဘောထား ပြန်လာရင် Investor ကို အသိပေးလိုက်တယ်။ ခင်ဗျား



**ဦးအောင်နိုင်ဦး**
**ညွှန်ကြားရေးမှူးချုပ်**

ဘာလုပ်ဖို့လိုတယ်ဆိုတာ။ transparent ဖြစ်အောင်ပါ။ Procedure လည်း ရှင်းအောင်လုပ်ထားတယ်။ နောက်ဘာတွေလုပ်နေပြီဆိုတာလည်း Investor သိအောင်အမြဲတမ်းထိတွေ့ပြီး လုပ်ပေးနေပါတယ်။

**မေး။ အခုနှစ်အတွင်း ရင်းနှီးမြှုပ်နှံမှုနှင့်ပတ်သက်ပြီး သိလိုပါတယ်။**

ဖြေ။ ဒီနှစ်က Project လုပ်ထားတာ ခြောက်ဘီလီယံ၊ အမေရိကန်ဒေါ်လာသန်း ၆၀၀၀ မှန်းထားပါတယ်။ လက်ရှိ သန်း ၃၀၀၀ လောက်ရပါတယ်။ တချို့ Investment တွေ စက်ရုံတည်တယ်။ စက်ရုံတည်တာက ငါးသန်းကုန်တယ်။ ဒီစက်ရုံက ခြောက်လနဲ့ အပြီးတည်မယ့်စက်ရုံမျိုး။ ဥပမာ အထည်ချုပ်စက်ရုံမျိုးတစ်သန်းကုန်တယ်။ သူကခြောက်လနဲ့ပြီးသွားတာ။ Project ကြီးတွေကျတော့ အဆင့်ပြေသွားတယ်။ စက်ရုံအကြီးကြီး ဆောက်တယ်။ ဒါမှမဟုတ်လည်း ကန်တစ်ခုဆောက်တယ်။ ဒါမှမဟုတ် ဓာတ်အားပေးစက်ရုံအကြီး တည်တယ်။ တစ်နှစ်နဲ့မပြီးဘူး၊ နှစ်နှစ် အချိန်ယူရတယ်။ သုံးနှစ်အချိန်ယူရတာရှိတယ်။ သူတို့ရဲ့ Investment ဆိုရင် နှစ်နှစ်၊ သုံးနှစ်အတွင်းမှာ ဝင်လာတာ။ တစ်ခါတည်းခွင့်ပြုလိုက်တာနဲ့ ဒီဟာတွေက ဝင်လာတာမဟုတ်ပါဘူး။ သူ့ရဲ့လုပ်ငန်း သဘောသဘာဝကိုက တစ်ဖြည်းဖြည်း ဝင်လာတယ်။သူတို့ Project အပေါ်မှီပြီးဝင်လာတဲ့ အနေအထားဖြစ်ပါတယ်။

**မေး။ ရင်းနှီးမြှုပ်နှံမှုတွေ ဘာကြောင့် ပိုဝင်လာတာလည်းဆိုတာ ရှင်းပြပေးစေလိုပါတယ်။**

ဖြေ။ မနှစ်က အခြေအနေနဲ့ ဒီနှစ် အခြေအနေ၊ ရှစ်ဘီလီယံဝင်တဲ့ အခြေအနေနဲ့ တွက်ကြည့်တာပါ။ ၂၀၁၄ ခုနှစ် ဧပြီလကနေပြီး ဩဂုတ်လကုန်အထိ ဘယ်လောက်ဝင်ခဲ့လဲဆိုတော့ ၂ ဒသမ ၆ ဘီလီယံကျော်ကျော်လောက်ဝင်ခဲ့တယ်။ ဒီနှစ် ဧပြီလကုန်မှ ဩဂုတ်လကုန်အထိ ၃ ဒသမ ၀၁ ဘီလီယံလောက်ရှိမယ်ဆိုတော့ မနှစ်ကနဲ့ဒီနှစ် နှိုင်းယှဉ်ကြည့်လို့ရှိရင် မနှစ်ကထက် ပိုများတယ်။ ဒီနှစ်က အခြေအနေ ပိုကောင်းမယ်လို့ ပြောလို့ရတယ်။ နောက်တစ်ချက်က သီလဝါအထူးစီးပွားရေးဇုန်က မကြာခင် လုပ်ငန်းတွေစတော့မှာ။ သီလဝါ



**ဒေါ်ခင်သန်းဝင်း**
**(ဟိုတယ်/ခရီး)**

အထူးစီးပွားရေးဇုန် စဖွင့်တာနဲ့ Investment တွေ အလုံးအရင်းဝင်လာမယ်လို့ထင်တယ်။ ဒီနှစ်က ခြောက်ဘီလီယံလောက် မျှော်မှန်းသော်လည်းပဲ ခြောက်ဘီလီယံထက် ပိုသွားနိုင်ပါတယ်။

**မေး။ ငါးနှစ်တာကာလအတွင်းမှာ မြန်မာနိုင်ငံအတွက် ဘယ်နိုင်ငံက Top Investor ဆိုတာပြောပြပေးပါဦး။**

ဖြေ။ အခုလက်ရှိအနေအထားအရ ငါးနှစ်တာကာလအတွင်းမှာ စင်ကာပူက Top Investor ဖြစ်ပါတယ်။ငါးနှစ်တာကာလရဲ့ အခြေအနေကိုကြည့်ရင် စင်ကာပူက Top ဖြစ်သွားပါတယ်။ ၁၉၈၈ ကနေ အခုအချိန်ထိကြည့်လိုက်ရင် အားလုံးတရုတ်က ၂၄ ဒသမ၂၅ ရာခိုင်နှုန်း၊ ၂၅ ရာခိုင်နှုန်းလောက်။ အိမ်နီးချင်းနိုင်ငံရဲ့ အားလုံးပမာဏ လက်ရှိအနေအထားမှာတော့ ၁၉၈၈ ကနေ အားလုံးကို စုပေါင်းတွက်ချက်လိုက်ရင်တော့ တရုတ်နိုင်ငံက Top ဖြစ်နေခြင်းဖြစ်ပါတယ်။ သို့သော် ဒီ ငါးနှစ်တာကာလ ကြည့်လိုက်ရင် စင်ကာပူက အများဆုံးဖြစ်သွားတယ်။

အဓိက Sector သုံးခုက ရင်းနှီးမြှုပ်နှံမှုမြှင့်တင်တဲ့ Sector။ နည်းတဲ့ Sector မဟုတ်ဘူး။ မြှင့်တင်တာ အဓိကက သုံးခုရှိတယ်။ ကုန်ထုတ်လုပ်မှု ကဏ္ဍရယ်၊ အခြေခံအဆောက်အအုံတွေဖွံ့ဖြိုးတိုးတက်လာဖို့ရယ်၊ လယ်ယာ ကဏ္ဍဖွံ့ဖြိုးမှု ဝင်လာဖို့ အဲဒါတွေတောက်လျှောက်ဝင်လာဖို့ လုပ်နေတယ်။ ဒါက တိုင်းပြည်အတွက် အရေးကြီးတဲ့ Sector သုံးခုဖြစ်တဲ့အတွက် အဓိကဦးစားပေးပြီးတော့ Promote လုပ်နေပါတယ်။ ကျန်တဲ့ Sector တွေလည်း လုပ်နေပါတယ်။ ဒီ သုံးခုလုပ်လို့ ကျန်တာတွေမလုပ်ဘဲနေတာ မဟုတ်ပါဘူး။ အဲဒီ Sector တွေလည်းဝင်လာခဲ့ရင် ကြိုဆိုပြီးတော့ လုပ်ကိုင်ဆောင်ရွက်ပေးနေပါတယ်။ မနှစ်က အများဆုံးဝင်တာ ရေနံနဲ့ သဘာဝဓာတ်ငွေ့က ဝင်တာပါ။ နှစ်မျိုး။ စာရင်းအရကြည့်မယ်ဆိုရင် UK ပါ။ အာရှနိုင်ငံတွေနဲ့ယှဉ်ရင် ဥရောပနိုင်ငံတွေက နည်းနေသေးတယ်လို့ ထင်ပါတယ်။

**မေး။ လယ်ယာကဏ္ဍမှာ ရင်းနှီးမြှုပ်နှံမှုနဲ့ ပတ်သက်ပြီး ပြောပြပေးစေလိုပါတယ်။**

ဖြေ။ မြေနဲ့ပတ်သက်တဲ့ကိစ္စ



**Mr.Billy Harkin,**
**Director (EU Myanmar Centre)**

အခုအချိန်ထိ ကိုင်တွယ်ဆောင်ရွက်နေဆဲပဲ ဖြစ်တယ်။ မြန်မာနိုင်ငံ တံခါးဖွင့်တဲ့အချိန်မှာ အများစုဝင်လာတဲ့လုပ်ငန်းတွေက ကုန်ထုတ်လုပ်မှုလုပ်ငန်းတွေ ဝင်လာတာများတယ်။ စရတာလွယ်တယ်၊ လုပ်ရတာလွယ်တယ်။ Export ပို့ရတာလွယ်တယ်။ လယ်ယာကဏ္ဍရဲ့ သဘောကတော့ Long Time သွားတဲ့ဟာ ဖြစ်တယ်။ ဥပမာ ရော်ဘာစိုက်မယ်ဆိုရင် တစ်နှစ်တည်းနဲ့ ရော်ဘာချက်လို့ ရတာမဟုတ်ဘူး။ သူ့အတိုင်းအတာ တစ်ခုရှိရမယ်ဆိုတော့ လက်ရှိဝင်လာတဲ့သူတွေကတော့ မြန်မြန်ထက်ထက် ဝင်လာပြီးတော့ မြန်မြန်ထက်ထက် အကျိုးဖြစ်ထွန်းမယ့် ကုန်ထုတ်လုပ်ငန်းတွေကို ဝင်လာကြတာများပါတယ်။

မြန်မာနိုင်ငံရဲ့ လယ်ယာကဏ္ဍ အနာဂတ်ကတော့ သေချာပေါက် နိုင်ငံခြား ရင်းနှီးမြှုပ်နှံမှုကိုဆွဲဆောင်နိုင်မယ့် ကဏ္ဍဖြစ်ပါတယ်။ အားလုံး အဆင်သင့်ဖြစ်တဲ့ အချိန်၊ ပြင်ဆင်ဆောင်ရွက်မှုတွေအားလုံး ပြီးမြောက်သွားတဲ့အချိန်မှာ မြန်မာနိုင်ငံ လယ်ယာကဏ္ဍတွေ အဓိကရင်းနှီးမြှုပ်နှံမှု ဝင်လာတဲ့ကဏ္ဍဖြစ်သွားမှာပါ။

**မေး။ သီလဝါအထူးစီးပွားရေးဇုန်ရဲ့ အားသာချက်ကို ပြောပြပေးပါ။**

ဖြေ။ International Investor တွေအတွက်ကျတော့ သီလဝါတို့ ဘာတို့မှာ ဝင်ပြီး ရင်းနှီးမြှုပ်နှံမယ်ဆိုလို့ရှိရင် Product တွေကို ထုတ်မယ်။ ထုတ်ပြီးလို့ရှိရင် Export ရှိမယ်။ သီလဝါအထူးစီးပွားရေးဇုန်မှာလုပ်တဲ့ အဓိကကတော့ Export အတွက်ပါ။ သို့သော် ပြည်တွင်းကိုဖြန့်ခွင့်ပိတ်မထားပါဘူး။ ပြည်တွင်းကိုလည်း ဖြန့်လို့ရမယ်။ ပြည်တွင်း ဖြန့်တဲ့အခါမှာတော့ တိုင်းပြည်ကို နိုင်ငံခြားကနေ သွင်းသကဲ့သို့ယူဆပြီးတော့ လိုအပ်တဲ့ အကောက်အခွန်တွေ၊အခွန်အခတွေ ပေးဆောင်ပြီး ပြည်တွင်းကို ဖြန့်လို့ရပါတယ်။ ပြည်တွင်းက ပဲတွေကိုဝယ်ပြီး နိုင်ငံခြားပို့တာနဲ့ Processing ရှိတာနဲ့ ရတယ်။ ပြည်တွင်းက ပဲကို ဝယ်တယ်။ Processing လုပ်မယ်။ နိုင်ငံခြားပို့ရင် ရပါတယ်။

**မေး။ ထားဝယ်အထူးစီးပွားရေးဇုန်နဲ့ပတ်သက်၍ နည်းနည်းလောက် ရှင်းပြပေးပါ။**

ဖြေ။ လောလောဆယ်ထားဝယ် အထူးစီးပွားရေးဇုန်ကို ဦးစားပေးပြီး စလုပ်နေပါတယ်။ Investment နဲ့ပတ်သက်ပြီးတော့ ပြောဆို ညှိနှိုင်းနေတာလေးတော့ရှိပါတယ်။ တရားဝင်ခွင့်ပြုမိန့်ထုတ်ပေးထားတာလေးတော့ မရှိသေးပါဘူး။ ဒီစီမံကိန်းတွေပြီးသွားရင်တော့ Investment တွေဝင်လာမယ်။ လောလောဆယ်တော့ Investment တွေအတွက် အတည်ပြုထားတာမရှိသေးပါဘူး။ အဲဒီမှာကြားတာ ဂျပန်၊ အိန္ဒိယ၊ တရုတ်က ပိုပြီးစိတ်ဝင်စားတယ်လို့ ပြောတယ်။ဒီထားဝယ်က မဟာဗျူဟာအရ အရေးကြီးတဲ့ နေရာဖြစ်တော့ နိုင်ငံတော်တော်များများက စိတ်ဝင်စားပါတယ်။

**ဒေါ်ခင်သန်းဝင်း**
**ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန**
**ခရီးသွားလုပ်ငန်းမြှင့်တင်ရေးဌာန**

**မေး။ ဒီနေ့ ဆွေးနွေးကြတာလေးတွေနဲ့ ပတ်သက်ပြီး ရှင်းပြပေးပါ။**

ဖြေ။ ဒီနေ့ ဆွေးနွေးတာကတော့ မြန်မာနိုင်ငံရဲ့ ခရီးသွားလုပ်ငန်းကဏ္ဍရဲ့ အလားအလာနဲ့ လက်ရှိဖြစ်ပေါ် တိုးတက်နေတဲ့ အခြေအနေပါ။ ခရီးသွားလုပ်ငန်းကတော့ အရှိန်အဟုန်နဲ့တိုးတက်နေပါတယ်။ ၂၀၁၂ ခုကနေစပြီးတော့ ကမ္ဘာလှည့်ခရီးသွားလုပ်ငန်းက တဖြည်းဖြည်းနဲ့ အရှိန်အဟုန် မြင့်ပြီးတော့ တိုးတက်နေတဲ့အခါမှာ ကမ္ဘာလှည့် ခရီးသည်ဦးရေရောက်ရှိမှုဟာ ၂၀၁၂ ခုနှစ်ကစပြီးတော့ ခရီးသည်ဦးရေ တစ်သန်းကျော်ရောက်ရှိခဲ့ပါတယ်။

**မေး။ ကမ္ဘာလှည့် ခရီးသည်ဦးရေ တိုးတက်မှုနဲ့ ပတ်သက်ပြီး နှစ်အလိုက် တိုးတက်မှု ပြောပြပေးပါ။**

ဖြေ။ နှစ်စဉ် တောက်လျှောက်တိုးတက်နေတာဖြစ်တဲ့အတွက် ၂၀၁၂ ခုနှစ်မှာ ခရီးသည်ဦးရေက ၂ ဒသမ ၀၄ သန်း ရှိခဲ့ပါတယ်။ တိုးတက်မှုအခြေအနေကတော့ ၉၃ ရာခိုင်နှုန်းဖြစ်ပါတယ်။ ၂၀၁၄ မှာ ဆိုရင်

**စာမျက်နှာ ၁၁ သို့**




## ရေဘေးသင့်ဒေသများ ပြန်လည်ထူထောင်ရေးအတွက် အလှူငွေများလှူဒါန်း

**နေပြည်တော် စက်တင်ဘာ ၁၆**

သတ္တုတွင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်အောင်အား ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံဆိုင်ရာ ထိုင်းနိုင်ငံ သံအမတ်ကြီး H.E.Mr.Pisanu Suvanajata နှင့် ထိုင်းနိုင်ငံရှိ SCG Cement & Building Materials Co., Ltd. မှ SCG Country Director Mr. Chana Poomee တို့ ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် ယနေ့ နံနက် ၁၀ နာရီတွင် သတ္တုတွင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၏ ဧည့်ခန်းမသို့ လာရောက်တွေ့ဆုံပြီး ရေဘေးသင့်ဒေသများ ပြန်လည်ထူထောင်ရေးအတွက် အမေရိကန်ဒေါ်လာ ၃၂၀၀၀ တန်ဖိုးရှိ နေအိမ်နှင့် အခြားအဆောက်အအုံများ ဆောက်လုပ်ရန်ပစ္စည်းနှင့် ငွေသားအမေရိကန်ဒေါ်လာ ၂၈၀၀၀ တို့အားလှူဒါန်းရာ သတ္တုတွင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့် လူမှုဝန်ထမ်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်တို့က လက်ခံရယူခဲ့ကြောင်း သိရသည်။ **(သတင်းစဉ်)**

## ဟင်္သာတနှင့် ငါးသိုင်းချောင်းမြို့တို့ စိုးရိမ်ရေမှတ်များအထက် ဆက်လက်တည်ရှိနိုင်

**နေပြည်တော် စက်တင်ဘာ ၁၆**

ယနေ့မွန်းလွဲ ၁၂ နာရီခွဲအချိန်တိုင်းထွာချက်များအရ ဧရာဝတီမြစ်ရေသည် ဟင်္သာတမြို့နှင့် ဇလွန်မြို့တို့တွင် နှစ်ပေခန့်စီ ယင်းမြို့များ၏ စိုးရိမ်ရေမှတ်အသီးသီးအထက်သို့ ကျော်လွန်နေသည်။ နောက် လေးရက်အတွင်း ပေ၀က်ခန့်ကျဆင်းနိုင်ပြီး ယင်းမြို့များ၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

ယနေ့မွန်းလွဲ ၁၂ နာရီခွဲအချိန်တိုင်းထွာချက်အရ ငဝန်မြစ်ရေသည် ငါးသိုင်းချောင်းမြို့တွင် နှစ်ပေခန့် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ ကျော်လွန်နေပြီး နောက် ငါးရက်အတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

ဟင်္သာတခရိုင်(ဧရာဝတီမြစ်)အတွင်းနှင့် ငဝန်မြစ်တစ်လျှောက်ရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်းနေထိုင်သူများအနေဖြင့် အထူးသတိပြုနေထိုင်ကြပါရန် အကြံပြုထားသည်။ **(ကြေးမုံ)**

## ကလေးဒေသ ရေဘေးပြန်လည်ထူထောင်ရေးလုပ်ငန်းများ အရှိန်မြှင့်ဆောင်ရွက်

**ကလေး စက်တင်ဘာ ၁၆**

စစ်ကိုင်းတိုင်းဒေသကြီး ကလေးဒေသ ရေဘေးပြန်လည်ထူထောင်ရေးလုပ်ငန်းများကို ဆည်မြောင်းဦးစီးဌာနက စက်ယန္တရားကြီးများအသုံးပြု၍ ပြန်လည်ထူထောင်ရေးကာလအတွင်း လုပ်ငန်းများ အမြန်ပြီးစီးနိုင်ရန် အရှိန်အဟုန်မြှင့် ဆောင်ရွက်လျက်ရှိသည်။

ယင်းသို့ ဆောင်ရွက်ရာတွင် ကလေးမြို့ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်းဝင်းအတွင်း ရွှံ့ညွန်များဖယ်ရှားခြင်းနှင့် ချောင်းကျောက်ခင်းခြင်းလုပ်ငန်းများကို မြေတူးစက်တစ်စီး၊ လူအင်အား ၃၀ တို့ဖြင့်လည်းကောင်း၊ ကလေး-ကလေးဝ လမ်းဘေးဝဲ၊ ယာ ရေနုတ်မြောင်းတူးဖော်ခြင်းလုပ်ငန်းများကို မြေတူးစက်နှစ်စီးဖြင့် လည်းကောင်း၊ ချောင်းကျောက်သယ်ယူခြင်းလုပ်ငန်းကို မြေတူးစက်တစ်စီးနှင့် မြေသယ်ယာဉ် ရှစ်စီးဖြင့်လည်းကောင်း ဆောင်ရွက်လျက်ရှိသည်။

ယင်းအပြင် နန်းကျင်းဆောင်ကျေးရွာ ရွာသစ်ဖော်ထုတ်ခြင်းလုပ်ငန်းကို မြေတူးစက်နှစ်စီးဖြင့် လည်းကောင်း၊ ကျောက္ကာကျေးရွာသစ် မြေကွက်နေရာချထားရန်အတွက် လမ်းထိုးပေးခြင်းလုပ်ငန်းကို မြေထိုးစက် တစ်စီးနှင့် မြေတူးစက် တစ်စီးဖြင့်လည်းကောင်း၊ အေးသာယာကျေးရွာသစ် မြေကွက်နေရာချထားရန်အတွက် လမ်းထိုးပေးခြင်းလုပ်ငန်းကို မြေထိုးစက်တစ်စီးဖြင့် လည်းကောင်း၊ နန်းစောင်းပုကျေးရွာ ရွာသစ်ဖော်ထုတ်ခြင်းလုပ်ငန်းကို မြေထိုးစက် တစ်စီးဖြင့်လည်းကောင်း ဆောင်ရွက်လျက်ရှိသည်။

ယင်းနောက် တင်သားကျေးရွာ ရေပေးမြောင်းပြုပြင်ခြင်းလုပ်ငန်းကို မြေတူးစက် တစ်စီး၊ ရေလဲဦး ကျေးရွာ စာသင်ကျောင်းရေနုတ်မြောင်း တူးဖော်ခြင်းလုပ်ငန်းကို မြေတူးစက်အသေးတစ်စီး၊ သဖန်းအိုင်ကျေးရွာ အဝင်လမ်းပြုပြင်ခြင်းနှင့် လမ်းဘေးဝဲ၊ ယာ ရေနုတ်မြောင်းတူးဖော်ခြင်းလုပ်ငန်းကို မြေတင်ယာဉ်တစ်စီးနှင့် မြေတူးစက်အသေး တစ်စီးဖြင့် အရှိန်မြှင့်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**(ဂျိုးနက်)**



## ရေထပ်မံဝင်ရောက်သောဒေသများတွင် အရေးပေါ်ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်

**နေပြည်တော် စက်တင်ဘာ ၁၆**

ဇူလိုင်လနှင့် သြဂုတ်လတို့တွင် မြန်မာနိုင်ငံတစ်ဝန်း မိုးသည်းထန်စွာရွာသွန်းမှုကြောင့် တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် ရေကြီးရေလျှံမှုများဖြစ်ပွားခဲ့ရာ ကျန်းမာရေးဝန်ကြီးဌာန ပြည်သူ့ကျန်းမာရေးဦးစီးဌာန၏ စီစဉ်မှုဖြင့် တိုင်းဒေသကြီးနှင့် ပြည်နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူးများနှင့် အရေးပေါ်တုံ့ပြန်ဆောင်ရွက်ရေးအဖွဲ့ (Rapid Response Team) များ ပူးပေါင်း၍ ရေဘေးသင့်ဒေသများရှိ ရပ်ကွက်/ကျေးရွာများနှင့် ယာယီကယ်ဆယ်ရေးစခန်းများသို့ သွားရောက်ကာ ဆေးကုသမှုပေးခြင်း၊ အရေးပေါ်ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများနှင့် ရောဂါကာကွယ်တားဆီးစောင့်ကြပ်ကြည့်ရှုခြင်းလုပ်ငန်းများ ဆောင်ရွက်ခြင်း၊ မီးသတ်တပ်ဖွဲ့များ၊ ဒေသခံပြည်သူများနှင့် ပူးပေါင်း၍ ရေတွင်းရေကန်များကို ကလိုရင်းဆေးခတ်ခြင်း၊ ကျန်းမာရေးပညာပေးခြင်းနှင့် အခြားပြည်သူ့ကျန်းမာရေးဆိုင်ရာလုပ်ငန်းများကို ဆက်လက်ဆောင်ရွက်လျက်ရှိသည်။

စက်တင်ဘာလဆန်းအတွင်း ရေထပ်မံဝင်ရောက်မှုကြောင့် စစ်ကိုင်းတိုင်းဒေသကြီးတွင် ခန္တီးမြို့နယ်၊ ဖောင်းပြင်မြို့နယ်၊ ဟုမ္မလင်းမြို့နယ်၊ မော်လိုက်မြို့နယ်၊ ကလေးဝမြို့နယ်၊ ဆားလင်းကြီးမြို့နယ်၊ မုံရွာမြို့နယ်၊ ဘုတလင်မြို့နယ်၊ ကနီမြို့နယ်၊ မင်းကင်းမြို့နယ်၊ ချောင်းဦးမြို့နယ်၊ မန္တလေးတိုင်းဒေသကြီးတွင် ညောင်ဦးမြို့နယ်၊ ပဲခူးတိုင်းဒေသကြီးတွင် ပြည်မြို့နယ်၊ ရွှေတောင်မြို့နယ်၊ ပန်းတောင်းမြို့နယ်နှင့် မကွေးတိုင်းဒေသကြီးတွင် မင်းဘူးမြို့နယ်၊ ရေစကြိုမြို့နယ်၊ သရက်မြို့နယ်၊ ပွင့်ဖြူမြို့နယ်၊ ရေနံချောင်းမြို့နယ်များရှိ ရပ်ကွက်/ကျေးရွာအချို့တွင် ရေကြီးရေလျှံမှုများ ဖြစ်ပွားလျက်ရှိသောကြောင့် အဆိုပါဒေသများတွင် အရေးပေါ်ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို ဆောင်ရွက်ပေးလျက်ရှိသည်။

ထို့အပြင် ရေကျပြီး နောက်ဆက်တွဲဖြစ်ပွားတတ်သောကူးစက်ရောဂါများ ကာကွယ်တားဆီးခြင်းနှင့် ရောဂါဖြစ်ပွားလာပါက စောစီးစွာ သိရှိတုံ့ပြန်ဆောင်ရွက်ရေးစနစ် (Early Warning Alert and Response System) လုပ်ငန်းကို ဆောင်ရွက်လျက်ရှိရာ တိုင်းဒေသကြီး/ပြည်နယ်များ၌ စက်တင်ဘာ ၁၅ ရက်အထိ ကူးစက်ရောဂါများ ဖြစ်ပွားမှုမရှိကြောင်း သိရသည်။ **(ကြေးမုံ)**



## ကင်းထောက်လူငယ်များ ဟားခါးမြို့ မြို့ဟောင်းရပ်ကွက်ရှိ အမက ဟိုင်ထလန်းကျောင်း အပျက်အစီးများ သန့်ရှင်းရေးဆောင်ရွက်

**ဟားခါး စက်တင်ဘာ ၁၆**

သဘာဝဘေးအန္တရာယ်ကြောင့် ပြိုကျပျက်စီးခဲ့သော ဟားခါးမြို့ မြို့ဟောင်းရပ်ကွက်ရှိ အမက ဟိုင်ထလန်းကျောင်း အပျက်အစီးများကို ဟားခါးမြို့ အမှတ်(၃) အခြေခံပညာအထက်တန်းကျောင်းမှ ကင်းထောက် လူငယ်မောင်မယ်များက စက်တင်ဘာ ၁၅ ရက် နံနက် ၁၀ နာရီတွင် စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်ခဲ့ကြသည်။

ထိုသို့ စုပေါင်းသန့်ရှင်းရေးဆောင်ရွက်ကြရာသို့ ဟားခါးမြို့နယ်ပညာရေးမှူး ဦးကောလ်လျန်ထန်းနှင့် ကင်းထောက်ဆရာ ဆရာမများက လိုက်လံကြည့်ရှုကြီးကြပ်ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**(ခရိုင် ပြန်/ဆက်)**

## ရေဘေးသင့်ဒေသများသို့ လေယာဉ်များဖြင့် ကယ်ဆယ်ရေးပစ္စည်း ပို့ဆောင်ထောက်ပံ့

**နေပြည်တော် စက်တင်ဘာ ၁၆**

သဘာဝဘေးအန္တရာယ် ကြုံတွေ့ခဲ့သည့် ရေဘေးသင့်ဒေသရှိ ပြည်သူများထံသို့ ကယ်ဆယ်ရေးပစ္စည်းများ ထောက်ပံ့ပေးအပ်နိုင်ရန် ပြည်တွင်းလေကြောင်းလိုင်းမှ လေယာဉ်ဖြင့် ဆက်လက်ပေးပို့လျက်ရှိသည်။

ထိုသို့ ပေးပို့လျက်ရှိရာ ယနေ့တွင် ကမ္ဘောဇလေကြောင်းမှ လေယာဉ်ဖြင့် စစ်ကိုင်းတိုင်းဒေသကြီး ကလေးလေဆိပ်သို့ ခေါက်ရေ တစ်ခေါက်ဖြင့် တောစီးဖိနပ်၊ ဆေးဝါးပစ္စည်း၊ ကျောင်းသုံးစာရေးကိရိယာ၊ မုန့်မျိုးစုံ၊ ပဲနှစ်ပြန်ကြော်၊ စွန်တန်ခြောက်နှင့် ကျောင်းဝတ်စုံ(ဆိုဒ်စုံ)တို့ကို ပေးပို့ခဲ့ကြောင်း သိရသည်။

**(သတင်းစဉ်)**

### မြန်မာ့ပင်လယ်ပြင်အခြေအနေ

မြစ်ဝကျွန်းပေါ်၊ မုတ္တမကွေ့၊ မွန်-တနင်္သာရီကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်မြေပြင်လေသည် တစ်နာရီလျှင် ၃၅ မိုင်အထိ တိုက်ခတ်နိုင်သည်။ ကျန်မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအသင့်အတင့်ရှိမည်။

ပြန်လည်ထူထောင်ရေး

# သဘာဝဘေးအန္တရာယ်ကျရောက်ခဲ့သောဒေသများရှိ ပြည်သူများအတွက် စိတ်ကျန်းမာရေး ပြုစုစောင့်ရှောက်မှုပေးနိုင်စေရန် သင်တန်းပို့ချပေး

**ရန်ကုန် စက်တင်ဘာ ၁၆**

ကျန်းမာရေးဝန်ကြီးဌာန ရန်ကုန်စိတ်ကျန်းမာရေးဆေးရုံကြီး မြန်မာနိုင်ငံဆရာဝန်အသင်း စိတ်ကျန်းမာပညာအဖွဲ့နှင့် မြန်မာနိုင်ငံ စိတ်ပညာအသင်းတို့ ပူးပေါင်းကျင်းပသော ရေဘေးသင့်ပြည်သူများအား စိတ်ကျန်းမာရေး ပြုစုစောင့်ရှောက်မှု လုပ်ငန်းသင်တန်းကို စက်တင်ဘာ ၁၅ ရက်နှင့် ၁၆ ရက်က နံနက် ၉ နာရီမှ ၄ နာရီထိ ပန်ဒါဟိုတယ်၌ ပြုလုပ်ခဲ့သည်။

ယင်းသင်တန်းကို ဖွင့်လှစ်ရခြင်းမှာ သဘာဝဘေးအန္တရာယ်ကျရောက်ခံစားနေရသော ပြည်သူများအား ကယ်ဆယ်ရေးလုပ်ငန်းများ ပြုလုပ်ရာတွင် စိတ်ကျန်းမာရေးစောင့်ရှောက်မှုပေးရာ၌ ပိုမိုထိရောက်သော စောင့်ရှောက်မှုပေးနိုင်စေရန် ရည်ရွယ်၍ ဖွင့်လှစ်ကြောင်း သိရသည်။

အဆိုပါသင်တန်းကို ရေဘေးသင့်ဒေသများသို့သွားရောက် အကူအညီပေးနေကြသော NGO ၂၇ ဖွဲ့မှ ကိုယ်စားလှယ်များ၊ စိတ်ပါဝင်စားသူ သင်တန်းသား သင်တန်းသူများ စုစုပေါင်း ၁၇၀ တက်ရောက်ခဲ့သည်။ ယင်းသင်တန်းတွင် သဘာဝဘေးအန္တရာယ်နှင့်ကြုံတွေ့ရသည့်သူများ၏ စိတ်ပိုင်းဆိုင်ရာ တုံ့ပြန်ခံစားမှုများနှင့် ပြုစုစောင့်ရှောက်ပေးမှုအဆင့်ဆင့် နည်းလမ်းများ၊ ယင်းတို့ကို ကြုံတွေ့ကာကွယ်ရန်နည်းလမ်းများ၊ ဖြေရှင်းပုံနည်းလမ်းများ၊ စိတ်ကျန်းမာရေး စောင့်ရှောက်မှုပေးနေသူများ၊ သိထားလိုက်နာသင့်သည့် အချက်များ၊ နှစ်သိမ့်ဆွေးနွေးပညာပေးခြင်းများကို ဆွေးနွေးဟောပြောသင်ကြားခဲ့သည်။

"သဘာဝဘေးအန္တရာယ် ကျရောက်တဲ့ဒေသတွေကို ကူညီကယ်ဆယ်မယ့် စိတ်ပိုင်းဆိုင်ရာပြုစုစောင့်ရှောက်မှု ပေးမယ့်သူတွေက ကိုယ့်ကိုယ်ကိုယ်လည်း ပြန်လည်စောင့်ရှောက်တတ်ဖို့လိုအပ်တယ်။ ဥပမာ မိမိ ကျင့်သားရနေတဲ့ပတ်ဝန်းကျင်မျိုး မဟုတ်တဲ့ အနေအထားမှာ လုပ်ကိုင်ဆောင်ရွက်ရတဲ့အခါ ဘယ်လိုအခြေအနေ ဖြစ်ပေါ်လာနိုင်တယ် ဆိုတာကို ကြိုတင်မှန်းဆလို့မရနိုင်ဘူး။အဲဒီတော့ သွားရောက်ဖို့ပြင်ဆင်တော့မယ်ဆိုရင် မိမိရဲ့စိတ်ပိုင်းဆိုင်ရာ၊ ရုပ်ပိုင်းဆိုင်ရာ ကျန်းမာရေးအခြေအနေတွေ အတွက်လည်း ကြိုတင်ပြင်ဆင်သွားဖို့လိုအပ်ပါတယ်"ဟု စိတ်ရောဂါအထူးကုဆရာဝန် ဒေါက်တာ စိုးမင်းက ပြောသည်။ အဆိုပါသင်တန်းကို မန္တလေးမြို့၌ စက်တင်ဘာ ၂၁ ရက် ၂၂ ရက်များတွင် ဆက်လက်သင်ကြားပို့ချပေးသွားမည့်အပြင် သဘာဝဘေးအန္တရာယ် ကျရောက်ခဲ့သော ဒေသများသို့လည်း အဖွဲ့များဖွဲ့၍ သင်တန်းများ ပို့ချသင်ကြားပေးသွားမည်ဟု သိရသည်။ **ခင်ဇာလီ**

ဝါဆို ဝါခေါင် ရေတွေကြီးလို့ သပြေသီးမှည့်ကောက်စို့ကွယ်၊ ခရားဆူးခြုံဟိုအထက်က မျှော့နက်မည်းကြီးတွယ်လိမ့်မယ်၊ မျှော့နက်ဆိုတာချို(ဂျို)နဲ့လားကွဲ့၊ မြွေနဂါးတောင် မကြောက်ဘူးကွယ် ဆိုသည့်ငယ်ငယ်တုန်းက သင်ခဲ့ရသည့် ကဗျာလေးကို ယနေ့ကျမှ ထူးထူးခြားခြား ရွတ်ဆိုနေမိသည်။ သားတွေက ဖေဖေဘာတွေငယ်မူပြန်နေတာလဲ၊ ကလေးကဗျာတွေ ရွတ်နေတယ်ဆိုပြီး ပြောတော့မှ ဘာရယ်မဟုတ်ပါဘူး သားတို့ရယ် ခုဖြစ်ပေါ်နေတဲ့ ရေကြီးရေလျှံမှုတွေ ဖေဖေတို့ငယ်ငယ်တုန်းကလည်း ဖေဖေနေခဲ့တဲ့ ဧရာဝတီတိုင်းဒေသကြီး လေးမျက်နှာမြို့မှာ ဖြစ်ခဲ့တယ်။ အဲဒီတုန်းက ဖေဖေက ကလေးဆိုတော့ ဒုက္ခတွေကိုမသိဘူးလေ၊ ကျောင်းကသင်ပေးလိုက်တဲ့ သပြေသီးကောက်ကဗျာလေးရွတ်ဆိုပြီး ငှက်ပျောတုံး လေးတုံးကို ဝါးနဲ့ဖောက်သီပြီး ဖောင်လုပ်စီးလို့ သပြေသီးမှည့်တွေ ရေပေါ်ပေါလောပေါ်နေတာ လိုက်ကောက်ရတာ ပျော်စရာကောင်းလိုက်တာကွာ၊ ခုတစ်နိုင်ငံလုံးအနှံ့ ရေတွေကြီးပြီး လူတွေ၊ နွားတွေ၊ အိမ်တွေ၊ ကျောင်းတွေ၊ ဆုံးရှုံးမှုတွေ မြင်တွေ့ကြားနေရတာ စိတ်မကောင်းဖြစ်မိတယ်။ ကိုယ်ချင်းစာစိတ်လည်း ခုမှပိုပြီး ထားတတ်တော့တယ်။ ငယ်ငယ်ကအဖြစ်အပျက်လေးကို တွေးပြီး ထိုအချိန်က ရေကြီးရေလျှံမှုကြောင့် သီးနှံတွေပျက်စီး၊ လယ်ယာလုပ်ငန်းလုပ်နေတဲ့ ကျွဲ၊ နွားတွေ သေဆုံး၊ အိမ်တွေပျက်စီးနဲ့ မိဘတွေလည်း ရင်ထဲမှာ ဘယ်လောက်များ

## လေဖိအားနည်းရပ်ဝန်း အိန္ဒိယသြရိသကမ်းခြေမှ ဖြတ်ကျော်ဝင်ရောက်

**နေပြည်တော် စက်တင်ဘာ ၁၆**

ယနေ့နံနက် ၁၁ နာရီခွဲအချိန် တိုင်းထွာချက်များ အရ ဘင်္ဂလားပင်လယ်အော် အနောက်မြောက်ပိုင်းနှင့် ယင်းနှင့်ဆက်စပ်လျက်ရှိသော ဘင်္ဂလားပင်လယ်အော် အနောက်အလယ်ပိုင်းတို့တွင် ဖြစ်ပေါ်နေသော လေဖိအားနည်းရပ်ဝန်းသည် အိန္ဒိယနိုင်ငံ သြရိသကမ်းခြေ တောင်ပိုင်းမှ ဖြတ်ကျော်ဝင်ရောက်ခဲ့ပြီးဖြစ်ကြောင်း သိရသည်။ **(ကြေးမုံ)**

## အနောက်တောင်မုတ်သုံလေ မြန်မာနိုင်ငံ မြောက်ပိုင်းဒေသများမှ ဆုတ်ခွာ


**နေပြည်တော် စက်တင်ဘာ ၁၆**


လွန်ခဲ့သော ၂၄ နာရီအတွင်းက အနောက်တောင်မုတ်သုံလေသည် မြန်မာနိုင်ငံမြောက်ပိုင်းဒေသများမှ ဆုတ်ခွာခဲ့ပြီးဖြစ်ကြောင်း မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာနမှ သိရသည်။ **(ကြေးမုံ)**


## ဧရာဝတီမြစ်ရေ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိ

**နေပြည်တော် စက်တင်ဘာ ၁၆**

ဧရာဝတီမြစ်ရေသည် ယနေ့ မွန်းလွဲ ၁၂ နာရီခွဲအချိန် တိုင်းထွာချက်အရ ညောင်ဦးမြို့တွင် ရေဆက်လက်ကျဆင်းနေသော်လည်း ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်တွင် ဆက်လက်တည်ရှိနေသည်။ ဟင်္သာတမြို့နှင့် ဇလွန်မြို့တို့တွင် နှစ်ပေခန့်စီ ယင်းမြို့များ၏ စိုးရိမ်ရေမှတ်အထက် ကျော်လွန်နေပြီး နောက်လေးရက်အတွင်း ပေဝက်ခန့်ကျဆင်းနိုင်ကာ ယင်းမြို့များ၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်ကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာန၏ မှတ်တမ်းများကို ဂရပ်များဖြင့် ဖော်ပြအပ်ပါသည်။ **(သတင်းစဉ်)**








## ငဝန်မြစ်ရေသည် ငါးသိုင်းချောင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိ

**နေပြည်တော် စက်တင်ဘာ ၁၆**

ဧရာဝတီတိုင်းဒေသကြီး ငါးသိုင်းချောင်းမြို့၌ ငဝန်မြစ်ရေသည် ယနေ့ မွန်းလွဲ ၁၂ နာရီခွဲအချိန် တိုင်းထွာချက်အရ ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် နှစ်ပေခန့်ကျော်လွန်နေပြီး နောက်ငါးရက်အတွင်း စိုးရိမ်ရေမှတ်အထက်တွင် ဆက်လက်တည်ရှိနိုင်ကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာန၏ မှတ်တမ်းများကို ဂရပ်ဖြင့် ဖော်ပြထားရှိသည်။ **(သတင်းစဉ်)**




# မျှော်လင့်ချက်များနှင့် အသက်ဆက်လက်ရှင်သန်နေမယ်

ပရိဒေဝမီးတွေတောက်နေမလဲ ခုမှ ခံစားမိတော့တယ်။ လူကြီးတွေကတော့ ရေပြန်ကျသွားရင် သီးနှံခင်းလေးပြန်စိုက်ပြီး အသက်ဆက်မယ်ဆိုတဲ့မျှော်လင့်ချက်နဲ့ ဆက်လက်ရှင်သန်ခဲ့ရတယ်။

ယခုနှစ် ဇူလိုင်၊ ဩဂုတ်လများမှာ မိုးသည်းထန်စွာရွာသွန်းမှုကြောင့် နိုင်ငံတစ်ဝန်း ရေကြီးရေလျှံ၊ မြေပြိုမှုများကြောင့် ပြည်သူများအသက်အိုးအိမ် စည်းစိမ်များ ပျက်စီးဆုံးရှုံးခဲ့ရသည်။ ထိုအထဲတွင် ရခိုင်ပြည်နယ်၊ ချင်းပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ဧရာဝတီတိုင်း ဒေသကြီးတို့တွင် ဆိုးရွားစွာ ပျက်စီးဆုံးရှုံးခဲ့သည်။

ရေဘေးသင့်ဒေသများသို့ နိုင်ငံတော်နှင့် ပရဟိတကယ်ဆယ်ရေးအဖွဲ့များ၊ လူမှုရေးအသင်းအဖွဲ့များ၊ စေတနာရှင်ပြည်သူများ၊ တပ်မတော်သားများ၊ ရဲတပ်ဖွဲ့ဝင်များ၊ ရေဘေးသင့်ပြည်သူများကို ကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးကြသည်။ ထို့အပြင် ရေဘေးသင့်ပြည်သူများအတွက် အစားအစာ၊ ဆေးဝါး၊ ဒန်အိုး ဒန်ခွက်၊ စောင်၊ ခြင်ထောင်၊ အိပ်ရာလိပ်၊ ခေါက်ဆွဲခြောက်၊ ရေသန့်ဘူး၊ ငွေကြေးမှအစ ထောက်ပံ့လှူဒါန်းပေးကြသည်။

ထို့အပြင် သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီအနေဖြင့်လည်း တိုင်းဒေသကြီး/ပြည်နယ်အစိုးရအနေဖြင့် လည်းကောင်း ရေဘေးသင့်ပြည်သူများများကို ဆန်၊ ဆီ၊ ဆား၊ ငရုတ်၊ ကြက်သွန်၊ မီးဖိုချောင်သုံးပစ္စည်းများအပြင် ငွေကြေးမှအစ အိမ်ထောင်စုအလိုက် ထောက်ပံ့လှူဒါန်းပေးသည်။

သို့သော်လည်း တိုင်းဒေသကြီး/ပြည်နယ်များရှိ ဝေးလံခေါင်သီသော ဒေသများတွင်နေထိုင်သော ပြည်သူများအနေဖြင့် ကျန်းမာရေးလက်လှမ်းမမီခြင်း၊ ကယ်ဆယ်ထောက်ပံ့မှု လက်လှမ်းမမီခြင်းတို့ကြောင့် ဒုက္ခပေါင်းစုံကြုံတွေ့ရပြီး မျှော်လင့်ချက်များဖြင့်သာ အသက်ဆက်လက်ရှင်သန်အောင် စီမံနေထိုင်ရကြောင်းလည်း သိရသည်။ ထိုကဲ့သို့ ကယ်ဆယ်ရေးလုပ်ငန်းများ၊ ဆေးကုသရေးလုပ်ငန်းများမှအစ လိုအပ်လျက်ရှိသေးကြောင်း သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီ၏အစီရင်ခံစာများအရ သိရသည်။

တိုင်းဒေသကြီး/ပြည်နယ်များတွင် ရေကြီးရေလျှံ မြေပြိုမှုများကြောင့် လူပေါင်း ၁၆၂၄၃၈၉ ဦး ပြောင်းရွှေ့ခဲ့ရပြီး လူပေါင်း ၁၂၉ ဦးသေဆုံးခဲ့ရသည်။ ရေဘေးကြောင့် တစ်စိတ်တစ်ပိုင်းနှင့် လုံးဝပျက်စီးသည့် အိမ်ခြေပေါင်း ၄၈၉၈၉၇ လုံးရှိသည့်အနက် လုံးဝပျက်စီးသွားသည့် အိမ်ခြေ ၂၀၂၂၀ လုံးဖြစ်သည်။ တစ်နိုင်ငံလုံးအတိုင်းအတာ အနေဖြင့် လယ်ယာမြေ ၁၄၇၅၉၇၂ ဧက ရေလွှမ်းမိုးမှုခံရပြီး ၁၁၁၅၃၃၉ ဧက ထိခိုက်ခဲ့သည်။ ၎င်းအနက်မှ ဧက ၈၄၇၄၇၁ မှာ လုံးဝပျက်စီးသွားခဲ့သည်။

ထို့အပြင် စာသင်ကျောင်းများ ၄၁၁၆ ကျောင်း ရေဘေးကြောင့် ပျက်စီးခဲ့ပြီး ကျောင်းပေါင်း ၆၀၈ ကျောင်းမှာ လုံးဝပျက်စီးခဲ့ကာ အသစ်ပြန်လည်တည်ဆောက်ရမည်ဖြစ်သည်။ အိမ်ထောင်စုစာရင်းအနေဖြင့် ၁၁၅၁၆ စု ပျက်စီးခဲ့ပြီး နိုင်ငံသားစိစစ်ရေးကတ် ၁၀၄၂၅ ခု ပျက်စီးပျောက်ဆုံးခဲ့သည်။

အလားတူ ရေကြီးရေလျှံ မြေပြိုမှုကြောင့် ဘုန်းတော်ကြီးကျောင်းပေါင်း ခုနစ်ကျောင်း လုံးဝပြိုကျပျက်စီးခဲ့ပြီး ၆၉ ကျောင်း အသင့်အတင့်ပျက်စီးခဲ့သည်။ ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် မြို့နယ်ဆေးရုံ လေးရုံ၊ တိုက်နယ်ဆေးရုံ ၁၂ ရုံအပါအဝင် ကျေးလက်ကျန်းမာရေးဌာန၊ ကျေးလက်ကျန်းမာရေးဌာနခွဲများ စုစုပေါင်း ၂၄၄ ခု ပျက်စီးဆုံးရှုံးခဲ့သည်။

အလားတူ ရေဘေးသင့်ဒေသများဖြစ်သော စစ်ကိုင်းဒေသကြီးတွင် ငါး၊ ပုစွန်မွေးမြူရေးကန် ၄၅၆ ဒသမ ၇၅ ဧက၊ မန္တလေးတိုင်းဒေသကြီးတွင် သုည ဒသမ ၅၀ ဧက၊ ပဲခူးတိုင်းဒေသကြီးတွင် ၆၈၂၉ ဒသမ ၇၈ ဧက၊ မကွေးတိုင်းဒေသကြီးတွင် ၁၂၉ ဒသမ ၃၄ ဧက၊ ရန်ကုန်တိုင်းဒေသကြီးတွင် ၁၀၁၁၈ ဒသမ ဝ၄ ဧက၊ ဧရာဝတီတိုင်းဒေသကြီးတွင် ၁၅၅၃၀ ဒသမ ၇၂ ဧက၊ ရခိုင်ပြည်နယ်တွင် ၅၂၇၄၁ ဒသမ ၂၉ ဧကတို့ ပျက်စီးဆုံးရှုံးခဲ့ရပြီး တိုင်းဒေသကြီး/ပြည်နယ်များအလိုက် ပျက်စီးမှုတန်ဖိုးမှာ ပုဂ္ဂလိကပိုင်းတွင် ၂၆၀၅၄ ဒသမ ၁၉၈ ကျပ်သန်း၊ ဌာနမှ ၆၁ ဒသမ ၁၆၁ ကျပ်သန်း ဆုံးရှုံးခဲ့ကြောင်း၊ ထို့အပြင်ရေပေးဝေရေးလုပ်ငန်း ၄၃၄၂ ခု၊ ကျေးလက်ဒေသဖွံ့ဖြိုးရေးလမ်း(၆၆၃/၇. ၄၂)မိုင်၊ တံတား ၈၇၀ စင်းတို့ပျက်စီးခဲ့ကြောင်း မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာနမှ သိရသည်။ ရေဘေးသင့်ဒေသများတွင် နွားကောင်ရေ ၅၈၁၈ ကောင်၊ ကျွဲကောင်ရေ ၃၀၂၀ အပါအဝင် တိရစ္ဆာန် စုစုပေါင်း ၂၇၄၂၆၀ သေဆုံးခဲ့သည်။

ထို့အပြင် ဆောက်လုပ်ရေးဝန်ကြီးဌာနမှ ကတ္တရာလမ်းများ၊ ကျောက်ခင်းလမ်းများ၊ တံတားကြီး၊ တံတားငယ် အမြောက်အမြား ပျက်စီးဆုံးရှုံးခဲ့ရသည်။ ရေဘေးသင့်ဒေသအားလုံးတွင် စီးပွားရေးအရ ပျက်စီးဆုံးရှုံးမှုတန်ဖိုးမှာကျပ် ၁၇၄ ဘီလီယံကျော် ရှိကြောင်း သိရသည်။

ထိုကဲ့သို့ရေကြီးရေလျှံ မြေပြိုမှုကြောင့် ဆုံးရှုံးမှုများကို ရေပြန်ကျသွားချိန်တွင် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို တိုင်းဒေသကြီးအလိုက် နိုင်ငံတော်အပိုင်းမှပံ့ပိုးမှု၊ ပြည်သူများ၏ လှူဒါန်းမှု၊ နိုင်ငံတကာနှင့် အဖွဲ့အစည်းများ၏ လှူဒါန်းမှုများကြောင့် ပြည်သူများ မိမိတို့ကျေးရွာများတွင် ပြန်လည်အခြေချစိုက်ပျိုး မွေးမြူလုပ်ကိုင်လျက် ရှိနေကြသည်။ ထို့အပြင် တိုင်းဒေသကြီးအစိုးရအဖွဲ့များ၊ သက်ဆိုင်ရာဝန်ကြီးဌာနများ၏ ပံ့ပိုးကူညီမှုများ၊ နိုင်ငံတကာအဖွဲ့အစည်းများ၏ ကူညီပံ့ပိုးမှုများကြောင့် ရေဘေးသင့်ဒေသများရှိပြည်သူများသည်မူလအခြေအနေထက် သာလွန်သောအဆင့်သို့ မကြာမီအတွင်း ပြန်လည်ရောက်ရှိတော့မည်ဖြစ်သဖြင့် မျှော်လင့်ချက်များစွာဖြင့် အသက်ဆက်လက်ရှင်သန်နေရဦးမည် ဖြစ်တော့သည်။ **သန်းဦး(လေးမျက်နှာ)**

**❒ ကျောဖုံးမှ**

NSCN-K အဖွဲ့သည် ငြိမ်းချမ်းရေး ဆောင်ရွက်ရာတွင် အစိုးရနှင့် bilateral လက်မှတ်ရေးထိုးဆောင်ရွက်ခဲ့ကြောင်း၊ ထို့ကြောင့် NSCN-K အား NCA စာချုပ်လက်မှတ်ရေးထိုးနိုင်ရေး တွေ့ဆုံဆွေးနွေးမှုဖြစ်ကြောင်း ပြောကြားသည်။

UPWC ၏ ဒုတိယဥက္ကဋ္ဌ ဦးသိန်းဇော်က မြန်မာနိုင်ငံအနောက်ဘက်ပိုင်းရှိ နာဂဒေသသည် တစ်ချိန်က ဝေးလံခေါင်ပါးပြီး ဖွံ့ဖြိုးမှုနည်းပါးသည့် ဒေသဖြစ်ခဲ့သော်လည်း အစိုးရနှင့် နာဂတိုင်းရင်းသားခေါင်းဆောင်များ တွေ့ဆုံပြီးနောက် ပစ်ခတ်တိုက်ခိုက်မှုရပ်စဲမှုများ စတင်ကာ ဖွံ့ဖြိုးမှုလုပ်ငန်းများ ဆောင်ရွက်နိုင်ခဲ့ကြောင်း၊ နာဂဒေသသည် နိုင်ငံတော်အတွက် အဓိကအရေးပါသည့် နယ်စပ်ဒေသအစိတ်ပိုင်းတစ်ခုဖြစ်ကြောင်း၊ နာဂဒေသတည်ငြိမ်အေးချမ်းဖွံ့ဖြိုးတိုးတက်မှုအတွက် နိုင်ငံတော်နှင့် နာဂဒေသခေါင်းဆောင်များ အကျိုးတူပူးပေါင်းဆောင်ရွက်သွားနိုင်ရေး အပြုသဘောဆောင်ဆွေးနွေးကြမည်ဟု ယုံကြည်ကြောင်း ပြောကြားသည်။

UPWC အဖွဲ့ဝင် ဦးမြင့်စိုးက ငြိမ်းချမ်းရေး လုပ်ငန်းစဉ်များတွင် မိမိအနေဖြင့် တပ်မတော်ကိုယ်စားလှယ်အဖြစ် ထဲထဲဝင်ဝင် ဆောင်ရွက်ခဲ့ပါကြောင်း၊ ယနေ့အစည်းအဝေးတွင်လည်း ဒေသအနေအထားကို နားလည်ကျွမ်းကျင်သည့် နာဂခေါင်းဆောင်များနှင့် ဖွံ့ဖြိုးရေးအတွက် အချိန်ရခိုက်တွင် တတ်စွမ်းသမျှ ကြိုးပမ်းဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ ယင်းကဲ့သို့ လုပ်ဆောင်နိုင်ရေး ငြိမ်းချမ်းရေးရရှိရန်လိုအပ်ပြီး ပိုမိုတိုးတက်ကောင်းမွန်သည့် အနာဂတ်ဘဝများကို ဖန်တီးနိုင်ရန် ဝိုင်းဝန်းဆောင်ရွက်သွားကြမည်ဖြစ်ကြောင်းဖြင့် ပြောကြားသည်။

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းမြင့်က နိုင်ငံတော်သမ္မတကြီးက ငြိမ်းချမ်းရေးရရှိပြီးနောက် နာဂဒေသတွင် ကုန်သွယ်ရေးနှင့် ပို့ကုန်သွင်းကုန် ဖွံ့ဖြိုးတိုးတက်ရန် လိုအပ်သည်ဟု လမ်းညွှန်ထားရှိသည်။ ကုန်သွယ်ရေးနှင့် ပတ်သက်၍ တတ်နိုင်သမျှပံ့ပိုးနိုင်ရန် ထည့်သွင်းဆွေးနွေးသွားမည်ဖြစ်ကြောင်း၊ နာဂဒေသတွင် ကုန်သွယ်ရေးနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် ကူညီသွားရန် အသင့်ရှိကြောင်း ပြောကြားသည်။

NSCN-K အဖွဲ့ခေါင်းဆောင် ဦးကျော်ဝမ်းစိန်က တိုင်းဒေသကြီးအဆင့် အပစ်အခတ်ရပ်စဲရေး လက်မှတ်ရေးထိုးထားပြီး MPC တွင် ကျင်းပသည့် NCA စာချုပ် မူကြမ်းဆွေးနွေးပွဲများတွင် လေ့လာသူအဖြစ် (၅) ကြိမ်ခန့် တက်ရောက်ခဲ့ပါကြောင်း၊ ယနေ့တွေ့ဆုံရခြင်းသည် NCA စာချုပ်တွင် လက်မှတ်ထိုးနိုင်၊ မထိုးနိုင်ဆိုသည့် သဘောထားနှင့် စပ်လျဉ်း၍ ဆွေးနွေးမည်ဖြစ်ကြောင်း ပြောကြားသည်။

NSCN-K အဖွဲ့မှ ဦးအန်းကန့်က ယခင် လေ့လာသူအဖြစ် တက်ရောက်ခဲ့စဉ် NCA နှင့် စပ်လျဉ်းပြီး ဝင်ရောက်ဆွေးနွေးခဲ့ခြင်း မရှိသော်လည်း ယနေ့တွင် ဆွေးနွေးခွင့်ရရှိသည့်အတွက် ဝမ်းမြောက်ကြောင်း ပြောသည်။

UPWC အဖွဲ့ဝင် ခန္တီးမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးလှထွန်းက မိမိတို့ နာဂတိုင်းရင်းသားများနှင့် ယခုကဲ့သို့ တွေ့ဆုံဆွေးနွေးသည့်အတွက် ဝမ်းမြောက်ပါကြောင်း၊ ဒေသတည်ငြိမ်အေးချမ်းပြီး လက်ရှိအခြေအနေထက် ပိုမိုတိုးတက်ကောင်းမွန်အောင် ဆောင်ရွက်ပေးရန် ဆန္ဒပြုကြောင်း၊ နာဂဒေသနှင့်ကိုက်ညီသည့် အကြောင်းအရာများကို အဓိကထား ဆွေးနွေးမည်ဖြစ်ကြောင်း ပြောကြားသည်။

ယနေ့ပြုလုပ်သည့် ဆွေးနွေးပွဲတွင် NSCN-K ဘက်မှ NCA စာချုပ်လက်မှတ်ရေးထိုးပြီးနောက် နိုင်ငံရေးမူဘောင်ရေးဆွဲခြင်းနှင့် နိုင်ငံရေးဆွေးနွေးပွဲများတွင် ပါဝင်ခွင့်ရရှိနိုင်ရေး၊ မတရားအသင်းမှ ပယ်ဖျက်ရေး၊ ဒေသဆိုင်ရာဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ရေး၊ နာဂဒေသသည် နယ်စပ်တွင် တည်ရှိသဖြင့် တစ်ဖက်နိုင်ငံရှိ လက်နက်ကိုင်အဖွဲ့များမှ ထိပါးလာပါက အစိုးရအနေဖြင့် NSCN-K အား အကာအကွယ်ပေးနိုင်ရေး၊ NSCN-K ၏ နိုင်ငံရေးလုပ်ဆောင်လိုသည့် ကိစ္စရပ်များတွင် အာမခံပေးနိုင်ရေး၊ တစ်ဖက်နိုင်ငံသို့ ရောက်ရှိနေသည့် နာဂညီအစ်ကိုမောင်နှမများ၏ ရသင့်သည့် အခွင့်အရေးများကို အကာအကွယ်ပေးရေး အစရှိသည့် ကိစ္စရပ်များကို နှစ်ဖက်ဆွေးနွေးခဲ့ကြသည်။

နိုင်ငံတော်အစိုးရနှင့် ပြည်နယ်အဆင့် အပစ်အခတ်ရပ်စဲရေး လက်မှတ်ထိုးထားသော NSCN-K သည် တစ်နိုင်ငံလုံးဆိုင်ရာပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA) မူကြမ်း ဆွေးနွေးညှိနှိုင်းသည့် အစည်းအဝေးများတွင် လေ့လာသူအဖြစ် (၅)ကြိမ်ခန့် တက်ရောက်ခဲ့သည်။

**(သတင်း-ရဲခေါင်ညွန့်၊ မြတ်သန္တာမောင်/ဓာတ်ပုံ-ဖိုးထောင်)**

**✪ မြန်မာအမျိုးသမီးအသင်းမှ**

ရလဒ်ကောင်းရရှိရန် ကြိုးပမ်းသော်လည်း ကစားသမားအချို့ ပုံမှန်ခြေမရခြင်း၊ အရန်ကစားသမား ရှားပါးခြင်းတို့ကြောင့် လိုအပ်သည့်အချိန်တွင် ကစားအားမတင်နိုင်ဘဲ ရှုံးသွားရခြင်းဖြစ်သည်။ ယင်းအတွက်ကြောင့် မြန်မာအသင်းမှာ လက်ကျန်ပွဲများတွင် ရုန်းကန်ရတော့မည်ဖြစ်သည်။

မြန်မာအသင်းမှာ ပထမပွဲကစားခဲ့သည့် လူစာရင်းမှ စန်းစန်းမော်နေရာတွင် ဖူးပွင့်ခိုင် ဝင်ကစားသည်မှလွဲ၍ လူအပြောင်းအလဲမလုပ်ခဲ့ဘဲ ရီရီဦး၊ ခင်မိုးဝေ၊ မေသူကျော်၊ ဝင်းသိင်္ဂီထွန်းတို့ဖြင့် ပွဲထွက်ခဲ့သည်။ ထိုင်းအသင်းမှာ အဖွင့်ပွဲဖြစ်သော်လည်း အမှားအယွင်းမရှိဘဲ မြန်မာအသင်းကို အပြန်အလှန်ကစားနိုင်ခဲ့သည်။ အိမ်ရှင်ပရိသတ် ၂၀၀၀၀ ကျော်၏ တစ်ခဲနက်အားပေးမှုနှင့်အတူ မြန်မာအသင်းတိုက်စစ်ဆင်ကစားခဲ့သော်လည်း ကွင်းလယ်ကစားပုံမကောင်းသည့်အပြင် တိုက်စစ်မှူး ခင်မိုးဝေကလည်း ပုံမှန်ခြေစွမ်းမပြနိုင်၍ မြန်မာတိုက်စစ်ထင်သလိုမဖြစ်ခဲ့ပေ။ ထိုင်းအသင်းမှာ ကမ္ဘာ့ဖလားပြိုင်ပွဲယှဉ်ပြိုင်ဖူးသည့်အသင်းပီပီ ပွဲကိုထိန်းချုပ်ကစားသွားနိုင်ပြီး အိမ်ရှင်ပရိသတ်၏ ဖိအားကို အကောင်းဆုံးတုံ့ပြန်ကစားနိုင်ခဲ့သည်။ ၃၇ မိနစ်တွင် ထိုင်းအသင်း ဦးဆောင်ဂိုးရခဲ့ပြီး ထောင့်ကန်ဘောမှတစ်ဆင့် မိုင်ဂျာရန်က ခေါင်းတိုက်သွင်းယူခဲ့သည်။

ဒုတိယပိုင်းအစတွင် မြန်မာအသင်းက ဝါရင့်ကစားသမား စန်းစန်းမော်ကို ထည့်သွင်းကစားသော်လည်း ကစားအားတက်မလာဘဲ ထိုင်းကသာဆက်လက်ဖိကစားနိုင်ခဲ့သည်။ ၆၉ မိနစ်တွင် ထိုင်းအသင်း ဒုတိယဂိုးရခဲ့ပြီး မိုင်ဂျာရန်ကပင် ပြစ်ဒဏ်ဘောမှတစ်ဆင့် သွင်းယူခဲ့သည်။ ယင်းဂိုးပေးလိုက်ရပြီးနောက်ပိုင်းမှ မြန်မာအသင်းကစားပုံပြန်ကောင်းလာပြီး ၇၂ မိနစ်တွင် စန်းစန်းမော်က ခေါင်းတိုက်သွင်းယူပေးခဲ့သည့် ချေပဂိုးတစ်ဂိုးရပြီး နောက်ပိုင်းတွင် မြန်မာအသင်းဂိုးထပ်မံရရှိရန် ကြိုးပမ်းခဲ့သော်လည်း အခွင့်အရေးများ အသုံးမချနိုင်၍ ရှုံးနိမ့်ခဲ့ရခြင်းဖြစ်သည်။

ညနေ ၃ နာရီခွဲတွင် ယှဉ်ပြိုင်ခဲ့သည့် ပထမပွဲစဉ်တွင် တရုတ်(တိုင်ပေ)အသင်းက ဂျော်ဒန်အသင်းကို သုံးဂိုးပြတ်အနိုင်ရရှိခဲ့သည်။ တရုတ်(တိုင်ပေ)အသင်းမှာ နှစ်ပွဲဆက်အနိုင်ရရှိခဲ့ခြင်းဖြစ်ပြီး နောက်တစ်ဆင့်တက်ရန် မျှော်လင့်ချက်ရှိလာခဲ့သည်။

တတိယနေ့ပွဲစဉ်များကို စက်တင်ဘာ ၁၈ ရက်တွင် ဆက်လက်ကျင်းပမည်ဖြစ်ပြီး ညနေ ၃ နာရီခွဲတွင် ထိုင်းအသင်းနှင့် ဂျော်ဒန်အသင်း၊ ညနေ ၆ နာရီခွဲတွင် မြန်မာအသင်းနှင့် ဗီယက်နမ်အသင်းတို့ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

# အာရှ ယူ-၁၆ ခြေစစ်ပွဲ၌ မြန်မာအသင်းပွဲဦးထွက် ရှုံးနိမ့်

**နေပြည်တော် စက်တင်ဘာ ၁၆**

အာရှယူ-၁၆ ခြေစစ်ပွဲအုပ်စု (J) ပထမနေ့ပွဲစဉ်များကို ယနေ့ ညနေပိုင်းက ဗီယက်နမ်နိုင်ငံ ဟန်ွိုင်းမြို့၌ ကျင်းပရာ မြန်မာအသင်းမှာ ပွဲဦးထွက်ရှုံးပွဲကြုံတွေ့ခဲ့သည်။ မြန်မာအသင်းမှာ အိမ်ရှင်ဗီယက်နမ်အသင်းနှင့် စတင်ကစားခဲ့ရပြီး ငါးဂိုး-တစ်ဂိုးဖြင့် ရှုံးနိမ့်ခဲ့သည်။

မြန်မာ ယူ-၁၆ အသင်းမှာ အမာခံကစားသမားအစုံအလင်ဖြင့် ပွဲထွက်ခဲ့သော်လည်း မမျှော်လင့်ဘဲ ဂိုးပြတ်ရှုံးခဲ့ရခြင်းဖြစ်သည်။ ဗီယက်နမ်အသင်းမှာ ပထမပိုင်းတွင် သုံးဂိုး၊ ဒုတိယပိုင်းတွင် နှစ်ဂိုးသွင်းယူခဲ့ပြီး မြန်မာအသင်းအတွက် ချေပဂိုးတစ်ဂိုးကို ၃၁ မိနစ်တွင် သွင်းယူခဲ့သည်။ မြန်မာအသင်းမှာ ယခုပွဲတွင် ဂိုးပြတ်ရှုံးခဲ့သောကြောင့် ခြေစစ်ပွဲအောင်မြင်ရေး ရုန်းကန်ရတော့မည်ဖြစ်သည်။ မြန်မာအသင်းပါဝင်သော အုပ်စု(J) အခြားပွဲစဉ်၌ ဩစတြေးလျက ဂူအမ်ကို ၁၄ ဂိုး-ဂိုးမရှိဖြင့် အနိုင်ရခဲ့သည်။ မြန်မာအသင်းမှာ ဒုတိယပွဲအဖြစ် စက်တင်ဘာ ၁၈ ရက်တွင် ဩစတြေးလျနှင့် ကစားရမည်ဖြစ်သည်။ **(ဖိုးသော်ဇင်)**

# ပြည်မြို့နှင့် ဆိပ်သာမြို့တို့ စိုးရိမ်ရေမှတ်အောက်ပြန်လည်ကျဆင်း

**နေပြည်တော် စက်တင်ဘာ ၁၆**

ဧရာဝတီမြစ်ရေသည် ပြည်မြို့တွင် စိုးရိမ်ရေမှတ်သို့ ရောက်ရှိရန် ပေဝက်ခန့်အလိုနှင့် ဆိပ်သာမြို့တွင် စိုးရိမ်ရေမှတ်သို့ရောက်ရှိရန် နှစ်လက်မခန့်အလိုအထိ မြင့်တက်ခဲ့ပြီး ယနေ့မွန်းလွဲ ၁ နာရီခွဲအချိန်တိုင်းထွာချက်များအရ ပြည်မြို့တွင် တစ်ပေခန့်နှင့် ဆိပ်သာမြို့တွင် ပေဝက်ခန့် ယင်းမြို့များ၏ စိုးရိမ်ရေမှတ်အောက်ပြန်လည်ကျဆင်းသွားပြီဖြစ်ကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနမှ သိရသည်။ **(ကြေးမုံ)**

# ကနီမြို့နယ်အတွင်း တရားမဝင် သစ်တင်ရေယာဉ်များ သိမ်းဆည်းရမိ

**ကနီ စက်တင်ဘာ ၁၆**

ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာ ဝန်ကြီးဌာန သစ်တောဦးစီးဌာန စစ်ကိုင်းတိုင်းဒေသကြီး မုံရွာခရိုင် လက်ထောက်ညွှန်ကြားရေးမှူး ဦးဆောင်သော သစ်တော ဝန်ထမ်းများသည် စက်တင်ဘာ ၁၀ ရက်က ကနီမြို့နယ် ချိုင်ဒင်ပေါက်ကျေးရွာအနီး ချောင်းပေါက်နေရာတွင် ဆိုက်ကပ်ထားသော "ရွှေစင်ဝင်း" မော်တော်ရေယာဉ်ပေါ်မှ တရားမဝင် တမလန်း တန် ၂၀ ခန့်ကို သိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။

ထို့အပြင် ချိုင်ဒင်ပေါက်ကျေးရွာအနီးမှ တရားမဝင် အင်၊ ကညင်ခွဲသားဆိုဒ်စုံ တန် ၄၀ ခန့် တင်ဆောင်ထားသော "တက်နေအောင်" မော်တော်ရေယာဉ်အား ထပ်မံဖမ်းဆီးရမိခဲ့ကြောင်း၊ မော်တော်ရေယာဉ်ပေါ်မှ တရားမဝင် သစ်များကို မြန်မာ့သစ်လုပ်ငန်းယာဉ်/ယန္တရားများဖြင့် တိုင်းတာစစ်ဆေးလျက်ရှိပြီး ရေယာဉ်ပိုင်ရှင်/ရေယာဉ်မောင်း သုံးဦးကို ကနီမြို့နယ်ရဲစခန်းသို့ ပို့ဆောင်ထားကြောင်း သိရသည်။ **(ကြေးမုံ)**








# ခရီးသည်တင်မှန်လုံယာဉ်ပေါ်မှ တရားမဝင်သယ်ဆောင်လာသော သစ်မျိုးစုံသိမ်းဆည်းရမိ

**နောင်ချို စက်တင်ဘာ ၁၆**

မန္တလေးဘက်မှ မူဆယ်ဘက်သို့သွားမည့် ဧရာဝတီ ခရီးသည်တင် မှန်လုံယာဉ်အား စက်တင်ဘာ ၁၅ ရက် ည ၁၀ နာရီခွဲခန့်က နောင်ချိုမြို့အဝင်အေးရှားဝေါလ်တိုးဂိတ်အနီး (Mobile Team) လှုပ်ရှား-၁ ပူးပေါင်းစစ်ဆေးရေးအဖွဲ့တို့က ရပ်တန့်စစ်ဆေးရာ ဧရာဝတီ ခရီးသည်တင်ယာဉ် အမှတ် ၅ခ/. . . . ပေါ်မှ တရားမဝင်ပတ်ကေးပြား ၁၈၉ ပြား၊ ပိတောက်သစ်ဆိုဒ်စုံ ၂၆ တုံး၊ တမလန်းသစ် ၃၂ တုံးတို့ကို ရှာဖွေသိမ်းဆည်းရမိသည်။ ယာဉ်အား နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းပြီး သစ်များကို နောင်ချိုမြို့နယ် သစ်တောရုံးသို့ လွှဲပြောင်းပေးအပ်ပြီး အကောက်ခွန်ဦးစီးဌာနမှ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**စိုးဝင်း(နောင်ချို)**

# မိုဘိုင်းဖုန်းသုံးစွဲမှုနှင့် လူမှုကွန်ရက်စာမျက်နှာများ

**ခင်မောင်ဌေး(ပညာရေး)**

Mobile ဖုန်းအသုံးပြုမှု နိုင်ငံတစ်ဝန်းအတော်ပင် ပျံ့နှံ့နေပြီဖြစ်၏။ ယှဉ်ပြိုင်မှုဈေးကွက်အရ ဖုန်းအော်ပရေတာများ အချင်းချင်း အပြိုင်အဆိုင် ဈေးချခြင်းဖြင့် ယခင်ကထက် ပိုမိုသုံးစွဲလာနိုင်ကြသည်ကို တွေ့ရ၏။

ဖုန်းအရေအတွက်များပြားလာသကဲ့သို့ အင်တာနက် အသုံးပြုမှုတွင်လည်း ယခင်ကကဲ့သို့ အခငွေကြေး သီးခြားပေး၍ ဆောင်ရွက်ရခြင်းမျိုးမဟုတ်၍ Online အသုံးပြုမှုတွင်လည်း သိသိသာသာပင် တိုးတက်များပြားလာ၏။

ယခင်က ဖုန်းပြောဆိုမှုအပါအဝင် Online အသုံးပြုမှုတွင် လူငယ်လူရွယ် ယောကျ်ားလေး၊ မိန်းကလေးများသာ အသုံးပြုမှုများသော်လည်း ယခုအခါတွင် လူထုလူတန်းစားအလွှာမရွေး၊ ကျား၊ မ မရွေး၊ အသက်အရွယ်မရွေးသုံးစွဲလာကြသည်ကိုလည်း တွေ့ရ၏။ အထူးသဖြင့် ဖုန်းပိုင်ဆိုင်သူအများစုမှာ Viber (သို့မဟုတ်) လူမှုကွန်ရက်စာမျက်နှာ (ဖေ့စ်ဘွတ်) သုံးစွဲနေကြသည်ကို တွေ့ရ၏။

ဤသို့ဖြင့် Online စာမျက်နှာများသည် လူတစ်ဦးချင်းသော်လည်းကောင်း၊ လူမှုအသင်းအဖွဲ့များ၊ ပရဟိတအဖွဲ့များ၏ သတင်းဖြန့်ချိရာနေရာအဖြစ် အသုံးပြုလာသည်ကိုလည်းတွေ့ရ၏။ ဤသို့ အသုံးပြုမှုများလာသည်နှင့်အမျှ လူ့အဖွဲ့အစည်းအပေါ် သက်ရောက်မှုများလည်းရှိခဲ့၏။ အချို့သော သတင်းအချက်အလက်များသည် လူ့အဖွဲ့အစည်းကို အမှန်ပင်အကျိုးပြုနေသည်ကို တွေ့ကြရသည်။ ဥပမာ တင်ပြရလျှင် သွေးအကူအညီလိုအပ်နေသူများအတွက် အရေးပေါ်ဖုန်းနံပါတ်များ၊ ပရဟိတဆေးရုံဆေးခန်းလိပ်စာများ၊ နေပြည်တော် အမြန်လမ်း အကူအညီတောင်းခံနိုင်သည့် ဖုန်းနံပါတ်များ၊ ကျန်းမာရေး အသိပညာပေးကဏ္ဍအနေဖြင့် မြန်မာ့ဆေးနည်းကောင်းဖော်ပြချက်များ၊ ဥပဒေရေးရာ သိမှတ်ဖွယ်ရာများ၊ ရသကဗျာကောင်းများ၊ အမှန်တကယ် အကူအညီလိုအပ်နေသည့် လူပုဂ္ဂိုလ်များ၊ အထူးသဖြင့် ရေဘေးကြုံတွေ့နေရသည့် မြန်မာနိုင်ငံအရပ်ရပ်မှ သတင်းများစသဖြင့် အချိန်နှင့်တစ်ပြေးညီ ဖော်ပြထားမှုများသည် အမှန်တကယ်ပင် သတင်းထူး သတင်းဦးအဖြစ် အကျိုးရှိလှပါသည်။




သို့သော် ရံဖန်ရံခါတွင် မဟုတ်မမှန်သတင်းများ၊ ပုံကြီးချဲ့သတင်းများ၊ "မည်သည့်ဆည်ကြီးကျိုးပေါက်ပြီ" ဟူသောကောလာဟလသတင်းများ၊ အများပြည်သူမကြည့်ရှုသင့်သည် ညစ်ညမ်းဓာတ်ပုံများ၊ Video ဖိုင်များ၊ အမနာပဆဲဆိုမှုများ စသည့် မသင့်လျော်မယဉ်ကျေးသော အပြုအမူများကို တွေ့နေရ၏။ ဤကဲ့သို့ တမင်ရည်ရွယ်၍ တင်ပြနေမှုများရှိရာ ဤသို့တင်ပြနေမှုများသည် တင်ပြနေသူတို့၏ ကိုယ်ကျင့်တရားနှင့် သိက္ခာမဲ့မှုကို ဖော်ပြနေခြင်းသာဖြစ်ပါသည်။

အချို့စေတနာသက်သက်ဖြင့် အပြုသဘော အကောင်းမြင်စိတ်ဖြင့် တင်ပြနေသူများလည်းရှိ၏။ ဖေ့စ်ဘွတ် စာမျက်နှာများပေါ်တွင် အလှအပမက်မောသည့် ဆယ်ကျော်သက်အရွယ်မိန်းကလေးများ၏ ကိုယ်နေဟန်ထားအမျိုးမျိုးဖြင့်ဓာတ်ပုံများတင်လေ့ရှိ၏။ ယခုခေတ်သည် photoshop ဖြင့်ဓာတ်ပုံများကို မိမိတို့လိုသလိုတည်းဖြတ်၍ Video ဖိုင်အဖြစ်လွယ်လွယ်ကလေးပြောင်းနိုင်ပါသည်။ သို့ဖြစ်၍ မိမိတို့၏ အလှဓာတ်ပုံများကို ဖေ့စ်ဘွတ်ပေါ်တွင် မတင်ကြရန် မကြာခဏ သတိပေးနေသည်ကို တွေ့နိုင်ပါသည်။ သို့သော်လည်း အသိခေါက်ခက်အဝင်နက်ကာ ပို့စ်(Post)အမျိုးမျိုးဖြင့် တင်နေကြသည်ကို နေ့စဉ်တွေ့မြင်နိုင်၏။ အမျိုးကောင်းသမီးများ၏ ဓာတ်ပုံများကို မဟုတ်သည့် Video ပြကွက်များတွင် ထည့်သွင်းအသုံးပြုနိုင်သည်ကို သတိပြုသင့်လှပေသည်။

ဖေ့စ်ဘွတ်အသုံးပြုမှုတွင် လူကြီးလူငယ်၊ ကျား၊ မ အသက်အရွယ်မရွေး သုံးစွဲလာကြရာ အတွင်ကျယ်ဆုံးအသုံးပြုမှုတစ်ခုမှာ ဖေ့စ်ဘွတ်မှတစ်ဆင့် အပြန်အလှန်ဆက်သွယ်စကားပြောဆိုခြင်း၊ စာပို့ခြင်းနှင့် ဓာတ်ပုံပို့ခြင်းများပင်ဖြစ်၏။ စင်စစ် လူငယ်တို့ဘာသာဘာဝ ပြုလုပ်လေ့ရှိသည်မှာ မဆန်းလှသော်လည်း ယခုနောက်ပိုင်းတွင် အိမ်ထောင်ရှိ ယောကျ်ား၊ မိန်းမများကိုယ်တိုင်ပင် ဖေ့စ်ဘွတ်အသုံးပြု၍ဆက်သွယ်ကာ လူမှုရေးအရှုပ်အထွေးများ ပေါ်ပေါက်လာမှု များပြားလာသည်ကိုတွေ့ရ၏။

စင်စစ် ဖေ့စ်ဘွတ်စာမျက်နှာများပေါ်တွင် ဖော်ပြထားမှုတို့သည် အစစ်အမှန် အားလုံးမဖြစ်နိုင်၊ တင်ထားသည့် ဓာတ်ပုံသည် လက်ရှိအနေအထားအတိုင်း ဟုတ်ချင်မှ ဟုတ်ပေလိမ့်မည်။ အသက် ၅၀ ကျော်သူကလည်း လူပျိုတုန်းက ရိုက်ထားသည့် ဓာတ်ပုံလှလှကလေးများတင်ကြ၏။ အိမ်ထောင်ရှိ အမျိုးသမီးကလည်း သူ့ကိုယ်သူ ငယ်စဉ်က ဓာတ်ပုံဖြင့် အသွင်ပြောင်းတင်ကြ၏ ။ တစ်ဦးနှင့်တစ်ဦး လိမ်ညာကာ လူလွတ်များသဖွယ် ပြောဆိုဆက်ဆံနေတတ်ကြ၏။ မိမိတို့မျက်မြင်ဒိဋ္ဌ တွေ့မြင်နေရသူ၊ သူ့အကြောင်း ကိုယ့်အကြောင်း သိနေသူများပင် အဆင်မပြေနိုင်သည့် သာဓကများရှိ၏။ အထူးသဖြင့် အယုံလွယ်တတ်သူ မိန်းကလေးများအနေဖြင့် ချိန်းဆိုသည့်နေရာသို့ သွားရာမှ လုယက်ခံရခြင်း၊ အဓမ္မပြုကျင့်ခံရခြင်းနှင့် လူ့အသက်ကိုပင်ရန်ရှာသည်အထိ ပြစ်မှုမြောက်သောဖြစ်ရပ်များမှာလည်း ကြားနေရဆဲဖြစ်၏။

စင်စစ်အကြောင်းအကျိုး အကောင်းအဆိုးသည် ဒွန်တွဲလာစမြဲဖြစ်၏။ မိမိမှပင် ကံဆိုးမှုများ တစ်ခုပြီးတစ်ခု ရောက်နေသလားဟု တွေးတောတတ်ရာ မိမိလုပ်ရပ်များကို ပြန်လည်ဆန်းစစ်ဖို့လိုအပ်နေခြင်းပင်ဖြစ်၏။ မိမိလုပ်ရပ်များသည် ကြောင်းကျိုး ဆီလျော်မှု ရှိမရှိ သင့်မသင့်၊ လုပ်ထိုက်မလုပ်ထိုက်ဆိုသည်မှာ မိမိ၏ ဆင်ခြင်တွေးတောကြံဆနိုင်သည့် အသိဉာဏ်ပညာပေါ်တွင်သာ မူတည်နေပါလိမ့်မည်။

သို့ဖြစ်၍ နည်းပညာဖွံ့ဖြိုးတိုးတက်လာမှုကြောင့် ထူးခြားဆန်းပြားတိုးတက်လာမှုများသည် သုံးစွဲသူတို့၏အပေါ်တွင်သာ အများကြီးမူတည်နေသည်ကိုတွေ့ရ၏။ ဆင်ခြင်တုံတရားနည်းပါးစွာဖြင့် တင်ပြသမျှ အကြောင်းအရာများကို မျှဝေ(share)နေခြင်းသည် အန္တရာယ်ပို၍များ၏။ စိုးရိမ်သောကကိုပို၍ မြင့်တက်စေ၏။ အခွင့်အရေးချောင်းမြောင်းနေသူတို့၏ သားကောင်ဖြစ်သွားတတ်ပါသည်။

သို့ဖြစ်၍ အကြောင်းအရာတိုင်းကို ချင့်၍ယုံသင့်၏။ မျှဝေသင့်သည့်အရာကို ပြည်သူအများ သိအောင်မျှဝေပါ။ အသိပညာဗဟုသုတရစေနိုင်မည့်အရာများကို များများဖြန့်ဝေပါ။ မိမိ၏ အဖြစ်မှန်ကိုကွယ်ဝှက်၍ လိမ်ညာနေသူများသည် တစ်နေ့တွင် အမှန်တရားပေါ်၍ ဒုက္ခလှလှတွေ့နိုင်ပါသည်။ ဖေ့စ်ဘွတ်သုံးစွဲခြင်းသည် မီးနှင့်တူပါသည်။ အသုံးချတတ်လျှင် အသုံးချတတ်သလောက်အကျိုးများနိုင်ပါသည်။ အသုံးမချတတ်လျှင် အန္တရာယ်ပင်ရှိ၏။ ဆေးဝါးနှင့်လည်းတူ၏။ သုံးတတ်လျှင်ဆေး၊ မသုံးတတ်လျှင်ဘေးဖြစ်နိုင်ပါသည်။ ဆင်ခြင်စဉ်းစား အသိတရားဖြင့်ယှဉ်၍ သုံးစွဲနိုင်ကြပါစေ။ ။

## လှိုင်သာယာ ၁၆ ရပ်ကွက်၌ မဲဆန္ဒရှင်များစာရင်း ကြေညာ

**ရန်ကုန် စက်တင်ဘာ ၁၆**

၂၀၁၅ ခုနှစ် နိုင်ဝင်ဘာ ၈ ရက်နေ့တွင် စတင်ကျင်းပသွားမည့် ပါတီစုံအထွေထွေရွေးကောက် တင်မြှောက်ပွဲ ပြုလုပ်ရာတွင် ပြည်သူအများ ဆန္ဒပြုမဲပေးနိုင်ရန်အတွက် အိမ်ထောင်စု လူဦးရေစာရင်းပုံစံ (၆၆/၆) အရ စိစစ်ပြုစုထားရှိသည့် မဲဆန္ဒရှင်များစာရင်းကို မဲဆန္ဒနယ်အမှတ်(၂)တွင်ပါဝင်သည့် ရန်ကုန်တိုင်းဒေသကြီး မြောက်ပိုင်းခရိုင် လှိုင်သာယာမြို့နယ် အမှတ်(၁၆) ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးအနီးရှိ ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံးတွင် စက်တင်ဘာ ၁၄ ရက်မှ မဲဆန္ဒရှင်စာရင်း စတင်အသိပေးကြေညာထားရာ ဒေသခံပြည်သူများ စက်တင်ဘာ ၁၅ ရက်တွင် စိတ်ဝင်တစားလာရောက်ကြည့်ရှုကြကြောင်း သိရသည်။

**မင်းထက်ပိုင်(လှိုင်သာယာ)**

## သွေးလွန်တုပ်ကွေးရောဂါကာကွယ်နှိမ်နင်းရေး အချိန်နှင့် တစ်ပြေးညီဆောင်ရွက်

**နေပြည်တော် စက်တင်ဘာ ၁၆**

တိုင်းဒေသကြီး/ပြည်နယ်အလိုက် စက်တင်ဘာ ၁၄ရက်တွင် သွေးလွန်တုပ်ကွေးရောဂါဖြစ်ပွားသူ ၁၂၄ ဦးရှိပြီး သေဆုံးသူမရှိချေ။ သွေးလွန်တုပ်ကွေးရောဂါဖြစ်ပွားမှုများမှာ စစ်ကိုင်းတိုင်းဒေသကြီးတွင် ၄၆ဦး၊ မန္တလေးတိုင်းဒေသကြီးတွင် ၁၇ဦး၊ ရန်ကုန်တိုင်းဒေသကြီးတွင် ၁၃ ဦး၊ ကယားပြည်နယ်တွင် ကိုးဦး၊ ကရင်ပြည်နယ်တွင် ခုနစ်ဦး၊ ပဲခူးတိုင်းဒေသကြီးနှင့် ကချင်ပြည်နယ်တို့တွင် ခြောက်ဦးစီ၊ ရှမ်းပြည်နယ်တွင် ငါးဦး၊ ဧရာဝတီတိုင်းဒေသကြီးနှင့် တနင်္သာရီတိုင်းဒေသကြီးတို့တွင် လေးဦးစီ၊ နေပြည်တော်နှင့် မကွေးတိုင်းဒေသကြီးတို့တွင် သုံးဦးစီ၊ မွန်ပြည်နယ်တွင် တစ်ဦးတို့ဖြစ်သည်။

ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် သွေးလွန်တုပ်ကွေးရောဂါ ဖြစ်ပွားမှုကို စဉ်ဆက်မပြတ် စောင့်ကြပ်ထောက်လှမ်းခြင်းနှင့် ရောဂါကာကွယ်နှိမ်နင်းရေးလုပ်ငန်းများကို အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်လျက်ရှိသကဲ့သို့ ပြည်သူများမှလည်း မိမိတို့အိမ်နှင့် ပတ်ဝန်းကျင်တွင် ခြင်ကျား၊ ပိုးလောက်လမ်းတစ်ကောင်မျှမပေါက်ပွားစေရေး အလေးပေးတာဝန်ယူဆောင်ရွက်ကြရန်၊ ရပ်ကွက်၊ ကျေးရွာများအတွင်း သွေးလွန်တုပ်ကွေးရောဂါကာကွယ်ရေး (ဖုံး၊ သွန်၊ လဲ၊ စစ်) လုပ်ငန်းများကို ပြည်သူများနှင့် နှီးနွှယ်ဌာနများက ပူးပေါင်းပါဝင်ဆောင်ရွက်ကြပါရန်နှင့် သွေးလွန်တုပ်ကွေးရောဂါဖြစ်ပွားသည်ဟု သံသယရှိသောကလေးများကို ဆေးရုံ၊ ဆေးခန်းများသို့ အချိန်မီပို့ဆောင်၍ ဆေးကုသမှုခံယူကြပါရန် ကျန်းမာရေးဝန်ကြီးဌာနက တိုက်တွန်းနှိုးဆော်ထားသည်။

**(ကြေးမုံ)**

## ကျေးလက်ဒေသဖွံ့ဖြိုးရေး ကျေးလက်လမ်းဖောက်လုပ်

**မင်းဘူး စက်တင်ဘာ ၁၆**

မင်းဘူးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ၂၀၁၅-၂၀၁၆ ခု ဘဏ္ဍာရေးနှစ်တွင် ကျေးလက်ဒေသဖွံ့ဖြိုးရေး ခွင့်ပြုရန်ပုံငွေဖြင့် Best Synergy Company မှ ဆောင်ရွက်သော မင်းဘူး-ဇဖဲလမ်း (၁၅/၆) မိုင်မှ ကျွန်းပြားရွာထိ မြေသားလမ်း (၁၂/၀)မိုင် ခွင့်ပြုရန်ပုံငွေကျပ် ၆၆ ဒသမ ၉၁၈ သန်းဖြင့် ဆောင်ရွက်နေမှုအား မကွေးတိုင်းဒေသကြီး ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးကျော်ဆွေနှင့် လုပ်ငန်းအရည်အသွေး စစ်ဆေးရေးအဖွဲ့၊ လုပ်ငန်းပြီးစီးမှုစစ်ဆေးရေးအဖွဲ့တို့မှ စစ်ဆေးမှုကို မင်းဘူးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအောင်ဘုန်းလင်းက လမ်းဖောက်လုပ်ရခြင်းနှင့် ပတ်သက်သည့် အချက်အလက်များအား ရှင်းလင်းတင်ပြသည်။

အဆိုပါ ကျွန်းပြားကျေးရွာသို့ ယခင်က မင်းဘူး- ကျောက်တန်း-သီးကုန်း-မုန်တောင်-ကျွန်းပြားလမ်းမှ သွားလာခဲ့ရပြီး ထွန်စက်၊ထော်လာဂျီများနှင့်သာ ကျေးရွာအဆင့်ဆင့်သွားလာခဲ့ရပြီး သွားလာမှုအခက်အခဲများနှင့်ကြုံတွေ့ခဲ့ရသည်။ ယခု ၁၂ မိုင် မြေသားလမ်း ဖောက်လုပ်ခြင်းဆောင်ရွက်ပြီးစီးပါက မင်းဘူး၊ မကွေးနှင့် အခြားမြို့ကြီးများသို့ ကုန်စည်စီးဆင်းမှုများ အဆင်ပြေချောမွေ့စွာ သွားလာ ဆောင်ရွက်နိုင်မည်ဖြစ်သည်။

**သန်းနိုင်ဦး(ဇဖဲ)**

✪ စာမျက်နှာ ၇ မှ

ခရီးသည်ရောက်ရှိမှုက ၃ ဒသမ ၀၈ သန်းဖြစ်ပြီး တိုးတက်မှုရာခိုင်နှုန်းကတော့ ၅၁ ရာခိုင်နှုန်းဖြစ်ပါတယ်။ အခု ဩဂုတ်လကုန်ထိဆိုရင်တော့ ကမ္ဘာလှည့်ခရီးသည်ဦးရေ ရောက်ရှိမှုဟာ သုံးသန်းလောက်ရှိပါတယ်။ အဲဒီရောက်ရှိမှုဟာဆိုရင် နယ်စပ်ဝင်ပေါက်တွေရော၊ လေဆိပ်ဝင်ပေါက်တွေကနေပြီးတော့ပါတယ်။ အခုထိ သုံးသန်းလောက်ရရှိပြီဖြစ်တဲ့အတွက် ဒီနှစ် ၂၀၁၅ မှာ အနည်းဆုံး ၄ ဒသမ ၅ သန်း၊ အများဆုံး ငါးသန်းထိ မျှော်လင့်ပါတယ်။

**မေး။ အခုလို ခရီးသည်ဦးရေတိုးတက်လာတဲ့အတွက် ဟိုတယ်လုပ်ငန်းမှာ ပြည်ပရင်းနှီးမြှုပ်နှံမှု ဘယ်လိုရှိပါသလဲ။**

ဖြေ။ ၂၀၁၂ ခုနှစ်မှာ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ဥပဒေအသစ်ထွက်ပါတယ်။ ဟိုတယ်ရင်းနှီးမြှုပ်နှံသူများလည်း လာရောက်ကြပါတယ်။ ၂၀၁၁ ကနေ ၂၀၁၅ ခုနှစ်ထိဆိုရင် FDI Project အားလုံး ၁၁ ခုတော့ ရရှိပါတယ်။ အဓိကကတော့ ကမ္ဘာအေးဘုရားလမ်းမှာရှိတဲ့ HCGF Project ဖြစ်ပါတယ်။ သူက အခန်းပေါင်း ၄၀၀ ကျော်နဲ့ဖွင့်လှစ်ဖို့ လျာထားပါတယ်။ အခု Face 1 ကိုတော့ အောက်တိုဘာလအတွင်းမှာဖွင့်ဖို့တော့ ရည်ရွယ်ထားပါတယ်။ Commercial Complex တွေရော၊ ရုံးခန်းတွေရော၊ ဟိုတယ်အခန်းအားလုံးပါဝင်ပါတယ်။ သူက လောလောဆယ် အောက်တိုဘာလအတွင်းမှာ အခန်းပေါင်း ၁၀၀ နဲ့ ဖွင့်ဖို့ ရည်မှန်းထားပါတယ်။

**မေး။ ဒီနေ့ ဆွေးနွေးကြတာမှာ ဘယ်ကဏ္ဍတွေကို အဓိက ဦးစားပေးခဲ့ပါသလဲ။**

ဖြေ။ ဒီနေ့ဆွေးနွေးသွားတာက ပုဂ္ဂလိကခရီးသွားလုပ်ငန်းရှင်များ ကဏ္ဍပါတယ်။ ဟိုတယ်လုပ်ငန်းရှင်များပါတယ်။ မြန်မာနိုင်ငံရဲ့ခရီးသွားလုပ်ငန်းနဲ့ပတ်သက်ပြီးတော့ တိုးတက်မှုအခြေအနေနဲ့ နောက်ဖြစ်ပေါ်လာမယ့် အလားအလာတွေကို မေးမြန်းသွားတဲ့အခါမှာ ဖြေကြားသွားတဲ့သူများအနေနဲ့ကတော့ မြန်မာနိုင်ငံရဲ့ ခရီးသွားလုပ်ငန်းကဏ္ဍ တိုးတက်ပါတယ်။ နောက်တစ်ခုကတော့ ဝန်ကြီးဌာနကထုတ်ဝေထားတဲ့ မြန်မာနိုင်ငံခရီးသွားလာရေး Myanmar Tourism Master Plan ပါ။ မြန်မာနိုင်ငံ ခရီးသွားလုပ်ငန်း ပင်မစီမံကိန်းဟာ ၂၀၁၃ ခုနှစ် ကနေ ၂၀၂၀ ပြည့်နှစ်အထိ ရှစ်နှစ်စီမံကိန်းဖြစ်ပါတယ်။ အဲဒီထဲမှာဆိုရင်လည်း နှစ်ရှည်နှစ်တို စီမံကိန်းများ ပါဝင်ပါတယ်။ နှစ်တိုစီမံကိန်းကဆိုရင် ၂၀၁၃ ခုနှစ်ကနေ ၂၀၁၅ ခုနှစ်အထိ ဖြစ်ပါတယ်။ နှစ်ရှည်စီမံကိန်းကတော့ ၂၀၁၃ ခုနှစ်ကနေ ၂၀၂၀ ပြည့်နှစ်အထိ ဖြစ်ပါတယ်။ ခရီးသွားလုပ်ငန်း ပင်မစီမံကိန်းမှာဆိုရင် အားလုံး ခြောက်ခုပါဝင်ပါတယ်။ အဓိကကတော့ Institution of Environment ဆိုတဲ့ ခရီးသွားလုပ်ငန်းဗဟိုအဖွဲ့နဲ့ ပတ်သက်ပြီးတော့ ဖွဲ့စည်းထားပြီးဖြစ်ပါတယ်။ ဒုတိယသမ္မတ ဦးဆောင်ပြီးတော့ ခရီးသွားလုပ်ငန်းဗဟိုကော်မတီကိုလည်း ဖွဲ့စည်းထားပြီး ဖြစ်ပါတယ်။

Human Capacity ဆိုတဲ့ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ဖို့အတွက် စီမံကိန်းတွေလည်းပါတယ်။ ခရီးစဉ်ဒေသတွေကို ဖွံ့ဖြိုးတိုးတက်အောင်လုပ်မယ်ဆိုတဲ့ စီမံကိန်းပါတယ်။ လူ့စွမ်းအားအရင်းအမြစ်တွေ ဖွံ့ဖြိုးတိုးတက်ဖို့အတွက် ခရီးစဉ်ဒေသတွေကို မြှင့်တင်ဖို့အတွက်ပါတယ်။ ခရီးစဉ်ဒေသတွေကို တစ်ခုနဲ့တစ်ခု ချိတ်ဆက်ပြီးဆောင်ရွက်မယ့်စီမံကိန်းများလည်း ပါရှိပါတယ်။ လောလောဆယ် မြန်မာနိုင်ငံမှာ FTI Hotel Project အားလုံးပေါင်း ၄၇ ခုရှိပါတယ်။ အဲဒီထဲမှာ Project ၃၃ ခုကတော့ ဆောင်ရွက်ပြီးဖြစ်ပါတယ်။ အခန်းပေါင်း ၅၉၀၀ ကျော်လည်း ဖွင့်လှစ်ပြီးဖြစ်ပါတယ်။ လေးခုက လောလောဆယ် MICC ကနေ ခွင့်ပြုချက်ရထားပြီးဖြစ်ပါတယ်။

**မေး။ တစ်နိုင်ငံလုံးအနေနဲ့ လက်ရှိမှာ ဟိုတယ်အရေအတွက် ဘယ်လောက်ရှိပါပြီလဲ။ ဒီနေ့ကျင်းပတဲ့ ဖိုရမ်နဲ့ပတ်သက်ပြီး ဘယ်လို မှတ်ချက်ပေးလိုပါသလဲ။**

ဖြေ။ လောလောဆယ် ပြည်တွင်း ပြည်ပ ဟိုတယ်အားလုံး တစ်နိုင်ငံလုံးအနေနဲ့ဆိုရင် အားလုံးပေါင်း ၁၂၂၅ လုံးရှိပါတယ်။ အခန်းပေါင်း ၄၈၀၀၀ ဝန်းကျင်လောက် ရှိပါတယ်။ ကျွန်မတို့ မြန်မာနိုင်ငံကဆိုရင် အခုအချိန်က နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုတွေကိုလည်း ဖိတ်ခေါ်ထားတယ်။ ခရီးသွားလုပ်ငန်းကဏ္ဍကတော့ အရေးကြီးကဏ္ဍ(၇)ရပ်ထဲမှာ တစ်ရပ်အပါအဝင်ဖြစ်သလို အခြားစိုက်ပျိုးရေးတို့၊ လျှပ်စစ်တို့ အဲဒီကဏ္ဍတွေမှာဆိုရင်လည်း လာပြီးရင်းနှီးမြှုပ်နှံဖို့ သူတို့ဖိတ်ခေါ်ကြတယ်။ အဲဒါနဲ့ပတ်သက်ပြီးတော့ သူတို့က သတင်းအချက်အလက်တွေကိုပေးကြတဲ့အတွက် ကောင်းမွန်တဲ့ဖိုရမ်ဖြစ်ပါတယ်လို့ သုံးသပ်လို့ရပါတယ်။

Mr. Billy Harkin, Director (Eu Myanmar Centre)

**မေး။ ခရီးသွားလုပ်ငန်းမှာ အခြေခံအဆောက်အအုံ တိုးတက်ရေးဟာ အရေးကြီးတယ်လို့ထင်ပါသလား။**

ဖြေ။ အခြေခံအဆောက်အအုံတိုးတက်ရေးမှာ ရေသန့်စင်ရေးတွေ၊ ရေစီးရေလာကောင်းမွန်မှုတွေကို ဆောင်ရွက်ရပါမယ်။ မြန်မာနိုင်ငံမှာ ကောင်းမွန်တဲ့ ကြယ်ငါးပွင့်အဆင့်ဟိုတယ်ကြီးတွေရှိပါတယ်။

ကျွန်တော်တို့ကတော့ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုတွေရောက်လာမယ်လို့ လုံးဝယုံကြည်ပါတယ်။ အလွန်ကောင်းပါတယ်။

# အရက်ပြဿနာအကြောင်း ဖွင့်ပြောလာတဲ့ လီယမ်ပိန်း



နာမည်ကျော် ဗြိတိန် အမျိုးသားတေးဂီတအဖွဲ့ One Directionမှ အဖွဲ့ဝင်တစ်ဦးဖြစ်သူ လီယမ်ပိန်းသည် အလုပ်မှရရှိလာသော ဖိအားများကို ဖြေဖျောက်ရန် အရက်ဘားများဘက်ဆီသို့သာ ခြေဦးလှည့်နေမိကြောင်း စကိုင်းဒေါ့ကွန်းက ဖော်ပြခဲ့သည်။

အရက်သေစာစွဲလမ်းနေသည့် အခြေအနေနှင့်ပတ်သက်၍ ၎င်းက လတ်တလောတွင် အရက်ကို အတော်အတန်ပင် စွဲလမ်းနေသည့်အခြေအနေဖြစ်ကြောင်းလည်း ဆိုခဲ့သည်။

ထို့ပြင်၎င်းက အဖွဲ့ဖျက်သိမ်းတော့မည်ဆိုသည့် ကောလာဟလများနှင့် ပတ်သက်၍လည်း အဖွဲ့ကိုဖျက်သိမ်းရန် အစီအစဉ်မရှိကြောင်းနှင့် နောင်လာမည့် ၂၀၁၆ ခုနှစ်တွင် ခေတ္တမျှသာ ရပ်နားထားမည်ဖြစ်ကြောင်း ဆိုခဲ့သည်။

လတ်တလော အချစ်ရေးနှင့် ပတ်သက်၍ နှစ်နှစ်ကြာလက်တွဲလာခဲ့သောချစ်သူ ဆိုဖီယာစမစ်နှင့် လက်ထပ်ရန်စိတ်ကူးများရှိသော်လည်း နှစ်ဦးစလုံးမှာ ငယ်ရွယ်သေးသည့်အတွက် လတ်တလောတွင် လက်ထပ်ရန် အစီအစဉ်မရှိသေးကြောင်းလည်း ဖွင့်ဟခဲ့သည်။

[အေးပြည့်]

# တေးသံရှင် ဝေလျှံ နှင့် တစ်ခဏတာ....



လူငယ်ပီပီ သွက်လက်မြူးကြွသည့် ဟန်ပန်နှင့် ပေါ့ပေါ့ပါးပါး သီဆိုဟန်များကြောင့် ဆယ်ကျော်သက်လူငယ်ပရိသတ်များအကြား ရေပန်းစားခဲ့သည့် တေးသံရှင် ဝေလျှံအား ၎င်း၏အနုပညာလှုပ်ရှားမှုများနှင့်ပတ်သက်ပြီး တစ်ခဏတာ တွေ့ဆုံမေးမြန်းခဲ့မှုများကို အနုပညာချစ်ပရိသတ်ကြီးအတွက် ပြန်လည်မျှဝေလိုက်ရပါသည်-

**မေး။ ။ခုလတ်ရှိ အနုပညာလှုပ်ရှားမှုလေးတွေကို သိပါရစေ။**

ဖြေ။ ။ခုလတ်တလောမှာ ကျွန်တော့်ရဲ့ အချစ်ကလက်ပစ်ဗုံးအခွေ ဗွီစီဒီ ရိုက်နေပါတယ်။ နောက်ပြီး ကိုပဲလေးရဲ့ ပြည်သူ့အချစ်တော်အခွေထဲမှာလည်း နှစ်ပုဒ်ဝင်ဆိုပေးထားပါတယ်။

**မေး။ ။လတ်တလောနှစ်သက်နေတဲ့ ဖက်ရှင်စတိုင်လေးတွေက ဘယ်လိုပုံစံမျိုးလေးဖြစ်မလဲ။**

ဖြေ။ ။ကျွန်တော့်အနေနဲ့ ဖရီးစတိုင်လေးတွေကို ကြိုက်ပါတယ်။ ခုနောက်ပိုင်း ရက်ပ်ပါဆိုပေမယ့် အလွန်အပွကြီးတွေ မဟုတ်ဘဲ ကိုယ်နဲ့လိုက်ဖက်မယ့်ဟာလေးတွေ ရွေးဝတ်ဖြစ်ပါတယ်။

**မေး။ ။တေးသံရှင်တစ်ဦးအနေနဲ့ ရုပ်ရှင်နဲ့ ဗီဒီယိုတွေ ဆက်လက်ရိုက်ကူးဖို့ရော အစီအစဉ်ရှိပါသလား။**

ဖြေ။ ။ဟုတ်ကဲ့။ ကျွန်တော် ဗီဒီယိုတွေ ရိုက်ထားပါတယ်။ ခုတောင် ကိုနေတိုးနဲ့ ဇာတ်ကားတစ်ကားရိုက်ထားပါတယ်။ နောက်ထပ်လည်း ဇာတ်ကားတွေထပ်ရိုက်ဖို့ရှိပါတယ်။

**မေး။ ။ဂီတလောကအပေါ် အမြင်လေးကို သိပါရစေ။**

ဖြေ။ ။အမှန်အတိုင်းပြောရရင် အနုပညာလောကတစ်ခုလုံးက တက်လည်းမတက်သလို ကျလည်းမသွားပါဘူး။ ဒါပေမယ့် ကျွန်တော်တို့အနုပညာသမားတွေရဲ့ လေ့လာဆည်းပူးမှုကတော့ အမြဲတမ်း Update ဖြစ်နေတယ်။ အမြဲတက်နေပါတယ်။ အနုပညာလောကတစ်ခုလုံးအနေနဲ့ပြောရရင်တော့ ဝင်ငွေ၊ နည်းပညာ၊ ကျွမ်းကျင်မှု၊ စည်းစနစ်ပိုင်းတွေနဲ့ပြောရရင်တော့ တက်လည်းမတက်ဘူး။ ကျလည်းမကျသွားပါဘူး။ တိုးတက်မှုတော့ သိပ်မရှိသေးဘူးလို့ မြင်မိပါတယ်။

[ဖြိုးစန္ဒာမြင့်]

## ရုပ်မြင်သံကြားအစီအစဉ်များ

၁၇ - ၉ -၂၀၁၅ (ကြာသပတေးနေ့)

### MRTV - 4

| | |
|---|---|
| ၅း၀၀ | ပဌာန်းပါဠိတော်+ဓဇဂ္ဂသုတ် |
| ၅း၄၀ | "အလုပ်နှင့်သက်သေထူပါ" တရားတော် [ဒုတိယပါမောက္ခချုပ်ဆရာတော် ဒေါက်တာ ဘဒ္ဒန္တ စန္ဒာဝရာဘိဝံသ (ကျိုက်ကလော့ဆရာတော်)] |
| ၇း၅၀ | ရန်ကုန်မြင်ကွင်းကျယ် (မြန်မာနိုင်ငံ လူကုန်ကူးမှုတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ်အခမ်းအနား) |
| ၈း၄၀ | ပျော်ရွှင်လေ့လာ အင်္ဂလိပ်စာ |
| ၉း၀၅ | MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "နေရောင်အောက်မှာ ပွင့်သောပန်း" (အပိုင်း-၈၇) |
| ၉း၄၅ | အနုပညာမိုးကောင်းကင် |
| ၁၀း၁၀ | ခေတ်သစ်ပျိုမေ |
| ၁၁း၀၀ | Food & De'cor |
| ၁၁း၃၅ | MRTV- 4 Stage |
| ၁၂း၀၅ | MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "သွေးနဲ့ရေးတဲ့သမိုင်းမှတ်တမ်း" (အပိုင်း-၅၂) |
| ၂း၂၀ | မြန်မာရုပ်သံဇာတ်လမ်းတွဲ "အိမ်နီးချင်း" (အပိုင်း-၄၀) |
| ၂း၅၅ | MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "လျှို့ဝှက်ဒဏ္ဍာရီ" (အပိုင်း-၅၅) |
| ၃း၅၅ | Cartoon Series (Welcome To Sky Ville) |
| ၆း၁၀ | Health Fix |
| ၆း၁၅ | MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "လျှို့ဝှက်ဒဏ္ဍာရီ" (အပိုင်း-၅၆) |
| ၇း၂၀ | မြန်မာရုပ်သံဇာတ်လမ်းတွဲ "အိမ်နီးချင်း" (အပိုင်း-၄၁) |
| ၈း၁၀ | ရသစုံညွန့်တမ်းများ |
| ၈း၃၀ | MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "နေရောင်အောက်မှာ ပွင့်သောပန်း" (အပိုင်း-၈၈) |
| ၉း၁၅ | MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "သွေးနဲ့ရေးတဲ့သမိုင်းမှတ်တမ်း" (အပိုင်း-၅၃) |
| ၁၀း၀၅ | Education Talk [မြန်မာစာအရေးအသားနှင့် ကွန်ပျူတာနည်းပညာ (အပိုင်း-၂)] |
| ၁၁း၂၀ | World of Knowledge (Gorilla Murder) |

### မြဝတီ

| | |
|---|---|
| ၆း၀၃ | တရားတော် |
| ၆း၂၀ | မေတ္တာပို့ |
| ၆း၃၀ | ကိုယ်လက်လှုပ်ရှား အားကစား |
| ၆း၅၅ | မြန်မာသံစဉ်ချိုနားဝင် |
| ၇း၂၀ | အမျိုးသားရေးတေးကဗျာ |
| ၇း၂၅ | သင့်အတွက်တစ်နေ့တာ |
| ၈း၀၀ | မြဝတီရုပ်မြင်သံကြားသတင်း |
| ၈း၁၀ | ရွှေဟောင်းသုတ |
| ၈း၂၅ | DVD Hits |
| ၈း၃၅ | ဟန်ချက်ညီညီနိုင်ငံတော်သစ်ဆီ |
| ၄း၂၅ | ချစ်သူစုံတွဲတူယှဉ်နွဲ |
| ၄း၄၀ | ဇာတ်လမ်းတို |
| ၄း၄၅ | ဗွီစီဒီကျော်ကြားတေး |
| ၅း၁၀ | သာယာသီကြွေးခေတ်ဆန်းတေး |
| ၅း၂၀ | မှော်ဆရာနဲ့အပျော်ဆရာ |
| ၅း၃၅ | ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -အတိတ်ရဲ့ချစ်ခြင်း (အပိုင်း-၇၄) |
| ၆း၀၀ | မြဝတီရုပ်မြင်သံကြားသတင်း |
| ၆း၁၅ | ရင်ခုန်လှုပ်ရှားအားကစား |
| ၆း၃၅ | Hello Miss Universe |
| ၇း၀၀ | ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -ရင်နှစ်သည်းချာချစ်လိပ်ပြာ (အပိုင်း-၁၈) -နိုင်ငံတကာသတင်း -မိုးလေဝသသတင်း -ယနေ့ညအတွက် မြဝတီ၏ တေးလက်ဆောင် ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -ပြည်သူ့တရားရှင်ပေါင်ချိန် (ဒုတိယတွဲ) အပိုင်း(၂၇) |

### mitv

| | |
|---|---|
| 07:26 | "Myanmar's Traditions and Culture" Novicehood in Myanmar |
| 07:50 | "Kayah Style |
| 08:26 | "Traditional Snacks |
| 08:32 | "Delicacies From Magwe |
| 08:40 | "Lucrative Businesses Of Tanintharyi Region |
| 08:55 | "Young Talent "Animator Swan Thura Htun" |
| 09:26 | "Products Of Myanmar - Shin Ma Taung Thanakhar |
| 09:42 | "Travelogue: "Anyar Myay" or Upcountry (Episode-3) |
| 10:26 | "Mosaic Painting (Precious Stones & Gems) |
| 10:42 | "Strolling Along A Memory Link - U Pein Bridge |
| 07:26 | "Alaungdaw Kathapa |
| 07:44 | "A Way of Life: Karate-do |
| 08:26 | "Myanmar Traditional Identity (EP- 3) The Sphinx Of Egypt And The Manousiha Of Myanmar |
| 08:41 | "Shop Shop Shop - Bogyoke Market |
| 08:53 | "Snake Dancer |
| 09:26 | "Let's Cook (EP-1) Savory Dory Steak with Lemon & Mixed Berry Smoothie |

## လူငယ်ဂေါက်သီးရိုက်ပြိုင်ပွဲ ဒုတိယနေ့ (၁၈) ကျင်း ပြိုင်ပွဲနှင့် ဆုချီးမြှင့်ပွဲ ကျင်းပ

**ရန်ကုန်  စက်တင်ဘာ  ၁၆**

မြန်မာနိုင်ငံဂေါက်သီးအဖွဲ့ချုပ်၏ ကြီးကြပ်မှုဖြင့် JUNIOR GOLF MYANMAR(JGM)နှင့် PUN HLAING ဂေါက်ကွင်းမှ ကြီးမှူးကျင်းပသော ဒုတိယနေ့ (၁၈)ကျင်းပြိုင်ပွဲနှင့်ဆုချီးမြှင့်ပွဲ အခမ်းအနားကို စက်တင်ဘာ ၁၃ ရက် ညနေပိုင်းတွင် ရန်ကုန်မြို့ လှိုင်သာယာမြို့နယ်ရှိ ပန်းလှိုင်ဂေါက်ကလပ်၌ ကျင်းပသည်။

ဒုတိယနေ့(၁၈)ကျင်းပြိုင်ပွဲအပြီးတွင် ဆုချီးမြှင့်ပွဲ အခမ်းအနားကို ကျင်းပရာ JUNIOR GOLF MYANMAR မှ ဦးကျော်မျိုးထွန်းက အသက်(၁၀-၁၂)နှစ်ပြိုင်ပွဲတွင် တတိယ မင်းသံလွင်အောင်၊ ဒုတိယ ကောင်းမြတ်ကျော်နှင့် ပထမဆု ဖြိုးဇံတို့အားလည်းကောင်း၊ ပန်းလှိုင်ဂေါက်ကွင်းမှ Marketing Manager မစန္ဒာက အသက်(၁၃-၁၅)နှစ်ပြိုင်ပွဲတွင် တတိယ မသင်းဝေခိုင်၊ ဒုတိယ ရာဇာအောင်၊ ပထမ သီဟမျိုးဆက်တို့ကိုလည်းကောင်း၊ မြန်မာနိုင်ငံဂေါက်သီးအဖွဲ့ချုပ် တွဲဖက်အထွေထွေအတွင်းရေးမှူးနှင့် Junior Golf Myanamar ဆပ်ကော်မတီ ဥက္ကဋ္ဌ ဦးမြင့်အောင်က အသက်(၁၆-၁၈)နှစ်ပြိုင်ပွဲတွင် တတိယ အောင်အောင်ထန်၊ ဒုတိယ သန်းထွန်းအောင်နှင့် ပထမဆု မပွင့်ဖူးနဒီခိုင်တို့ကိုလည်းကောင်း ဆုများကို ပေးအပ်ချီးမြှင့် ကြသည်။

ထို့နောက် ပန်းလှိုင်ဂေါက်ကွင်း မန်နေဂျာ Mr.Jeff က အသက်(၁၉-၂၄)နှစ်ပြိုင်ပွဲတွင် စုစုပေါင်းရိုက်ချက် ၁၆၀ ဖြင့် ဝေယံလင်း တတိယ၊ စုစုပေါင်းရိုက်ချက် ၁၅၅ ချက်ဖြင့် မင်းနိုင်စိုး ဒုတိယ၊ စုစုပေါင်းရိုက်ချက် ၁၅၁ ချက်ဖြင့် သီဟဌေး ပထမတို့အား ဆုများကို ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

**(ကြေးမုံ)**

## ရီးယဲလ်တိုက်စစ်မှူး ဂါရတ်ဘေးလ် ခြေသလုံးဒဏ်ရာရရှိ




စပိန်လာလီဂါကလပ် ရီးယဲလ်မက်ဒရစ်အသင်းမှ အသက်(၂၆)နှစ်အရွယ်ရှိ ဝေလတိုက်စစ်မှူး ဂါရတ်ဘေးလ်သည် စက်တင်ဘာ ၁၅ ရက်ညပိုင်းက ယှဉ်ပြိုင်ကစားခဲ့သည့် ရီးယဲလ်မက်ဒရစ်အသင်းနှင့် ရှက်တာဒိုးနက်စ်ခ်အသင်းတို့၏ ချန်ပီယံလိဂ်အုပ်စုအဆင့်ပွဲစဉ်တွင် ခြေသလုံးဒဏ်ရာရရှိခဲ့သည်။

အဆိုပါချန်ပီယံလိဂ်အုပ်စုအဆင့်ပွဲစဉ်တွင် ရီးယဲလ်မက်ဒရစ်အသင်းက ရှက်တာဒိုးနက်စ်ခ်အသင်းကို လေးဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့ခြင်းဖြစ်ပြီး တိုက်စစ်မှူး ဂါရတ်ဘေးလ်မှာ ခြေသလုံးဒဏ်ရာပြဿနာကြောင့် ပွဲကစားချိန် ၃၂ မိနစ်တွင် ကိုဗာဆစ်နှင့် လူစားလဲကစားခဲ့ရသည်။

တိုက်စစ်မှူး ဂါရတ်ဘေးလ်သည် ရီးယဲလ်မက်ဒရစ်အသင်းအပြင် နိုင်ငံလက်ရွေးစင်အသင်းဖြစ်သည့် ဝေလအသင်းအတွက်လည်း အားထားရသည့်ကစားသမားတစ်ဦးဖြစ်ပြီး ဝေလအသင်းသည် ယူရို ၂၀၁၆ ဝင်ခွင့်ပွဲစဉ်များအဖြစ် အောက်တိုဘာ ၁၀ ရက်တွင် ဘော့စနီးယားအသင်းနှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်ကာ အဆိုပါပွဲစဉ်ပြီးနောက် သုံးရက်တွင် အန်ဒိုရာအသင်းနှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။ ဝေလအသင်းသည် ယူရို ၂၀၁၆ ဝင်ခွင့်ရရှိရန်အတွက် လက်ကျန်နှစ်ပွဲမှ တစ်မှတ်ရရှိရန်လိုအပ်နေသည့်အသင်းဖြစ်သည်။

လက်ရှိတွင် တိုက်စစ်မှူး ဂါရတ်ဘေးလ်မှာ ဒဏ်ရာပြဿနာဖြင့် ရင်ဆိုင်နေရပြီး ၎င်း၏ ဒဏ်ရာနှင့်ပတ်သက်၍ ယခုတစ်ပတ်ကုန်သည့်တိုင်အောင် တိကျသည့်အဖြေတစ်ခုပေးနိုင်မည်မဟုတ်သေးကြောင်း ရီးယဲလ်မက်ဒရစ်အသင်း နည်းပြ ဘင်နီတက်ဇ်က ပြောကြားခဲ့သည်။

နည်းပြ ခရစ်ကိုးလ်မန်း၏ ဝေလအသင်းသည် ယူရို ၂၀၁၆ ပြိုင်ပွဲအတွက် ယှဉ်ပြိုင်ကစားလျက်ရှိသည့် အုပ်စု(B)တွင် ရှုံးပွဲမရှိစံချိန်နှင့်အတူ စုစုပေါင်းသွင်းဂိုး ကိုးဂိုးအထိသွင်းယူထားနိုင်ခဲ့ပြီး ယင်းသွင်းဂိုး ကိုးဂိုးအနက် ခြောက်ဂိုးမှာ တိုက်စစ်မှူး ဂါရတ်ဘေးလ်က သွင်းယူပေးခဲ့ခြင်းဖြစ်သည်။

ထို့ကြောင့် ဝေလအသင်းသည် တိုက်စစ်မှူး ဂါရတ်ဘေးလ်မပါဝင်ခဲ့ပါက ယူရို ၂၀၁၆ ပြိုင်ပွဲတွင် ဝင်ခွင့်ရရှိရန် မသေချာသည့်အသင်းတစ်သင်းဖြစ်ကြောင်း ဝေလအသင်းခေါင်းဆောင်ဟောင်း ကီဗင်ရက်ကလစ်ဖ်က ပြောကြားခဲ့သည်။ ဝေလအသင်းသည် အုပ်စု(B)တွင် ရမှတ်(၁၈)မှတ်ဖြင့် ထိပ်ဆုံးမှ ဦးဆောင်နေပြီး ၎င်းနောက်တွင် ဘယ်လ်ဂျီယံအသင်းက ရမှတ်(၁၇)မှတ်ဖြင့် ဒုတိယနေရာတွင် ရပ်တည်နေသည်။

**(နိုင်လင်းကြည်)**

## ဗာရာနီထွက်ခွာခဲ့ပါက ဂျွန်စတုန်းဖြင့် အစားထိုးရန် ရီးယဲလ်စီစဉ်

ရီးယဲလ်မက်ဒရစ်အသင်းသည် လက်ရှိနောက်တန်းကစားသမား ဗာရာနီအသင်းမှ ထွက်ခွာသွားခဲ့ပါက ၎င်းနေရာတွင် အစားထိုးကစားသမားအဖြစ် ခေါ်ယူရန် အဲဗာတန်နောက်တန်းကစားသမား ဂျွန်စတုန်းအား ပစ်မှတ်ထားလျက်ရှိကြောင်း သိရသည်။

ပြင်သစ်ကြယ်ပွင့်ဗာရာနီသည် လွန်ခဲ့သည့် ၁၈ လက ပရီမီယာလိဂ် လက်ရှိချန်ပီယံ ချယ်လ်ဆီးအသင်း၏ စိတ်ဝင်စားမှုကို ခံခဲ့ရသော်လည်း မန်ယူအသင်းသို့ ပြောင်းရွှေ့ကစားရန်သာ ချိတ်ဆက်မှုများပြုလုပ်ခဲ့သူဖြစ်သည်။ အသက်(၂၂)နှစ်အရွယ်ရှိ နောက်တန်းကစားသမား ဗာရာနီသည် လက်ရှိကလပ် ရီးယဲလ်မက်ဒရစ်အသင်းတွင် အထိုင်ကျနေပြီဖြစ်သော်လည်း ချယ်လ်ဆီးအသင်းနှင့် မန်ယူအသင်းတို့၏ သိသာသောဈေးနှုန်းများဖြင့် ကမ်းလှမ်းမှုများကို ခံခဲ့ရခြင်းကြောင့် ရီးယဲလ်မက်ဒရစ်အသင်း၌ ဆက်ရှိရေး မရှိရေးနှင့် စပ်လျဉ်း၍ ဆုံးဖြတ်ရခက်သည့်အနေအထားတစ်ရပ်သို့ ရောက်ရှိခဲ့ရသည်။

သို့ရာတွင် ရီးယဲလ်မက်ဒရစ်အသင်းကမူ ဗာရာနီထွက်ခွာမည်သို့မဟုတ် ဆက်ရှိနေမည်ဆိုသည်နှင့်ပတ်သက်၍ စိုးရိမ်ခြင်းမရှိဘဲ ဗာရာနီထွက်ခွာခဲ့ပါက အဲဗာတန်နောက်ခံလူ ဂျွန်စတုန်းဖြင့် အစားထိုးသွားမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

ယခုနှစ်နွေရာသီ အပြောင်းအရွှေ့ကာလက ဂျွန်စတုန်းအား ချယ်လ်ဆီးအသင်းက ခေါ်ယူရန် အကြိမ်ကြိမ် ကမ်းလှမ်းခဲ့သော်လည်း အဲဗာတန်အသင်းအနေဖြင့် အကြိမ်တိုင်းကို ငြင်းဆိုကာ ရောင်းချရန်အစီအစဉ်မရှိကြောင်း ပြောကြားခဲ့သည်။

သို့ရာတွင် ရီးယဲလ်မက်ဒရစ်အသင်းက အဲဗာတန်နောက်တန်းကစားသမား ဂျွန်စတုန်းအား စပိန်မြေအရောက်ခေါ်ယူသွားရန် မက်လုံးပေးထားကြောင်း သိရသည်။

**(ငွေကြယ်)**

**စက်တင်ဘာ ၁၆ ရက်က ယှဉ်ပြိုင်ခဲ့သည့် ချန်ပီယံလိဂ်အနိုင်/အရှုံးရလဒ်များ**

| | | | | |
|---|---|---|---|---|
| မန်စီးတီး | ၂ | - | ၁ | ဂျူဗင်တပ် |
| ရီးယဲလ်မက်ဒရစ် | ၄ | - | ၀ | ရှက်တာဒိုးနက် |
| ပီအက်ဗွီ | ၂ | - | ၁ | မန်ယူ |
| ပီအက်စ်ဂျီ | ၂ | - | ၀ | မယ်လ်မို |
| ဝုဖ်စ်ဘတ် | ၁ | - | ၀ | စီအက်စ်ကေအေ |
| ဘင်ဖီကာ | ၂ | - | ၀ | အက်စ်တာနာ |
| ဂါလာတာစာရေး | ၀ | - | ၂ | အက်သလက် |
| ဆီဗီလာ | ၃ | - | ၀ | မိုချန်ဂလာဘတ် |

**(မောင်မောင်ဇော်)**

## ပရီမီယာလိဂ်ရင်ခုန်သံ - ၆

**ရှိုင်းမင်းမင်း**




*ပရီမီယာလိဂ်ပွဲစဉ်(၆) မှာ ချယ်ဆီးနဲ့အာဆင်နယ်ဆုံတွေ့တဲ့ပွဲဖြစ်ပါတယ်။ ချယ်ဆီးဟာရာသီအစမှာ ခြေပျက်နေပြီး နောက်ဆုံးပွဲမှာ အဲဗာတန်ကို ဂိုးပြတ်ရှုံးခဲ့ရတယ်။ အခုအချိန်အထိလည်း တစ်ပွဲသာနိုင်သေးတယ်။ ဒါကြောင့် ဒီပွဲစဉ် (၆) မှာ ချယ်ဆီးအနေနဲ့ အာဆင်နယ်ကို အနိုင်ရယူနိုင်ပါ့မလားဆိုတာ စောင့်ကြည့်ရမယ်။*

### c; , fqDtmqif , f    n-6;15(19-9-15)

အဲဗာတန်ကို ရှုံးခဲ့တဲ့ပွဲမှာ ချဲလ်ဆီးကစားပုံ အတော်ညံ့တယ်။ ခံစစ်ပိုင်းက ကျစ်လျစ်မှုမရှိသလို ကော်စတာခြေစွမ်းမပြနိုင်တဲ့ တိုက်စစ်ပိုင်းကလည်း ထက်မြက်မှုမရှိဘူး။ ဒါပေမယ့် အာဆင်နယ်ကလည်း အသင်းလိုက်ကစားပုံသာကောင်းပြီး တိုက်စစ်က အဆုံးသတ်မသေချာဘူး။ အိမ်ကွင်းမှာ ချယ်ဆီးတို့ သရေလောက်တော့ ကစားနိုင်မှာပါ။

### qGef;Dt Jwef    n-8;30(19-9-15)

ချယ်ဆီးကို အနိုင်ရခဲ့တဲ့ပွဲမှာ အဲဗာတန်ရဲ့ ကစားပုံအတော်ကလေးကောင်းမွန်ခဲ့တယ်။ ဥရောပပွဲကစားရဖို့မရှိတာကြောင့်လည်း ပရီမီယာလိဂ်ပွဲတွေမှာ အဲဗာတန်တို့ခြေကုန်ထုတ်နေနိုင်တယ်။ ဆွမ်ဆီးကလည်း ဝက်ဖို့ဒ်ကို ရှုံးခဲ့ရပေမယ့် အိမ်ကွင်းမှာ အသင်းတိုင်းကို အခက်တွေ့စေနိုင်တာ သတိပြုရမယ်။

### pwkf vufpwm    n-8;30(19-9-15)

အာဆင်နယ်ကို ရှုံးနိမ့်ခဲ့တဲ့ပွဲမှာ စတုတ်ရဲ့ခြေစွမ်းအတော်လေးအားနည်းမှုရှိပါတယ်။ စတုတ်ဟာ အိမ်ကွင်းကစားပုံမာကျောတယ်ဆိုပေမယ့် တိုက်စစ်ပိုင်းက ဂိုးသွင်းခြေမရှိဘူး။ ဒါကြောင့် လက်စတာခံစစ်ကို ဖိအားပေးဖို့ ရုန်းကန်ရနိုင်တယ်။ ဒီရာသီအစမှာ ကစားပုံကောင်းနေတဲ့ လက်စတာကပ်နိုင်ဖို့ရှိတယ်။

### bkarmuf qef;vef    n-8;30(19-9-15)

ဘုန်းမောက်ရဲ့ ခြေကမတည်ငြိမ်ဘူး။ ငါးပွဲအပြီးမှာ တစ်ပွဲတည်းသာ နိုင်ထားတဲ့အပြင် ခံစစ်ပိုင်းက ကျစ်လျစ်မှုမရှိဘူး။ ဒါပေမယ့် သတိပြုရမှာက ဆန်းဒါးလန်းကလည်း ခြေစွမ်းပိုင်းအားနည်းမှုတွေများလွန်းနေပြီး ခံစစ်ပိုင်း ကျစ်လစ်မှုမရှိခြင်းပဲ။ ဒ့ါကြောင့် ဘုန်းမောက်တို့ ထင်သလောက် အခက်မတွေ့နိုင်ဘဲ အိမ်ကွင်းမှာ ကပ်နိုင်မယ်။

### e , ,umq , f0ufbf    n-8;30(19-9-15)

ဆွမ်ဆီးကိုအနိုင်ရပြီး ပရီမီယာလိဂ်နိုင်ပွဲစရခဲ့တဲ့ ဝက်ဖို့ဒ်ဟာ ဒီပွဲမှာလည်း ရလဒ်ဆက်ကောင်းဖို့ အားစိုက်မှာသေချာတယ်။ အဲဗာတန်၊ ဝက်စ်ဘရွန်း၊ ဆောက်သမ်တန်တို့ကို သရေကစားခဲ့တာကို ကြည့်ရင် ဝက်ဖို့ဒ်ရဲ့ ခံကစားအားကောင်းတာမြင်သာတယ်။ တိုက်စစ်အားနည်းတဲ့ နယူးကာဆယ်တို့ အိမ်ကွင်းဖြစ်ပေမယ့် ကပ်ပြီးသာနိုင်မယ်။

### ADm-0ufb&GJ    n-8;30(19-9-15)

နှစ်သင်းစလုံးရဲ့ ဒီရာသီအားနည်းမှုက တိုက်စစ်ပိုင်းပဲ။ အထူးသဖြင့် ဝက်စ်ဘရွန်းဟာ ငါးပွဲကစားပြီးချိန်မှာ သုံးဂိုးသာသွင်းထားနိုင်တဲ့အထိ တိုက်စစ်ပိုင်းအားနည်းတယ်။ ဒါပေမယ့် အသင်းလိုက်ကစားပုံမှာတော့ ဗီလာထက် ဝက်စ်ဘရွန်းက ပိုပြီးကောင်းတယ်။ အဝေးကွင်းဖြစ်နေပေမယ့် ဝက်စ်ဘရွန်းကပ်နိုင်ခြေရှိတယ်။

### refD D0uff[ rf    n-11;00(19-9-15)

ချန်ပီယံလိဂ်ကြောင့် မန်စီးတီးပွဲပန်းလာနိုင်တယ်ဆိုပေမယ့် လက်ရှိမန်စီးတီးရဲ့ အသင်းလိုက် ခြေစွမ်းလိုက်ကို ဝက်စ်ဟမ်းမမီဘူး။ အထူးသဖြင့် မန်စီးတီးရဲ့ ခံစစ်ပိုင်းကအတော်လေး ကောင်းနေလို့ ဝက်စ်ဟမ်းတို့ဂိုးရဖို့ခက်မယ်။ အိမ်ကွင်းလည်းဖြစ်နေလို့ ချယ်လ်ဆီးနဲ့ အာဆင်နယ်ဆုံနေချိန်မှာ မန်စီးတီးအမှားခံမှာလည်း မဟုတ်ဘူး။ မန်စီးတီးမနိုင်ပါ။

### py; - c&pö , fajvpf    n-7;00(20-9-15)

ဒီရာသီမှာပဲလေ့စ်ရဲ့ ခြေစွမ်းကောင်းတယ်။ မန်စီးတီးကို ရှုံးခဲ့ပေမယ့် ကစားပုံမညံ့ခဲ့သလို ချယ်လ်ဆီးကိုလည်း အနိုင်ကစားနိုင်ခဲ့တယ်။ စပါးကတော့ အိမ်ကွင်းမှာနိုင်ပွဲရဖို့ ကြိုးစားလာမှာဖြစ်ပေမယ့် ယူရိုပါလိဂ်ကစားခဲ့ရလို့ ပွဲပန်းနေနိုင်သလို တိုက်စစ်ပိုင်းကလည်း ဂိုးသွင်းခြေမတည်ငြိမ်ဘူး။ စပါးနိုင်ရင်တောင်ပြတ်သားဖို့ခက်မယ်။

### aqmuf rwef- ref;l    n-9;30(20-9-15)

လီဗာပူးကို နိုင်ခဲ့တဲ့ ပွဲမှာ မန်ယူရဲ့ ကစားပုံမဆိုးဘူး။ တိုက်စစ်မှူးသစ်မာရှယ်ကလည်းခြေစွမ်းပြနိုင်ခဲ့တာတွေ့ရတယ်။ ဒါပေမယ့် ချန်ပီယံလိဂ် ကစားခဲ့ရမှုကြောင့်မန်ယူ ပွဲပန်းလာနိုင်တာကိုတော့သတိပြုရမယ်။ ဆောက်သမ်တန်ကလည်း ခြေသာမန်သာရှိပေမယ့် အိမ်ကွင်းမှာ ခံကစားမှာဆိုတော့ မန်ယူနိုင်ရင်တောင်မပြတ်သားဘူး။

### vDy;l- aem0s f    n-9;30(20-9-15)

မန်ယူကိုရှုံးနိမ့်ခဲ့ရတဲ့ပွဲမှာ လီဗာပူးရဲ့ ကစားပုံသာမန်သာရှိခဲ့တယ်။ ဒ့ါအပြင် ယူရိုပါလိဂ်ကစားခဲ့ရမှုကြောင့်လည်းလီဗာပူးတို့ပွဲပန်းနေနိုင်တယ်။ နော့ဝှစ်ချ်ရဲ့ ခြေကလည်း ဒီရာသီအစမှာမဆိုးဘူး။ ဒါပေမယ့် လီဗာပူးဟာအိမ်ကွင်းမှာ နိုင်ပွဲပြန်ရအောင်တော့ အားစိုက်မှာပါ။ လီဗာပူးကပ်နိုင်ခြေရှိတယ်။ ဂိုးနည်းမယ်။

# ဩဂုတ်လအတွင်း မူးယစ်ဆေးဝါးသိမ်းဆည်းရမိမှု

**နေပြည်တော် စက်တင်ဘာ ၁၆**

ဩဂုတ်လအတွင်း တပ်မတော်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ မူးယစ်တပ်ဖွဲ့စုများ၊ ရထားရဲတပ်ဖွဲ့နှင့် နယ်ခြားစောင့်ရဲတပ်ဖွဲ့တို့မှ ဘိန်း ၄၁ မှု (အလေးချိန် ၄၈ ဒသမ ၇၁၉၅ ကီလို)၊ ဘိန်းဖြူ မှု ၂၃၀ (အလေးချိန် ၃၃ ဒသမ ၃၄၂၁ ကီလို)၊ စိတ်ကြွရူးသွပ်ဆေးပြား အမှု ၂၅၀ ၃၂၉၈၈၈၁ ပြား၊ ဆေးခြောက် ၂၈ မှု (အလေးချိန် ၅ ဒသမ ၁၅၀၂ ကီလို)၊ ဘိန်းရည် တစ်မှု (သုည ဒသမ ၂ လီတာ)၊ ဘိန်းဆီခဲ လေးမှု (အလေးချိန် သုည ဒသမ ၁၁၈ ကီလို)၊ အဆင့်နိမ့်ဘိန်း ရှစ်မှု (အလေးချိန် သုည ဒသမ ၁၁၄၈ ကီလို)၊ အိုက်စ် လေးမှု (အလေးချိန် ၂ ဒသမ ၅၀၃၅ ကီလို)၊ အက်ဖီဒရင်း တစ်မှု (အလေးချိန် သုည ဒသမ ၀၀၆ ကီလို)၊ ခါတုဆေးရည် တစ်မှု (၁၀၆၃၈ လီတာ)၊ ဆာလဖျူရစ်အက်စစ် ၂၁၉၇ ဒသမ ၆၅ လီတာ၊ ဖီနိုင်းအက်စီတစ်အက်စစ်ခဲ ၂၁၅၀ ကီလို၊ ဟိုက်ဒရိုကလိုရစ်အက်စစ် လီတာ ၄၅၅၀၊ ဖီနိုင်းပရိုပီနုန်း တစ်မှု လီတာ ၈၁၉၀၊ စိတ်ကြွရူးသွပ်ဆေးပြား အကြေမှုန့် တစ်မှု (အလေးချိန် သုည ဒသမ ၂၁ ကီလို)၊ အရိုးမီးသွေး ကီလို ၇၅၀၊ ဘိန်းစာမှုန့် နှစ်မှု (အလေးချိန် သုည ဒသမ ၁၃၃ ကီလို)၊ အခြားမှု နှစ်မှု၊ မှတ်ပုံတင်ပျက် ငါးမှုတို့ကို သိမ်းဆည်းရမိခဲ့ပြီး အမှုပေါင်း ၅၇၉ မှု ဖမ်းဆီးခဲ့ရာတွင် အမျိုးသား ၇၆၁ ဦး၊ အမျိုးသမီး ၁၀၈ ဦး စုစုပေါင်း ၈၆၉ ဦးတို့အား ဥပဒေအရ အရေးယူနိုင်ခဲ့ကြောင်း သိရသည်။

**(ကြေးမုံ)**



# မြစ်ကြီးနားတွင် ငါးမန်းလောင်းကစားဂိမ်းများ မီးရှို့ဖျက်ဆီး

**မြစ်ကြီးနား စက်တင်ဘာ ၁၆**

မြစ်ကြီးနားမြို့ တပ်ကုန်းရပ်ကွက်ရှိ အမှိုက်ကျင်းဟောင်း၌ စက်တင်ဘာ ၁၅ရက် မွန်းလွဲပိုင်းတွင် ငါးမန်းလောင်းကစားဂိမ်းများကို မီးရှို့ဖျက်ဆီးခဲ့သည်။

အဆိုပါ ငါးမန်းလောင်းကစားဂိမ်းမီးရှို့ဖျက်ဆီးနေမှုကို မြစ်ကြီးနားခရိုင် အုပ်ချုပ်ရေးမှူး ဦးခေါင်လန်ဒီး၊ မြစ်ကြီးနားခရိုင်ရဲတပ်ဖွဲ့ ဒုတိယရဲမှူးကြီးလှဝင်း၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးလှိုင်းမောင်မောင်၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးလှမိုးနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများက ကြည့်ရှုခဲ့ကြပြီး ငါးမန်းလောင်းကစားဂိမ်း ၃၇လုံး မီးရှို့ဖျက်ဆီးခဲ့ကြောင်း သိရသည်။

**စိန်ဝင်း(iprd)**

# တရားမဝင်တမလန်းသစ်များ သိမ်းဆည်းရမိ

**နေပြည်တော် စက်တင်ဘာ ၁၆**

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုမြို့နယ် ရွှေဘိုမြို့မရဲစခန်းမှတပ်ဖွဲ့ဝင်များနှင့် ခရိုင်သစ်တောဦးစီးဌာနမှ ဝန်ထမ်းများပါဝင်သော ပူးပေါင်းအဖွဲ့သည် စက်တင်ဘာ ၁၄ ရက် ညနေ ၄ နာရီက တရားမဝင်သစ်များ သယ်ဆောင်လာကြောင်း သတင်းအရ ရွှေဘို-မြစ်ကြီးနားကားလမ်း မြောင်းကြီးကျေးရွာ တန်ပိုဂိတ်တွင် သွားရောက်စောင့်ဆိုင်းစဉ် မြစ်ကြီးနားမှ ရွှေဘိုသို့ မန္တလေးမြို့ နန်းရှေ့ရပ်နေ ဝင်းထွဋ်(၂၇)နှစ်မောင်းနှင်ပြီး ယာဉ်ပိုင်ရှင် မဂျီးမိုင်(၃၅)နှစ် လိုက်ပါလာသော MDY 8I/----- GRAND CABIN HIACE ယာဉ်အား ရပ်တန့်ရှာဖွေရာ ယာဉ်ပေါ်မှ တရားမဝင် တမလန်းခားရွေတုံး ၁၇ တုံး (၁ ဒသမ ၆၅၄၂ တန်) တွေ့ရှိ သိမ်းဆည်းရမိခဲ့သဖြင့် ဝင်းထွဋ်နှင့် မဂျီးမိုင်တို့နှစ်ဦးအား ရွှေဘိုမြို့မရဲစခန်းက အမှုဖွင့် အရေးယူထားကြောင်း သိရသည်။

**(ကြေးမုံ)**

# လောက်ကိုင်တွင် မူးယစ်ဆေးဝါးများသိမ်းဆည်းရမိ

**နေပြည်တော် စက်တင်ဘာ ၁၆**

မူးယစ်တပ်ဖွဲ့စု (၂၁) ကွမ်းလုံနှင့် လောက်ကိုင်ခရိုင် ရဲတပ်ဖွဲ့မှူးရုံးမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် စက်တင်ဘာ ၁၃ ရက်က ရန်လုံကျိုင်းမှ လောက်ကိုင်မြို့သို့ လမ်းလျှောက်လာသူ ရှုံယင်ချင်အား ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၄၈၇၅ ပြားကို လည်းကောင်း၊ စက်တင်ဘာ ၁၀ ရက်က ဖားကန့်မြို့နယ် ပေါ်ဦးစားသောက်ဆိုင်လမ်းကြားတွင် တင့်နိုင် မောင်းနှင်ပြီး ကျော်စွာချစ် လိုက်ပါလာသော ဆိုင်ကယ်ကိုရှာဖွေရာ စိတ်ကြွရူးသွပ် ဆေးပြား ၁၀၀၀ နှင့် ဘိန်းဖြူ သုည ဒသမ ၀၀၀၄၄ ကီလိုတို့ကို သိမ်းဆည်းရမိခဲ့သည်။

စစ်ဆေးချက်အရ ဖားကန့်မြို့နယ် လုံးခင်းကျေးရွာရှိ တင့်နိုင်(ခ) မောင်နိုင်၏နေအိမ်ကို ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၂၂၀၀ နှင့် စိတ်ကြွရူးသွပ်ဆေးပြား အကြေမှုန့် သုည ဒသမ ၄ ကီလိုတို့ကို လည်းကောင်း၊ နားကောင်းမူကျေးရွာ ရပ်ကွက်(၅)နေ လူသန်း၏ နေအိမ်ကို ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၄၉၀ နှင့် ငွေကျပ် ၂၀၀၀၀တို့ကို လည်းကောင်း သိမ်းဆည်းရမိသဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သိရသည်။

**(သတင်းစဉ်)**



ရှုံယင်ချင်အား သိမ်းဆည်းရမိ မူးယစ်ဆေးဝါးများနှင့် အတူ တွေ့ရစဉ်။

# နှစ်လုံးထီလောင်းကစားသူအား ဖမ်းဆီးအရေးယူ

**နေပြည်တော် စက်တင်ဘာ ၁၆**

မကွေးတိုင်းဒေသကြီး ငဖဲမြို့နယ် ပဒါန်းရဲကင်းစခန်းမှတပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် စက်တင်ဘာ ၁၃ ရက် ည ၁၀ နာရီက သတင်းအရ ပုသိမ်-မုံရွာကားလမ်း မိုင်တိုင်အမှတ်(၂၆၄/၃)၌ သွားရောက်စောင့်ဆိုင်းစဉ် စကုမြို့ ဘုရားလှရပ်ကွက်နေ ကိုလတ်(၃၆)နှစ် မောင်းနှင်လာသော ၁၀ယ/---- ဆိုင်ကယ်အား ရပ်တန့်စစ်ဆေးရာ ဆိုင်ကယ်ရှေ့ကြားတွင် ညှပ်ထားသည့် အိတ်အတွင်းမှ နှစ်လုံးထီ လောင်း ကစားပြုလုပ်ရာတွင် အသုံးပြုသည့် ဆက်စပ်ပစ္စည်းများနှင့် လောင်းကြေး ငွေကျပ် ၁၁၁၁၅၀၀ တို့ကို သိမ်းဆည်းရမိခဲ့သဖြင့် ကိုလတ်အား ငဖဲမြို့မရဲစခန်းက အမှုဖွင့် အရေးယူထားကြောင်း သိရသည်။

**(ကြေးမုံ)**

❖❖

# မတူပီ-မင်းတပ်ကြား ယာဉ်တိမ်းမှောက်မှုဖြစ်

**မင်းတပ် စက်တင်ဘာ ၁၆**

မုံရွာတွင် ကျင်းပမည့် တိုင်းမျိုး(ဒိုင်း) လက်ရွေးပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်ရန် မတူပီမှ မင်းတပ်သို့ မောင်းနှင်လာသည့် ဂျစ်ကားသည် စက်တင်ဘာ ၁၅ရက် ညနေ ၅နာရီ ၁၅မိနစ်ခန့်က မိုင်တိုင်အမှတ် (၄၆/၂)မိုင်နှင့် (၄၆/၃)မိုင်ကြား ဘရိတ်ပေါက်၍ လမ်း၏ယာဘက် ပေ ၁၀၀ခန့် ချောက်ကမ်းပါးအတွင်း ကျသွားခဲ့ကြောင်း သိရသည်။

ယာဉ်တွင် လိုက်ပါလာသည့် ၁၀ဦး အနက် ကိုးဦးမှာ ဒဏ်ရာရရှိကာ မင်းတပ်ခရိုင် ပြည်သူ့ဆေးရုံကြီးတွင် ဆေးကုသမှုခံယူလျက်ကြောင်း သိရသည်။

**(ခရိုင်ပြန်/ဆက်)**

# ခြောက်ဘီးယာဉ်နှင့်ဆိုင်ကယ်တိုက်မိ ဆိုင်ကယ်မောင်းသူ သေဆုံး

**ဂန့်ဂေါ စက်တင်ဘာ ၁၆**

ဂန့်ဂေါမြို့နယ် သင်တောကျေးရွာ၏ အနောက်ဘက် ဂန့်ဂေါ-ကလေးကားလမ်း မိုင်တိုင်အမှတ် (၃၄/၃) နှင့် (၃၄/၄) အကြားတွင် စက်တင်ဘာ ၁၄ ရက် ညနေ ၆နာရီ ၄၅ မိနစ်ခန့်က ယာဉ်တိုက်မှုဖြစ်ပွားကြောင်း သိရသည်။

ဖြစ်စဉ်မှာ ယင်းနေ့က ၎င်းလမ်းအတိုင်း မုံရွာမှ တမူးသို့ ဘုတလင်မြို့နယ် သခွတ္တနယ်ကျေးရွာနေသူ စိုင်းဝေဖြိုး (၂၂)နှစ် မောင်းနှင်သော ၃ခ/----- လီဖန်းခြောက်ဘီးယာဉ်သည် ကွမ်းသီးအိတ်များ တင်ဆောင်မောင်းနှင်လာစဉ် ၎င်းလမ်းအတိုင်း ဟံသာဝတီကျေးရွာမှ ကန်သာကျေးရွာသို့ ဂန့်ဂေါမြို့နယ် ကန်သာကျေးရွာနေသူ နုမောင် (၂၈)နှစ် မောင်းနှင်လာသည့် ကန်ဘို 125 ဆိုင်ကယ်အား မျက်နှာချင်းဆိုင်တိုက်မိရာ နုမောင်တွင် ဒဏ်ရာများရရှိခဲ့၍ မြောက်ခင်ရမ်း တိုက်နယ်ဆေးရုံတွင် ဆေးကုသစဉ် သေဆုံးသွားသဖြင့် စိုင်းဝေဖြိုးအား ဂန့်ဂေါမြို့နယ် ကန်နယ်မြေရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

**သန်းနိုင်ဦး(ငဖဲ)**

# ဗီဒီယိုခွေငှားကြည့်သည့် ကိစ္စနှင့် ဓားခုတ်မှုဖြစ်

**မြိုင် စက်တင်ဘာ ၁၆**

မြိုင်မြို့နယ် တည်ပင်ကျေးရွာတွင် ဗီဒီယိုခွေငှားကြည့်သည့်ကိစ္စနှင့် ပတ်သက်၍ ဓားခုတ်မှု စက်တင်ဘာ ၁၅ရက် ညပိုင်းက ဖြစ်ပွားခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ စက်တင်ဘာ၁၅ရက် ည၉နာရီခွဲက ဦးဟန်တင် (၃၇)နှစ် တည်ပင်ကျေးရွာနေသူသည် နေအိမ်ရှေ့တွင်ရှိနေပြီး နေအိမ်အတွင်းတွင် မိသားစုများတီဗွီကြည့်နေစဉ် သမီးဖြစ်သူ မရီရီဌေး(၁၈)နှစ်၏ အော်သံကြား၍ နေအိမ်တွင်း သွားရောက်ကြည့်ရှုခဲ့ရာ မရီရီဌေးတွင် ဦးခေါင်းနောက်စေ့ ပေါက်ပြဲဒဏ်ရာများဖြင့် တွေ့ရှိခဲ့သဖြင့် မေးမြန်းခဲ့ရာ တစ်ရွာတည်းနေ ဦးလေးဖြစ်သူ ထွန်းအောင်(၃၅)နှစ်က ဗီဒီယိုခွေငှားကြည့်သည့်ကိစ္စနှင့် စကားများရာမှ ဓားမဖြင့်ခုတ်ခဲ့ကြောင်း ပြောပြသိရှိခဲ့သောကြောင့် ထွန်းအောင်အား အရေးယူပေးရန် ဦးဟန်တင်ကတိုင်ကြားခဲ့ရာ မြိုင်မြို့နယ် မြို့မရဲစခန်းက အမှုဖွင့်ထားကြောင်း သိရသည်။

**(ကျော်ဇေယျ)**

## မြေကွက်များလေလံတင်ရောင်းချမည့်ရက် ရွှေ့ဆိုင်းလိုက်ကြောင်း အသိပေးကြေညာခြင်း

၁။ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန လက်အောက်ရှိ မြေကွက်များအား မြို့တော်ခန်းမ၌ လေလံတင်ရောင်းချမှုကို ရွှေ့ဆိုင်းလိုက်ကြောင်းနှင့် ပြုလုပ်မည့်ရက်ကို ထပ်မံကြေညာမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

၂။ လေလံအာမခံစပေါ်ငွေ ပေးသွင်းထားသူများအနေဖြင့် ငွေပေးအမိန့် (P.O) မူရင်းဖြင့် စပေါ်ငွေများ ပြန်လည်ထုတ်ယူနိုင်ကြောင်း တစ်ပါတည်း အသိပေးကြေညာအပ်ပါသည်။

**လေလံတင်ရောင်းချရေးအဖွဲ့**

စိန်ဝင်းနှင့်ရောင်းရင်းများ
(၆၃)ကြိမ်မြောက်အဘအောင်မင်းခေါင်ပူဇော်ပွဲ
▲ အဘပွဲ ပုပ္ပါးညအိပ်(သီးသန့်)
▲ အဘပွဲ ပုပ္ပါးညအိပ်ပုဂံ(စွယ်တော်)ပခုက္ကူစလေ
▲ အဘပွဲ ပုပ္ပါးပုဂံ(စွယ်တော်)မန္တလေးပြင်ဦးလွင်
▲ အဘပွဲ ပုပ္ပါးတောင်ကြီးအင်းလေးပင်းတယကံ့လုံးမွေတော်ကက္ကူထပ်စမ်းရွှ
▲ ကျိုက်ထီးရိုး/ချောင်းသာ(သော်ကြာနေ့တိုင်း)
▲ ထုံးဘိုအကောက်တောင်ပြည်ဘုရားစုံ(စနေ)၊ ဇလွန်(တနင်္ဂနွေ)
(၂၀-၉-၂၀၁၅)ထွက်မည်။
၂၄နာရီဖုန်းဆိုးတန်းလမ်း။ 249871,255553,5122511, 09-5137245

ကျေးဇူးဆပ်ပါမည်
ကျွန်တော်များ United Brother (Yangon) ကုမ္ပဏီမှ သွင်းကုန်လိုင်စင်အမှတ် ILV 15_16 1421 လိုင်စင်မှာ လုပ်ငန်းဆောင်ရွက်စဉ် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၃၀၇၅၄၅၃

ဖခင်အမည်မှန်
ရောဝတီတိုင်းဒေသကြီး၊ ဓနုဖြူမြို့နယ်၊ ရုံးချောင်းကျေးရွာ၊ အထက(ခွဲ)၊ စတုတ္ထတန်းမှ မောင်မိုးပြည့်စုံဦး၏ ဖခင်အမည်မှန်မှာ ဦးဇော်မိုးဦး[၁၄/ဓနဖ(နိုင်)၁၃၀၅၃၀]ဖြစ်ပါသည်။
ဦးဇော်မိုးဦး

*လမ်းခွဲမှာ ဝမ်းနည်းနေပါသလား?
*အပါယ်မလွတ်သော မျက်ရည်တစ်စက်၏ ကြောက်မက်ဖွယ်အန္တရာယ်ကို သင်သိပါသလား?
*သင်နှင့် သင်ချစ်ခင်ရသူများ၏ နောင်တမလွန်အရေး စိတ်အေးလိုပါသလား?
ဒေါက်တာအရှင်အရိယဝံသ(သျှင်လဝန်း)
ရေးသားတော်မူသည့်
အသေတတ်ဖို့ သေနည်းလမ်းညွှန်စာအုပ်
ဆက်သွယ်မှာယူလိုပါက-(ထွက်ပြီ)
၀၉ ၂၆၂၆၄၈၄၁၃၊ ၀၉ ၄၂၁၀၅၆၇၇၉

# နွားထိုးကြီးမြို့နယ် မြေငှား၊ အိမ်ငှားဈေးကွက်ဖြစ်၊ လုပ်ငန်းရှင်များအလုပ်ဖြစ်

**နွားထိုးကြီး စက်တင်ဘာ ၁၆**

နွားထိုးကြီးမြို့နယ် နွားထိုးကြီးဝိုင်းမြေဈေးကွက်တွင် နေအိမ်၊ ဈေးဆိုင်ခန်း အငှားလုပ်ငန်းများမှာ ယခုကာလအတွင်း ဈေးတက်လျက်ရှိခြင်းကြောင့် အိမ်အငှားများနှင့် မြေအငှားများ အခက်တွေ့နေသည်။

ပေ ၄၀×၆၀ ဝိုင်းတစ်ကွက် ကျပ်သိန်း ၂၀၀၊ ၃၀၀၊ ၃၅၀ ထိရှိနေပြီး အချို့နေရာအကွက်အကွင်းကောင်းသည့် တိုက်ခန်းများ၊ လုံးချင်းတိုက်များမှာ ကျပ် သိန်း ၃၀၀၀၀ အထိ ဈေးပေါက်နေကြောင်း သိရသည်။

လက်ရှိပေါက်ဈေးမှာ တိုက်တစ်လုံးငှားရမ်းခမှာ တစ်လလျှင် ကျပ်ငါးသိန်းဝန်းကျင်ရှိပြီး ၁၀ ပေဆိုင်ခန်းတစ်ခန်းလျှင် တစ်လကျပ် ၃၀၀၀၀ မှ ၅၀၀၀၀ဖြင့် အငှားလိုက်နေကြောင်း သိရသည်။

ရိုးရိုးသာမန်အိမ်များမှာ ယခင်ကျပ် ၂၀၀၀ မှ ၅၀၀၀ ရှိခဲ့သော်လည်း ယခုကာလတွင် ယင်းအိမ်များမှာ ကျပ် ၁၀၀၀၀ မှ ၃၀၀၀၀၊ ၄၀၀၀၀ အထိ ငှားရမ်းနေရပြီး နွားထိုးကြီးမြို့ပေါ် ၈ ရပ်ကွက်တွင် တည်ဆောက်ရေးလုပ်ငန်းများပြားနေ၍ အုတ်၊ သဲ၊ ကျောက်ကားလုပ်ငန်းရှင်များ အလုပ်ဖြစ်နေသည်။

**ငွေးမြင့်မောင်**

# စဥ့်ကိုင်မြို့နယ်တွင် ကိုယ့်အားကိုယ်ကိုး လျှပ်စစ်မီးလင်း

**စဥ့်ကိုင် စက်တင်ဘာ ၁၆**

မန္တလေးတိုင်းဒေသကြီး စဥ့်ကိုင်မြို့နယ် ထန်းတောကျေးရွာတွင် ကျေးရွာပြည်သူများနှင့် စေတနာရှင်အလှူရှင်တို့လှူဒါန်းမှုဖြင့် စက်တင်ဘာ ၁၅ ရက်နံနက် ၈ နာရီမှစ၍ ကိုယ့်အားကိုယ်ကိုး လျှပ်စစ်မီးလင်းနေပြီဖြစ်ကြောင်း သိရသည်။

ထန်းတောကျေးရွာ လျှပ်စစ်မီးလင်းရေးအတွက် စဥ့်ကိုင်မြို့နယ်ရှိ မဟာဓာတ်အားလိုင်းမှ မိန်းမီးကြိုးများသွယ်တန်းမှုနှင့် ကေဗွီအေ ၃၁၅ ထရန်စဖော်မာတစ်လုံးအတွက် ကုန်ကျစရိတ်ငွေကျပ်သိန်း ၂၀၀ ကို ဦးသိန်းတိုး-ဒေါ်ဇာဇာမြင့်မိသားစု ရန်ကုန်မြို့မှ မတည်လှူဒါန်းပေးခဲ့ပြီး ကျေးရွာအတွင်း နေအိမ်များအရောက် မီးလင်းရေးအတွက် ကုန်ကျငွေများကို ကျေးရွာပြည်သူများ စုပေါင်းထည့်ဝင်ငွေများဖြင့် ငွေကျပ်သိန်း ၈၀၀ အကုန်အကျခံကာ ဆောင်ရွက်ခဲ့သည်။

စဥ့်ကိုင်မြို့နယ်ထန်းတောကျေးရွာတွင်အိမ်ခြေပေါင်း ၃၁၀ ရှိသည့်အနက် ၆၄ အိမ်တွင် မီးများလင်းနေပြီဖြစ်ပြီး အဆိုပါမီးလင်းရေးအတွက် တစ်အိမ်ထောင်လျှင် ငွေကျပ် လေးသိန်းပေးသွင်းရပြီး မီးလင်းရေးကော်မတီကိုအဖွဲ့ဝင် ခုနစ်ဦးဖြင့် စနစ်တကျ ဖွဲ့စည်းထားရှိထားသည်။

"ကျွန်တော်တို့ ထန်းတောကျေးရွာလေးမှာ စဥ့်ကိုင်မြို့နဲ့ ၆ မိုင်ခန့်အလှမ်းကွာဝေးပြီး ပန်းလောင်မြစ်ဘေးတွင်တည်ဆောက်ထားသော ရွာလေးတစ်ရွာဖြစ်ပါတယ်။အခုမီးလင်းနေပြီဖြစ်တဲ့ အိမ်ခြေ ၆၄ အိမ်အပြင်အိမ်ခြေ ၁၃၆ အိမ်ကိုလည်း မီတာများတပ်ဆင်ပြီး ဆက်လက် မီးလင်းရေး ဆောင်ရွက်လျက်ရှိပါတယ်။ ကျေးရွာပြည်သူများအနေနဲ့လည်း ဝမ်းမြောက်ဝမ်းသာဖြစ်နေကြပါတယ်" ဟု ကျေးရွာမီးလင်းရေးကော်မတီအတွင်းရေးမှူး ဦးတင်မောင်လွင်က ပြောသည်။

**တင်တင်ထွေး(စဥ့်ကိုင်)**

# မိခင်နှင့်ကလေး သေဆုံးမှု လျော့ချနိုင်ရေး အထူးစီမံချက်ရေးဆွဲ

**ဂန့်ဂေါ စက်တင်ဘာ ၁၆**

မိခင်နှင့်ကလေး သေဆုံးမှုနှင့် ကျဆင်းမှုလျှော့ချနိုင်ရေး အထူးစီမံချက်ကို စက်တင်ဘာ ၁၅ ရက်တွင် ဂန့်ဂေါခရိုင် ကျန်းမာရေးဦးစီးဌာန ကျင်းပခဲ့သည်။

အဆိုပါ စီမံချက်ရေးဆွဲရာတွင် ခရိုင်ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာအောင်မြင့်ဦးက ဦးဆောင်၍ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်မိုးမိုးလှိုင်၊ မြို့နယ်မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းဘဏ္ဍာရေးမှူး ဒေါ်အေးအေးတို့နှင့် လူမှုရေးအသင်းအဖွဲ့များ၊ ကျန်းမာရေးဝန်ထမ်းများဖြစ်သော ကျန်းမာရေးမှူးများနှင့် သားဖွားဆရာမများ တက်ရောက်ကြကာ အသေးစိတ်စီမံချက်များ ရေးဆွဲကြကြောင်း သိရသည်။

**(၄၆၅)**

# လှိုင်သာယာမြစ်ကမ်းနံဘေးရှိစည်းကမ်းမဲ့စွန့်ပစ်အမှိုက်များရှင်းလင်း

**ရန်ကုန် စက်တင်ဘာ ၁၆**

ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာမြို့နယ် ရှမ်းချောင်းကျေးရွာအနီး မင်းရဲကျော်စွာလမ်းမကြီး ဝဲယာတို့တွင် စည်းကမ်းမဲ့စွန့်ပစ်ထားသည့်အမှိုက်များကြောင့် ပတ်ဝန်းကျင်နေပြည်သူများ ကျန်းမာရေးထိခိုက်စေသဖြင့် စက်တင်ဘာ ၁၂ ရက်မှစတင်၍ စက်တင်ဘာ ၁၅ ရက်အထိ စက်ယန္တရားအကူအညီဖြင့် သိမ်းဆည်းပေးလျက်ရှိသည်။

အဆိုပါ သိမ်းဆည်းရာနေရာသို့ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သန့်ရှင်းရေးဌာနဒုတိယဌာနမှူး ဦးဇော်ဝင်းနိုင်၊ မြောက်ပိုင်းခရိုင် ခရိုင်မှူးဦးသန်းထိုက်အောင်၊ ဌာနခွဲမှူး ဦးအောင်ကျော်စိုးနှင့် တာဝန်ရှိသူတို့က လာရောက်ကြည့်ရှုစစ်ဆေးခဲ့သည်။

"ရပ်ကွက်ပေါင်း၂၀ ရပ်ကွက်နဲ့ ကျေးရွာအုပ်စု ကိုးအုပ်စုနဲ့ဖွဲ့စည်းထားပြီး လူဦးရေရှစ်သိန်းကျော်ရှိတဲ့အတွက် ထွက်တဲ့အမှိုက်နဲ့ သိမ်းတဲ့သူနဲ့မနိုင်ပါဘူး။အခုလိုစည်းကမ်းမဲ့စွန့်ပစ်သူတွေကြောင့် သဘာဝပတ်ဝန်းကျင်ကိုလဲ ထိခိုက်စေပါတယ်။ မြစ်ကမ်းနားဖြစ်တဲ့အတွက် ရေတက်လာရင် အမှိုက်တွေ ရေထဲမျောကုန်ရင် မလိုလားအပ်တဲ့ဆိုးကျိုးတွေဖြစ်ပေါ်လာမှာကိုအချိန်မီတင်ပြပြီး ရှင်းလင်းပေးရ ခြင်းဖြစ်ပါတယ်"ဟု မြို့နယ်သန့်ရှင်းရေး တာဝန်ခံ ဦးဟန်မျိုးလှိုင်က ပြောသည်။

စည်းကမ်းမဲ့ အမှိုက်များ မစွန့်ပစ်စေရေးအတွက် သတိပေးဆိုင်းဘုတ်များ ကပ်ကာ အရေးယူမှုတွေပြုလုပ်သွားမည်ဖြစ် ကြောင်း ဦးဟန်မျိုးလှိုင်ကဆက်လက် ပြောသည်။

**၅၉၇**



စစ်ကိုင်းတိုင်းဒေသကြီး ကသာမြို့ တောင်ပေါ်ကျောင်း ပရဟိတဘုန်းတော်ကြီးသင် စာသင်ကျောင်း၌ စက်တင်ဘာ ၁၄ ရက် နံနက် ၉ နာရီခွဲက ကလေးငယ်များအား အလှူရှင်များက အာဟာရဒါန နွားနို့နှင့် ကြက်ဥများ တိုက်ကျွေးကြပြီး ကလေးငယ်များအတွက် ဝတ်စုံများကိုပါ ပေးအပ်လှူဒါန်း ခဲ့ကြောင်း သိရသည်။ ကသာမြို့ တောင်ပေါ်ကျောင်း ပရဟိတတွဲဘက်အလယ်တန်းကျောင်းတွင် ကျောင်းသား၊ ကျောင်းသူ ၂၆၅ ဦး ပညာသင်ကြားနေကြောင်းသိရသည်။

သတင်းနှင့်ဓာတ်ပုံ- အေးလွင်(ကသာ)

ဆေးရုံအုပ်ကြီး (ငြိမ်း) ကိုယ်တိုင်ဦးစီး၍
အတွေ့အကြုံရင့် ဆရာဝန်ကြီးများနှင့် သူနာပြုဆရာမကြီးများ ကိုယ်တိုင် သင်ကြားပေးမည့်
သုခစုစံ - ကျန်းမာရေးအကူ (ကျွမ်းကျင်မှု) သင်တန်းကျောင်း
လူနာများနှင့် သက်ကြီးရွယ်အိုများအား ကျွမ်းကျင်စွာ ပြုစုစောင့်ရှောက်တတ်စေရန် ၊ဆေးအမျိုးမျိုးနှင့် ဆေးကိရိယာပစ္စည်းများ နားလည်တတ်ကျွမ်းစေရန်၊ စာတွေ့၊ လက်တွေ့ ဘင်ထောက်လူပစ္စည်း စုံလင်စွာဖြင့် သင်ကြားပေးပြီး ကျွမ်းကျင် ပိုင်နိုင်စေရန် ဆေးရုံများသို့ ပို့ဆောင် (အခမဲ့-ကြို/ပို့) လေ့ကျင့်ပေးပါသည်။
အင်္ဂလိပ်လို ဆေးပညာအသုံးအနှုန်းများ သာမက English Speaking ကိုပါ လေ့ကျင့် သင်ကြားပေးသည်။
- နိုင်မာသော သက်သေခံသင်တန်းဆင်းအောင်လက်မှတ်များထုတ်ပေးမည်။
- ပြည်တွင်းအလုပ်အကိုင်ရရှိရေးအတွက် ဝန်ဆောင်မှုပေးပါသည်။
- သင်တန်းကာလ (၁)လ ➡ နေ/စား-(ငြိမ်း)
အခြေခံပညာအထက်တန်းနှင့် အထက် ၊အသက် (35) နှစ်အောက် (ကျား/မ)
သုခစုစံ ကုမ္ပဏီ
ပန်းဆိုးတန်းမှတ်တိုင်၊ကုန်သည်လမ်းမကြီး(၃၉-လမ်းထောင့်)၊တိုက်အမှတ်(၅၀၆)၊ကျောက်တံတားမြို့နယ်၊ရန်ကုန်။
ဖုန်း- (01) 377 343 , 377 344 , 38 57 58 , 38 68 77 , 39 22 33 (ရုံးချိန်အတွင်း)
Website : www.tksstkss.com,https://www.facebook.com/tkssoverseasemployment

ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှု ဦးစီးဌာန
DMA အသိအမှတ်ပြု
M.S.C Training Centre
SHIP'S COOK COURSE
GENERAL STEWARD (G/S) COURSE
SHIP'S COOK UPGRADE COURSE
CROWD MANAGEMENT COURSE
ရပ်ဝေးနယ်မှ ကျောင်းသားများ အတွက် အစစအရာရာ
အဆင်ပြေ စေရန် နေ/ စား အစအဆုံး စီစဥ်ထားသည်။
အမှတ် ၄၃ - ဒေါ်ပုံသဘော်ကျင်းလမ်းမကြီးဒေါပုံမြို့နယ် ရန်ကုန်မြို့
Ph: 09 540 2 550 , 09 430 64421

လူကြီးမင်းတို့၏ စက်ရုံ၊ အလုပ်ရုံ၏ ထုတ်ကုန်ပမာဏများတိုးမြင့်စေဖို့
KHIN MAUNG NYUNT TRADING CO., LTD. သို့ ဆက်သွယ်ကြပါစို့
❖ လေမှုတ်စက်နှင့် ပတ်သက်သော စက်ချို့ယွင်းမှုများအား စမ်းသပ်အဖြေရှာခြင်း
❖ ကျွမ်းကျင်သော Engineer များမှ လုပ်ငန်းခွင်အရောက် ဝန်ဆောင်မှုပေးခြင်း
❖ လိုအပ်သောအရံပစ္စည်းများကို အချိန်တိုအတွင်း အာမခံဖြင့် တပ်ဆင်ပေးနိုင်ခြင်း
❖ နှစ်အလိုက်၊ လအလိုက် Maintenance Package များဝယ်ယူနိုင်ခြင်း
75 ~ 185 KW
Piston Air Compressors ½ ~ 15 HP
Oil Free High Pressure Air Compressor 100 & 175 HP
Screw Air Compressors 20 ~ 350 HP
Blower
KHIN MAUNG NYUNT TRADING CO., LTD.
No.18, Pyidaungsu Road, (24) Ward, South Dagon Township, Yangon.
Tel : (95-1) 590227, 591306
Fax : (95-1) 590818

# မင်းဓမ္မကုန်းလမ်းပေါ်၌ သုံးထပ်သာသနာ့ ဗိမာန်တော်ကြီး တည်ဆောက်မည်

**ရန်ကုန် စက်တင်ဘာ ၁၆**

အင်းစိန်မြို့နယ် သံဃနာယကအဖွဲ့ ဆရာတော်ကြီးများ ဦးဆောင်ကြိုးပမ်းမှုဖြင့် မင်းဓမ္မကုန်းမြေ လောကချမ်းသာ အဘယလာဘမုနိရုပ်ပွားတော်မြတ်ကြီး တောင်ဘက်စောင်းတန်း ဂန္ဓကုဋီတိုက် အနီး မင်းဓမ္မဥယျာဉ်တော်ကြီးအတွင်း၌ (အလျား ပေ ၂၀၀ × အနံ ပေ ၈၀) သုံးထပ် ဗိမာန်တော်ကြီး တည်ဆောက်မည်ဖြစ်သည်။

ထိုသို့ ဆောက်လုပ်ရန်အတွက် ၂၀၁၆ ခုနှစ် နှစ် ဆန်းပိုင်းတွင် မြေသန့်စင်ပွဲနှင့် ပန္နက်တင်အလှူတော်ငွေပေးအပ်ပွဲများ ကျင်းပသွားမည်ဖြစ်ပြီး ခန့်မှန်း ကျပ်သိန်းပေါင်း ၁၃၀၀၀ ကျော် ကုန်ကျမည့် ဗိမာန်တော်ကြီးကို သုံးနှစ်ခန့်အချိန်ယူ ဆောက်လုပ်ရမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ ကျောင်းတော်ကြီးဆောက်လုပ်ပြီးစီးသွားပါက မြို့နယ်လုံးဆိုင်ရာ သုံးထပ်သာသနာ့ ဗိမာန်တော်ကြီး ကို ဗုဒ္ဓသန္တကအဖြစ်ကျောက်တော်ကြီးဘုရားအား ရေစက်ချလှူဒါန်းသွားမည်ဖြစ်သည်။

သာသနာရေးဝန်ကြီးဌာနမှ ကျင်းပသော ပါဠိပထမပြန်နိကာယ် ဝိသုဒ္ဓိမဂ်စသည့် စာမေးပွဲများဖြေဆိုခြင်း၊ ဘာသာရေးဆိုင်ရာ အခမ်းအနားများ စည်စည်ကားကား ထည်ထည်ဝါဝါနှင့် ခမ်းခမ်းနားနားကျင်းပသွားနိုင်ခြင်း၊ အင်းစိန်မြို့နယ် သံဃနာယကအဖွဲ့ရုံးကိုလည်း အသုံးပြုနိုင်ခြင်းတို့ဖြစ်ကြောင်း မြို့နယ်သံဃနာယက အကျိုးတော်ဆောင်ဆရာတော် ဘဒ္ဒန္တ နန္ဒာစရိယက မိန့်ကြားခဲ့သည်။ **(၆၈၄)**

# ထားဝယ်မြို့နယ်ရွှေးကောက်ပွဲဆိုင်ရာ ပညာပေးသင်တန်းကျင်းပ

**ထားဝယ် စက်တင်ဘာ ၁၆**

တနင်္သာရီတိုင်းဒေသကြီး ထားဝယ်မြို့နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ၏ ရွေးကောက်ပွဲဆိုင်ရာ ပညာပေးသင်တန်းကို ရှမ္မလည်ဆွဲရပ်ကွက် အခြေခံပညာမူလတန်းကျောင်းခန်းမတွင် စက်တင်ဘာ ၁၃ ရက် နံနက် ၉ နာရီ ကကျင်းပခဲ့သည်။

မြို့နယ်ကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ မြို့ပေါ် ၁၅ ရပ်ကွက်ကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ စုစုပေါင်း ၉၈ဦးတက်ရောက်ခဲ့သည်။

ရှေးဦးစွာ မြို့နယ်ကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ ဦးစိုးလွင်က အဖွင့်အမှာစကားပြောကြားပြီး အတွင်းရေးမှူးဦးအောင်ကျော်မြင့်က လွှတ်တော်(၃)ရပ်နှင့် ရွေးကောက်ပွဲကော်မရှင်အဆင့်ဆင့် ဖွဲ့စည်းပုံ၊ မဲဆန္ဒနယ်မြေနယ်များ သတ်မှတ်ကြေညာခြင်း၊ ထုတ်ပြန်ထားသော အမိန့်နှင့်ညွှန်ကြားချက်များ ရှင်းလင်းပြောကြားခဲ့သည်။

ထို့နောက်ကော်မရှင်အဖွဲ့ခွဲဝင် ဦးသန်းထိုက်က မဲရုံအဖွဲ့၏ မဲရုံအဖွဲ့လုပ်ငန်းလမ်းညွှန်များ ရှင်းလင်းပြောကြားပြီး မဲရုံအတွင်း မဲပေးခြင်းလုပ်ငန်းစဉ်များကို ရှင်းလင်းပြောကြားခဲ့သည်။

ဆက်လက်၍ ကော်မရှင်အဖွဲ့ခွဲဝင် ဒေါ်မူမူအေးက မဲစာရင်းပြုစုခြင်း၊ ကြိုတင်ဆန္ဒမဲပေးခြင်း၊ ရွေးကောက်ပွဲ အတည်ပြုကြေညာခြင်းများအား ရှင်းလင်းဆွေးနွေးခဲ့သည်။

ကော်မရှင်အဖွဲ့ခွဲဝင် ဒေါ်ဝါဝါချိုက ကော်မရှင်၏ လုပ်ပိုင်ခွင့်များ၊ ရွေးကောက်ပွဲဆိုင်ရာပြစ်မှုပြစ်ဒဏ်များ၊ တရားမဲ့ပြုကျင့်မှုများအား ရှင်းလင်းဆွေးနွေးပြီး သင်တန်းသား၊ သင်တန်းသူများ၏ မေးမြန်းချက်များအပေါ် အပြန်အလှန် ရှင်းလင်းဆွေးနွေးခဲ့ကြောင်း သိရသည်။

**ထားဝယ်ခရိုင်(ပြန်/ဆက်)**



# လက်ရာမြောက်ရှေးဟောင်းသစ်သားကျောင်းကို မန္တလေးမြို့တွင် လေ့လာနိုင်

**မန္တလေး စက်တင်ဘာ ၁၆**

မြန်မာဘုရင်တို့၏ နောက်ဆုံးမင်းနေပြည်ဖြစ်သော မန္တလေးမြို့တွင်လေ့လာစရာ များစွာရှိသည်။ ထိုလေ့လာစရာ များစွာထဲတွင် လက်ရာမြောက်ရှေးဟောင်း သစ်သားကျောင်းကြီးများလည်း ပါဝင်သည်။

မန္တလေးမြို့တွင် လက်ရာမြောက် ရှေးဟောင်းသစ်သားကျောင်းများအဖြစ် ရွှေနန်းတော်ကျောင်း၊ သင်္ဂဇာကျောင်း၊ ရွှေအင်ပင်ကျောင်း၊ ဗန်းမော်ကျောင်း၊ မဟာမင်းထင်ကျောင်းနှင့် အခြားကျောင်းများစွာ ယနေ့တိုင် ရှေးမူမပျက်တည်ရှိနေသည်။

ရှေးဟောင်းသမိုင်းဝင် သစ်သားကျောင်းတော်များတွင် ထူးခြားစွာ ပိဋကတ်တိုက်ပါ ထည့်သွင်း တည်ဆောက်ထားသည့် လက်ရာမြောက် သစ်သားကျောင်း တစ်ကျောင်းရှိသည်။ ထိုကျောင်းမှာ မင်းတုန်းမင်းတရားကြီးကောင်းမှုတော် သင်္ဂဇာကျောင်းပင်ဖြစ်သည်။ သင်္ဂဇာကျောင်းမှာ ပဉ္စမသင်္ဂါယနာတင် ရတနာပုံ မြို့တည်နန်းတည်မင်းတုန်းမင်းတရားကြီးက မန္တလေးမြို့တည်ပြီး တစ်နှစ်ခန့်အကြာ မြန်မာသက္ကရာဇ် ၁၂၂၃ တွင် သင်္ဂဇာဆရာတော်ကြီးအား ဆောက်လုပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

လက်ရာမြောက် ကျောင်းတော်ဖြစ်ပြီး သံတော်ဆင့် မိုင်းခိုင်မြို့စားမင်းလှသီရိဇေယျသူ၊ သစ်တောအခွန်မင်းကြီးမဟာမင်းကျော်မင်းလှစည်သူ၊ ပြည်လုံးအုံ့ လျော်ကားထောင်ကဲမင်း လှဇေယျကျော်သူတို့က စုပေါင်းကြီးကြပ်ကွပ်ကဲတည်ဆောက်ခဲ့သည်။

ကျောင်းတော်ကြီးတစ်ခုလုံး ကျွန်းတိုင်လုံးကြီးများဖြင့် ထုပ်လျှောက်များခံကာ တည်ဆောက်ထားသည်။ ကျောင်းအတွင်း ဝင်လိုက်သည်နှင့် အမွှမ်းပန်းများကို ကျွန်းသစ်ဖြင့် ပြုလုပ်တပ်ဆင်ထားသည်ကို တွေ့မြင်နိုင်သည်။

ခန့်ထည်သော သရက်ကင်းလှေကားငါးစင်းပါဝင်ပြီး ထူးခြားစွာ ပိဋကတ်တိုက်ကိုလည်း အုတ်အင်္ဂတေတို့ဖြင့် တည်ဆောက်ထားကာ အဂ္ဂမဓမ္မလင်္ကာရကဝိဓဇ မဟာဓမ္မရာဇာဓိရာဇဂုရု တံဆိပ်တော်ရ သုဓမ္မာသာသနာပိုင် သင်္ဂဇာဆရာတော်ဘုရားကြီးအား လှူဒါန်းခဲ့သည်။

နှစ်ကာလ ကြာမည်ဖြစ်သည့်အတွက် ကျောင်းတိုက်မှာ အိုမင်းနေသော်လည်း ကျောင်းဦးပြသာဒ်ဘုံခုနစ်ဆင့် လေးဘက်လေးတန်မှ ယွန်းဆောင်များ၊ သရက်ကင်းလှေကားများ၊ ဝရံတာများနှင့် ရှေးမူမပျက်မြင်တွေ့နိုင်သည်။ ကျောင်းတိုက်အတွင်းတွင် ကော့ပလ္လင်၊ ရတနာပုံခေတ် ရုပ်ပွားတော်များ၊ စာတိုက်ဗီရိုများ၊ အမွှမ်းပန်းများ ရှေးခေတ်လက်ရာများကို တွေ့မြင်နိုင်သည်။

ယခုအခါ သမိုင်းဝင်လက်ရာမြောက် သင်္ဂဇာရှေးဟောင်း သစ်သားကျောင်းတော်ကြီးကို မန္တလေးမြို့ဒေးဝန်းအနောက်ရပ်ကွက် ချမ်းအေးသာစံမြို့နယ်တွင် သွားရောက်လေ့လာနိုင် ကြောင်းသိရသည်။

**တိမ်တမန်**

Shwe Ni and Naddi Ayar Trading Co.,Ltd

## အလိုရှိသည်

ကျွန်တော်များကုမ္ပဏီမှ ရန်ကုန်မြို့ ဆင်ခြေဖုံးဧရိယာတွင် အထွေထွေရောဂါကုဆေးရုံဖွင့်လှစ်ရန်ရှိပါသည်။ စိတ်ပါဝင်စားသော မည်သူမဆို အကျိုးတူဆောင်ရွက်နိုင်ရန် ဖိတ်ခေါ်ပါသည်။

**Ph No- 09 30332808, 09 795820546, 09971886965**
**Email: nilarwin.snnd@ gmail.com, p.l.kharwar @ hotmail.com**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ (၁၄)ရပ်ကွက်၊ အောင်ဇေယျလမ်း၊ ကျောက်ကုန်း၊ အမှတ်(၂၁)၊ အခန်းအမှတ်-D8တိုက်ခန်းနှင့် အကျိုးခံစားခွင့်အရပ်ရပ်ကို တရားဝင်လက်ဝယ်ပိုင်ဆိုင်သူ ၁။ ဒေါ်ခင်ငွေစိုး[၁၂/စခန(နိုင်)၀၁၇၈၅၀]၊ ၂။ဒေါ်စန်းမြင့်ထွေး[၁၂/စခန(နိုင်)၀၁၈၅ ၆၆]၊ ၃။ဒေါ်သန်းမြင့်ထွေး[၁၂/စခန(နိုင်)၀၁၈၅၈၈]တို့ထံမှ ကျွန်ုပ်မိတ်ဆွေက တိုက်ခန်းအပြီးအပိုင်ဝယ်ယူရန် စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ ပိုင်ရေးဆိုင်ခွင့်ရှိသူ အကျိုးသက်ဆိုင်ခွင့်ရှိသူ မည်သူမဆို တရားဝင်ခိုင်လုံသော စာရွက်စာတမ်းအထောက်အထားမူရင်းများနှင့် (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်မှုမရှိပါက ဥပဒေနှင့်အညီ အရောင်းအဝယ်ဆက်လက်ပြုလုပ်မည်ဖြစ်ပါကြောင်း သိစေအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်စန်းရီ(LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၄၃၅၇)**
**အမှတ်-၉/၁၁၊ အခန်း-၂၀၁-စီ၊ ၃၆-လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**

## ကန့်ကွက်နိုင်ပါကြောင်းအများသိစေရန်ကြေညာချက်

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၁၈)၊ မြေကွက်အမှတ်(၁၄)၊ ရာဇဓိရာဇ်လမ်းရှိ အကျယ်အဝန်း အလျား(၄၀)ပေ၊ အနံ(၆၀)ပေရှိ ပါမစ်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိအကျိုးခံစားခွင့်အရပ်ရပ်တို့ကို ပြန်လည်ရောင်းချခွင့်ရှိသူ ဦးကျော်ကျော်[၁၃/ကမန(နိုင်)၀၆၄၃၀၆]ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန် ရောင်းဖိုးငွေတစ်စိတ်တစ်ပိုင်းပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့မှ (၇)ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထား (မူရင်း)များဖြင့် ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ပြီးမြောက်အောင်မြင်သည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်ခိုင်မြတ်ဝေ (LL.B, D.I.L) အထက်တန်းရှေ့နေ(စဉ်-၃၂၁၆)**
**အမှတ်(၄၁၉)၊ ဗိုလ်မှူးဗထူးလမ်း၊ (၄၈)ရပ်ကွက်၊ ဒဂုံမြောက်။**
**ဖုန်း-၀၉-၄၃၀၅၇၇၀၈၊ ၀၉-၈၅၃၂၂၉၂**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန
## လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန
## (တင်ဒါခေါ်ယူခြင်း)

၁။ လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနတွင် အသုံးပြုရန်အတွက် လုပ်ငန်း သုံးပုံစံ(၇) မျိုးရိုက်နှိပ်ရန်နှင့် Copier/Printer Toner Cartridge(၉) မျိုးအား ဝယ်ယူလိုပါသဖြင့် လုပ်ငန်းလက်ခံ ဆောင်ရွက်လိုသူများသည် ၁၇-၉-၂၀၁၅ ရက်မှစ၍ ၁-၁၀-၂၀၁၅ရက်အထိ ရိုက်နှိပ်မည့်ပုံစံ၊ ဝယ်ယူမည့် Toner Cartridge တို့၏ အရေအတွက်၊ တင်ဒါစည်းကမ်းချက် များအား တစ်စောင်လျှင် ငွေကျပ် ၅၀၀၀/-(ကျပ်ငါးထောင်တိတိ)ဖြင့် ဝယ်ယူနိုင်ကြောင်းနှင့် ပုံစံနမူနာများကိုလည်း လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေး ဦးစီးဌာန၊ စီမံနှင့် ဘဏ္ဍာဌာနခွဲ၊ စီမံခန့်ခွဲရေးဌာနစု(၁)၊ ရုံးအမှတ်(၄၈)၊ နေပြည်တော်တွင် လာရောက်ကြည့်ရှုနိုင်ပြီး ၁-၁၀-၂၀၁၅ ရက် ၁၆း၃၀ နာရီ နောက်ဆုံးထား၍ ဈေးနှုန်းလွှာများ တင်သွင်းနိုင်ပါကြောင်း ဖိတ်ခေါ်အပ်ပါသည်။

၂။ မေးမြန်းစုံစမ်းလိုပါက လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန၊ စီမံခန့်ခွဲရေး ဌာနစု(၁) တယ်လီဖုန်းအမှတ်(၀၆၇-၄၃၁၀၂၇)တွင် ရုံးဖွင့်ရက် ရုံးချိန်အတွင်း ဆက်သွယ်နိုင်ပါ သည်။

**လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန**

## ဝန်ထမ်းအမြန်အလိုရှိသည်

Natural Clay Co.,Ltd

Email: humanresource@ naturalclaytile.com

ဖုန်း-၀၁- ၆၀၀၁၆၇၊ ၀၉ -၇၉၇၈၁၂၃၄၄

Natural Clay သဘာဝမြေထည်ပစ္စည်းစက်ရုံနှင့် Japan Cartoon Box Manufacturing စက္ကူပုံးစက်ရုံ၊ မင်္ဂလာဒုံမြို့နယ်တွင် တာဝန်ထမ်းဆောင်ရန် ဂျပန်နိုင်ငံနှင့် မလေးရှားနိုင်ငံစက်ရုံများတွင် အလုပ်လုပ်ဖူးသော စက်မောင်းများနှင့် အခြားသောဝန်ထမ်းများ အမြန်ဆုံး လာရောက်လျှောက်ထားနိုင်ပါသည်။ မင်္ဂလာဒုံမြို့နယ်၊ ထောက်ကြန့်မြို့နှင့် မှော်ဘီမြို့နယ်အတွင်းနေထိုင်သူများကို ဦးစားပေးခန့်ထားမည်။ ဖယ်ရီ ကြို/ပို့ စီစဉ်ပေးမည်။

လိပ်စာ-**(JCB)**စက်ရုံ အမှတ်(၇၄/ခ)၊ ရွာဦးဘုန်းကြီးကျောင်းလမ်း၊ သံတံတားကျေးရွာ၊ မှော်ဘီမြို့နယ်။ (**Alpine** စက်ရုံအနီး ရေအိုးစင်မှတ်တိုင်တွင် ဆင်းရန်)

## သားအဖြစ်မှအမွေပြတ်စွန့်လွှတ်ခြင်း

အမှတ်(၂၀၀)၊ ဘရဏီလမ်း၊ (၁၂)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်နေ အဖ (ဦးဆန်းဝင်း)၊ အမိ ဒေါ်သင်းသင်းလတ်[၁၂/ဥပတန(နိုင်)၀၆၃၇၅၅]တို့၏သား မောင်ပြည့်ဖြိုးဝင်းဟန်[၁၂/ဥပတန(နိုင်)၁၀၀၉၄၃]သည် မိဘများအား အကြိမ်ကြိမ်စိတ်ဆင်းရဲအောင်ပြုလုပ်ပါသဖြင့် ၎င်းအား သားအဖြစ်မှအမွေပြတ်စွန့်လွှတ်လိုက်သည်။ နောက်နောင်တွင် ၎င်းနှင့်ပတ်သက်သောကိစ္စအဝဝအား လုံးဝတာဝန်ယူဖြေရှင်းပေးမည်မဟုတ်ပါ။ စုံစမ်းမေးမြန်းခြင်းသည်းခံပါ။

**ဒေါ်သင်းသင်းလတ်**

## ငြင်းချက်ထုတ်ရန်ဆင့်စာ
## (တရားမကျင့်ထုံးဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)
## မဟာအောင်မြေမြို့နယ်တရားရုံးတော်
## ၂၀၁၅-ခုနှစ်၊ တရားမကြီးအမှုအမှတ်-၃၁

ဦးပွား နှင့် ဦးမော်ကြီး
(တရားလို) (တရားပြိုင်)

မန္တလေးတိုင်းဒေသကြီး၊ မတ္တရာမြို့နယ်၊ ဆင်ကျွန်းကျေးရွာနေ ဦးမော်ကြီး (ယခုနေရပ်လိပ်စာမသိသူ) သိစေရမည်။

သင့်အပေါ်၌ တရားလို ဦးပွားက မုံအိုး(၉)လုံး တန်ဖိုးငွေကျပ်(၁၈၄၅၀၀၀/-)(ကျပ်တစ်ဆယ့်ရှစ်သိန်းလေးသောင်းငါးထောင်)တိတိနှင့် သဲကာ(၉)ချပ် တန်ဖိုးငွေကျပ်(၂၂၅၀၀၀/-)(ကျပ် နှစ်သိန်းနှစ်သောင်းငါးထောင်)တိတိ၊ စုစုပေါင်းငွေကျပ်(၂၀၇၀၀၀၀/-)(ကျပ်သိန်းနှစ်ဆယ်ခုနစ်သောင်း)တိတိရလိုမှု လျှောက်ထားစွဲဆိုရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ၊ ၂၀၁၅ ခုနှစ်၊ အောက်တိုဘာလ ၁၂ ရက် (၁၃၇၇-ခုနှစ်၊ တော်သလင်း လပြည့်ကျော် ၁၄ ရက်) မွန်းမတည့်မီ ၁၀ နာရီတွင် အထက်အမည်ပါသူ တရားလို၏ အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့လာရောက်ရမည်။ ၎င်းအပြင် အထက်ပါနေ့ရက်တွင် သင်မလာမရောက်ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုက ကြည့်ရှုလိုသည်များနှင့် သင်ကထုချေတင်ပြ အမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၁၅ ခုနှစ်၊ စက်တင်ဘာလ ၁၁ ရက် ဤရုံးတံဆိပ်နှိပ်၍ ကျွန်ုပ်လက်မှတ် ရေးထိုး ထုတ်ပေးလိုက်သည်။

**(သီသီဟန်)**
**တွဲဖက်မြို့နယ် တရားသူကြီး(၃)**
**မဟာအောင်မြေမြို့နယ်တရားရုံး**

# မြန်မာ့ဆေးပညာမှဝိရောဓိကုထုံးဆေးချက်များ

à ကြည်လွင်မြင့်(မုံရွာ)

ရိုးရာဆေးပညာ (Traditional Medicine)တွင် ဆေးချက်ချသည်ဟူသော စကားရှိသည်။ ရောဂါ၏လက္ခဏာကို ခန့်မှန်း၍ အပူနာဆိုလျှင် အအေးဆေးချက်ချသည်။ အအေးနာဆိုလျှင် အပူဆေးချက်ချသည်။ ဤသည်မှာ ဆေးပညာဥပဒေသအတိုင်း ပုံမှန်ဆေးချက်ချခြင်းသာဖြစ်သည်။ သို့သော် တစ်ခါတစ်ရံ ထူးဆန်း၍ဖောက်ပြန်သော ရောဂါများနှင့်တွေ့သောအခါ ဝါရင့်သော ဆေးဆရာကြီးများသည် အပူလည်းမဟုတ် အအေးလည်းမဟုတ်သော ဆေးချက်ကို ချလေ့ရှိသည်။ ဤဆေးချက် ကို 'ဝိရောဓိ' ဆေးချက်ဟုခေါ်သည်။

အတက်ရောဂါရှိသော လေးနှစ်ခွဲအရွယ် မိန်းကလေးတစ်ဦးကို တွေ့ဖူးသည်။ ငယ်စဉ်က ဘာရောဂါမျှ မဖြစ်ဖူး။ လေးနှစ်ကျော်မှ ရုတ်တရက်ဖြစ်လာသောရောဂါကြောင့် မိဘများမှာ ငွေကုန် လူပန်းဖြစ်ရသည်။ အထူးကုဆရာဝန်ကြီးများနှင့် ပြသသည်။ ဆေးသောက်လျှင် ခေတ္တခဏမျှသက်သာပြီး ပြန်တက်သည်။ တစ်လလျှင် တစ်ကြိမ်၊ နှစ်ကြိမ်တက်ရာမှ လေးကြိမ်၊ ငါးကြိမ်အထိတက်ပြီး ဦးခေါင်းတွင် အကျိတ်ရှိမရှိ CT, MRI စက်ကြီးများဖြင့် ရောဂါရှာဖွေသော်လည်း မတွေ့ဟုဆိုသည်။

ထိုကလေးကို တိုင်းရင်းဆေးဖြင့် ပျောက်ကင်းနိုင်မည်လားဟု အပ်နှံကုသကြသည်။ တိုင်းရင်း ဆေးခန်းသုံးဆေး (အအေး)များပေးပြီး ကုသသောအခါ နှာစေးနှာပိတ်ဖြစ်ပြီး အတက်ရောဂါမှာလည်း မသက်သာဖြစ်ရသည်။ အအေးဆေးချက်ဖြင့် မသက်သာသဖြင့် (အပူ)ဆေးချက်များပေးကြည့်သော အခါတွင်လည်း ပို၍ပင်တက်လာသည်ကို တွေ့ရသည်။ တန်ဘိုးကြီးမားသော တိုင်းရင်းမြန်မာဆေး ဆရာကြီးများ လက်သုံးဆေးဖြစ်သည့် 'အဘိဥာဉ်'ဆေးကြီးတွင် စပါးကြီးသည်းခြေ၊ ဝက်ဝံသည်းခြေ၊ မိချောင်းသည်းခြေများပင် ပါဝင်သည်။ ထိုအစွမ်းထက်ဆေး၊ တန်ဘိုးကြီးဆေးကိုပေးသော်လည်း ထိုကလေး၏အတက်ရောဂါမှာ မသက်သာပါ။

ထိုကလေးကို ဆေးများဖြင့် မသက်သာသဖြင့် ဓါတ်စာကုထုံးဖက်သို့လှည့်၍ကုသသည်။ ဓါတ်စာများတွင်လည်း အအေးဓာတ်စာ၊အပူဓာတ်စာဟူ၍ရှိသည်။ ထိုကဲ့သို့ ဓာတ်စာများပေးရင်းပေးရင်း အဆင်မပြေဖြစ်နေရာမှ ဓာတ်စာတစ်မျိုးနှင့် အဆင်ပြေသလိုဖြစ်လာသည်။ ကလေးအတက် လုံးဝမပျောက်သေးသော်လည်း ခြားလာသည်။ အကြိမ်လျော့လာသည်ကို တွေ့ရသည်။ ထိုဓာတ်စာမှာ ဝိရောဓိဆေးချက် ဓာတ်စာ ဖြစ်ပါသည်။

ကလေးကို ပေးသောဓာတ်စာမှာ နွားနို့စစ်စစ်ကို ဆူပွက်အောင်ကျိုချက်ပြီး အပေါ်တက်လာသော မလိုင်ဖတ်များကိုဖယ်ပစ်လိုက်ပါသည်။ ထိုနွားနို့ပူပူကို ဖန်ခွက်တစ်ခွက်တွင်ထည့်ပြီးနောက် နနွင်းမှုန့်တစ်ဇွန်း (ဟင်းစားဇွန်း)ထည့်ပြီး သမအောင် ရောမွှေပါသည်။ နနွင်းမှုန့်သည် ဆန်မှုန့်မပါသော၊ မှိုမတက်သော နနွင်းမှုန့်စစ်စစ်ကို အသုံးပြုရပါမည်။

အပူနှင့်အအေးရောသော ဝိရောဓိဆေးချက်ဓာတ်စာဟုဆိုရခြင်းမှာ-

နွားနို့သည် အားရှိစေသော ပထဝီဓာတ်နှင့် အာဘောဓာတ်ပါဝင်သော အအေးဓာတ်စာဖြစ်ပါသည်။ ထိုနွားနို့အအေးဓာတ်စာထဲသို့ ဆန့်ကျင်ဘက် အပူဓာတ်သက်ရောက်သည့် နနွင်းကိုထည့်ပါသည်။ နနွင်း သည် OPS တေဇောဟုခေါ်သော အပူတေဇောဓာတ်ကိန်းအောင်းနေသည်။ အစာကြေစေသော သတ္တိနှင့် သွေးကို ပူနွေးစေသောသတ္တိရှိသည်။ အဝါရောင်အဆင်းရှိပြီး အသားအရည်ကို လှပစိုပြည်စေနိုင်သည်။ မီးနေသည် ကလေးမွေးပြီးသူများသည် မီးတွင်း (၇)ရက်လုံး နနွင်းစားရသည်။ နနွင်းမှုန့်ကို ရေဖျော်ပြီး လိမ်းကျံရသည်မှာ မြန်မာ့ရိုးရာနည်းဖြစ်သည်။

နွားနို့၏ကောင်းကျိုးမှာလည်း များစွာရှိသည်။ အင်အားကိုဖြစ်စေသည်။ အရိုးအဆစ်များကို သန်မာစေသည်။ ကာယအားသာမက၊ ဉာဏအားကိုပါကောင်းစေသည်။ ရောဂါဒဏ်ကို ခံနိုင်စေသည်။ တေဇောဓါတ်အနေဖြင့်မူ သီတတေဇောဓာတ်ကိန်းအောင်းသောဓာတ်စာဖြစ်သည်။ နနွင်းတွင် ဆန့်ကျင်ဘက် OPSတေဇောဓာတ်ပါဝင်သဖြင့် နနွင်းနှင့်နွားနို့ပေါင်းစပ်သောအခါ မတူသော အကျိုးပေး နှစ်ခုသည် အင်အားနှစ်မျိုးဖြစ်ကာ ရောဂါကို တွန်းလှန်သည်ဟုယူဆရမည်ဖြစ်ပေသည်။ ချဉ်သီးကို ဆားနှင့်တို့စားခြင်းသည်လည်း ဤနည်းအတူပင်၊ အပူနှင့်အအေးတွေ့ပြီး စားကောင်းသော အရသာအဖြစ်ဖန်တီးပေးရာရောက်သည်။ အပူနှင့်အအေးတို့၏သဘောကို တစ်ဖက်စွန်းမရောက်အောင် ထိန်းကျောင်းခြင်းသည် ဆေးဆရာကောင်းတို့၏ပညာဖြစ်သည်။

တိုင်းရင်းမြန်မာဆေးနည်းကျော်များတွင် အစာအိမ်ရောဂါအတွက် ရှေးမြန်မာဆရာကြီးများ သုံးစွဲခဲ့သည့် ဆေးနည်းတစ်နည်းရှိသည်။ ထိုဆေးနည်းတွင် ငရုတ်ကောင်းအနက်စေ့ကို ညက်အောင်အမှုန့်ထောင်းပြီး အိမ်သုံးသကြားမှုန့်နှင့်ဆတူရောထားသည်။ အစာကြေအားနည်းသူ၊ ခံတွင်းမကောင်း မစားချင်ဖြစ်နေသူ၊ အဖျားပြတ်ပြီး နာလံထကာစတွင် မစားချင်၊ မသောက်ချင်ဖြစ်နေသူကိုတိုက်လျှင် ပြန်လည်စားချင်စိတ်ပေါ်လာသည်။ ငရုတ်ကောင်းသည် အပူဖြစ်ပြီး သကြားမှာ အေး၍ချိုသောဓာတ် ဖြစ်သဖြင့် ဝိရောဓိဆေးချက်ဖြစ်သည်။ ထိုဆေးချက်ဖြင့် နာလံထလာသူများစွာ တွေ့ရဖူးပါသည်။

မြန်မာလူမျိုးတို့အကြိုက် လက်ဖက်ပွဲကိုကြည့်လျှင် လက်ဖက်ကို ဆားနှင့်နယ်ပြီး အခါး ရည်ကို ညှစ်ထုတ်သည်။ ထို့နောက် ရှောက်သီးအရည်ဖြင့်ရောနယ်ပြီး ကြက်သွန်ဖြူ၊ ငရုတ်သီးစိမ်း အနည်းငယ်ထည့်ပြီး နှပ်ထားလျှင် အလွန်စားကောင်းသည်။ လက်ဖက်သည် အေးဖန်ခါးသော အရသာရှိသည်။ ကြက်သွန်ဖြူနှင့် ငရုတ်သီးစိမ်းသည် ပူစပ်အရသာရှိသည်။ အေးဖန်နှင့်ပူစပ် အရသာတွဲမိသောအခါ အစာလည်းကြေပြီး နှုတ်မြိန်စေသောစားဖွယ်ရာဖြစ်လာရသည်။

မြန်မာလူမျိုးတို့အကြိုက် ကောက်ညှင်းပေါင်းသည် ဝမ်းချုပ်လေချုပ်စေသောအစာဖြစ်သည်။ ဆန်စေး၊ ကောက်ညှင်းဆန်များသည် ဝမ်းကိုချုပ်စေသည်။ အောက်သို့သက်သောလေကို ပိတ်ဆို့သော ဓါတ်သဘောရှိသဖြင့် လေအားယုတ်သူ၊ ဝမ်းချုပ်သူများ ကောက်ညှင်းရှောင်ကြရသည်။ ထိုသူများ စားနိုင်စေရန်အတွက် ဓါတ်ဆရာများက နှမ်းထောင်းဖြူးပြီး ကျွေးကြသည်။ လေချုပ်စာနှင့် လေသက်စာ နှစ်မျိုး ရောကျွေးသည့် ဝိရောဓိဓာတ်စာဖြစ်သည်။ နှမ်းဆီဆမ်းကျွေးလျှင် ပို၍ပင်လေသက်စေနိုင်သည်။

မြန်မာ့ရိုးရာအစာဖြစ်သည့် မုန့်ဟင်းခါး တစ်ပွဲတွင်ကြည့်လျှင်လည်း ဝိရောဓိအစာများကို တွေ့ရသည်။ မုန့်ဟင်းခါးဖတ်သည် အချဉ်ပေါက်လွယ်သည်။ ကုလားပဲပြုတ် သို့မဟုတ် ပဲမှုန့်သည်လည်း ဝမ်းပျက်လွယ်သည်။ ထို့အတွက် ငှက်ပျောအူကိုထည့်ချက်သည်။ ငှက်ပျောပင်၏အူတိုင်သည် အဖန် ဓာတ်များပြီး ဝမ်းချုပ်စေသောသတ္တိရှိသည်။ ဝမ်းသက်လွယ်သောအစာနှင့် ဝမ်းချုပ်စေသော အစာ ဝိရောဓိနှစ်မျိုးကို ပေါင်းစပ်လိုက်သောအခါ ဝမ်းပျက် ဝမ်းလျှောခြင်းမှ ကာကွယ်ပြီးဖြစ်သည်။ ထို့ကြောင့် မုန့်ဟင်းခါးစားလျှင် ငှက်ပျောအူဖတ်ကိုပါစားသင့်သည်။ ရှေးက ဓာတ်စာဆရာကြီးများသည် နာလံထ ခံတွင်းပျက်သူကို မုန့်ဟင်းခါးဓာတ်စာပေးလေ့ရှိကြသည်။

ရှေးကမြန်မာတိုင်းရင်းဆေးဆရာကြီးများ အသုံးပြုခဲ့သော ဆေးနည်းကျော်များကို လေ့လာကြည့်သောအခါ အပူဆေးနည်း၊ အအေးဆေးနည်းဟု ခေါ်ဆိုသော်လည်း၊ ဆေးဖုံတွင်ပါဝင်သော ဆေးအမယ်များကို လေ့လာဆန်းစစ်ကြည့်သောအခါ အပူဆေးများတွင်လည်း အထိန်းအကွပ်အဖြစ် အအေးဆေးမယ်များပါရှိပြီး အအေးဆေးနည်းများတွင်လည်း အပူဆေးပစ္စည်းအချို့ကို အထိန်းအကွပ်အဖြစ် ထည့်သွင်းဖော်စပ်ထားသည်ကို လေ့လာတွေ့ရှိရသည်။ သို့မှသာ လူနာများအတွက် အပူလွန်ကဲခြင်း၊ အအေးလွန်ကဲခြင်း မဖြစ်နိုင်ဟုဆိုသည်။

ဝိရောဓိဆိုသည်မှာ ဆန့်ကျင်ဘက်ဟု အဓိပ္ပာယ်သက်ရောက်သည်။ ဝိရောဓိဖြစ်တိုင်း အကျိုးမရှိဟု မှတ်ယူ၍မရပေ။ လောကတွင်ရှိသမျှအရာများသည် တစ်မျိုးတည်း၊ တစ်ဘာသာတည်း၊ တသမတ်တည်း မဟုတ်ကြပေ။ အမျိုးမတူ ဆန့်ကျင်ဘက်များ၊ ဝိရောဓိများဖြင့် ဖွဲ့စည်းထားခြင်းဖြစ် သည်။ တစ်ခါတစ်ရံတွင် ထိုသို့ ဝိရောဓိဖြစ်ခြင်းများကပင် လောကကြီးကို တစ်နည်းအားဖြင့် အကျိုးပြု လျှက်ရှိသည်ကို ဆေးပညာသဘောအရရော လောကသဘောအရပါ သိမြင်နိုင်ပေသည်။ ဆန့်ကျင်ဘက်တိုင်း အကျိုးယုတ်သည်မဟုတ်၊ ဆန့်ကျင်ဘက်အရာနှစ်မျိုး ပေါင်းစပ်လိုက်သောအခါ အကျိုးပြုမှုများ ရှိသည်ကို တင်ပြလိုက်ရပါသည်။

**ဝိရောဓိဖြစ်ခြင်းများကပင် လောကကြီးကို တစ်နည်းအားဖြင့် အကျိုးပြုလျက်ရှိသည်ကို ဆေးပညာသဘောအရရော လောကသဘောအရပါ သိမြင်နိုင်ပေသည်။**


Y.E.S. Since 1994
ကျောင်းခွဲမရှိပါ၊
ဆရာဦးမြင့်ဆောင် B.A.(Hons.)(English), M.A.(ESL)(Hawaii, USA) ဦးစီးသော
International English Language Centre

တက္ကသိုလ်ဝင်တန်း ဖြေဆိုထားသူများအောင်မြင်ပြီးသူများ နှင့် ဘွဲ့ကြို၊ ဘွဲ့ရများအတွက်

| | | | |
|---|---|---|---|
| **Basic Spoken English** | | **Grammar Foundation Course** | |
| Mon to Thurs-10:00-12:00am | 14 Sep | Sat & Sun - 9:00-12:00am | 5 Sep |
| Mon to Thurs-1:00-3:00pm | 14 Sep | Mon to Thurs - 1:00-2:30 pm | 14 Sep |
| Sat & Sun - 9:00-12:00 am | 19 Sep | Mon to Thurs - 3:30-5:00 pm | 14 Sep |
| Sat & Sun - 12:30-3:30 pm | 19 Sep | **Structure & Written Expression** | |
| Mon to Thurs-7:30-9:30 am | 21 Sep | Sat & Sun - 3:30-6:30pm | 12 Sep |
| Mon to Thurs-1:00-3:00pm | 21 Sep | Mon to Thurs - 1:00-3:00 pm | 14 Sep |
| MontoThurs 3:00-5:00-7:00pm | 21 Sep | Sat & Sun - 9:00-12:00am | 26 Sep |
| **Pre-Intermediate English** | | Sat & Sun - 12:30-3:30 pm | 10 Oct |
| Mon to Thurs-5:00-7:00 pm | 7 Sep | **Academic Preparation for IELTS** | |
| Mon to Thurs-7:30-9:30 am | 21 Sep | Mon to Thurs - 10:30 - 12:30am | 21 Sep |
| Mon to Thurs-10:00-12:00 am | 21 Sep | **SAT** Mon to Thurs -3:30-5:00pm | 21 Sep |
| **Basic Writing Course** | | **IELTS**(Foundation) Mon&Thurs 5:30to7:00pm | 21 Sep |
| Mon to Thurs - 3:00-4:30 pm | 28 Sep | **IELTS**(Test Practice) Sat&Sun 10:30to12:30am | 19 Sep |
| **Vocabulary Enrichment Course** | | **IELTS**(Speaking) Sat&Sun 1:00to3:30pm | 19 Sep |
| Mon to Thurs - 3:30-5:00 pm | 21 Sep | **Academic Writing Course** | |
| | | San & Sun - 5:00 - 7:00 pm | 19 Sep |

No.190, 2nd Flr.,28th St:(Upper), Pabedan Tsp. Ph: 01-243950, 246910



ဆေးကုမ္ပဏီဝန်ထမ်းအလိုရှိသည်

အမှတ်-၉၉(ခ)၊ အခန်း(၃၀၆)၊ မြေနုလမ်း၊ မြေနုကွန်ဒို၊ မြေနီကုန်း၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့။

1. Computer Operator- (Female-2 posts)
ဘွဲ့ရ၊ အသက်(၃၀)နှစ်အောက်၊ Computer (MS Word+Excel) လျှင်မြန်ကျွမ်းကျင်သူ။
2. Receptionist- (Female-2 posts)
အသက်(၃၀) နှစ်အောက်၊ စကားပြောပြေပြစ်၍ အလုပ်လုပ်ချင်စိတ်ရှိသူ။
3. Sales and Marketing, Senior Level-(Male/Female- 4posts)
အသက်(၃၀)နှစ်အောက်၊ ဘွဲ့ရ၊ စကားပြောပြေပြစ်သူ၊ နယ်ခရီးထွက်နိုင်ရမည်။ ဆေးကုမ္ပဏီ၌ sales and marketing experience အနည်းဆုံး(၂)နှစ်ရှိသူ။
4. Driver- (Male-5posts)
အသက်(၃၅)နှစ်အောက်၊ ရိုးသား၍ ယာဉ်မောင်းကျွမ်းကျင်သူ၊ လိုင်စင်သက်တမ်း အနည်းဆုံး(၁)နှစ်၊ စိတ်ဝင်စားသူများ ဓာတ်ပုံ(၁)ပုံ၊ မှတ်ပုံတင်၊ သန်းခေါင်စာရင်း၊ ရဲစခန်းထောက်ခံစာ၊ အလုပ်သမားမှတ်ပုံတင် တို့၏ မိတ္တူကို CV Form နှင့်အတူတွဲ၍ လာရောက်လျှောက်ထားနိုင်ပါသည်။



ကွန်ပျူတာ စနစ်ဖြင့်ထိန်းသော
MECHINICAL CAR PARKING






TPW
No. (31), Room (5), 7 Miles, Pyay Road, Yangon
T: 09.259.81.36.36
: 09.259.81.37.37
: 09.259.81.46.46
အမှတ်(၃၁)၊ အခန်း (၅)၊ ၇မိုင်၊ ပြည်လမ်း၊ ရန်ကုန်။

အခန်းဆက်ဝတ္ထုရှည်



# ကမ္ဘာကုန် ကျယ်သရွေ့ဝယ်

တက္ကသိုလ်ဘုန်းနိုင်

**ယမန်နေ့မှအဆက်**

"တော်စမ်းပါ တင်မောင်စိုးရာ၊ မင့်နှမ ချောကြောင်း၊ နောက် လေးနှစ်ဆို အပျိုဖြစ်တော့မယ့်အကြောင်း ကြေညာမနေစမ်းပါနဲ့၊ အချိန်တန်မှ တို့ဘာသာတို့ သန်းခေါင်စာရင်းကောက်ယူပွဲမယ်၊ အခု ငါ သက်ခိုင်ကို ရှင်းပြဦးမယ်"

သက်ခိုင် စိတ်ပျက်စွာနှင့် ခုတင်ပေါ်၌ ထိုင်၏။ အေးဝင်းက သက်ခိုင်နား ကပ်သွားပြီး ရှင်းပြ၏။

"ဒီမှာ သက်ခိုင်၊ မင်းတောင်းဆိုခဲ့တဲ့အတိုင်း ဒီကောင်တွေကတိတည်ခဲ့တယ်၊ ဒီတော့ မင်းလည်း မင်းကတိ မင်းတည်မှပေါ့"

"ဘာကတိလဲ. . . အေးဝင်းရ"

"မင်းက မေ့သွားပြီလား၊ သူငယ်ချင်းတွေအားလုံးကို မင်း ဦးကြီးအိမ်ခေါ်သွားပါမယ်ဆို"

သက်ခိုင် ငိုင်သွား၏။ မောင်ရှိန်က ကြောင်နာသံလေးနှင့် ဝင်ထောက်၏။

"ဟုတ်ပါတယ် အစ်ကိုရာ . . . အဲဒီတုန်းက ကျွန်တော်များကတောင်ပညာမဲ့ သတိရှိမြဲ ဆိုတဲ့ စကားပုံအတိုင်း စိုးရိမ်လို့ ဝါနင်ပေးခဲ့တယ် မဟုတ်လား၊ အစ်ကို့ အစ်မနဲ့ ကျွန်တော်များ နီးစပ်သွားရင် ဘယ့်နှယ်လုပ်မလဲလို့၊ ဘယ့်နှယ်လုပ်မလဲ. . . လို့. . . အ. . ဟို့. . ."

သက်ခိုင်သည် ငိုင်နေရာမှ အားရပါးရ ရယ်မောမိသည်။

"ခွေးကောင်တွေ. . ဒါမျိုးများကျ သိမ်မှတ်မိတယ်၊ ကျောင်းစာနဲ့ ကရာ့နီ့ကြွေးကျတော့ မမှတ်မိကြဘူး"

တင်မောင်စိုးက ကွန့်ဖြစ်အောင် ကွန့်လိုက်သေး၏။

"တို့မှတ်ဉာဏ်ကို ဒီလောက်တောင် အထင်မသေးပါနဲ့ သက်ခိုင်ရာ၊ ဟေ့ကောင်တွေ. . . မဟုတ်ဘူးလား၊ တို့ ဘယ်တုန်းကမှ အပေါင်ဆုံးဖူးလို့လဲ၊ လက်မှတ်လဲရမယ့် နေ့များ ဘယ်တုန်းကမှ မမေ့ဖူးပေါင်"

သက်ခိုင်က နေရာမှ ထ၏။

"ကဲ. . . တော်ကြတော့ ကိုယ့်လူတွေ၊ အချိန်မရှိဘူး၊ သွားကြရအောင်"

သူငယ်ချင်းတစ်သိုက်သည် ခြင်းတောင်းကို တစ်ယောက်တစ်လဲ ကူညီဆွဲပြီး ထွက်လာခဲ့ကြ၏။

အဝတ်အစားမှ ပရုတ်နံ့များ လေသလပ်၍ ပြယ်အောင် ကားမစီးဘဲ ခြေကျင်လျှောက်ကြရန် မောင်ရှိန်က အကြံပေးသဖြင့် ကျန်လူများက သဘောတူလိုက်ကြ၏။

မလေးနွယ်တို့ ခြံဝရောက်သောအခါ မောင်ရှိန်က သူ့နှာရှုံ့ရှက်သူဆွဲလိမ်သည်။

သက်ခိုင်က မေး၏။

"ဟေ့ကောင်. . . ဘာလုပ်တာလဲ"

"ငါ့မျက်နှာ တည်အောင် သံပတ်တင်းနေတာ"

သူငယ်ချင်းများက တင်မောင်စိုးကို လှည့်ကြည့်ကြ၏။ အဓိပ္ပာယ်ကို သိသော တင်မောင်စိုးက ပြော၏။

"ဘာလဲ. . . ငါ့မျက်ခွက်ကို စိတ်မချလို့လား၊ စိတ်ချ. . မောင်ရှိန်မှာလည်း သူ့ခလုတ်နဲ့သူ၊ ငါလည်း ငါ့ခလုတ်နဲ့ငါ၊ မောင်ရှိန့်ခလုတ်က နားမှာရှိတယ်၊ ငါ့ခလုတ်က နှာခေါင်းမှာ ရှိတယ်"

ပြောပြောဆိုဆိုနှင့် တင်မောင်စိုးသည် သူ့နှာခေါင်းမွေးကို ဆွဲနုတ်ပြ၏။

"မြင်လား. . . ငါက လူတောသူတောမှာ စပ်ဖြဲဖြဲဖြစ်ချင်လာရင် နှာခေါင်းမွေး ဆွဲနုတ်ပစ်လိုက်တာပဲ၊ မျက်နှာတည်သွားရုံမကဘူး၊ မျက်ရည်တောင် တောက်ခနဲကျတယ်"

တင်မောင်စိုး၏ စကားကြောင့် ကျန်သူငယ်ချင်းများက ရယ်ကြသည်။ တင်မောင်စိုးကား မရယ်၊ သူ့မျက်လုံးများ၌ အမှန်ပင် မျက်ရည်များ ဝဲနေ၏။

သက်ခိုင်က ရှေ့ဆောင်ကာ ခြံတွင်း ဝင်လိုက်သဖြင့် အားလုံး မျက်နှာပိုးသတ်၍ လိုက်လာကြသည်။

အိမ်တွင်း၌ အဆင်သင့်ပင် မလေးနွယ်တို့၏ မိသားစုသုံးယောက်လုံးကို တွေ့ရသည်။

မလေးနွယ်က ထုံးစံအတိုင်း ဝမ်းသာရွှင်ပျစွာနှင့် သက်ခိုင်ကို ကြိုသည်။

"ဟော. . . မောင် ပြန်လာပြီလား၊ ဘယ်နေ့က ရောက်သလဲ"

"မနေ့ကပဲ မမနွယ်"

သက်ခိုင်သည် မလေးနွယ်နှင့် နှုတ်ဆက်စကားပြောပြီးနောက် သူငယ်ချင်းများအား ဆိုဖာများပေါ်တွင် ထိုင်ခိုင်း၏။

ခပ်လှမ်းလှမ်းရှိ စားပွဲ၌ သတင်းစာ ဖတ်နေရာမှ ဦးထင်ကျော်သည် ထလာ၏။

"လူကလေးပါလား. . . ဒါထက် ဟိုခြင်းကြီးကဘာလဲ"

"ပြည်က ကျွန်တော် ယူလာတာပါ ဦးကြီး၊ အကောင်းတွေ ရယ်တော့ မဟုတ်ပါဘူး၊ ပျားရည်ရယ်. . . ပြည်လက်ဖက်ရယ်. . ကြက်တင်းတောင် ဩဇာသီးတွေရယ်၊ ဦးကြီးနဲ့ ဒေါ်ဒေါ့်ကို ကျွန်တော် သီတင်းကျွတ်ကန်တော့ချင်လို့ပါ"

"ဟာ. . . အကောင်းတွေချည်းပဲ၊ ပျားရည်တော့ ဦးကြီးအတွက် ဟန်ကျတာပဲ၊ ဦးကြီးမှာ သွေးတိုးရောဂါ နည်းနည်းရှိတော့ ဘုမ္မရာဇာမှုန့်နဲ့ ပျားရည် မှန်မှန်စားနေရတယ်၊ လက်ဖက်ကတော့ မင့်အဒေါ်အကြိုက်ပဲ၊ ကြက်တင်းတောင် ဩဇာသီးတော့တို့အားလုံး ကြိုက်သပေါ့ကွယ်၊ ကဲ. . . ကန်တော့. . . ကန်တော့"

နှစ်ယောက်ထိုင် ဆိုဖာတစ်ခုထက်၌ ဒေါ်အေးသန့်က ထိုင်လျက် သက်ခိုင်တို့ကို ပြုံးကြည့်နေသည်။ ဦးထင်ကျော်က ဒေါ်အေးသန့်၏ဘေး၌ ဝင်ထိုင်လိုက်သည်။

မလေးနွယ်က ရယ်ရင်းပြော၏။

"အတော်ပဲ. . ဒီသီတင်းကျွတ်မှာ ဖေဖေနဲ့ မေမေကို နွယ် မကန်တော့ ရသေးဘူး၊ မောင်ယူလာတဲ့ လက်ဆောင်တွေနဲ့ နွယ် အချောင်ဝင်ကန်တော့ဦးမယ်"

သက်ခိုင်နှင့် မလေးနွယ်သည် ကော်ဇောခင်းထားသော ကြမ်းပြင်ပေါ်၌ အတူယှဉ်တွဲ ထိုင်ကြပြီး ဦးထင်ကျော်နှင့်ဒေါ်အေးသန့်ကို ကန်တော့ကြသည်။

အရွယ်ချင်းကလည်း ညီကြသည်။ နုပျို့ရွှန်းသစ်ခြင်း၌လည်း တူကြသည်။ ရုပ်ရည်ချင်းကလည်း ဆင်ကြ၏။

ပြိုင်တူညီညီ ဦးချ ကန်တော့လျက်ရှိကြသော သမီးနှင့်တူကို ကြည်နူးနှစ်သိမ့်စွာ ကြည့်နေမိရာမှ ဒေါ်အေးသန့်သည် ဦးထင်ကျော်၏ဘက်သို့ တစ်ချက်လှည့်ကြည့်လိုက်သည်။

ဦးထင်ကျော်သည်လည်း တစ်ချက် ငိုင်သွား၏။ ပြုံးရွှင်နေသော သူ့မျက်နှာသည် စိတ်ထိခိုက်မှုကြောင့် မသိမသာ နွမ်းသွားသည်။ သူကလည်း ဒေါ်အေးသန့်ကို လှည့်ကြည့်၏။ ဒေါ်အေးသန့်၏ ပျော့ပျောင်းနူးညံ့သော မျက်လုံးများတွင် မျက်ရည်ရိပ်ရိပ် လွှမ်းနေ၏။

ဦးထင်ကျော်သည် ချက်ချင်းပင် ပြန်လည် ပြုံးရယ်လိုက်ပြီး ဆုပေး၏။

"အေး အေး. . . သာခု သာခု သာခု၊ ငါ့တူရော . . . ငါ့သမီးရော ဘုန်းကြီးလို့ သက်ရှည်ကြပါစေ၊ အကုသိုလ်ကို ရှောင်နိုင်ပြီး ကုသိုလ်ကို ဆောင်နိုင်ကြပါစေ၊ လိုအပ်သောဆု. . . မြတ်သောဆုတို့နဲ့ ပြည့်စုံကြပြီး ယောကျ်ားကောင်း ယောကျ်ားမြတ်၊ မိန်းမကောင်း မိန်းမမြတ်ဖြစ်နိုင်ကြပါစေ. . ."

သက်ခိုင်နှင့် မလေးနွယ် ပြုံးရွှင်ကြည်လင်စွာနှင့် တစ်ဦးမျက်နှာ တစ်ဦး ကြည့်လိုက်ကြပြီး နေရာမှ ထသည်။

တစ်ယောက်ထိုင် ဆိုဖာတစ်လုံးသာ အလွတ်ကျန်တော့၏။ မလေးနွယ်က ဆိုသည်။

"အဲဒီဆိုဖာပေါ်မှာ မောင် ထိုင်၊ မမနွယ် ထိုင်စရာတစ်ခု သွားယူဦးမယ်"

သက်ခိုင်က ဆိုဖာပေါ်တွင် ထိုင်လိုက်၏။ မလေးနွယ်က ဗုံတိုဖုံလေးတစ်လုံးကို ယူလာပြီး သက်ခိုင်၏ ဆိုဖာအနီးတွင် ချကာ ထိုင်၏။ လက်ကလေး တစ်ဖက်ကို သက်ခိုင်၏ ဆိုဖာလက်တန်းပေါ်၌ တင်ထားပြီး ကိုယ်လေးကို နွဲ့နွဲ့ယိုင်မှီထား၏။

သက်ခိုင်က သူငယ်ချင်းများကို မလေးနွယ်တို့ မိသားစုနှင့် မိတ်ဖွဲ့ပေးသည်။

ဦးထင်ကျော်သည် တင်မောင်စိုး၏ မျက်နှာကို သေချာစွာစူးစိုက်ကြည့်ပြီး မေး၏။

"မောင်ရင့်မျက်နှာကို ဦးမြင်ဖူးတယ် ထင်တယ်၊ ဘယ်မှာမြင်ဖူးမှန်း မသိဘူး"

"ဟုတ်ကဲ့. . . ကျွန်တော့်အဖေကို ဦးမြင်ဖူးတာဖြစ်ပါလိမ့်မယ် ခင်ဗျာ"

"မောင်ရင့်အဖေက ဘယ်သူတုံး"

တင်မောင်စိုးသည် ခွကျဟန် သူ့ခေါင်းကြီးကို ဟိုလှည့်သည်လှည့်လုပ်ပြီးမှ အမှန်ကိုဖြေသည်။

"ကျွန်တော်အဖေက ဝတ်လုံတော်ရဦးဖြူပါ"

ဦးထင်ကျော်သည် ဝမ်းသာအားရ ဆိုသည်။

"ဟ. . ဦးဖြူက ဦးရဲ့ မိတ်ဆွေရင်းကြီးပဲ၊ တရားရေးရာမှာ ဦးဖြူက ဦးတို့ထက်တောင် စီနီယာကျသေးတယ်၊ ဟုမ္မရူးအတွက် ဘိလပ်သွားပြီး စားပွဲဝိုင်းကွန်ဖရင့်တောင်တက်ခဲ့တဲ့ ရှေ့ပြေးမျိုးချစ်ပုဂ္ဂိုလ်ကြီးတစ်ဦးပဲ၊ အခု အထိလည်း ဟိုက်ကုတ်မှာ အမှုလိုက်နေတုန်းပဲ၊ ငါ့တူလည်း ဖအေ့ခြေရာနင်းနိုင်အောင် ကြိုးစားပေါ့"

တင်မောင်စိုးသည် မမျှော်လင့်ဘဲ အချီးမွမ်းခံရသည်ကို ရှက်ဟန်နှင့် သူ့နှာခေါင်းကို လက်နှင့် ကွယ်သယောင်ပြုသည်။ ဤသို့ ပြုရင်းလည်း နှာခေါင်းမွေးတစ်ပင်ကို မိအောင် ဆွဲထား၏။

မလေးနွယ်က မောင်ရှိန်ကို လှမ်းကြည့်ပြီး ဆို၏။

(ဆက်လက်ဖော်ပြပါမည်။)

**(၁၉၆၆ ခုနှစ်က ထုတ်ဝေခဲ့သော ဆရာတက္ကသိုလ်ဘုန်းနိုင်၏ စာအုပ်မှ အခေါ်အဝေါ်နှင့် အသုံးအနှုန်းများ၊ စာလုံးပေါင်းသတ်ပုံနှင့် သဒ္ဒါအထားအသိုများကို မူရင်းအတိုင်း ဖော်ပြခြင်းဖြစ်ပါသည်။)**




'ခဝါလေ့မွန်' စာအုပ်အမှတ် ၁၇

ရွှေအမြုတေ ဝတ္ထုတိုဆုရ 'အပြန်လမ်းဘယ်မှာ လမ်းဘယ်မှာ' အပါအဝင် မဂ္ဂဇင်းဝတ္ထုတို ၁၇ ပုဒ်စုစည်းမှု

**စံပယ်ဖြူနု**

**အပြန်လမ်းဘယ်မှာ လမ်းဘယ်မှာ**

နှင့် မဂ္ဂဇင်းဝတ္ထုတိုများ

ဖြန့်ချိရေး - ခဝါလေ့မွန် စာအုပ်တိုက် ၀၉ ၇၃၀၅၃၈၃၄၊ ၀၉ ၂၅၄၃၄၇၁၈၈၊ ၀၉ ၅၁၁၂၄၁၆



TAXI ရောင်းမည်
CNG CALDINA
တစ်လက်ကိုင်၊ အိမ်မပေးပါ၊
ပုဇွန်တောင်
ဖုန်း-၀၉-၅၄၁၃၈၈၅



**ကားရောင်းမည်**
Taxi - Caldina (ပါခြမ်း)
AA ...., CNG.
Ph : 09975365615
09-33393170



**သားအဖြစ်မှအမွေပြတ်စွန့်လွှတ်ခြင်း**

အမှတ်(၂၀)၊ အနော်မာ(၄)လမ်း၊ (၁)ရပ်ကွက်၊ သာကေတမြို့နယ်နေ အဖ ဦးစိုးမြင့်(ALE-၀၀၀၆၇၃)၏သားဖြစ်သူ မောင်စိုးမင်းဦးသည် မိဘများအား အကြိမ်ကြိမ်စိတ်ဆင်းရဲအောင်ပြုလုပ်ပါသဖြင့် ၎င်းအား သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်သည်။ နောက်နောင်တွင် ၎င်းနှင့် ပတ်သက်သော ကိစ္စအဝဝအား လုံးဝတာဝန်ယူဖြေရှင်းပေးမည်မဟုတ်ပါ။ စုံစမ်းမေးမြန်းခြင်း သည်းခံပါ။

**ဦးစိုးမြင့်**



**စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့**

**တံတားအသုံးပြုခ ကောက်ခံခြင်းလုပ်ငန်းဆောင်ရွက်ရန်**

**အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း**

စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ လက်ရှိတံတားအသုံးပြုခ ကောက်ခံနေသော မူးတံတား၏ (၁-၁၀-၂၀၁၅မှ ၃၀-၉-၂၀၁၈ထိ) တံတားအသုံးပြုခကောက်ခံခြင်းလုပ်ငန်း (၃)နှစ်လုပ်ကိုင်ခွင့် လုပ်ငန်းလိုင်စင်ကို နိုင်ငံသားလုပ်ငန်းရှင်များသို့ အောက်ဖော်ပြပါအတိုင်း အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ဆောက်ရွက်မည် ဖြစ်ပါသည်။

(က) အိတ်ဖွင့်တင်ဒါဆောင်ရွက်မည့်တံတား - မူးတံတား
(ခ) ဈေးနှုန်းတင်သွင်းလွှာနှင့် စည်းကမ်းချက်များ ဝယ်ယူနိုင်သောနေရာ - မုံရွာဘူတာ၊
(ဂ) အိတ်ဖွင့်တင်ဒါတင်သွင်းရမည့် ရက်နှင့်အချိန် -၂၅-၉-၂၀၁၅ရက်(သောကြာနေ့) နံနက် ၆း၀၀နာရီမှ နံနက် ၈နာရီအထိ
(ဃ) အိတ်ဖွင့်တင်ဒါပေးသွင်းရမည့်နေရာ - ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန (မုံရွာမြို့)
(င) အိတ်ဖွင့်တင်ဒါဖွင့်လှစ်မည့် နေ့ရက်နှင့်အချိန်-၂၅-၉-၂၀၁၅ရက်(သောကြာနေ့) နံနက် ၁၀နာရီ
(စ) အိတ်ဖွင့်တင်ဒါ ဖွင့်လှစ်မည့်နေရာ-ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊မုံရွာမြို့။

မှတ်ချက်။ ။ အိတ်ဖွင့်တင်ဒါ ဝယ်ယူခွင့်တောင်းခံလွှာနှင့် စည်းကမ်းချက်များအား (၁)စုံလျှင် (၁၀၀၀၀)ကျပ်နှုန်းဖြင့် ၁၈-၉-၂၀၁၅ရက်မှစ၍ မုံရွာဘူတာတွင် ဝယ်ယူနိုင်ပါသည်။

**ဥက္ကဋ္ဌ**
**တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ**
**စစ်ကိုင်းတိုင်းဒေသကြီး**



# အလိုရှိသည်

၁။ တည်ဆောက်ဆဲအထပ်မြင့်ဆောက်လုပ်ရေးလုပ်ငန်းတွင် အောက်ဖော်ပြပါ M & E လုပ်ငန်းများဆောင်ရွက်လိုပါသဖြင့် အထပ်မြင့်ဆောက်လုပ်ရေးအတွေ့အကြုံရှိသော M & E Contractors များအလိုရှိပါသည်-

(၁) Plumbing and Sanitary System
(၂) Water Supply System
(၃) Air Condition & Ventilation System
(၄) Electrical and Communication System
(၅) Fire Fighting and Fire Alarm System

၂။ ပါဝင်ဆောင်ရွက်လိုသော M & E Contractors ကုမ္ပဏီများသည် ကုမ္ပဏီမှတ်ပုံတင်(မူရင်း/ မိတ္တူ)၊ ကုမ္ပဏီရာဇဝင်(Profile)၊ လုပ်ငန်းအတွေ့အကြုံ၊ ကုမ္ပဏီ၏ Organization Chat တို့နှင့်အတူ အောက်ဖော်ပြပါ ရုံးသို့ ကြော်ငြာပါသည့်ရက်မှ (၁၄)ရက်အတွင်း ဆက်သွယ်နိုင်ပါသည်။

ဆက်သွယ်ရန်လိပ်စာ- အထွေထွေမန်နေဂျာ
အမှတ်(၂၃/စီ)၊ သုခဝတီလမ်း၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း-၀၁-၈၆၀၅၀၀၃၊ ၈၆၀၅၀၀၄၊ ၈၆၀၅၀၄၄၊ ၉၆၀၅၀၄၅

# ကျောက်ပန်းတောင်းမြို့နယ် ရပ်ကွက်၊ ကျေးရွာအုပ်စုကော်မရှင်ရုံးများတွင် ဒုတိယအကြိမ် စိစစ်ပြီးဖြစ်သော မဲဆန္ဒရှင်စာရင်းပုံစံ (၁) များ ထုတ်ပြန်ကြေညာ

**ကျောက်ပန်းတောင်း စက်တင်ဘာ ၁၆**

မန္တလေးတိုင်းဒေသကြီး ကျောက်ပန်းတောင်းမြို့နယ် လွှတ်တော်မဲဆန္ဒနယ်အတွင်းရှိ ရပ်ကွက်၊ ကျေးရွာအုပ်စုများမှ မဲဆန္ဒပေးပိုင်ခွင့်ရှိသူများစာရင်းကို မြို့နယ်ကော်မရှင်အဖွဲ့က ဒုတိယအကြိမ်စိစစ်ပြီးဖြစ်သဖြင့် စိစစ်ပြီးမဲစာရင်းပုံစံ (၁) များကို သက်ဆိုင်ရာရပ်ကွက်၊ ကျေးရွာအုပ်စုကော်မရှင်အဖွဲ့များသို့ ဖြန့်ဝေပေးခဲ့ပြီးဖြစ်သည်။ ယင်းမဲစာရင်းများကို စက်တင်ဘာ ၁၄ ရက် နံနက်ပိုင်းမှ စတင်၍ ကြေညာထားရာ ပြည်သူများလာရောက်ကြည့်ရှုလျက်ရှိကြောင်း သိရသည်။

ကျောက်ပန်းတောင်းမြို့နယ်တွင် ရပ်ကွက် (၁၂) ရပ်ကွက်၊ ကျေးရွာအုပ်စု ၁၀၉ အုပ်စုနှင့် ကျေးရွာခွဲပေါင်း ၃၇၉ ရွာရှိပြီး မဲရုံ ၃၈၆ ရုံတွင် ဒုတိယအကြိမ် စိစစ်ပြီး မဲပေးပိုင်ခွင့်ရှိသူ မဲဆန္ဒရှင် ၂၁၉၈၁၉ ဦးရှိကြောင်း သိရသည်။ အဆိုပါမဲစာရင်းပုံစံ (၁) တွင် အသက် ၁၈ နှစ်ပြည့်ပြီး ဆန္ဒမဲပေးပိုင်ခွင့်ရှိသူ နိုင်ငံသားတိုင်း မိမိတို့နေထိုင်ရာ ရပ်ကွက်၊ ကျေးရွာအုပ်စု မဲစာရင်းတွင် မိမိအမည်ပါဝင်ခြင်း ရှိ-မရှိ သွားရောက်ကြည့်ရှုနိုင်ပြီး မိမိအမည်ပါဝင်ခြင်းမရှိသေးပါက မဲစာရင်း၌ အမည်ထည့်သွင်းပေးရန် ပုံစံ (၃) တွင်လိုအပ်သည်များ ဖြည့်သွင်းလျှောက်ထားရမည်ဖြစ်သည်။

ယင်းအပြင်မဲစာရင်း၌ပါရှိသော အမည်၊ ကျား၊ မ၊ မွေးသက္ကရာဇ်၊ မှတ်ပုံတင်အမှတ်နှင့် မိဘအမည်များ၊ နေရပ်လိပ်စာများကိုပြင်ဆင်ဖြည့်စွက်လိုလျှင်သော်လည်းကောင်း၊ ပုဂ္ဂိုလ်တစ်ဦးဦးကို ကန့်ကွက်လိုလျှင်သော်လည်းကောင်း၊ အဆိုပါပြင်ဆင်လိုသူ (သို့မဟုတ်) ကန့်ကွက်လိုသူမှ ကိုယ်တိုင်သော်လည်းကောင်း၊ ကိုယ်စားလှယ်ဖြင့်သော်လည်းကောင်း၊ ပုံစံ(၄) သို့မဟုတ် ပုံစံ (၄-က) တွင် လိုအပ်သည်များဖြည့်သွင်းရေးသား၍ ပြင်ဆင်လွှာ သို့မဟုတ် ကန့်ကွက်လွှာဖြင့် ပြင်ဆင်၊ ကန့်ကွက်နိုင်ကြောင်း သိရသည်။

အဆိုပါ ပုံစံ(၃)၊ ပုံစံ(၄) နှင့် ပုံစံ (၄-က)များကို ကော်မရှင်အဖွဲ့များထံတွင်စက်တင်ဘာ ၂၇ ရက်နေ့ ရုံးချိန်အတွင်း နောက်ဆုံးထား တင်သွင်းရမည်ဖြစ်သည်။ သတ်မှတ်ရက်ကျော်လွန်တင်သွင်းလာသော တောင်းဆိုလွှာ၊ ပြင်ဆင်လွှာ၊ ကန့်ကွက်လွှာများကိုနည်းဥပဒေ ၁၄ (က) ပါ ပြဋ္ဌာန်းချက်များအတိုင်းသာ လက်ခံစဉ်းစားမည်ဖြစ်ကြောင်းကြေညာထားသည်။

**ကိုနေ(ကျောက်ပန်းတောင်း)**

## ပညာရေးဝန်ကြီးဌာန၏ ခွင့်ပြုရန်ပုံငွေကျပ်သိန်း ၂၇၀၀ ဖြင့် ကျောင်းဆောင်သစ်များ ဆောက်လုပ်

**မြင်းမူ စက်တင်ဘာ ၁၆**

၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ် ပညာရေးဝန်ကြီးဌာန၏ ခွင့်ပြုရန်ပုံငွေကျပ်သိန်း ၂၇၀၀ ဖြင့် စစ်ကိုင်းတိုင်းဒေသကြီး မြင်းမူမြို့နယ်တွင် ကျောင်းဆောင်သစ်များကို ကျောင်း ၁၀ ကျောင်း၌ ဆောက်လုပ်လျက်ရှိကြောင်း သိရသည်။

ဆောက်လုပ်လျက်ရှိသော ကျောင်းဆောင်သစ်များဖြစ်သည့် အ. ထ. က(၂) (မြင်းမူ) နှင့် အ. ထ. က (ပဲကူ) ကျောင်းဆောင်သစ်များကို Data Myanmar ကုမ္ပဏီကလည်းကောင်း၊ အ. ထ. က (ခွက်ခွင်း) နှင့် အ. မ. က (ကံသုံးဆင့်) ကျောင်းဆောင်သစ်များကို မင်းကွန်းကုမ္ပဏီကလည်းကောင်း၊ အ. မ. က [ပဲတောင်း(မ)] နှင့် အ. မ. က (သူဌေးကုန်း) ကျောင်းဆောင်သစ်များကို အောင်စည်ဟိန်းကျော်ကုမ္ပဏီကလည်းကောင်း၊ အ. မ. က (ညောင်မြစ်)၊ အ. မ. က (မစုရ)၊ အ. မ. က (စံပယ်ကန်) နှင့် အ. မ. က (မကျီးစု) ကျောင်းဆောင်သစ်များကို Prime Tech ကုမ္ပဏီကလည်းကောင်း တာဝန်ယူဆောက်လုပ်လျက်ရှိသည်။

အဆိုပါကျောင်းဆောင်သစ်များကို ဇူလိုင်နှင့် ဩဂုတ်လမှ စတင်ဆောက်လုပ်ခဲ့ရာ ယခုအခါ ၃၅ ရာခိုင်နှုန်းကျော် ဆောက်လုပ်ပြီးစီးနေပြီဖြစ်သည်။ ကျောင်းဆောင်သစ်များ သတ်မှတ်စံချိန်စံညွှန်းပြည့်မီရေးနှင့် သတ်မှတ်ကာလအတွင်း ပြီးစီးရေးအတွက် မြင်းမူမြို့နယ်ပညာရေးမှူး ဒေါ်မြသိန်းနှင့် ဝန်ထမ်းများက ကွင်းဆင်းစစ်ဆေး ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**အောင်စိုးဖေ**

## ရေကြည်နှင့် လေးမျက်နှာမြို့နယ်များရှိ ရေဘေးသင့်ပြည်သူများအတွက် ထောက်ပံ့ပစ္စည်းများ သွားရောက်လှူဒါန်း

**ရေကြည် စက်တင်ဘာ ၁၆**

ထိုင်းနိုင်ငံ ဘူရီပြည်နယ် Jai Fah project Thammarak Foundation ဆရာတော်နှင့် ဒါယကာ ဒါယိကာမများက မြန်မာပြည် ရေဘေးသင့်ပြည်သူများအတွက် ပေးပို့လှူဒါန်းသော ဆေးဝါးများနှင့် စားသောက်ကုန်များကို ရိုးမရေစီး ပရဟိတအဖွဲ့က လေးမျက်နှာ၊ ဟသ်ာတ၊ အင်ပူ၊ ရေကြည်မြို့နယ်များရှိ ကျေးရွာလေးရွာသို့ စက်တင်ဘာပထမအပတ်တွင် သွားရောက် လှူဒါန်းခဲ့ကြောင်း သိရသည်။



ယင်းတို့သည် ကျေးရွာလေးရွာ၊ အိမ်ထောင်စု ၆၇၀ အား အသင့်စားထမင်းဘူး ၁၂၀၆၀၊ ဆန်ပြုတ်ထုပ်ကြီး ၂၄၁၂၀ ထုပ်၊ ငါးသေတ္တာဘူး ၃၃၅၀ တို့အား ဝေငှပေးခဲ့သည်။ ယင်းအပြင် ဆန် ၁၄ အိတ်ကို ရေကြည်မြို့နယ် ဖန်ခါးကုန်းကျေးရွာရှိ အိမ်ထောင်စု ၁၅၈ စုအား တစ်အိမ်ထောင်လျှင် ဆန်နှစ်ပြည်နှုန်းလှူဒါန်းခဲ့ကြသည်။

ယင်းအပြင် လေးမျက်နှာမြို့နယ် နင်းကြမ်းကျေးရွာ တွဲဖက်အ. ထ. ကကျောင်းအား တင်းပြည့် အ. ထ. ကအဆင့်ရောက်စေရန် လိုအပ်လျက်ရှိသော သိပ္ပံဆောင် တည်ဆောက်ရေးအတွက် မတည်လှူဒါန်းငွေများ၊ ရေကြည်မြို့နယ် ဖန်ခါးကုန်း အ. မ. ကခွဲအတွက် ပျက်စီးနေသော ကြမ်းခင်းနှင့် စာရေးခုံများအား ပံ့ပိုးပေးနိုင်ရန် စီစဉ်ဆောင်ရွက်မှုများ ပြုလုပ်ခဲ့ကြောင်း သိရသည်။

"အဲဒီဘက်က ရွာလေးတွေက အစကတည်းကလည်း ချို့တဲ့ကြတယ်။ ရွာကျောင်းလေးတွေကလည်း ရေဘေးမသင့်ခင်ကတည်းက လိုအပ်ချက်တွေများနေတာ။ အခုလို ပံ့ပိုးကူညီနိုင်တဲ့အတွက် ဝမ်းမြောက်မိပါတယ်" ဟု ရိုးမရေစီးပရဟိတအဖွဲ့ အတွင်းရေးမှူး ဒေါက်တာစိုးမင်းအောင်က ပြောသည်။

**(ကြေးမုံ)**






# ကောင်းမူးဖိတ်(စေတီဖြူ)ကျေးရွာ မြေငှားဂရန်များ ပေးအပ်

**မောက်မယ် စက်တင်ဘာ ၁၆**

နိုင်ငံတော်သမ္မတကြီးနှင့် ပြည်ထောင်စုဝန်ကြီး၊ ပြည်ထဲရေးဝန်ကြီးဌာနတို့၏ လမ်းညွှန်ချက်များဖြင့် ကျေးလက်နေပြည်သူများ မြေပိုင်ဆိုင်ခွင့်ရရှိရေး၊ လယ်ယာမြေပြဿနာများနည်းပါးရေး၊ မြေယာလုပ်ထုံးလုပ်နည်းများအား ပြည်သူများသိရှိစေရေး၊ ကျေးလက်နေပြည်သူများ စိတ်ပိုင်းနှင့် ရုပ်ပိုင်းဆိုင်ရာလုံခြုံမှုများပိုမိုရရှိရေး၊ နိုင်ငံတော်မှ ရသင့်ရထိုက်သော အခွန်ငွေများရရှိစေရေးအတွက် ကျေးရွာမြေများ မြေငှားဂရန်နှစ် ၃၀ စာချုပ်ပေးအပ်ပွဲအခမ်းအနားကို ရှမ်းပြည်နယ်(တောင်ပိုင်း) လင်းခေးခရိုင် မောက်မယ်မြို့နယ် စဥ့်ဝင်ကျေးရွာအုပ်စု ကောင်းမူးဖိတ် (စေတီဖြူ) ကျေးရွာ၌ စက်တင်ဘာ ၁၂ ရက် နံနက် ၉ နာရီက ကျင်းပခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ခရိုင်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ၊ ကျေးရွာမြေငှားဂရန်ထုတ်ပေးရေးလုပ်ငန်းအဖွဲ့ဥက္ကဋ္ဌ၊ ခရိုင်အုပ်ချုပ်ရေးမှူး ဦးစိုးမြင့်နှင့် ခရိုင်လုပ်ငန်းအဖွဲ့ဝင်များ၊ မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးတင်စိုးနှင့် မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ မြို့နယ်အဆင့်ကော်မတီဝင်များ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ တိုင်းရင်းသားပြည်သူများ အင်အား ၄၀၀ ကျော်တက်ရောက်ခဲ့ပြီး ခရိုင်လုပ်ငန်းအဖွဲ့ဥက္ကဋ္ဌ၊ ခရိုင်လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန၊ ခရိုင်ဦးစီးမှူးနှင့် မြို့နယ်လုပ်ငန်းအဖွဲ့ဥက္ကဋ္ဌတို့မှ မြေငှားဂရန်စာချုပ်နှစ် ၃၀ ထုတ်ပေးရခြင်းနှင့်ပတ်သက်၍ သတ်မှတ်ထားသော စည်းမျဉ်းစည်းကမ်းများနှင့်မြေဧရိယာတိုင်းတာမှုများကို အသေးစိတ်ရှင်းလင်းတင်ပြခဲ့ကြကြောင်း သိရသည်။

ဆက်လက်ပြီး ခရိုင်ကောလိပ်တော်အရာရှိ၊ ခရိုင်အုပ်ချုပ်ရေးမှူး ဦးစိုးမြင့်က မြေငှားဂရန်နှစ် ၃၀ စာချုပ် ၂၈ စောင်အား သက်ဆိုင်ရာ ပိုင်ရှင်အိမ်ထောင်ဦးစီးများထံသို့ အသီးသီးလက်ရောက်ပေးအပ်ခဲ့သည်။

လင်းခေးခရိုင် မောက်မယ်မြို့နယ် ကောင်းမူးဖိတ် (စေတီဖြူ)ကျေးရွာအနေဖြင့် ရှမ်းပြည်နယ်အတွင်းရှိ ခရိုင် ၁၃ ခရိုင်နှင့် မြို့နယ် ၅၅ မြို့နယ်တွင် ပထမဆုံးမြေငှားဂရန်ထုတ်ပေးသော ကျေးရွာဖြစ်ပြီး စက်တင်ဘာ ၁၇ ရက်တွင် မိုးနဲမြို့နယ် ဆွန်မရမ်းကျေးရွာ၊ စက်တင်ဘာ ၂၁ ရက်တွင် မိုင်းပန်မြို့နယ် နားလောကျေးရွာ၊ စက်တင်ဘာ ၂၅ ရက်တွင် လင်းခေးမြို့နယ် ပုန်းထွန်ကျေးရွာတို့ကို ဆက်လက်ထုတ်ပေးနိုင်ရေး ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**စိုင်းမျိုးသန့်( ပြန်/ဆက်)**

## နွားထိုးကြီးစည်ပင်သာယာဈေးတွင် ကုန်ဈေးနှုန်းများ မြင့်တက်နေ၍ အရောင်းအဝယ်ပါးနေ

**နွားထိုးကြီး စက်တင်ဘာ ၁၆**

နွားထိုးကြီးစည်ပင်သာယာဈေးတွင် ကုန်ဈေးနှုန်းများမြင့်တက်နေ၍ ဈေးရောင်းဝယ်သူတို့ အရောင်းအဝယ်ပါးနေကြောင်း ဈေးသည်များကပြောသည်။

"သားငါးဈေးကအစ ဆန်ဈေး၊ ဆီဈေးနှင့် ကုန်မျိုးစုံ၊ စားသောက်ကုန်အထိ ဟင်းသီးဟင်းရွက်အဆုံး အားလုံးဈေးကြီးနေလို့ ဝင်ငွေနှင့်ထွက်ငွေ မမျှကြပါဘူး" ဟု လက်လုပ်လက်စားများက ပြောသည်။

ကုန်စည်လက်ကားဆိုင်ကြီးများက ကုန်များအား လဆိုင်းပေးပြီး အတင်းကုန်ပို့နေကြသဖြင့် အရောင်းအဝယ်ပါးသောကြောင့် လက်လီဈေးသည်များ အခက်တွေ့နေကြောင်း၊ တင်ကျန်နေသောအကြွေးများကို မစည်းစားရဲအောင်ဖြစ်နေကြောင်း ကုန်ရောင်းကုန်သည်တို့က ပြောသည်။

"မိုးကမရွာ၊ နေကပူ၊ သီးနှံကညှိုး၊ အရင်းနှီးကများ၊ တောင်သူလုပ်ငန်းစိတ်ကုန်နေပါပြီ။ တစ်နှစ်ရနိုးရနိုးနဲ့ အညာမိုးလေဝသက အားကိုးလို့မရတော့ပါဘူး" ဟု အညာတောင်သူများက ပြောသည်။

**ဌေးမြင့်မောင်**

# ပြည်သူ့ဝန်ဆောင်မှုရုံးများဖွင့်လှစ်ရေး ဆင့်ပွားသင်တန်းဖွင့်လှစ်

**မိတ္ထီလာ စက်တင်ဘာ ၁၆**

မိတ္ထီလာခရိုင် ပြည်သူ့ဝန်ဆောင်မှုရုံးများ (OSS) ထူထောင်ဖွင့်လှစ်အကောင်အထည်ဖော်ရေးလုပ်ငန်းကော်မတီ လုပ်ငန်းစွမ်းဆောင်ရည်မြင့်မားရေး ဆင့်ပွားသင်တန်းဖွင့်ပွဲကို စက်တင်ဘာ ၁၄ ရက်က ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနခန်းမတွင် ကျင်းပခဲ့ကြောင်း သိရသည်။

ပြည်သူ့ဝန်ဆောင်မှုရုံးဆိုသည်မှာ ပြည်သူ့ဝန်ဆောင်မှုအများအပြားကို တစ်နေရာတည်းတွင် ပြည်သူများကို ဆောင်ရွက်ပေးရသည့် နေရာဖြစ်ကြောင်း၊ ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းများကို ပွင့်လင်းမြင်သာမှုရှိပြီး ထိရောက်အဆင်ပြေလွယ်ကူစွာ ဆောင်ရွက်ပေးနိုင်ရန် အဓိကရည်ရွယ်၍ ပြည်သူ့ဝန်ဆောင်မှုရုံးများကို ဖွင့်လှစ်ခြင်းဖြစ်ကြောင်း၊ ပထမခြေလှမ်းအဖြစ် ပြည်သူဗဟိုပြုဖွံ့ဖြိုးရေးနှင့် ပြည်သူ့ဝန်ဆောင်မှုများ ပြုနိုင်ရေးအတွက် ခရိုင်ရုံးစိုက်ရာမြို့နယ် ၇၂ မြို့နယ်တွင် ပြည်သူ့ဝန်ဆောင်မှုရုံးများ (OSS) ကို စတင်ဖွင့်လှစ်ခဲ့ပြီး မိတ္ထီလာမြို့နယ်ပြည်သူ့ဝန်ဆောင်မှုရုံး (OSS) ကို ဩဂုတ် ၃ ရက်က စတင်ဖွင့်လှစ်ခဲ့ပြီး ဌာန ၉ ခုမှ လုပ်ငန်း ၈ မျိုးကို ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ဆက်လက်၍ မလှိုင်၊ ဝမ်းတွင်း၊ သာစည်မြို့နယ်များတွင်လည်း ဖွင့်လှစ်သွားမည်ဖြစ်ကြောင်း၊ ခရိုင်ပြည်သူ့ဝန်ဆောင်မှုရုံးများ (OSS) ထူထောင်ဖွင့်လှစ် အကောင်အထည်ဖော်ရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ ခရိုင်အုပ်ချုပ်ရေးမှူး ဦးတင့်ဝေသုံက အဖွင့်အမှာစကားပြောကြားရာ၌ ထည့်သွင်းပြောကြားခဲ့သည်။

ယင်းနောက် မိတ္ထီလာ၊ မလှိုင်၊ သာစည်၊ ဝမ်းတွင်းမြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန စီမံအဆင့် ဝန်ထမ်း ၁၄ ဦးအား ပြည်သူ့ဝန်ဆောင်မှုရုံးများ အကောင်အထည်ဖော်ရေးလုပ်ငန်းများနှင့်ပတ်သက်၍ တာဝန်ခံခရိုင်ဦးစီးအရာရှိ ဒေါ်သက်မူကလည်းကောင်း၊ ဌာနအလိုက် ဝန်ဆောင်မှုပေးမည့်လုပ်ငန်းများအား ခရိုင်ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းကော်မတီဝင်များဖြစ်ကြသည့် ခရိုင်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများကလည်းကောင်း စက်တင်ဘာ ၁၄ ရက်မှ ၁၅ ရက်အထိ နှစ်ရက်တိုင် ဆွေးနွေးပို့ချခဲ့ကြောင်း သိရသည်။

**ချမ်းသာ(မိတ္ထီလာ)**

## ဘားအံမြို့ရှေးဟောင်းသမိုင်းဝင် ဘုရင့်ညီနောင်ဂူဘုရားသွားလမ်း ကွန်ကရစ်လမ်းခင်း

**ဘားအံ စက်တင်ဘာ ၁၆**

ဘားအံမြို့နယ်တွင် ကျေးလက်ဒေသဖွံ့ဖြိုးရေးအတွက် ကျေးလက်လမ်းများ ဖောက်လုပ်ပေးခြင်း၊ ကျေးရွာချင်းဆက်လမ်းများ အဆင့်တိုးမြှင့်ပေးခြင်းများအပြင် ကရင်ပြည်နယ် ကျေးလက်ဒေသဖွံ့ဖြိုးရန်ပုံငွေဖြင့် ဘုရင့်ညီကျေးရွာရှိ ရှေးဟောင်းသမိုင်းဝင် ဘုရင့်ညီနောင်ဂူဘုရားအဝင် ကွန်ကရစ်လမ်းကို ဆောင်ရွက်နေကြောင်း သိရသည်။

ယင်းသို့ဆောင်ရွက်ပေးရာတွင် ကရင်ပြည်နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ် ခွင့်ပြုရန်ပုံငွေကျပ် ၁၀၀ ဒသမ ၉၄ သန်းဖြင့် ဘားအံမြို့နယ် ဘုရင့်ညီဂူအဝင်လမ်း အရှည်တစ်မိုင်ရှိ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းအား ကရင်ပြည်နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ပြည်နယ်ဦးစီးမှူး ဦးနေဦးနှင့် တာဝန်ယူဆောင်ရွက်သော သိန်းလင်းမြိုင်ကုမ္ပဏီမှ တာဝန်ရှိသူများက အချိန်မီပြီးစီးရေးအတွက် စက်တင်ဘာ ၁၅ ရက်က ကွင်းဆင်းစစ်ဆေးဆောင်ရွက်ခဲ့ကြောင်း သိရသည်။



အဆိုပါလမ်းပြီးစီးသွားပါက ဘုရင့်ဂျီဂူပတ်ဝန်းကျင်ကျေးရွာများ၊ ဘုရားဖူးပြည်သူများနှင့် ကမ္ဘာလှည့်ခရီးသွားဧည့်သည်များ သွားလာရေး အဆင်ပြေစေပြီး ဒေသဖွံ့ဖြိုးရေးအတွက် များစွာအထောက်အကူဖြစ်စေမည်ဖြစ်ကြောင်း သိရသည်။

**နေမျိုးလွင်(ပြန်/ဆက်)**

### တစ်ချက်တည်းဖြင့် ကျင်းဝင်

ဦးဇော်ဝင်းထွန်းသည် သန်လျင် ဂေါက်ကလပ်၌ ၁၂-၉-၂၀၁၅ ရက် ညနေ ၄ း၀၀ နာရီတွင် ဂေါက်သီးရိုက်ကစားစဉ် ကျင်းအမှတ်(၁၇)သို့ (၁၁၀)ကိုက်အကွာမှ Kasco No.(2) ဘောလုံးအား Sand Wedge တုတ်ဖြင့် ရိုက်လိုက်ရာ တစ်ချက်တည်းဖြင့် ကျင်းဝင်ခဲ့ပါသည်။

ထိုအချိန်တွင် ကစားဖော်များဖြစ်ကြသော ဦးကြည်တင်၊ ဦးခင်ဖေ၊ ဦးကျော်ကြီး၊ ဦးစိုးမင်းထိုက်တို့နှင့်အတူ ကစားခဲ့ကြပါသည်။


အာရှနဂါး
Asia Dragon ကျိုက်ထီးရိုး
ချောင်းသာ / ငွေဆောင်
Ph : 703790, 09-861-9008
707062, 09-861-7770

မျိုးမြတ်သူ ဝင်းစိန်ဆရာတော်ဖူး ဇင်းကျိုက်ရေတံခွန်
18.9 9:00pm မော်လမြိုင်ဘုရားစုံဖူး 25000
28.9 အာဘာထွက်ပွဲ တားငြိမ်း 45000
စင်မြင့်ရွာညအိပ် ပုပ္ပါးညအိပ်
ပင်းမြို့ပေါင်း လက်မှတ်အိမ်ပို့ပေးပါသည်
09 254058712: 09 31568500

ဆုပြည့် 0931815390,0931815395
(၆၃)ကြိမ်မြောက်အာဘာထွက်ပွဲ
အာဘာထွက်ပွဲ၊ပုပ္ပါး(သီးသန့်) (၁ည၂ရက်)(ထမင်းကျွေး) Sept 28 35000/-
ဆက်၍ပုဂံ၊ညောင်ဦး(၄/၅)55000/-

ဇမ္ဗူကျော် Sep-28
(၆၃)ကြိမ်မြောက်အာဘာထွက်ပွဲ(သီးသန့်)
အာဘာထွက်ပွဲပုဂံညောင်ဦးပခုက္ကူ
အာဘာထွက်ပွဲပုဂံ-တောင်ကြီး
09-5194608,09-73177727,09-252899887

သုံးရာသီ ဝပ္ပဒါန
(၆၃)ကြိမ် အာဘာဘိုးမင်းခေါင်ထွက်ပွဲ
ပုဂံ၊ ပုပ္ပါး၊ ပခုက္ကူ၊ စွယ်တော်-၄သု
တစ်ဦးထမင်းကျွေး-၄၀၀၀၀/-Sep - 29
(၁၀)ဦးလျှင် တစ်ဦးအလကား
420144148, 421153797

ရွှေပုပ္ပါး Travel
(၆၃) ကြိမ်မြောက်
Sep: 28
အာဘာထွက်ပွဲ
Oct : 16
0973028597, 09.420201083,
09.260404360, 09.799825456


### ငြင်းချက်ထုတ်ရန်သမ္မန်စာ

တရားမကျင့်ထုံး ကိုခဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀ (က)

မွန်ပြည်နယ်၊ မော်လမြိုင်ခရိုင်တရားရုံး၌

၂၀၁၅ခုနှစ်၊ တရားမကြီးမှုအမှတ်-၈၉

| | | |
|---|---|---|
| ဦးမျိုးမြင့် | နှင့် | ဦးအာရမွန်ပါ- ၃ |
| တရားလို | | တရားပြိုင်များ |

မွန်ပြည်နယ်၊ မော်လမြိုင်မြို့၊ ကွင်းရပ်၊ ကျိုက္ခမီလမ်း၊ အမှတ်(၁၀)နေ (ယခုနေရပ်လိပ် စာမသိ) ၁။ ဦးအာရမွန် ၂။ ဒေါ်ကာလီမာနှင့် မွန်ပြည်နယ်၊ မော်လမြိုင်မြို့၊ မောင်ငံရပ်၊ အောင်တော်မူလိပ်ကုန်းလမ်း၊ အမှတ်(၄၀)နေ (ယခုနေရပ်လိပ်စာမသိ) ဦးထွန်းထွန်းတို့ သိစေရမည်။

သင်တို့အပေါ်၌ တရားလိုက မြေကွက်အမည်ပြောင်းလဲ၍ မှတ်ပုံတင်စာချုပ်ချုပ်ပေးစေလိုမှု ရလိုကြောင်းနှင့် လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်တို့ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့် စပ်ဆိုင်သည့်အချက်များကို ချေပပြောနိုင်သူ တစ်ဦးတစ်ယောက် ၎င်းတို့ရှေ့နေနှင့်ပါစေ၍ ဖြစ်စေ ၂၀၁၅ခုနှစ်၊ စက်တင်ဘာလ ၃၀ ရက် (၁၃၇၇ ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၂ ရက်) မွန်းမတည့်မီ ၁၀ နာရီတွင် အထက်ကအမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၎င်းပြင် သင်တို့ သိစေရမည်မှာ အထက်ကဆိုခဲ့သည့်ရက်တွင် သင်တို့ မလာမရောက် ပျက်ကွက်ခဲ့လျှင် သင်တို့ ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်တို့က ထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်တို့နှင့်အတူယူဆောင်လာရမည်။ သို့တည်းမဟုတ် သင်တို့ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်တို့က ထုချေလွှာ တင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၁၅ ခုနှစ်၊ စက်တင်ဘာလ ၁၀ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ် လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(ချယ်ရီခင်)**
**ဒုတိယခရိုင်တရားသူကြီး(၂)**
**မော်လမြိုင်ခရိုင်တရားရုံး**




## ကြော်ငြာ

**ရွှေပြည်ဟိန်း ကုသိုလ်ဖြစ်ဆေးရုံ အောက်တိုဘာလ၊ ၁၀-၁၁၊ (၅၂)ကြိမ်မြောက် မျက်စိခွဲစိတ်အလင်းဒါနပါဝင်လှူဒါန်းနိုင်**

စက်တင်ဘာလ (၁၃)ရက် (၅၁) ကြိမ်အထိ မျက်စိဝေဒနာရှင် ဦးရေ (၆၅၀၀) ပြည့် အလင်းဒါနပြုလုပ်ပြီးဖြစ်ပါသည်။ အောက်တိုဘာလ (၁၀၊ ၁၁)ရက်တွင် ၅၂-ကြိမ်မြောက် မျက်စိခွဲစိတ်အလင်းဒါနပြုလုပ်မည်ဖြစ်ရာ မျက်စိဝေဒနာရှင် (၁)ဦးအတွက် ခွဲစိတ်ခြင်းအလှူတော်ငွေ ၄၀၀၀၀ိ/- ကို အလင်းဒါန အလှူရှင်အဖြစ်ခံယူကာ ကိုယ်တိုင်လာရောက်၍ဖြစ်စေ၊ ဘဏ်စာရင်းသို့ ထည့်သွင်း၍ဖြစ်စေ၊ လှူဒါန်းနိုင်ပါကြောင်း သတင်းကောင်းအပ်ပါသည်။

လှူဒါန်းရန်ဌာန - သီတဂူရွှေပြည်ဟိန်း စက္ခုဒါနဆေးရုံ၊ ရွှေပြည်ဟိန်းကျောင်း၊ ပြည်သာယာ၊ ရန်ကင်း။ (ILBC ၊တာမွေလေး။ သံလမ်းအနီး) ဖုန်း - ၀၁-၅၄၁၄၉၃၊၀၉-၇၃၀၅၆၅၆၉

ရွှေဂုံတိုင်ကမ္ဘောဇဘဏ် - အရှင်စေမာသီရိလင်္ကာရ (Account No. 007-50100701690301) ဘဏ်စာရင်းသို့ နီးရာဘဏ်၌ ထည့်သွင်း၍လည်းကောင်း ဆက်သွယ်လှူဒါန်းနိုင်ပါသည်။

---

**ရွှေလမ်းခရီး... အဘထွက်ရပ်ပူဇော်ပွဲသို့**

- ✱ အဘထွက်ရပ်ပူဇော်ပွဲ (ပုပ္ပါးညအိပ်) သီးသန့်။ (25-8-2015) (28-8-2015)
- ✱ အဘထွက်ရပ်ပူဇော်ပွဲ (ပုပ္ပါးညအိပ်)၊ ပုဂံ (စွယ်တော်လေးဆူ)၊ ညောင်ဦး။
- ✱ အဘထွက်ရပ်ပူဇော်ပွဲ (ပုပ္ပါးညအိပ်)၊ ကယားပြည်နယ် လွိုင်ကော်၊ တောင်ကွဲစေတီ။
- ✱ အဘထွက်ရပ်ပူဇော်ပွဲ (ပုပ္ပါးညအိပ်)၊ တောင်ကြီး၊ အင်းလေး၊ ပင်းတယ။
- ✱ အဘထွက်ရပ်ပူဇော်ပွဲ (ပုပ္ပါးညအိပ်)၊ ပုဂံ၊ ညောင်ဦး၊ ကလော၊ တောင်ကြီး၊ အင်းလေး၊ ပင်းတယ။
- ✱ အဘထွက်ရပ်ပူဇော်ပွဲ (ပုပ္ပါးညအိပ်)၊ မန္တလေး၊ ပြင်ဦးလွင်၊ စစ်ကိုင်း၊ မုံရွာ။
- ✱ အဘထွက်ရပ်ပူဇော်ပွဲ (ပုပ္ပါးညအိပ်)၊ မန္တလေး၊ ပြင်ဦးလွင်၊ လားရှိုး၊ မူဆယ်။

(ထမင်းအကျွေး ကားခ၊ တစ်ဆင့်သွားကားခ/ဝင်ကြေး၊ တည်းခိုစရိတ် ပါဝင်ပြီး)

အမှတ်(၃၁၇)၊ပန်းဆိုးတန်းလမ်း(ဗိုလ်ချုပ်ဈေးကားဂိတ်) 095124678,098627170,09401589907

---

**POSSIBLE** Travels & Tours

- ◈ ကရင်ပြည်နယ်-ဘားအံ-မဲလံတောင်(ကျောက်ပိရဟန္တာ) Sep 19,26 (35000/Ks)
- ◈ ဘန်ကောက်-ပတ္တရား-အယုဒ္ဓယ (USD 630)
- ◈ မော်လမြိုင်-ကျိုက္ခမီ-ဇင်းကျိုက်ရေတံခွန် Sep 19,26 (35000/Ks)
- ◈ ကျောက်စိမ်းဘုရား-မန္တလေး Sep 26 (65000/Ks)

ဆိုဒ်နိုင်ငံထုတ် အဆင့်မြင့် Scaniaကားဖြင့်သာ စီစဉ်ပေးပါသည်။

Ph:01-706716,9010327,09-259257821~3,09-250790919

---

**GOLDEN STAR** Travels & Tours

- ◆ ပုပ်(စွယ်တော်လေးဆူ)-ပုပ္ပါး(အဘထွက်ရပ်)-ပုဂံ Sep-28,29 (Popa Mountain Resort , Myanmar Treasure Hotel)
- ◆ တောင်ကြီး-အင်းလေး(ဖောင်တော်ဦးဘုရား)-ပင်းတယ Oct-23,25
- ◆ ကျိုက်ထီးရိုး/ရေွာင်းသာ/ငွေဆောင်(နေ့စဉ်)

Ph;01-544383, 209200, 430480, 703448, 705968

---










Forever Gems
by ရွှေနန်းတော်
MYANMAR PLAZA
@Myanmar Plaza (HAGL Group)
6-9-2015
(တနင်္ဂနွေနေ့)စတင်ဖွင့်လှစ်ပါပြီ
5% to 25% off
Grand Opening
သိန်းပေါင်း (1500) ကျော် ချီးမြှင့်ပေးမည့်
Lucky Draw Program
၂၀၁၅စက်တင်ဘာ (6) ရက်နေ့ မှ အောက်တိုဘာ (4) ရက်နေ့အထိ
Grand Lucky Draw Program
(၁) Toyota Corolla brand new ကား (၁) စီး
(၂) ၁၅ ကျပ်သား ရွှေဆွဲကြိုး (၁) ကုံး
(၃) ၁၀ ကျပ်သား ရွှေဆွဲကြိုး (၁) ကုံး
(၄) ၇ ကျပ်သား ရွှေဆွဲကြိုး (၁) ကုံး
(၅) ၅ ကျပ်သား ရွှေဆွဲကြိုး (၁) ကုံး နှင့်အခြားအဖိုးတန်ပစ္စည်းများ
အောက်တိုဘာ(၄)ရက်နေ့တွင် ကံထူးရှင် ရွေးချယ်ပေးပါမည်၊
Miss Forever Gems Contest 2015
ပြိုင်ပွဲကျင်းပမည့်ရက်များ - ၁၂၊၁၉ရက်နှင့်၂၆ ရက်နေ့ စက်တင်ဘာ ၂၀၁၅ စနေနေ့(၃)ပတ်ဆက်တိုက်
ကျင်းပမည့်နေရာ - Myanmar Plaza(HAGL Group)
ကျင်းပမည့်အချိန် - နေ့လည်(၂)နာရီမှ ညနေ (၇)နာရီထိ
ထိုင်းနိုင်ငံမှ PHACHARANAN Agency, aroma ,Winner Sport Wear
စက်တင်ဘာ ၁၉-အောက်တိုဘာ (၄)ရက်နေ့အထိ အပတ်စဉ် စနေ၊ တနင်္ဂနွေနေ့တိုင်း နိုင်ငံကျော်အနုပညာရှင်များ၊ အဆိုတော်များ၊ Miss များ၏ဖျော်ဖြေမှုတို့ဖြင့် ထူးခြား၊ ဆန်းပြား စမ်းနားစွာကျင်းပမည်ဖြစ်ပါသည်၊
ချက်ချင်းပေါက် ချက်ချင်းယူ ဗလာမပါ ကံစမ်းမဲ
(၁) ၅ ကျပ်သား ရွှေဆွဲကြိုး (၁) ကုံး
(၂) ၃ ကျပ်သား ရွှေဆွဲကြိုး (၃) ကုံး
(၃) ၂ ကျပ်သား ရွှေဆွဲကြိုး (၅) ကုံး
(၄) ၁ ကျပ်သား ရွှေဆွဲကြိုး (၁၀) ကုံး
4-9-2015 မှ 4-10-2015 နေ့စဉ်ကံထူးရှင်များကို ရွေးချယ်ချီးမြှင့်ပေးပါမည်
စုစုပေါင်း ရွှေသားကံစမ်းမဲ (၄၀၀) ဝန်းကျင်နှင့် တခြားအဖိုးတန် ပစ္စည်းများ
(G-05A) မြေညီထပ်၊ Myanmar Plaza (HAGL) Sedona Hotel အနီး၊ (ယခင်စက်မှု (၁) ဝန်ကြီးဌာန)ကမ္ဘာအေးဘုရားလမ်း၊ရန်ကုန်မြို့။
ဖုန်း- 09-2653 99966, 09-2653 99977,09-2653 99988

# ပဲခူးမြို့၊ ဆုတောင်းပြည့်ရွှေမော်ဓောစေတီတော်မြတ်ကြီး

# (ပဉ္စမ)အကြိမ်မြောက် လုံးတော်ပြည့် ရွှေသင်္ကန်းကပ်လှူပူဇော်နိုင်ရေး တိုက်တွန်းနှိုးဆော်လွှာ

ဂေါတမမြတ်စွာဘုရားရှင်၏ ဆံတော်ဓာတ်မြတ်(၂)ဆူကို ဌာပနာ၍ ရွှေမော်ဓောစေတီတော်မြတ်ကြီးကို သထုံဘုရင် မဇ္ဈာလိပ်မင်းမှ မဟာသက္ကရာဇ်(၁၁၅)ခု၊ တန်ခူးလဆန်း ၁ရက် (စနေနေ့)၊ ဘီစီ(၅၇၆)တွင် တည်ထားကိုးကွယ်ခဲ့ရာ ယခုအခါ နှစ်ပေါင်း(၂၆၀၀)ခန့်ရောက်ရှိပြီဖြစ်ပါသည်။ မူလကိုးကွယ်စဉ်က စေတီတော်မြတ်ကြီး၏ ဉာဏ်တော်မှာ အတောင် ၅၀၊ ပေအားဖြင့် ၇၅ ပေရှိပါသည်။

စေတီတော်မြတ်ကြီးသည် ခရစ်နှစ်(၁၄၉၂/၁၇၅၇/၁၉၁၂/၁၉၃၀)ခုနှစ်များတွင် သဘာဝဘေးဒဏ်ကို ပြင်းပြင်းထန်ထန်ခံစားခဲ့ရသော်လည်း ဗုဒ္ဓဘာသာရဟန်းရှင်လူ ပြည်သူများနှင့် အဆက်ဆက်အုပ်စိုးခဲ့ကြသည့် ရှေးဘုရင်မင်းမြတ်များ၏ ဘာသာ သာသနာတော် အဓွန့်ရှည်တည်တံ့လိုသော စိတ်စေတနာဖြင့် ပြန်လည်တည်ဆောက်ခဲ့ကြပါသည်။ ၁၉၃၀ ခုနှစ်၊ ပဲခူးမြေငလျင်ကြီး နောက်ပိုင်း နှစ်ပေါင်း (၂၃)နှစ်ကြာ၊ သက္ကရာဇ် ၁၃၁၅ ခုနှစ်မှ နှောင်းတန်ခူးလဆန်း ၁၃ ရက်၊ အေဒီ ၁၉၅၃ ခုနှစ်တွင် စေတီတော်ကြီး၏ ဉာဏ်တော်ကို (၂၄၉တောင် ၂မိုက်)၊ ပေအားဖြင့် (၃၇၃ပေ၊ ၉လက်မ)အထိ မြှင့်တင်၍ ထီးတော်တင်ခြင်းလုပ်ငန်းကိုလည်း အောင်မြင်အောင် ဆောင်ရွက်နိုင်ခဲ့သည်ကို ယနေ့တိုင် ဖူးတွေ့နိုင်ပါသည်။

စေတီတော်ကြီး၏ သက်တမ်းမှာ နှစ်ပေါင်းရှည်ကြာလာသည်နှင့်အမျှ ရဟန်းရှင်လူ ပြည်သူများ ကြည်ညိုသဒ္ဓါပွားနိုင်စေရန် ရည်ရွယ်၍ ၁၉၈၉ခုနှစ်၊ ၁၉၉၄ခုနှစ်၊ ၂၀၀၄ခုနှစ်၊ ၂၀၁၀ခုနှစ်များတွင် လုံးတော်ပြည့်ရွှေသင်္ကန်းကပ်လှူခြင်းများကို (၄)ကြိမ်တိုင်တိုင် ဆောင်ရွက်နိုင်ခဲ့ပါသည်။ ၂၀၁၀ ခုနှစ်(စတုတ္ထ)အကြိမ်အထိ ထီးတော်ဘုံ(၅)ဆင့်တွင် (၈'×၁၁')အရွယ် ရွှေပြား(၉၆)ချပ်၊ ငှက်ပျောဖူးတော်၏ မူလရှိရင်း (၆၂)ပေ အနက်မှ နဝမအရစ်(၉)ပေအထိ (၄. ၂၅)ကျပ်သား (၁၂'×၁၂')အရွယ် ရွှေပြား(၃၈၀)ချပ်ကို ငှက်ပျောဖူးတော်၏ ထိပ်ဝမှအောက်ခြေ(၉)ပေ အမြင့်ထိ ကပ်လှူပူဇော်ပြီးဖြစ်သဖြင့် ယခု(ပဉ္စမ)အကြိမ်တွင် ငှက်ပျောဖူးတော်ကြီး၏ အောက်ခြေကျန်ဧရိယာ (၄၃)ပေကိုပါ ရွှေစင်ရွှေပြားစစ်စစ်ဖြင့် ကပ်လှူပူဇော်နိုင်ရေး ကြိုးပမ်းဆောင်ရွက်မှုကို စေတီတော်ကြီး၏ ဘဏ္ဍာတော်ငွေအပြင် ရဟန်းရှင်လူ ပြည်သူအများ၏ သဒ္ဓါတရားထက်သန်စွာ ပါဝင်လှူဒါန်းမှုဖြင့်သာ ဆောင်ရွက်နိုင်မည်ဖြစ်သည့်အတွက် ကုသိုလ်တော်ပါဝင်မှု ပြုပေးနိုင်ကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။

စေတီတော်ကြီးအား ရွှေသင်္ကန်းကပ်လှူခြင်းလုပ်ငန်းများကို ၂၀၁၅ ခုနှစ်၊ စက်တင်ဘာလမှစတင်၍ လုပ်ငန်းအကောင်အထည်ဖော် ဆောင်ရွက်မည်ဖြစ်ပြီး စေတီတော်ကြီး၏ ဗုဒ္ဓသန္တကပစ္စည်းများဖြစ်သည့် ဇရပ်များ၊ စောင်းတန်းများ၊ သာသနိက အဆောက်အအုံများကိုလည်း ကြည်ညိုဖွယ်ဖြစ်စေရန် တည်ဆောက်ပြုပြင်ခြင်းများကိုပါ တစ်ပါတည်း ဆောင်ရွက်မည်ဖြစ်ပါသဖြင့် မူလအလှူရှင်များနှင့် ဗုဒ္ဓဘာသာ၊ ရဟန်းရှင်လူ ပြည်သူများအနေဖြင့် ကုသိုလ်တရား ပွားများနိုင်ရေးအတွက် လှူဒါန်းမှုပြုလုပ်နိုင်ပါရန် နိဗ္ဗာန်အကျိုး ရည်မျှော်ကိုး၍ ထပ်လောင်းတိုက်တွန်း နှိုးဆော်အပ်ပါသည်။

(၂'×၂')ပတ်လည် မျက်ပါးရွှေဆိုင်းတစ်ဆိုင်းလျှင် (၃၂၀၀၀)ကျပ်

(၁၂'×၁၂')ပတ်လည် (၃)ကျပ်သား ရွှေပြားတစ်ချပ်လျှင် (ကာလပေါက်ဈေး)ဖြင့် လှူဒါန်းပူဇော်နိုင်ပါသည်။ (၁)ဦးချင်း (သို့မဟုတ်) (၃)ဦး ပေါင်းစပ်လှူဒါန်းမည်ဆိုပါကလည်း (၁)ဦးချင်းစီ၏ ကမ္ပည်းမော်ကွန်းအား ထည့်သွင်းရေးထိုးပေးမည်ဖြစ်ပါသည်။

ဂေါပကအဖွဲ့

ဆုတောင်းပြည့်ရွှေမော်ဓောစေတီတော်မြတ်ကြီး

ဖုန်း ၀၅၂-၂၂၂၀၆၈၊ ၀၅၂-၂၂၂၄၂၅၅

**ဖောင်းကြွပျောက်လျှောက်ထားခြင်း**

ယာဉ်အမှတ် 4D-4643၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင် ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ကညန(ရွှာသာကြီး)

**သွေးသည်အသက်**

**ပျောက်ဆုံးကြောင်း**

ကျွန်တော် မောင်ရာဇာ [၈/တတက(နိုင်)၂၀၅၃၄၉]၏ PP No MA 624696 သည် ခရီးသွားရင်း ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၇၉၉၂၀၆၅၃၀



## စွမ်းအင်ဝန်ကြီးဌာန၊ မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း
## တင်ဒါခေါ်ယူခြင်း

၁။ မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်းမှ အောက်ဖော်ပြပါ ရေနံထွက်ပစ္စည်းများ၊ ဓာတ်မြေဩဇာ(အောက်ကျုံး)များနှင့် ဆ-၈၀၁၁ဆီတွဲ တစ်တွဲအား တင်ဒါစနစ်ဖြင့် ရောင်းချလိုပါသည်-

(က) အမှတ်(၂)ရေနံချက်စက်ရုံ(ချောက်)ရှိ ဆီပြာ(၂၀၀၀၀၀)ဂါလန်၊ ဖယောင်းစစ်ကျကျန်ရည်(Stove Reject) (၁၅၀၀၀၀)ဂါလန်

(ခ) ဓာတ်မြေဩဇာစက်ရုံများရှိ ဓာတ်မြေဩဇာအောက်ကျုံး မြောင်းတကာ (၁၆၁)တန်၊ ကန်ကြီးထောင့် (၆၅)တန် စုစုပေါင်း(၂၂၆)တန်

(ဂ) ရေနံဓာတုဗေဒပစ္စည်းများ သယ်ပို့/ဖြန့်ဖြူးရေးဌာနပိုင် သံပုရာကန်အခြေစိုက်စခန်းတွင်ရှိသော တွဲအမှတ်-ဆ-၈၀၁၁

| စဉ် | အကြောင်းအရာ | တင်ဒါပုံစံ ရောင်းချမည့်နေ့ရက် | တင်ဒါပိတ်မည့် ရက်/အချိန် | တင်ဒါဖွင့်မည့် ရက်/အချိန် |
|---|---|---|---|---|
| (က) | ချောက်စက်ရုံမှဆီပြာ၊ ဖယောင်းစစ်ကျကျန်ရည် | ၂၁-၉-၂၀၁၅ | ၂၈-၉-၂၀၁၅ ၁၀း၀၀နာရီ | ၂၈-၉-၂၀၁၅ ၁၁း၀၀နာရီ |
| (ခ) | မြောင်းတကာနှင့်ကန်ကြီးထောင့်တို့မှ(အောက်ကျုံး) | ၂၁-၉-၂၀၁၅ | ၂၉-၉-၂၀၁၅ ၁၀း၀၀နာရီ | ၂၉-၉-၂၀၁၅ ၁၁း၀၀နာရီ |
| (ဂ) | ရေနံသယ်ပို့/ဖြန့်ဖြူးရေးဌာနပိုင် ဆ-၈၀၁၁တွဲ | ၂၁-၉-၂၀၁၅ | ၁၃-၁၀-၂၀၁၅ ၁၀း၀၀နာရီ | ၁၃-၁၀-၂၀၁၅ ၁၁း၀၀နာရီ |

၂။ တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင် ရုံးချိန်အတွင်း လာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်။

**စွမ်းအင်ဝန်ကြီးဌာန**

**မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း၊ ဘဏ္ဍာရေးဌာန၊ ရုံးအမှတ်(၄၄)၊ နေပြည်တော်နှင့် ဘဏ္ဍာရေးဌာန(ရန်ကုန်ရုံး)၊ အမှတ်(၇)(က) သန်လျက်စွန်းလမ်း၊ ဗိုလ်တထောင်မြို့နယ် ရန်ကုန်မြို့။ Ph:067-411349, 067-411122**

ဝိုင်ရတနာ Vinyl Riso မိတ္တူ။ ဗီနိုင်း (1'x1') ၁၃၀ ကျပ်
sq-ft ၁ ထောင်အထက် အားပေးသူများကို အိမ်တိုင်ရာရောက် ပို့ဆောင်ပေးပါသည်။
sq-ft ၁ ထောင် ၁၂၀ ကျပ်
sq-ft ၁ သောင်း ၁၁၀ ကျပ်
sq-ft ၅ သောင်း ၉၀ ကျပ်
၇၆၊ ၃၂လမ်း (အောက်)၊ 0925 20 400 20, 0925 20 400 30, 01 388 115, 09 510 2750 Email: sein.yadanar@hotmail.com

တက္ကသိုလ်ဝင်တန်း အောင်မြင်ပြီးသူများ ကျောင်းအားရက်မှာ အကျိုးရှိစေဖို့နှင့် အင်္ဂလိပ်စာတတ်ဖို့ လိုနေသူတိုင်းအတွက်
ဆရာအာသာ SUCCESS Language Academy
(မြို့လယ်ကျောင်း) အမှတ်(၁၁၉)၊ Y.W.C.A ဘိုကလေးဈေးလမ်း
Ph: 202046,392048,256954

BASIC ENGLISH SPEAKING
10-11:30 (Mon – Thurs) 21 Sep
7:30 - 9 (Mon – Thurs) 28 Sep
3:30 - 5 (Mon – Thurs) 5 Oct
9 - 12:00 (Sat + Sun) 11 Oct

BASIC FOUR SKILLS ENGLISH
3:30 - 5 (Mon – Thurs) 14 Sep
7:30-10:30 (Sat + Sun) 19 Sep
6 - 7:30 (Mon – Thurs) 21 Sep
12 - 3:00 (Sat + Sun) 3 Oct
7:30 - 9 (Mon – Thurs) 5 Oct
10-11:30 (Mon – Thurs) 5,12 Oct
1 - 2:30 (Mon – Thurs) 5 Oct

BASIC GRAMMAR
3:30 - 5 (Mon – Thurs) 28 Sep
1 - 2:30 (Mon – Thurs) 12 Oct

PRE-INTERMEDIATE (4-SKILL ENGLISH)
7:30 - 9 (Mon – Thurs) 23 Sep
1 - 4:00 (Sat + Sun) 27 Sep
1 - 2:30 (Mon – Thurs) 5 Oct
9 - 12 (Sat + Sun) 11 Oct

INTERMEDIATE (ACADEMIC ENGLISH)
3:30 - 5 (Mon – Thurs) 21 Sep
7:30 - 9 (Mon – Thurs) 5 Oct
1 - 2:30 (Mon – Thurs) 19 Oct

VOCAB ENRICHMENT
1 - 4:00 (Sat + Sun) 19 Sep
3:30 - 5 (Mon – Thurs) 5 Oct

INTERMEDIATE GRAMMAR
7:30 - 9 (Mon – Thurs) 19 Oct

BASIC WRITING
12 - 3:00 (Sat + Sun) 19 Sep
10-11:30 (Mon – Thurs) 26 Oct

လှည်းတန်းကျောင်းခွဲ
ဦးထွန်းလင်းခြံလမ်း၊ အမှတ် ၅ (B-3) ဒုတိယထပ်၊ (လှဆန်းယဉ်တိုက်)
09 73001453, 09 30775232, 01 503472

BASIC ENGLISH SPEAKING
7:30-10:30 (Sat + Sun) 26 Sep
6 - 7:30 (Mon – Thurs) 28 Sep
7:30 - 9 (Mon – Thurs) 5 Oct
10-11:30 (Mon – Thurs) 12 Oct

BASIC FOUR SKILLS ENGLISH
1 - 2:30 (Mon – Thurs) 14,23 Sep
10-11:30 (Mon – Thurs) 16,28 Sep
2 - 5:00 (Sat + Sun) 11 Oct

BASIC GRAMMAR
7:30-10:30 (Sat + Sun) 19 Sep

PRE-INTERMEDIATE (4-SKILL ENGLISH)
7:30 - 9 (Mon – Thurs) 30 Sep
3:30 - 5 (Mon – Thurs) 5 Oct
7:30-10:30 (Sat + Sun) 24 Oct

IELTS (Preparation)
12:30-3:30 (Sat + Sun) 24 Oct

IELTS (Preparation)
7:30-9:30 (Mon – Thurs) 14 Sep
1 - 3:30 (Mon – Thurs) 21 Sep
1 - 4:30 (Sat + Sun) 10 Oct

IELTS (Speaking)
7:30 - 9 (Mon – Thurs) 14 Sep

IELTS (Reading)
1 - 3:00 (Mon – Thurs) 12 Oct


IELTS (Writing)
7:30 - 9 (Mon – Thurs) 19 Oct

IELTS (Grammar)
10-11:30 (Mon – Thurs) 14 Sep

မြေတူးစက်(၃)စီး ငှားရန်ရှိသည်
(volvo-290BLC၊ တန်-၃၀)
စာရင်းကိုင်(မ) ၁-ဦး အလိုရှိသည်။
(လုပ်ငန်းအတွေ့အကြုံရှိသူ ဦးစားပေးမည်။)
Ph:0943529529, 73529529၊ တာမွေ၊ ရန်ကုန်။

LCCI - EDI (UK) မှ အသိအမှတ်ပြုထားသော သင်တန်းကျောင်း
စီးပွားပန်းခင်း
ပညာရေးဝန်ဆောင်မှုလုပ်ငန်း
LCCI Level 1-2-3 စာရင်းကိုင်သင်တန်း
2016-April Series အတွက် (October)တန်းခွဲသစ်များ စပြီ။
(60,000/-)Ks (၃)ကြိမ်ခွဲသွင်းနိုင်သည်။ (30.9.2015) အတွင်းအပ်နှံသူများ 10% Discount ရမည်။
09-5118647-73009869-73013432-73028433

စိန်ငါးလုံး ဆီးချို သွေးချိုကျဆေး
ဆီးမကြာခဏသွားခြင်း၊ ဆီးမထိန်းနိုင်ခြင်း၊ သွေးကြောအဆီပိတ်ခြင်း၊ ခြေဆစ်လက်ဆစ်ညိုမည်းခြင်း ၊ ထုံကျဉ်ကိုက်ခဲခြင်း ၊ အကြောတက်ညောင်းညာခြင်း အနာမကျက်နိုင်ခြင်း ၊ အသားရေယားခြင်း ၊ ပိန်ချည့်အားနည်းခြင်းတို့ဖြစ်လျှင် ဆေးစွမ်းထက်သုံး စိန်ငါးလုံး ဆီးချို သွေးချိုကျဆေးကိုသောက်ပါ
ဖုန်းနံပါတ် - ၀၉ ၇၃၁၅၅၃၅၇ ၊ ၀၉ ၇၉၃၆၈၈၇၃၄




သီတင်းကျွတ်ကာလအထူးအစီအစဉ်
(အောက်တိုဘာလ ၃၁ ရက်နေ့အထိသာ)
SUZUKI Way of Life!
Kyat 67 Lakh++
(US$ 5,777++)
Kyat 199 Lakh++
(US$ 17,900 ++)




SUZUKI NEW SUPER CARRY TRUCK
အရေအတွက်အကန့်အသတ် (First come ,First served)
The Brand New ERTIGA
အောက်ပါဆူဇူကီး၏တရားဝင်အရောင်းကိုယ်စားလှယ်များထံတွင်ဆက်သွယ်စုံစမ်းဝယ်ယူနိုင်ပါသည်။
လွင်နှင့်စွမ်း မော်တော်
အောင် မော်တော်
မျိုး မော်တော်
ရဲနဒီ မော်တော်
အေအိုင်ဂျီ မော်တော်

## ဝမ်းနည်းကြေကွဲခြင်း

Ground Solution Co.,Ltd ကုမ္ပဏီဥက္ကဋ္ဌ ဦးမြင့်ဇော် (စမ်းချောင်းမြို့နယ်၊ မင်းလမ်း၊ ရန်ကုန်မြို့)၏ ဖခင်ဦးစံသိန်း (B.A Philosophy) အမှတ်(၁)စက်မှုဝန်ကြီးဌာန၊ ဒုဝန်ကြီး၏ကိုယ်ရေးအရာရှိ (ငြိမ်း) စာရေးဆရာ မောင်စံသိန်း(ဒဿနိက) အသက်(၇၈)နှစ်သည် (တနင်္ဂနွေနေ့) မွန်းလွဲ ၃း၁၅နာရီတွင် ကွယ်လွန်သွားကြောင်းသိရပါသဖြင့် မိသားစုနှင့် ထပ်တူဝမ်းနည်းကြေကွဲရပါသည်။

**Asia Beverages Co.,Ltd**

## ဝမ်းနည်းကြေကွဲခြင်း

**ဦးညွန့်နိုင်**

**အသက်(၈၁)နှစ်**

**ဒုတိယညွှန်ကြားရေးမှူး(ငြိမ်း)၊ သစ်တောဦးစီးဌာန**

ဦးညွန့်နိုင် အသက်(၈၁)နှစ် ဒုတိယညွှန်ကြားရေးမှူး(ငြိမ်း)သစ်တောဦးစီးဌာနသည် ၁၃-၉-၂၀၁၅ရက်တွင် ကွယ်လွန်ကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ညွှန်ကြားရေးမှူးချုပ်နှင့် ဝန်ထမ်းမိသားစု**
**သစ်တောဦးစီးဌာန**

## (၁)လပြည့်လွမ်းဆွတ်သတိရခြင်း

**ဦးလှဝင်း**

**အသက်(၆၈)နှစ်**

ဖေဖေရေ သမီးတို့နဲ့ခွဲခွာသွားတာ ၁၇-၉-၂၀၁၅ရက်တွင် (၁)လပြည့်ခဲ့ပေမယ့် တစ်နေ့မှ မေ့မရပါ။ ကျေးဇူးရှင် ဖေဖေ့ကို ရည်စူး၍ ပြုပြုသမျှ ကုသိုလ်ကောင်းမှုအစုစုကို အမျှဝေပါတယ်။ ရောက်ရာဘုံဘဝမှ သာဓုခေါ် ဆိုနိုင်ပါစေ။

**ချစ်သမီး အေးအေးမော်**
**ချစ်မြေးများ - ချမ်းမြေ့ကို-စန်းဝင်းမော်**
**ဆက်ပိုင်စိုး-မေသဇင်ဖူး၊ မဇင်မာဦး**

## အထူးဝမ်းနည်းကြေကွဲခြင်း

**ဦးစိုးလွင်(ခ)ဝမ်တီး**

**အသက်(၆၃)နှစ်**

**(ပဲခူး)**

သူငယ်ချင်းဖြစ်သူ ဦးစိုးလွင်(ခ)ဝမ်တီး(LL.B,1981)သည် ၁၂-၉-၂၀၁၅ရက် (စနေနေ့) တွင် ကွယ်လွန်သွားပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါကြောင်း။

**၁၉၈၁-ခုနှစ် ဥပဒေတွဲ့ရသူငယ်ချင်းများ**

## အထူးဝမ်းနည်းကြေကွဲခြင်း

**ဒေါ်နန်းသန္တာမြင့် (မနောင့်)**

**အသက်(၅၅)နှစ်**

ရန်ကုန်တက္ကသိုလ်၊ တက္ကသိုလ်များသိပ္ပံသုတေသနဌာန၊ ကထိက ဒေါက်တာနန်းစန္ဒာမြင့်၏ ချစ်လှစွာသော အစ်မ ဒေါ်နန်းသန္တာမြင့်(၅၅)နှစ်သည် ၁၂-၉-၂၀၁၅ရက်(စနေနေ့) ၅း၁၀နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**တက္ကသိုလ်များသိပ္ပံသုတေသနဌာနမိသားစု**
**ရန်ကုန်တက္ကသိုလ်**

## ဝမ်းနည်းကြေကွဲခြင်း

ဦးသက်ဖေ (လ/ထ အထွေထွေမန်နေဂျာ)-ဒေါ်ခင်မေအေး (မန်နေဂျာ၊ ပစ္စည်းဝယ်ယူမှုညွှန်ကြားရေးမှူးရုံး)၏ မိခင် ဒေါ်သန်းလှ (ရေစကြို)သည် ၁၂-၉-၂၀၁၅(စနေနေ့) နံနက် ၁၁နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူ မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ဦးဆောင်ညွှန်ကြားရေးမှူးနှင့်**
**အရာထမ်း၊ အမှုထမ်းများ**

## အထူးဝမ်းနည်းကြေကွဲခြင်း

**ဒေါ်လှလှကျင်(ခ)Naw Esther Soe Aung**

**အသက်(၇၈)နှစ်**

ဦးအောင်နိုင်ဦး(ညွှန်ကြားရေးမှူးချုပ်၊ ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန)-ဒေါ်ဥမ္မာစိုးအောင်တို့၏ ချစ်လှစွာသော မိခင် ဒေါ်လှလှကျင်(ခ)Naw Esther Soe Aung သည် ၁၂-၉-၂၀၁၅ ရက် (စနေနေ့) ည ၈း၀၅ နာရီတွင် ခရစ်တော်၌ အိပ်ပျော်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

**ဦးဆန်းမြင့်(ဒုတိယညွှန်ကြားရေးမှူးချုပ်)နှင့် ဒေါ်အိအိအောင်**
**ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန**

## အထူးဝမ်းနည်းကြေကွဲခြင်း

**ဦးညီညီ**

**အသက်(၇၆)နှစ်**

မဝါဝါခိုင် Executive Housekeeper (Novotel Hotel yangon max)တို့၏ချစ်လှစွာသော ကျေးဇူးရှင်ဖခင်ကြီး ဦးညီညီသည် ၁၃-၉-၂၀၁၅ရက်(တနင်္ဂနွေနေ့) နံနက် ၉နာရီတွင် ကွယ်လွန်ကြောင်း ကြားသိရပါသဖြင့် မိသားစုနှင့် ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

**Novotel Hotel yangon max**
**အုပ်ချုပ်ရေးအဖွဲ့နှင့် ဝန်ထမ်းများ**

## ဝမ်းနည်းကြေကွဲခြင်း

**ဦးရွှေအုန်း-သစ်စက်တာဝန်ခံ(ငြိမ်း)၊ (ကြို့ပင်ကောက်)**

**ရာသက်ပန်-ဇီးကုန်းမြို့နယ်အသင်းဝင်(ရန်ကုန်)**

**အသက်(၇၆)နှစ်**

ရန်ကုန်မြို့၊ အင်းစိန်မြို့နယ်၊ ရွာမအရှေ့ရပ်ကွက်၊ မင်းကြီးလမ်း၊ အမှတ်(၉၉၉)နေ၊ (ဒေါ်မေသန်းနွဲ့)၏ ခင်ပွန်း၊ ဦးရွှေအုန်း-သစ်စက်တာဝန်ခံ(ငြိမ်း)၊ ကြို့ပင်ကောက်မြို့သည် ၁၀-၉-၂၀၁၅ရက်(ကြာသပတေးနေ့)တွင် ကွယ်လွန်ကြောင်း သိရှိရပါသဖြင့် မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ဇီးကုန်းမြို့နယ်အသင်း(ရန်ကုန်)**

## အထူးဝမ်းနည်းကြေကွဲခြင်း

**ဦးမြင့်လွင်(ခ)ဦးပီတာ(ကလော)**

**အသက်(၆၉)နှစ်**

**အင်ဂျင်နီယာချုပ်(တံတား-ငြိမ်း)**

ရန်ကုန်မြို့၊ သယ်န်းကျွန်းမြို့နယ်၊ သုမင်္ဂလာ(၃)လမ်း၊ သုမင်္ဂလာအိမ်ရာဝင်း၊ အမှတ်(၇၅)နေ ဒေါ်ထားထားမြင့် (အင်ဂျင်နီယာမှူး-ငြိမ်း)၏ခင်ပွန်း၊ ဦးမြင့်လွင်(ခ)ဦးပီတာသည် ၅-၉-၂၀၁၅ရက်တွင် ကွယ်လွန်ကြောင်းကြားသိရပါသဖြင့် မိသားစုနှင့်ထပ်တူဝမ်းနည်းကြေကွဲရပါသည်။

**Violette Emma,Winnie, Dora, Daphne, Ruby**
**(Kalaw) St.Agnes' Convent**
**ကျောင်းသူ၊ ကျောင်းသားဟောင်းများ**

## ဝမ်းနည်းကြေကွဲခြင်း

**ဦးညွန့်ကြည် (ပန်းချီ ငြိမ်းလတ်အောင်)**

**အသက်(၆၀)**

ဒေါ်ခင်ဖုန်းမြင့်၏ခင်ပွန်း၊ မောင်ချမ်းငြိမ်းဇော်၊ မနန္ဒာနွယ်(Native Power Technology Co.,Ltd.)တို့၏ ဖခင်သည် ၉-၉-၂၀၁၅ရက် (ဗုဒ္ဓဟူးနေ့)တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါကြောင်း။

**B.O.D အဖွဲ့ဝင်များနှင့်ဝန်ထမ်းများ**
**Native Power Technology Co.,Ltd.**

## အထူးဝမ်းနည်းကြေကွဲခြင်း

**ဒေါ်လှလှကျင်(ခ)Naw Esther Soe Aung**

**အသက်(၇၈)နှစ်**

ဦးအောင်နိုင်ဦး(ညွှန်ကြားရေးမှူးချုပ်၊ ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန)-ဒေါ်ဥမ္မာစိုးအောင်တို့၏ ချစ်လှစွာသော မိခင် ဒေါ်လှလှကျင်(ခ)Naw Esther Soe Aung သည် ၁၂-၉-၂၀၁၅ရက် (စနေနေ့) ည ၈း၀၅ နာရီတွင် ခရစ်တော်၌ အိပ်ပျော်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

**ဒုတိယညွှန်ကြားရေးမှူးချုပ်များနှင့် အရာထမ်း၊ အမှုထမ်းများ**
**ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန**

## လွမ်းဆွတ်သတိရခြင်း

**ဦးသန်းB.A ( E.Litt)ဒု-ညွှန်မှူး(ငြိမ်း) အိုးအိမ်ဦးစီးဌာန**

( ၁၇. ၉. ၂၀၀၇)-(၁၇. ၉.၂၀၁၅)

**ဒေါက်တာ ဒေါ်ခင်သောင်းတင် M.B.B.S (Rgn)**

( ၂၂. ၉. ၁၉၆၃)- (၂၂. ၉. ၂၀၁၅)

ဒယ်ဒီခွဲခွာခဲ့သည်မှာ ( ၈ )နှစ်ရှိခဲ့ပြီး မေမေခွဲခွာခဲ့သည်မှာ ( ၅၂)နှစ်ရှိခဲ့သော်လည်း မိဘနှစ်ပါး ၏ကျေးဇူးတရားများကို ထာဝရမေ့မရပါ။ ကျေးဇူးကြီးမားသောမိဘနှစ်ပါးကို ရည်စူးရည်မှန်း၍ ပြုလုပ်သောကုသိုလ်ကောင်းမှုအစုစုတို့ကို အမျှပေးဝေပါသည်။ မြင့်မြတ်သောဘုံဘဝမှ သာဓုခေါ် ဆိုနိုင်ပါစေ။

**မမေ့နိုင်တဲ့ ချစ်သောသားသမီးမြေးမြစ်တစ်စု**

**Volvo (290) BLC**

**(Used)**

(2)စီး ရောင်းရန်ရှိသည်။

Ph: 09-33261444,
09-781260134

## အထူးဝမ်းနည်းကြေကွဲခြင်း

**နိကာယ်ငါးရပ်ဝင်ဓမ္မသာကစ္ဆာအဖွဲ့ချုပ် ဂုဏ်ထူးဆောင်နာယကကြီး**

**ဦးသန်းထွန်း**

**အသက်(၉၄)နှစ်**

**နိုင်ငံ့ဂုဏ်ရည်ဒုတိယဆင့်**

ရန်ကုန်မြို့၊ ရွှေတောင်ကြား(၂)ရပ်ကွက်နေ ဒေါ်အေးမြင့်၏ခင်ပွန်း၊ ဦးသန်းထွန်း (၉၄)နှစ်သည် ၁၂-၉-၂၀၁၅ရက်တွင် ကွယ်လွန်သွားပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါကြောင်း။

**နိကာယ်ငါးရပ်ဝင်ဓမ္မသာကစ္ဆာအဖွဲ့ချုပ်**

## ဝမ်းနည်းကြေကွဲခြင်း

**ဦးညွန့်နိုင်**

**အသက်(၈၁)နှစ်**

**ဒုတိယညွှန်ကြားရေးမှူး(ငြိမ်း) သစ်တောဦးစီးဌာန**

၁၃-၉-၂၀၁၅ရက် (တနင်္ဂနွေနေ့)တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**သစ်တောသယံဇာတ ပတ်ဝန်းကျင်ဖွံ့ဖြိုးတိုးတက်ရေးနှင့်**
**ထိန်းသိမ်းရေးအသင်း(FREDA)**

## ဝမ်းနည်းကြေကွဲခြင်း

**ဒေါ်စောမေ (၉၁)နှစ်**

လေးစားရသော ကိုလေးဖြူနှင့် ကိုအငဲတို့၏ မိခင်ကြီး ဒေါ်စောမေသည် ၁၁. ၉. ၂၀၁၅ ရက်တွင် ကွယ်လွန်ကြောင်း သိရ၍ မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

The Sun Music မိသားစု

## သိမ်၊ ကျောင်းဒါယိကာမကြီး

**ဒေါ်လှနွယ် (ဝါးခယ်မ) (ခေတ္တ-စင်ကာပူ)**

**အသက်(၈၀)**

ကွယ်လွန်သူမိခင်ကြီးအားရည်စူး၍ သမီးဒေါ်နွယ်နီထွန်း-ဦးဝင်းဗိုလ်နှင့် မြေးများဖြစ်ကြသော ဒေါက်တာထားပြည့်ဗိုလ်၊ မောင်သူရထွန်းဗိုလ်၊ မောင်မြတ်ထွန်းဗိုလ်တို့က ၁၈-၉-၂၀၁၅(သောကြာနေ့) နံနက်ပိုင်းတွင် ရက်လည်အရှုဏ်ဆွမ်းသံဃာတော်များအား ဆက်ကပ်လှူဒါန်း၍ မိခင်ကြီးနောင်သံသရာအတွက် ကုသိုလ်ကောင်းမှုရရန် ရည်ရွယ်ပြီး ဆွေမျိုးမိတ်သင်္ဂဟများအား နံနက် ၇း၃၀နာရီမှ ၁၀း၃၀နာရီအတွင်း အမှတ်(၁၂/က)၊ ကုက္ကိုင်းရိပ်သာ၊ ကုက္ကိုင်းရိပ်သာလမ်း၊ ရွှေတောင်ကြား(၂)၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့သို့ ကြွရောက်၍ မုန့်ဟင်းခါးဖြင့် ဧည့်ခံဒါနပြုခြင်း အား ချီးမြှင့်ပေးပါရန် ခင်မင်လေးစားစွာ ဖိတ်ကြားအပ်ပါသည်။

**ကျန်ရစ်သူသမီး ဒေါ်နွယ်နီထွန်း (Ex-Coordinator ILBC)-ဦးဝင်းဗိုလ်မိသားစု**
**(HP:09-799878329, 09-261392072 U Win Bo,09-799776422 09-31341002 Daw Nwe Ni Tun,09-799776399 Thura Tun Bo**
**ကမ္ဘာအေးဘုရားလမ်းမှဝင်ရပါမည်။**
**ဗဟန်းမဟာစည်သာသနာ့ရိပ်သာသို့ ဝင်သည့်လမ်းနှင့် ဆန့်ကျင်ဘက်တွင်ရှိသော ဟာမစ်တစ်ကားမှတ်တိုင်အနီးရှိ ကုက္ကိုင်းရိပ်သာလမ်းဖြစ်ပါသည်။**

## ဝမ်းနည်းကြေကွဲခြင်း

**ဒေါ်လှလှကျင်(ခ)Naw Esther Soe Aung**

**အသက်(၇၈)နှစ်**

ရန်ကုန်မြို့၊ FMI City နေ[ဦးစိုးအောင် (ဒုအင်ဂျင်နီယာချုပ်-ငြိမ်း၊ မြန်မာ့မီးရထား)]၏ဇနီး ဦးအောင်နိုင်ဦး-ဒေါ်ဥမ္မာစိုးအောင်တို့၏မိခင်ကြီး ဒေါ်လှလှကျင်(ခ)Naw Esther Soe Aung သည် ၁၂-၉-၂၀၁၅(စနေနေ့) ည ၈း၀၅နာရီတွင် ခရစ်တော်၌ အိပ်ပျော်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ဦးသိန်းလွင်(အထွေထွေမန်နေဂျာ-ငြိမ်း)-ဒေါ်အေးခင်**

## အထူးကျေးဇူးတင်ရှိခြင်း

၆-၉-၂၀၁၅ရက်တွင် ကွယ်လွန်သွားသော ဦးတင်ထွန်းအောင်(သန်လျင်)၏ နာမကျန်းဖြစ်ချိန်မှစတင်၍ ကွယ်လွန်ပြီး ရက်လည်ဆွမ်းကျွေးပြီးချိန်ထိ နာရေးကိစ္စအဝဝကို ကူညီဆောင်ရွက်ပေးပါသော အန်ကယ်မောင်မိသားစု၊ ညီအစ်ကိုအရင်းကဲ့သို့ ချစ်ခင်ရပါသော မိတ်ဆွေသူငယ်ချင်းများ၊ သွေးလိုအပ်ချိန်တွင် သွေးများလှူဒါန်းပေးပါသော သံဃာတော်များနှင့် လူပုဂ္ဂိုလ်များ၊ အောက်ဆီဂျင်လှူဒါန်းပေးပါသော မေတ္တာရောင်စဉ် လူမှုကူညီရေးအသင်း၊ ကွယ်လွန်ချိန်မှစတင်၍ အစစအရာရာ ကူညီပံ့ပိုးပေးပါသော အန်ကယ်ဦးတင်ဝင်း(ဥက္ကဋ္ဌ-အမိုးနီ သုသာန်ကြီးကြပ်ရေးကော်မတီ)နှင့် ထန်းနှစ်ပင်ကျောင်းလမ်းမိသားစု၊ သန်လျင်နာရေးကူညီမှုအသင်း၊ ပြည်တွင်း/ပြည်ပမှ ဖုန်းဖြင့်ဝမ်းနည်းကြောင်း နှစ်သိမ့်အားပေးကြသူများ၊ လွမ်းသူ့ပန်းခွေ၊ ပန်းခြင်းများနှင့် ရက်လည်ဆွမ်းကျွေးတရားတော်နာအတွက် လှူဖွယ်ပစ္စည်းများပေးပို့လှူဒါန်းကြသူများ၊ စလေမြို့၊ ရွှေတောင်ဦးဆရာတော်နှင့် ဆရာလေးဒေါ်ယုနန္ဒီ၊ စလေဓာတ်မြေဩဇာစက်ရုံနှင့် သန်လျင်ရေနံချက်စက်ရုံမှမိတ်ဆွေများ၊ နာရေးလိုက်ပါပို့ဆောင်ကြသော ဆွေမျိုးမိတ်သင်္ဂဟများနှင့် ကျေးဇူးတင်ထိုက်သူများအားလုံးကို အထူးလှိုက်လှဲစွာကျေးဇူးတင်ရှိပါသည်။

**ကျန်ရစ်သူမိသားစု**

Hot Line No-0930500100

# နာဂဒေသတည်ငြိမ်အေးချမ်းဖွံ့ဖြိုးရေး အကျိုးတူပူးပေါင်းဆောင်ရွက်နိုင်မည့်ကိစ္စများ ဆွေးနွေး

**ရန်ကုန်  စက်တင်ဘာ ၁၆**

ပြည်ထောင်စုငြိမ်းချမ်းရေးဖော်ဆောင်ရေးလုပ်ငန်းကော်မတီ (UPWC) ၏ ဒုတိယဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဦးအောင်မင်း ဦးဆောင်သောအဖွဲ့သည် အောက်တိုဘာ ပထမပတ်တွင် ပြုလုပ်မည့် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးဆိုင်ရာ သဘောတူစာချုပ် (NCA) ချုပ်ဆိုရေးဆိုင်ရာ ကိစ္စရပ်များနှင့် ပတ်သက်၍ နာဂအမျိုးသားဆိုရှယ်လစ်ကောင်စီ (Nationalist Socialist Council of Nagaland-Khaplang-NSCN-K) နှင့် ဆွေးနွေးခဲ့သည်။

UPWC၊ နိုင်ငံတော်အစိုးရနှင့်ပြည်နယ်အဆင့် အပစ်အခတ်ရပ်စဲရေး လက်မှတ်ထိုးထားသော NSCN-K တို့၏ တွေ့ဆုံဆွေးနွေးပွဲအား စက်တင်ဘာ ၁၆ ရက် နံနက် ၉နာရီခွဲတွင် ရန်ကုန်မြို့ ရွှေလီလမ်းရှိ မြန်မာနိုင်ငံငြိမ်းချမ်းရေး ပြန်လည်ထူထောင်ရေးလုပ်ငန်းဗဟိုဌာန၌ ပြုလုပ်ခဲ့ခြင်းဖြစ်သည်။ **(ယာပုံ)**



အဆိုပါ ဆွေးနွေးပွဲသို့ ပြည်ထောင်စုငြိမ်းချမ်းရေးဖော်ဆောင်ရေး လုပ်ငန်းကော်မတီ (UPWC) ဒုတိယဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဦးအောင်မင်း နှင့် လွှတ်တော်ကိုယ်စားလှယ် ဦးသိန်းဇော်၊ အဖွဲ့ဝင်များဖြစ်ကြသည့် ဦးမြင့်စိုး၊ ပြည်ထောင်စုဝန်ကြီး ဦးဝင်းမြင့်တို့ ဦးဆောင်ပြီး (MPC)မှ တာဝန်ရှိသူများ၊ နာဂအမျိုးသားဆိုရှယ်လစ်ကောင်စီ (NSCN-K) မှ ဦးကျော်ဝမ်းစိန်၊ ဦးအန်ကန့်နှင့် ခန္တီးမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးလှထွန်းတို့ တက်ရောက်ကြသည်။

ပြည်ထောင်စုဝန်ကြီး ဦးအောင်မင်းက NCA စာချုပ်လက်မှတ်ရေးထိုးရန် အောက်တိုဘာပထမပတ်ကို လျာထားကြောင်း၊ ယခုလက်ရှိတွင် တိုင်းရင်းသား ခေါင်းဆောင်များဘက်မှ NCA လက်မှတ်ရေးထိုးမည့် ကိစ္စနှင့် စပ်လျဉ်းပြီး ချင်းမိုင်၌ ဆွေးနွေးပြင်ဆင်မှုများ ပြုလုပ်လျက်ရှိကြောင်း၊ မကြာမီ အချိန် အတွင်း NCA လက်မှတ်ရေးထိုးပွဲအတွက် လုပ်ငန်းညှိနှိုင်းအစည်းအဝေးတစ်ခု ကျင်းပရန်ရှိကြောင်း၊

**စာမျက်နှာ ၁၀ ကော်လံ ၁ သို့**

# မြန်မာအမျိုးသမီးအသင်း ရှုံးပွဲကြုံတွေ့

သတင်းနှင့် ဓာတ်ပုံ
ရှိုင်းထက်ဇော်

အိုလံပစ်ပြိုင်ပွဲ အာရှဇုန်အမျိုးသမီးဘောလုံး ဒုတိယ အဆင့်ခြေစစ်ပွဲ (ဒုတိယနေ့)ပွဲစဉ်များကို ယနေ့ညနေ ပိုင်းက မန္တလာသီရိကွင်း၌ ဆက်လက်ကျင်းပသည်။

**ထိုင်း-နှစ်ဂိုး၊ မြန်မာ-တစ်ဂိုး**

လက်ရှိ အာဆီယံအမျိုးသမီးဘောလုံးလောကကို ဦးဆောင်နေသည့် ထိုင်းအသင်းမှာ ကမ္ဘာ့ဖလားပြိုင်ပွဲ ယှဉ်ပြိုင်ဖူးသည့် အသင်းပီပီ အိမ်ရှင်မြန်မာအသင်းကို အနိုင်ယူကာ ပွဲဦးထွက် နိုင်ပွဲရယူနိုင်ခဲ့သည်။ မြန်မာ အသင်းမှာ

**စာမျက်နှာ ၁၀ ကော်လံ ၄ သို့**



မြန်မာအသင်းမှ စန်းစန်းမော် ထိုင်းအသင်းဘက်သို့ ချေပဂိုးသွင်းယူနေဟန်။

ယ ‌ေ န့

## မာတိကာ


မတူကွဲပြား ယဉ်ကျေးမှုဓလေ့များကို လေ့လာခွင့်ရစေမည့် ဥရောပရုပ်ရှင်ပွဲတော် — စာမျက်နှာ - ၅

မြန်မာနိုင်ငံသားကိုးဦး အင်ဒိုနီးရှားနိုင်ငံ တန်ဂျွန်ပီနန်နှင့် မယ်လာဘိုးကျွန်းတို့မှ ပြန်လည်ရောက်ရှိ — စာမျက်နှာ - ၆

မိုဘိုင်းဖုန်းသုံးစွဲမှုနှင့် လူမှုကွန်ရက် စာမျက်နှာများ — စာမျက်နှာ - ၁၁







themirror.npt@gmail.com
www.facebook.com/themirrordaily

ကြေးမုံ Mirror
၂၀၁၅ ရွေးကောက်ပွဲ အထူးကဏ္ဍအချပ်ပို
စက်တင်ဘာ ၁၇၊ ၂၀၁၅
စာမျက်နှာ-၁

## မဲဆန္ဒရှင်တစ်ဦး သိမှတ်ဖွယ်



### မဲပေးပုံအဆင့်ဆင့်

၁။ မဲရုံသို့သွားရောက်ရာတွင် နိုင်ငံသားစိစစ်ရေးကတ်ပြားကို ယူဆောင်သွားပါ။
၂။ ထိုသက်သေခံလက်မှတ်ကို မဲစာရင်းစစ်ဆေးသူထံ ပြသပြီး မဲစာရင်းစာရွက်ပေါ်ရှိ မိမိအမည်စာရင်းတွင် လက်မှတ်ထိုးပါ။
၃။ မဲလက်မှတ်ထုတ်ပေးသူထံမှ ဆန္ဒမဲလက်မှတ်ကို ထုတ်ယူပါ။
၄။ မဲလက်မှတ်ထုတ်ပြီးလျှင် လျှို့ဝှက်မဲပေးခန်း(သို့) လျှို့ဝှက်ဆန္ဒပြုရန်နေရာသို့သွားရောက်ပြီး ကြိုက်နှစ်သက်ရာ ကိုယ်စားလှယ်လောင်း၏အမည်နှင့် တံဆိပ်ဘေးရှိ ဆန္ဒပြုရန် လေးထောင့်ကွက်နေရာတွင် အမှန်အမှတ်အသား ပါရှိသည့် တံဆိပ်တုံးရိုက်နှိပ်၍ ဆန္ဒပြုပါ။
၅။ ဆန္ဒပြုပြီးပါက မဲလက်မှတ်ကိုခေါက်၍ မဲပုံးရှိရာသို့ ယူဆောင်သွားပါ။
၆။ ဆန္ဒပြုထားသော မဲလက်မှတ်အခေါက်ကို သက်ဆိုင်ရာလွှတ်တော်မဲပုံးသို့ ကိုယ်တိုင်သွားရောက်၍ ထည့်ပါ။

မှတ်ချက်။ ။ အထက်ဖော်ပြပါအဆင့်များအတိုင်း လွှတ်တော်သုံးရပ်အတွက် ဆန္ဒမဲ သုံးကြိမ်ထုတ်၊ သုံးကြိမ် ဆန္ဒပြု၊ သုံးကြိမ် မဲထည့်ရမည်ဖြစ်သည်။ တိုင်းရင်းသားလွှတ်တော်အမတ်များအတွက် သက်ဆိုင်ရာ တိုင်းရင်းသားလူမျိုးများမှ မဲတစ်မဲ ထပ်မံပေးရမည်။

### မဲဆန္ဒရှင်

မဲဆန္ဒရှင်ဆိုသည်မှာ လွှတ်တော်ရွေးကောက်ပွဲတစ်ရပ်ရပ်တွင် ဆန္ဒမဲပေးပိုင်ခွင့်ရှိသူတစ်ဦးကိုခေါ်ပါသည်။

### ဆန္ဒမဲပေးပိုင်ခွင့်ရှိသူ

(က) ရွေးကောက်ပွဲ စတင်ကျင်းပသည့်နေ့တွင် အသက် ၁၈ နှစ်ပြည့်ပြီးသူ၊
(ခ) နိုင်ငံသား၊ ဧည့်နိုင်ငံသား၊ နိုင်ငံသားပြုခွင့်ရသူ၊
(ဂ) သက်ဆိုင်ရာမဲဆန္ဒနယ်၏ မဲစာရင်းတွင် ပါဝင်သူ၊

### ဆန္ဒမဲပေးပိုင်ခွင့်မရှိသူ

(က) သာသနာ့ဝန်ထမ်း၊
(ခ) ထောင်ဒဏ်ကျခံနေရသူ၊
(ဂ) စိတ်ပေါ့သွပ်နေသည်ဟု သက်ဆိုင်ရာဥပဒေကပြဋ္ဌာန်းထားသည့်အတိုင်း သတ်မှတ်ခြင်းခံရသူ၊
(ဃ) လူမွဲအဖြစ် ဆုံးဖြတ်ကြေညာခံထားရခြင်းမှ လွတ်မြောက်ခွင့်မရသေးသူ၊
(င) ရွေးကောက်တင်မြှောက်ခြင်းဆိုင်ရာဥပဒေအရ တားမြစ်ခြင်းခံရသူ၊
(စ) နိုင်ငံခြားသား သို့မဟုတ် နိုင်ငံခြားသားအဖြစ် ခံယူထားသူ၊

**မြန်မာနိုင်ငံစာနယ်ဇင်းကောင်စီ(ယာယီ)၏ ရွေးကောက်ပွဲဆိုင်ရာလမ်းညွှန်စာအုပ်မှ ထုတ်နုတ်ဖော်ပြခြင်း ဖြစ်ပါသည်။**

# စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် ကောလင်းမြို့နယ်အထွေထွေရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ ဦးဝင်းကိုကိုနှင့် တွေ့ဆုံ

**တွေ့ဆုံမေးမြန်း - စိုင်းလှုမင်း**

**ကောလင်းမြို့နယ် အထွေထွေရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲနှင့် ရပ်ကွက်/ကျေးရွာအုပ်စု ကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ၊ အတွင်းရေးမှူးများနှင့် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို စက်တင်ဘာ ၁၁ ရက်က မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန "ဇာတိမာန်" ခန်းမတွင် ကျင်းပခဲ့သည်။ အဆိုပါ လုပ်ငန်းညှိနှိုင်းအစည်းအဝေးနှင့်ပတ်သက်၍ မြို့နယ်ကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ ဦးဝင်းကိုကိုနှင့် တွေ့ဆုံမေးမြန်းခဲ့သည်များကို ကောက်နုတ်တင်ပြလိုက်ပါသည်။**

မေး။ ။ ဒီနေ့ကျင်းပတဲ့အစည်းအဝေးနဲ့ ပတ်သက်တဲ့ရည်ရွယ်ချက်ကိုသိပါရစေ။

ဖြေ။ ။ အဓိက ရည်ရွယ်ချက်ကတော့ စက်တင်ဘာ ၁၄ ရက်နေ့ကစပြီး ၂၇ရက်နေ့ထိ ကြေညာမယ့် မဲစာရင်းတွေကို ရပ်/ကျေး ကော်မရှင်အဖွဲ့ခွဲများထံ ပေးအပ်တဲ့ အခမ်းအနားပါ။ ဒီမဲစာရင်းပေးအပ်တဲ့ အခမ်းအနားနဲ့ အတူ ရွေးကောက်ပွဲလုံခြုံရေးအတွက် မြို့နယ်ရဲတပ်ဖွဲ့က လုံခြုံရေးအစီအမံများဆောင်ရွက်ထားရှိမှုအခြေအနေများကို ကော်မရှင်အဖွဲ့ခွဲသို့ ရှင်းလင်းတင်ပြတဲ့အစီအစဉ်ပါ။ တစ်ပေါင်းတည်း ကျင်းပခဲ့ပါတယ်။

မေး။ ။ သဘာဝဘေးအန္တရာယ်ကျရောက်ခဲ့တဲ့ မြို့ဖြစ်နေတော့ ဒုတိယအကြိမ် မဲစာရင်း ထုတ်ပြန်နိုင်ဖို့ အချိန်မီပြီးစီးနိုင်အောင် ဘယ်လိုဆောင်ရွက်ခဲ့တယ်ဆိုတာ ရှင်းပြပေးပါဦး။

**ဖြေ။** ။ မှန်ပါတယ်။ ကောလင်းမြို့ဟာ ဇူလိုင် ၁၆ ရက်ကစပြီး မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ကျေးရွာအုပ်စုတော်တော်များများ ရေကြီးနစ်မြုပ်ခဲ့တယ်ဆိုတာ သိပြီးဖြစ်ပါတယ်။ ရေကြီးနစ်မြုပ်ချိန်ဟာ ပထမအကြိမ် မဲစာရင်းကြေညာပြီး ၁၂ ရက်ခန့်လောက်မှာဖြစ်တာဆိုတော့ ကျွန်တော်တို့ ကော်မရှင်အဖွဲ့ခွဲ အဆင့်ဆင့်က စာရင်းရှိပြီး အထောက်အထားများလည်း သက်ဆိုင်ရာ ရပ်/ကျေး ကော်မရှင်အဖွဲ့ခွဲများက ထိန်းသိမ်းထားနိုင်ခဲ့ပါတယ်။ အခက်အခဲတစ်ခုက သဘာဝဘေးကြောင့် ဘေးရွာအုပ်စုများနဲ့ ဆက်သွယ်ရေးအခက်အခဲပါ။ လမ်းတွေ၊ တံတားတွေ တော်တော်များများ ပျက်စီးသွားတော့ သွားလာရေး အထိုက်အလျောက် အဆင်ပြေတဲ့နေ့ထိ စောင့်ဆိုင်းခဲ့ရပါတယ်။ ဒါကြောင့် မူလသတ်မှတ်တဲ့ ဩဂုတ်လကုန်မှာ ကြေညာဖို့အခက်အခဲရှိတဲ့အတွက် စက်တင်ဘာ ၁၅ ရက်ထိ ခွင့်ပြုပေးဖို့ ခရိုင်ကော်မရှင်အဖွဲ့ခွဲသို့ ဆက်လက်တင်ပြခဲ့ရပါတယ်။ ခုတော့ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ၁၄-၉-၂၀၁၅ ရက်မှာ ထုတ်ပြန်လိုက်တဲ့အတွက် အားလုံးအဆင်ပြေသွားပါတယ်။

မေး။ ။ ၁၄-၉-၂၀၁၅ မှာ ကြေညာတဲ့ မဲစာရင်းကို ဘယ်လိုပုံစံနဲ့ ကြေညာထားတယ်ဆိုတာလေးသိပါရစေ။

**ဖြေ။** ။ အခု ကြေညာတဲ့ မဲစာရင်းဟာ ပထမအကြိမ်ကြေညာသွားတဲ့ မဲစာရင်းနဲ့ ပုံစံချင်းမတူပါဘူး။ နာမည်တွေကို အက္ခရာစဉ်နဲ့ ဖော်ပြထားပြီး မဲစာရင်းစာရွက်တစ်ရွက်မှာ ၁၀ ဦးသာဖော်ပြပေးတာ ဖြစ်ပါတယ်။

မေး။ ။ အက္ခရာစဉ်နဲ့ ဖော်ပြထားမှာဆိုတော့ အိမ်ထောင်စုဝင်တွေ တစ်ကွဲစီဖြစ်သွားပြီး မဲဆန္ဒရှင်တွေ မဲစာရင်းရှာရတာ အခက်အခဲ ရှိနိုင်/မရှိနိုင် ရှင်းပြပေးပါလား။ သိပါရစေ။

**ဖြေ။** ။ အက္ခရာစဉ်နဲ့ ဖော်ပြတဲ့အတွက် မူလမဲစာရင်းအမှတ်စဉ်ပြောင်းသွားတာမျိုး တော့ရှိနိုင်ပါတယ်။ ရပ်ကွက်/ ကျေးရွာတစ်ခုချင်း ဖော်ပြတာဆိုတော့ အခြားရပ်ကွက်/ ကျေးရွာတွင် ရောက်သွားတာမျိုးမရှိနိုင်ပါဘူး။ မိမိနေထိုင်ရာ ရပ်ကွက်/ကျေးရွာမှာ မဲရုံနှစ်ရုံရှိရင်တော့ ကွဲသွားတာမျိုးရှိနိုင်ပါတယ်။ ဥပမာ-ဦးအောင်နဲ့ ဒေါ်ကြည်ဆိုပါတော့။ အက္ခရာစဉ်နဲ့ဆို ဒေါ်ကြည်က အရင်လာမှာပါ။ ဒေါ်ကြည်မဲစာရင်းအမှတ်စဉ် ၂၀ဆိုရင် ဦးအောင်က ယင်းရပ်ကွက် မဲဆန္ဒရှင်ပေါင်း ၂၅၀၀ ရှိရင် မဲစာရင်းအမှတ်စဉ်ဟာလည်း ၂၀၀၀ကျော်မှာရှိသွားနိုင်ပါတယ်။ ဒါကြောင့် တစ်ဦးက မဲရုံ (၁)မှာပါဝင်ပြီး ကျန်တစ်ဦးက မဲရုံ (၂)မှာ ပါသွားမှာပါ။ အခုလို မဲစာရင်းပြုစုခြင်းဟာ မြန်မာနိုင်ငံမှာ ကျင်းပတဲ့ ရွေးကောက်ပွဲတွေမှာ ပထမဦးဆုံးပြုစုတာဖြစ်ပြီး ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် အနေနဲ့ နောင်လာမယ့်ရွေးကောက်ပွဲတွေ မှာ စနစ်ကျတဲ့ မဲစာရင်းပုံစံမျိုး ပေါ်ထွန်းလာ ဖို့ ရည်ရွယ်ပြီး ဆောင်ရွက်တာပါ။ အခု မဲစာရင်းတွေ အားလုံးကို ကွန်ပျူတာမှာ စနစ်တကျထည့်သွင်းပြီး ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကလည်း ထိန်းသိမ်းထားရှိမှာ ဖြစ်ပါတယ်။



မေး။ ။ မဲစာရင်းကို လာရောက်ကြည့်ရှုကြခြင်းနဲ့ ပတ်သက်ပြီး မဲဆန္ဒရှင်များ စိတ်ဝင်စားမှုအနေအထား ဘယ်လိုရှိပါသလဲ။

**ဖြေ။** ။ ပထမအကြိမ်(၁၄)ရက် ကြေညာချိန်မှာ စိတ်ဝင်စားမှုအားနည်းတာကို တွေ့ရပါတယ်။ နောက်ပိုင်း ရက်တွေမှာတော့ ပုံစံတွေ လာဖြည့်တင်ကြပါတယ်။ အခုတစ်ကြိမ်မှာတော့ နိုင်ငံရေးပါတီအသီးသီးက လွှတ်တော်ကိုယ် စားလှယ်လောင်းတွေကိုလည်း မိမိတို့ကိုမဲပေးကြမယ့် မဲဆန္ဒရှင်ပြည်သူတွေကို မဲစာရင်းလာရောက်ကြည့်ရှုဖို့ ဦးစားပေး ဟောပြောစည်းရုံးပေးကြပါလို့ မှာထားပါတယ်။

မေး။ ။ အခုတစ်ကြိမ် မဲစာရင်းကိုလည်း ပြင်ဆင်ဖြည့်စွက်၊ ကန့်ကွက်လို့ရပါသလား။

**ဖြေ။** ။ ရပါတယ်။ မူလပုံစံတွေအပြင် ရက်ပေါင်း ၁၈၀ နေထိုင်ပြီးတဲ့ မဲဆန္ဒရှင်တွေအတွက် ပုံစံ ၃(က)နဲ့ပါ လက်ခံဖြည့်သွင်းပေးသွားမှာပါ။ နိုင်ငံ့ဝန်ထမ်းတွေ အိမ်ထောင်ကျလို့ လိုက်လာတဲ့သူတွေ ဒါတွေအတွက် ရည်ရွယ်တဲ့ပုံစံပါ။

မေး။ ။ နောက်ဆုံးအနေနဲ့ မဲဆန္ဒရှင်ပြည်သူတွေကို ဘာများပြောချင်ပါသလဲ။

**ဖြေ။** ။ မဲဆန္ဒရှင်ပြည်သူတွေဆိုတာကတော့ ကောလင်းတစ်မြို့တည်းမဟုတ်ပါဘူး။ အားလုံးသော မဲဆန္ဒရှင်များကို ပြောလိုပါတယ်။ မဲပေးခွင့်ဆိုတာ ငါးနှစ်မှ တစ်ကြိမ်သာရတာပါ။ မိမိမဲတစ်ပြားနဲ့ နိုင်ငံအတွက် မိမိလိုလားတဲ့ ခေါင်းဆောင်တွေပေါ်ထွန်းလာနိုင်မှာပါ။ မဲဆန္ဒရှင်ပြည်သူတစ်ဦးအနေနဲ့ မဖြစ်မနေ မဲပေးဖို့ တာဝန်ရှိပြီး အမှုမဲ့အမှတ်မဲ့နေခဲ့ပြီးမှ ဟိုခေါင်းဆောင်မကောင်းဘူး၊ ဒီပါတီမကောင်းဘူးဆိုတာတွေ ဝေဖန်နေကြမယ့်အစား မိမိကိုယ်တိုင်ကိုယ်ကျ မဲပေးနိုင်ရေးအတွက် မဲစာရင်းကို မပျက်မကွက်ကြည့်ပြီး မိမိနာမည်ပါ/မပါ စစ်ဆေးပေးပါ။ မဲစာရင်းမှာ မိမိနာမည်ပါမှ မဲပေးနိုင်မယ်ဆိုတာ သတိရကြဖို့ အထူးအလေးထားပြောကြားလိုပါတယ်။

**ဟုတ်ကဲ့ အခုလို ဖြေကြားပေးတဲ့အတွက် ကျေးဇူးတင်ပါတယ်ခင်ဗျား။**

**ရွေးကောက်ပွဲကျင်းပရန် ၅၂ ရက်သာ လိုတော့သည်။**

၂၀၁၅ ရွေးကောက်ပွဲ အထူးကဏ္ဍအချပ်ပို
ကြေးမုံ Mirror

# အင်းအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီက ၎င်းတို့၏ မူဝါဒ၊ သဘောထား၊ လုပ်ငန်းစဉ် စသည်တို့ကို ဟောပြောတင်ပြ

**အင်းအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီဥက္ကဋ္ဌ ဦးဝင်းမြင့်က ၎င်းတို့ပါတီ၏ မူဝါဒ၊ သဘောထား၊ လုပ်ငန်းစဉ် စသည်တို့ကို စက်တင်ဘာ ၁၆ ရက် ညပိုင်းတွင် ရေဒီယိုနှင့် ရုပ်မြင်သံကြားအစီအစဉ်များမှ ဟောပြောတင်ပြခဲ့ပါသည်။ အဆိုပါဟောပြောတင်ပြချက်အပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်ပါသည်-**



**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတစ်ဝန်းလုံးမှ မိဘပြည်သူများ၊ ညောင်ရွှေမြို့နယ် အင်းလေးဒေသရှိ တိုင်းရင်းသားများနှင့် အင်းလေးသူအင်းလေးသားများ၊ အင်းလေးကန်ကို ချစ်မြတ်နိုးကြသော အင်းလေးကန်ချစ်သူများအားလုံး စိတ်၏ချမ်းသာခြင်း ကိုယ်၏ကျန်းမာခြင်းတို့နဲ့ ပြည့်စုံကြပါစေလို့ ရှေးဦးစွာ မေတ္တာပို့သဂါရဝပြုအပ်ပါတယ်ခင်ဗျား-**

ကျွန်တော်ကတော့ အင်းအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီရဲ့ ဥက္ကဋ္ဌ ဦးဝင်းမြင့်ဖြစ်ပါတယ်။ ရှမ်းပြည်နယ် အစိုးရအဖွဲ့ဝင် အင်းတိုင်းရင်းသားလူမျိုးရေးရာဝန်ကြီးလည်းဖြစ်ပါတယ်။ ၂၀၁၅ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲမှာ ကျွန်တော်တို့ပါတီက ညောင်ရွှေမြို့နယ် တစ်မြို့နယ်တည်းမှာပဲ ပြည်နယ်လွှတ်တော်အတွက် နှစ်နေရာ၊ ပြည်သူ့လွှတ်တော်အတွက် တစ်နေရာ၊ အမျိုးသားလွှတ်တော်အတွက် တစ်နေရာနဲ့ အင်းတိုင်းရင်းသား လူမျိုးကိုယ်စားလှယ် တစ်နေရာ၊ စုစုပေါင်း ငါးနေရာသာ ရွေးကောက်ယှဉ်ပြိုင်သွားမှာဖြစ်ပါတယ်။ ကျွန်တော်တို့ အင်းသားလူမျိုးတို့ရဲ့ အထွတ်အမြတ်ဖြစ်တဲ့ အင်းတိုင်းရင်းသားလူမျိုးရေးရာ ကိုယ်စားလှယ်အဖြစ် ကျွန်တော်တို့ပါတီရဲ့ (ပညာရေးအတိုင်ပင်ခံ) ဒေါက်တာဒေါ်ခင်လှ(ခေါ်) မမော်လီ B.Sc, M.Sc, Ph.D (Physics) ပင်လုံတက္ကသိုလ် အငြိမ်းစားပါမောက္ခက ပါဝင်ယှဉ်ပြိုင်သွားမှာ ဖြစ်ပါတယ်။

ကျွန်တော်တို့ပါတီက "အင်းအမျိုးသား"လို့ နာမည်ခံထားပေမယ့် ကျဉ်းမြောင်းတဲ့ လူမျိုးအရေးအစွဲနဲ့ ဖွဲ့စည်းထားခြင်းမဟုတ်ပါ။ ကျွန်တော်တို့ မြန်မာနိုင်ငံရဲ့ ပကတိအရှိတရားအရ တိုင်းရင်းသားလူမျိုး ၁၃၅ မျိုးနဲ့ ဖွဲ့စည်းထားတဲ့ ပြည်ထောင်စုနိုင်ငံဖြစ်ပါတယ်။ ၂၀၁၅ ခုနှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲမှာ နိုင်ငံရေး ပါတီပေါင်း ၉၁ ပါတီ ပါဝင်ယှဉ်ပြိုင်ရာမှာ နိုင်ငံရေးပါတီ ၅၃ ပါတီကတော့ မိမိတို့တိုင်းရင်းသားမျိုးနွယ်စု နာမည်များနဲ့ ပါတီတည်ထောင်ဖွဲ့စည်းထားကြပါတယ်။ အင်းတိုင်းရင်းသားမျိုးနွယ်စုကတော့ သင့်တင့်မျှတသော လူဦးရေ (သုည ဒသမ ၀၁ ရာခိုင်နှုန်း) ရှိတဲ့အတွက် ဖွဲ့စည်းပုံအခြေခံဥပဒေအရ အင်းတိုင်းရင်းသားလူမျိုးရေးရာ ကိုယ်စားလှယ်တစ်ဦး ထားရှိရပါတယ်။ ဒါ့အပြင် နိုင်ငံရေးအဆက်ဆက်မှာလည်း ထူးချွန်ထက်မြက်သော ဒေသခံလူကောင်းလူတော်များ ရှိခဲ့သော်လည်း နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးဘဝတွေမှာ အခြေခံအုတ်မြစ်ဖြစ်တဲ့ နိုင်ငံရေးလုပ်ငန်းစဉ် တစ်နည်းဆိုတာ နိုင်ငံရေးစင်မြင့်မှာ လက်ဝေခံ၊ အဖြည့်ခံ၊ တစ်ဆင့်ခံအဖြစ် ထားခဲ့ရှိကြလို့ ကျွန်တော်တို့ဒေသမှာ နေထိုင်တဲ့ တိုင်းရင်းသားများ အင်းလေးသူ အင်းလေးသား မျိုးနွယ်စုများက နိုင်ငံရေးနယ်ပယ်မှာ တန်းတူရည်တူ ပါဝင်နိုင်ရန်အတွက် ပါတီတည်ထောင်ခဲ့ရခြင်းဖြစ်ပါတယ်။ တစ်ဖက်မှာလည်း ကျွန်တော်တို့နဲ့ နယ်နိမိတ်ချင်းထိစပ်နေတဲ့ ဓနုတိုင်းရင်းသား၊ ပအိုဝ်းတိုင်းရင်းသား၊ ကယန်း(ပဒေါင်) တိုင်းရင်းသားတို့အပြင် ရှမ်းပြည်နယ်ရဲ့ အစ်ကိုကြီးဖြစ်တဲ့ ကျွန်တော်တို့ပါတီကတော့ တိုင်းရင်းသားများအချင်းချင်း တန်းတူရည်တူရှိရေးနှင့် ချစ်ခင်လေးစားမှုကို အခြေပြုပြီး ဖက်ဒရယ်ပြည်ထောင်စုစိတ်ဓာတ် အပြည့်နှင့် မိမိလူမျိုး အများဆုံးနေထိုင်ရာ ညောင်ရွှေမြို့နယ် မဲဆန္ဒတစ်နယ်တည်းကသာ ပါဝင်ယှဉ်ပြိုင်ခြင်းဖြစ်ပါတယ်။ နိုင်ငံရေးမှာ အာဏာမက်လို့၊ နေရာမက်လို့ မဟုတ်ပါ။ နိုင်ငံရေးလောကမှာ နိုင်ငံရေးစင်မြင့် နိုင်ငံရေးလုပ်ကိုင်ခွင့်မရှိခဲ့ရင် ဘယ်အစိုးရတက်တက် ဘယ်ပါတီ နိုင်နိုင် အင်းသားလူမျိုးဟာ နိုင်ငံရေး၊ စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေးနှင့် လူမှုရေးတို့မှာ နေရာမရခဲ့ဘဲ နောက်ဆုံးပိတ်ဖြစ်တယ်ဆိုတာကို သမိုင်းသင်ခန်းစာအရ သိရှိခဲ့ရတာမို့ ပါတီတည်ထောင်ခဲ့ခြင်းဖြစ်ပါတယ်။

**တိုင်းရင်းသားပြည်သူအပေါင်းတို့ခင်ဗျား-**

မြန်မာနိုင်ငံ လွတ်လပ်ရေးရရှိရေးအတွက် လွတ်လပ်ရေးဖခင် ဗိုလ်ချုပ်အောင်ဆန်းနဲ့အတူ ပင်လုံစာချုပ်ကြီးမှာ ပါဝင်လက်မှတ်ရေးထိုးခဲ့တဲ့ ဦးတင်ဇ (ရှမ်းပြည်)၊ ပင်လုံညီလာခံကြီးဖြစ်ပေါ်အောင် အဓိက ပါဝင်ကြိုးစားခဲ့ပြီး နယ်ချဲ့အင်္ဂလိပ်နဲ့ အလိုတော်ရိများရဲ့ နိုင်ငံရေးကျော့ကွင်းမှ လွတ်မြောက်အောင် လူထုတိုက်ပွဲနဲ့ ဦးစီးဦးဆောင် ဆန္ဒဖော်ထုတ်ခဲ့တဲ့ ဦးတင်ဇ (ရှမ်းပြည်)ရဲ့ ပြည်ထောင်စုစိတ်ဓာတ်ကို ဆက်လက်အမွေခံတဲ့ ပြည်ထောင်စုစိတ်ဓာတ်ပြည့်ဝသော အင်းအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီ ဖြစ်ပါကြောင်း ရဲရဲကြီး တင်ပြလိုပါတယ်။

အင်းအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီဟာ ၁-၆-၂၀၁၀ ရက်နေ့မှာ ပါတီမှတ်ပုံတင်အမှတ်စဉ် (၂၇)ဖြင့် စတင်တည်ထောင်ခဲ့ပါသည်။ ၂၀၁၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲမှာ ယှဉ်ပြိုင်ဘက် အင်အားကြီးနိုင်ငံရေးပါတီကြီးကို ညောင်ရွှေမြို့နယ် မဲဆန္ဒနယ်မြေ ငါးခုစလုံးမှာ အပြတ်အသတ်အောင်ပွဲရခဲ့ပါတယ်။ ကျွန်တော်တို့ပါတီဟာ ငွေကြေးမှာ ဗလာနတ္ထိ၊ အာဏာဆိုလည်း ဝေလာဝေး၊ ပါတီပိုင်ရုံးကလည်းမရှိ၊ ကိုယ့်အားကိုယ်ကိုး မျိုးချစ်စိတ်ဓာတ်၊ ပြည်ထောင်စုစိတ်ဓာတ်တို့ကို အပြည့်အဝ အရင်းခံ၍ ပါဝင်ယှဉ်ပြိုင်ခဲ့ရပါတယ်။ ဤကဲ့သို့ ငွေကြေးချို့တဲ့စွာဖြင့် ပါဝင်ယှဉ်ပြိုင်ခဲ့တဲ့ အင်းအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီကို အင်းလေးဒေသမှာ ရှိတဲ့ တိုင်းရင်းသားပြည်သူများ၊ အင်းသူအင်းသားတို့၏ မေတ္တာ၊ စေတနာ၊ ကရုဏာ၊ မုဒိတာတရားတို့နဲ့အတူ ယုံကြည်အားထားမှု ရရှိခဲ့ပါတယ်။ တစ်နည်းဆိုသော် ပြည်သူတို့ရဲ့အသည်းကြားမှ မဲတစ်ပြားကိုတော့ ပိုင်ပိုင်နိုင်နိုင် ရယူခဲ့သည့် ကျွန်တော်တို့ အင်းအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီဖြစ်ပါတယ်။ ချို့ငဲ့သော ငွေကြေး၊ ပေးစရာဘတ်ဂျက်၊ မပါရှိသော တိုင်းရင်းသားဝန်ကြီးဘဝ၊ စည်းရုံးရေးဆောင်ရွက်ရာတွင် အင်းသူအင်းသား ပြည်သူများ၏ ဖြူစင်သော မေတ္တာ၊ ချိုသာသောအပြုံး၊ နိုင်ကိုနိုင်ရမည်ဟု ဖော်ပြနေသည့် ပြည်သူ့မျက်ဝန်းတို့မှ ပေါ်ထွက်လာသည့် အားမာန်၊ နှောင်ကြိုးမပါသော ကူညီမှု၊ ထက်သန်သော မျိုးချစ်စိတ်၊ ရဲရင့်သည့် သတ္တိတို့ဖြင့် တိုင်းရင်းသားပြည်သူအားလုံးက ဝိုင်းဝင်းကူညီပံ့ပိုးခဲ့သည်ကိုလည်း ကျွန်တော်တို့ ထာဝစဉ်မမေ့ပါ။

**ပါတီ၏ရည်မှန်းချက်နှင့်အမျိုးသားမူဝါဒ**

(က) တိုင်းရင်းသားများအားလုံး တစ်ပြေးညီတိုးတက်လာပြီး ပြည်ထောင်စုတစ်ရပ်လုံး စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေး၊ လူမှုဖွံ့ဖြိုးတိုးတက်လာကာ အရှေ့တောင်အာရှနိုင်ငံများနှင့် ရင်ပေါင်တန်းနိုင်ရေး။

(ခ) ဖက်ဒရယ်ပြည်ထောင်စုစနစ်ကို တည်ဆောက်မည်။

(ဂ) ပြည်သူများ၏ဆန္ဒနှင့်အညီ ဖွဲ့စည်းပုံအခြေခံဥပဒေကို ပြင်ဆင်သွားမည်။

(ဃ) တိုင်းရင်းသားများအားလုံး အခွင့်အရေးတန်းတူရရေးနှင့် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်ကို အစဉ်ထောက်ခံသည်။

**နိုင်ငံရေးမူဝါဒ**

ပါတီစုံဒီမိုကရေစီစနစ်ကို ကျင့်သုံးမည့် နိုင်ငံရေးပါတီများအားလုံး ပါတီကြီး၊ ပါတီငယ်ဟု ခွဲခြားသတ်မှတ်ခြင်းမရှိဘဲ တန်းတူအခွင့်အရေး ရှိရမည်ဖြစ်ပြီး လေးစားစွာ ဆက်ဆံမည်။ နိုင်ငံရေးပါတီများအားလုံး ထာဝစဉ်ရှင်သန်ဖွံ့ဖြိုးတိုးတက်ရန်အတွက် နိုင်ငံတော်အစိုးရမှ တာဝန်ယူဆောင်ရွက်ရမည်။ လိုအပ်ပါက နိုင်ငံတော်မှ အထောက်အကူပေးရမည်။

**စီးပွားရေးလုပ်ငန်းစဉ်**

(က) နိုင်ငံတော်တွင် ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာစေရေး၊ ဘဏ်လုပ်ငန်းဖွံ့ဖြိုးတိုးတက်စေရေးနှင့် နိုင်ငံခြားဘဏ်များအား လာရောက်ရင်းနှီးမြှုပ်နှံရေးအတွက် အထူးအားပေးမည်။

(ခ) စီးပွားရေးတွင် အခွင့်ထူးခံလူတန်းစားများ မရှိစေရ၊ ပုဂ္ဂလိကလုပ်ငန်းရှင်များနှင့် သမဝါယမလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အထူးအားပေးမည်။ တွက်ခြေမကိုက်သော နိုင်ငံတော်မှ ဆောင်ရွက်နေသည့် စီးပွားရေးကဏ္ဍများကို လျှော့ချဖျက်သိမ်း၍ ဈေးကွက်စီးပွားရေးစနစ်နှင့်အညီ ပွင့်လင်းမြင်သာစွာ ဆောင်ရွက်မည်။



**တိုင်းရင်းသားရေးရာလုပ်ငန်းစဉ်များ**

(က) တိုင်းရင်းသားများ အခွင့်အရေး ကာကွယ်စောင့်ရှောက်သည့် ဥပဒေပြဋ္ဌာန်းပြီးဖြစ်၍ ၎င်းဥပဒေ အမြန်ဆုံး သက်ဝင်လှုပ်ရှားနိုင်ရန် ဆောင်ရွက်မည်။

(ခ) သက်ဆိုင်ရာ တိုင်းရင်းသားတို့၏ လက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရန် ကူညီဆောင်ရွက်ပြီး ဈေးကွက်ရရှိရန် အစဉ်တစိုက်ဆောင်ရွက်မည်။

(ဂ) ပြည်နယ်နှင့် တိုင်းအတွင်းရှိ လူနည်းစုတိုင်းရင်းသားများ၏ စီးပွားရေး၊ ပညာရေးနှင့် လူမှုရေးများ ကူညီထောက်ပံ့နိုင်ရန် ဘတ်ဂျက်ရေးဆွဲပြီး သက်ဆိုင်ရာတိုင်းရင်းသားရေးရာဝန်ကြီးများမှ စီမံခန့်ခွဲဆောင်ရွက်နိုင်ရန် ဆောင်ရွက်မည်။

**တောင်သူလယ်သမားများအတွက် လုပ်ငန်းစဉ်**

(က) လယ်ယာမြေ ဖော်ထုတ်ရေးကို အဓိက ဦးစားပေးမဖြစ်မနေ ဖော်ဆောင်သွားမည်။

(ခ) လယ်သမားများအတွက်ပုံစံ(၇) ကြန့်ကြာနေမှုကို စိစစ်၍ မှန်ကန်လွယ်ကူသောစနစ်ကို ဖော်ထုတ်မည်။

(ဂ) လယ်သမားများ လယ်ယာမြေ ပြန်လည်ပေးအပ်ရေးနည်းစနစ်ကို လယ်သမားများဆန္ဒနှင့်အညီ ဆောင်ရွက်မည်။

(ဃ) သီးနှံမျိုးစုံ မျိုးစေ့များ ပြည်တွင်းတွင် ထုတ်လုပ်နိုင်ရန် မဖြစ်မနေ ဆောင်ရွက်မည်ဖြစ်ပါသည်။

**နိဂုံး**

အင်းအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီသည် တစ်နိုင်ငံလုံးနှင့် သက်ဆိုင်သောမူဝါဒနှင့် အင်းလေးကန်ရေရှည်တည်တံ့၍ အင်းလေးကန်ရှိ တိုင်းရင်းသားအားလုံး ဖွံ့ဖြိုးတိုးတက်စေသည့် လုပ်ငန်းစဉ်များကို ဟန်ချက်ညီစွာ ပြည်သူ့လွှတ်တော်အသီးသီးတွင် ပါဝင်ပြီးဆောင်ရွက်သွားမည်ဖြစ်ပါသည်။ မိမိပါတီမူဝါဒနှင့်ကိုက်ညီသော တူညီသောနိုင်ငံရေးပါတီများနှင့် ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ပါသည်။ အထူးသဖြင့် ယခုစတင်ဖွဲ့စည်းခဲ့ပြီး လုပ်ငန်းစတင်မဆောင်ရွက်နိုင်သေးသည့် အင်းလေးကန်အာဏာပိုင်အဖွဲ့ သုံးစွဲရန်လိုအပ်သော ရန်ပုံငွေကို အင်းလေးဇုန်ဝင်ခွင့်ရငွေမှ ၁၀၀ ရာခိုင်နှုန်းပြည့် ရရှိသုံးစွဲနိုင်ရန် ကြိုးပမ်းသွားမည်။ နိုင်ငံတော်ရန်ပုံငွေမှလည်းကောင်း၊ ရှမ်းပြည်နယ်အစိုးရရန်ပုံငွေမှလည်းကောင်း အကူအညီများရယူ၍ ဒေသခံပြည်သူများ အင်းသူအင်းသားများပါဝင်သည့် ပြည်သူ့အခြေပြုဒီမိုကရေစီစနစ်နှင့်အညီ ပွင့်လင်းမြင်သာစွာ ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

**တိုင်းရင်းသားပြည်သူအပေါင်းတို့ခင်ဗျား-**

နိဂုံးချုပ်အနေဖြင့် နှစ်ပေါင်းများစွာက ငုပ်လျှိုးပျောက်ကွယ်နေသည့် အင်းသားလူမျိုးတို့၏ နိုင်ငံရေးစင်မြင့်နှင့် မျိုးနွယ်စုဂုဏ်သိက္ခာကို ပြန်လည်မြှင့်တင်ပေးနိုင်ခဲ့သော ၂၀၁၀ ခုနှစ် ရွေးကောက်ပွဲအောင်နိုင်ဆုရ "ခြေထောက်ဖြင့်လှော် ကမ္ဘာကျော်တဲ့ တို့အင်းသား" ဆောင်ပုဒ်ပိုင်ရှင် "အင်းအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီ"ကို သင်ရဲရဲကြီး ရွေးချယ်လိုက်ပါ။ ဖက်ဒရယ်ပြည်ထောင်စုပေါ်ထွန်းရေး၊ သာယာလှပသော အင်းလေးကန်ရေရှည်တည်တံ့ရေးအတွက် ချစ်ခင်လေးစားရသော တိုင်းရင်းသားပြည်သူများရဲ့ အသည်းကြားမှ မဲတစ်ပြားကို ကျွန်တော်တို့ အင်းအမျိုးသား ဖွံ့ဖြိုးတိုးတက်ရေးပါတီအားယုံကြည်စွာ ပေးအပ်လိုက်ကြပါလို့ဆန္ဒပြုရင်း နိဂုံးချုပ်အပ်ပါတယ်ခင်ဗျား. .။

တိုင်းရင်းသားပြည်သူအားလုံးကျန်းမာချမ်းသာကြပါစေ။

## လှိုင်သာယာ ၁၉ ရပ်ကွက်၌ မဲဆန္ဒရှင်များစာရင်း ကြေညာ

**ရန်ကုန် စက်တင်ဘာ ၁၆။** ။ ၂၀၁၅ ခုနှစ် နိုဝင်ဘာ ၈ ရက်တွင် ကျင်းပမည့် ပါတီစုံအထွေထွေရွေးကောက်တင်မြှောက်ပွဲပြုလုပ်ရာတွင် ပြည်သူအများဆန္ဒပြုမဲပေးနိုင်ရန်အတွက် အိမ်ထောင်စုလူဦးရေစာရင်းပုံစံ (၆၆/၆)အရ စိစစ်ပြုစုထားရှိသည့် မဲဆန္ဒရှင်များစာရင်းကို မဲဆန္ဒနယ်အမှတ်(၂)တွင်ပါဝင်သည့် ရန်ကုန်တိုင်းဒေသကြီး မြောက်ပိုင်းခရိုင် လှိုင်သာယာမြို့နယ် အမှတ်(၁၉)ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးအနီးရှိ ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံးတွင် စက်တင်ဘာ ၁၄ ရက်က မဲဆန္ဒရှင်စာရင်းစတင်အသိပေးကြေညာထားခဲ့ရာ ဒေသခံပြည်သူများ စက်တင်ဘာ ၁၅ ရက်က စိတ်ဝင်တစားလာရောက်ကြည့်ရှုကြကြောင်း သိရသည်။

(ကြေးမုံ)

# ‘ဝ’ ဒီမိုကရက်တစ်ပါတီက ၎င်းတို့၏ မူဝါဒ၊ သဘောထား၊ လုပ်ငန်းစဉ် စသည်တို့ကို ဟောပြောတင်ပြ

**‘ဝ’ ဒီမိုကရက်တစ်ပါတီ ဗဟိုကော်မတီဝင် ဦးကျင်ဝမ်းက ၎င်းတို့ပါတီ၏ မူဝါဒ၊ သဘောထား၊ လုပ်ငန်းစဉ် စသည်တို့ကို စက်တင်ဘာ ၁၆ ရက် ညပိုင်းတွင် ရေဒီယိုနှင့် ရုပ်မြင်သံကြားအစီအစဉ်များမှ ဟောပြောတင်ပြခဲ့ပါသည်။ အဆိုပါဟောပြောတင်ပြချက်အပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်ပါသည်-**



**ချင်ခင်လေးစားအပ်ပါသော မဲဆန္ဒရှင် ပြည်သူအပေါင်းတို့ခင်ဗျား-**

ကျွန်တော်ကတော့ ‘ဝ’ဒီမိုကရက်တစ်ပါတီမှ ဗဟိုကော်မတီဝင် ဦးကျင်ဝမ်း ဖြစ်ပါတယ်။

မင်္ဂလာအပေါင်းနှင့် ခညောင်းကြပြီး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာရွှင်လန်း ချမ်းမြေ့ကြပါစေလို့ ဆုမွန်ကောင်းတောင်းရင်းနှုတ်ခွန်းဆက်သ ဂါရဝပြုအပ်ပါတယ်။

ကျွန်တော်တို့ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ကြီးသည် ပါတီစုံဒီမိုကရေစီစနစ်ဖြင့် ချီတက်ရာတွင် ဘက်ပေါင်းစုံမှ အောင်မြင်မှုအသီးအပွင့်များကို အထိုက်အလျောက် ရရှိခံစားနေကြရပြီဖြစ်ပါတယ်။ ဤအောင်မြင်မှုရလဒ်သည် မဲဆန္ဒရှင်ပြည်သူတွေရဲ့စည်းလုံးညီညွတ်စွာ ပူးပေါင်းဆောင်ရွက်မှုဖြင့် ရရှိသည်ကို မျက်ဝါးထင်ထင်တွေ့မြင်နေရပါတယ်။ များမကြာတော့သည့် အချိန်ကာလတွင် ပွင့်လင်းမြင်သာပြီး တရားမျှတမှုရှိမည့် ဒုတိယအကြိမ် ပါတီစုံဒီမိုကရေစီ ရွေးကောက်ပွဲကြီးကို ကျင်းပပြုလုပ်ကြရမှာဖြစ်ပါတယ်။ ဒီရွေးချယ်တင်မြှောက်ပွဲတွင် မဲဆန္ဒရှင်ပြည်သူများက မိမိတို့အတွက် ပြည်သူ့အကျိုးကို စေတနာမှန်ဖြင့် သယ်ပိုးဆောင်ရွက်နိုင်မည့် ကိုယ်စားလှယ်လောင်းများကို ရွေးချယ်ဖို့ အလွန်မှ အရေးကြီးပါတယ်။ ဒါမှ ကျွန်တော်တို့ မျှော်မှန်းထားသည့် အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်တဲ့ နိုင်ငံတော်သစ်ကြီးအား ဆက်လက်တည်ဆောက်သွားနိုင်ကြမှာဖြစ်ပါတယ်။ ဒါကြောင့် နိုင်ငံတော်ရဲ့ အနာဂတ်ကံကြမ္မာကောင်းအတွက် မိမိတို့အသည်းနှလုံးကြားက တန်ဖိုးမဖြတ်နိုင်တဲ့ ဆန္ဒမဲတစ်ပြားဟာ အဆုံးအဖြတ်ဖြစ်ပါတယ်လို့ အသိပေးတင်ပြလိုပါတယ်။

ဒီအတွက် ဆန္ဒမဲပေးတဲ့နေရာမှာ မှန်မှန်ကန်ကန် သေချာတွေးခေါ် စဉ်းစားပြီး လွတ်လပ်စွာဆန္ဒမဲပေးကြဖို့ဖြစ်ပါတယ်။ ဒါမှ စစ်မှန်ပြီး စည်းကမ်းပြည့်ဝတဲ့ ပါတီစုံဒီမိုကရေစီရွေးကောက်ပွဲကြီးရဲ့ အောင်မြင်မှုနဲ့အတူ တိုင်းရင်းသားပြည်သူတစ်ရပ်လုံး မျှော်မှန်းကြတဲ့ အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်တဲ့ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ကြီးအဖြစ် ကမ္ဘာတည်သရွေ့ ဆက်လက်တည်ဆောက်ထိန်းသိမ်းသွားနိုင်ကြမှာ ဖြစ်ပါတယ်။

ကျွန်တော်တို့ ‘ဝ’ ဒီမိုကရက်တစ်ပါတီဟာ ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေလိုအပ်ချက်နဲ့အညီ ‘ဝ’ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းအတွင်းရှိ တိုင်းရင်းသားညီအစ်ကိုများရဲ့ အတည်ပြုဆုံးဖြတ်ချက်ဖြင့် တည်ထောင်ခဲ့သောနိုင်ငံတော်အကျိုးပြုပါတီဖြစ်ပါတယ်။

‘ဝ’ ဒီမိုကရက်တစ်ပါတီဟု ဆိုပေမယ့်လည်း ‘ဝ’ တိုင်းရင်းသားတစ်မျိုးတည်းဖြင့် ဖွဲ့စည်းတည်ထောင်ထားခြင်း မဟုတ်ဘဲ ‘ဝ’ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းအတွင်းရှိ တိုင်းရင်းသားညီအစ်ကိုများရဲ့ စည်းလုံးညီညွတ်မှုဖြင့် ဖွဲ့စည်းတည်ထောင်ထားသောပါတီ ဖြစ်ပါတယ်။

၂၀၁၀ ခုနှစ် အထွေထွေရွေးကောက်ပွဲကြီးတွင် ကျွန်တော်တို့ပါတီရဲ့ လွှတ်တော်အမတ် ခြောက်ဦးဟာ ဒေသခံပြည်သူများ၏ စည်းလုံးညီညွတ်မှုကြောင့် ရွေးကောက်တင်မြှောက်ခြင်းခံခဲ့ရပြီး ကြီးမားသော အောင်မြင်မှုကို ရရှိခဲ့ပါတယ်။ ရွေးကောက်တင်မြှောက်ခြင်းခံရသော ကျွန်တော်တို့ရဲ့ ပါတီကိုယ်စားပြုလွှတ်တော်ကိုယ်စားလှယ်များသည် လွှတ်တော်ထဲတွင်သော်လည်းကောင်း၊ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများတွင်သော်လည်းကောင်း တာဝန်ကျေပွန်စွာဖြင့် ဆောင်ရွက်ခဲ့ကြသည်ကို ဒေသခံပြည်သူများအနေဖြင့် သိရှိပြီး ဖြစ်ပါတယ်။

လာမည့် ၂၀၁၅ ရွေးကောက်ပွဲမှာ ကျွန်တော်တို့ပါတီဟာ ‘ဝ’ တိုင်းရင်းသားအများစုရှိတဲ့ မဲဆန္ဒနယ် (၁၁)နေရာကို ဝင်ရောက်ယှဉ်ပြိုင်မှာဖြစ်ပါတယ်။ ကျွန်တော်တို့ပါတီရဲ့ ကိုယ်စားလှယ်များအနိုင်ရရှိပါက လွှတ်တော်ထဲတွင် တိုင်းရင်းသားများ ရသင့်ရထိုက်သည့် အခွင့်အရေးရရှိအောင်နဲ့ ဒေသတွင်း ဖွံ့ဖြိုးတိုးတက်မှုလုပ်ငန်းများကို ဆက်လက်ကြိုးစားဆောင်ရွက်ပေးသွားမှာဖြစ်ကြောင်း တင်ပြလိုပါတယ်။

အထူးတင်ပြလိုသည်မှာ ‘ဝ’ ဒီမိုကရက်တစ်ပါတီရဲ့ အချုပ်သဘောထားဖြစ်တဲ့ နယ်မြေအေးချမ်းသာယာရေး၊ အဘက်ဘက်မှာ ဖွံ့ဖြိုးတိုးတက်ရေးနဲ့ တိုင်းရင်းသားညီအစ်ကိုများအချင်းချင်း ချစ်ခင်လေးစားညီညွတ်ရေး စသည့် အကျိုးကျေးဇူးများကို ရရှိခံစားကြပြီဖြစ်ပါတယ်။ ဖော်ပြပါ ပါတီရဲ့သဘောထားများကို ‘ဝ’ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းအတွင်းရှိ တိုင်းရင်းသားညီအစ်ကိုများကလည်း နားလည်သဘောပေါက် လက်ခံကြပြီး ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြလို့ အဘက်ဘက်မှာ အောင်မြင်မှုများစွာရရှိနေကြပြီဖြစ်ကြောင်း ဖော်ပြလိုပါတယ်။ နယ်မြေအေးချမ်းပြီး လမ်းပန်းဆက်သွယ်ရေးကောင်းမွန်တိုးတက်လာခြင်းနဲ့အတူ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေးနှင့် စီးပွားရေးကဏ္ဍမှာလည်း နယ်မြေဒေသနဲ့အညီ တိုးတက်ပြောင်းလဲလာပြီဖြစ်ကြောင်း ထပ်လောင်းတင်ပြလိုပါတယ်။

ကောင်းမွန်တိုးတက်လာတဲ့ အခြေအနေများနဲ့အတူ ပါတီရဲ့လုပ်ငန်းစဉ်ယန္တရားများကိုလည်း အချိန်နဲ့ တစ်ပြေးညီ အလျဉ်မီအောင် ဆောင်ရွက်နိုင်ခဲ့တယ်။ တစ်နည်းအားဖြင့် အောင်မြင်မှုရဲ့အကြောင်းရင်းကို ဖော်ပြမယ်ဆိုရင်တော့ ပါတီရဲ့ဦးဆောင်မှုဖြင့် ပြည်သူများရဲ့ ကူညီအားပေးမှု၊ ဝန်ထမ်းများရဲ့ကြိုးပမ်းမှု၊ တာဝန်ကျေမှုတို့နဲ့အတူ ‘ဝ’ ဒီမိုကရက်တစ်ပါတီရဲ့ ရင်းနှီးတဲ့ မိတ်ဆွေများက ထောက်ပံ့ထည့်ဝင်ငွေဖြင့် လည်ပတ်လို့သာ လုပ်ငန်းများ အောင်မြင်စွာ ဆောင်ရွက်နိုင်ခဲ့ပါတယ်။ ဖော်ပြပါ ပုဂ္ဂိုလ်များတို့ရဲ့ လုပ်အား၊ ငွေအားအတွက် အထူးကျေးဇူးတင်ရှိပါကြောင်း ဂုဏ်ပြုဖော်ပြအပ်ပါတယ်။

ကျွန်တော်တို့ ‘ဝ’ဒီမိုကရက်တစ်ပါတီဟာ နိုင်ငံတော်ရဲ့ အစိတ်အပိုင်းတစ်ခုဖြစ်တဲ့ ’ဝ’ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းကို အလုပ်အကျွေးပြုဖို့ သန္နိဋ္ဌာန်ချမှတ်သည့်အလျောက် နယ်မြေဒေသတည်ငြိမ်အေးချမ်းရေး၊ တရားဥပဒေစိုးမိုးရေး၊ တိုးတက်ဖွံ့ဖြိုးရေးနှင့် တိုင်းရင်းသားစည်းလုံးညီညွတ်ရေးတို့ဟာ ရှေးဦးစွာဆောင်ရွက်ရမည့် လုပ်ငန်းစဉ်တစ်ရပ်ဟု ခံယူပါတယ်။

ကျွန်တော်တို့ရဲ့ ပါတီဟာ ’ဝ’ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း ငြိမ်းချမ်းရေးတည်မြဲအောင် ဆောင်ရွက်ပေးခဲ့တယ်။ နယ်မြေအေးချမ်းလို့ ဘက်စုံတိုးတက်အောင် ဆောင်ရွက်ပေးခဲ့ပါတယ်။ ဘက်စုံတိုးတက်လာသည်နှင့်အညီ တိုင်းရင်းသားညီအစ်ကိုများ ပိုပြီးသွေးစည်းညီညွတ်လာကြတဲ့အကျိုးကျေးဇူးများကို ရရှိခံစားနေကြပြီဖြစ်ပါတယ်။

ဒီတော့ ပါတီရဲ့ ရည်မှန်းချက်များကို တင်ပြရမယ်ဆိုရင် ‘ဝ’ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းအတွက် ထာဝရတည်ငြိမ်အေးချမ်းရေး လုပ်ငန်းများကို စဉ်ဆက်မပြတ် ဆောင်ရွက်ရန်ဖြစ်ပါတယ်။ ပါတီရဲ့ ရည်မှန်းချက်အောင်မြင်စွာ အကောင်အထည်ဖော်နိုင်ရေးအတွက် တိုင်းရင်းသားညီအစ်ကိုအားလုံး စည်းလုံးညီညွတ်စွာနဲ့ မှန်ကန်သောအသိ၊ လက်တွေ့ကျသော လုပ်ဆောင်ချက်များနဲ့သာ အကောင်အထည်ဖော်နိုင်မယ်လို့ ယုံကြည်ပါတယ်။ ယုံကြည်တဲ့အတိုင်း ပါတီရဲ့ရည်မှန်းချက်ကို သန္နိဋ္ဌာန်ချထားပါတယ်။

(၁) တည်ငြိမ်အေးချမ်းမှုရှိပြီး ပို၍ပို၍ ဖွံ့ဖြိုးတိုးတက်တဲ့ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းအဖြစ် ဆောင်ရွက်သွားမယ်။

(၂) နိုင်ငံတစ်ဝန်းလုံးရှိ တိုင်းရင်းသား ညီအစ်ကိုအားလုံးတို့နဲ့အတူ ဒို့တာဝန်အရေး (၃)ပါးကို ဦးထိပ်ထားလျက် မိမိတို့ရဲ့ မွေးရာပါတာဝန်အဖြစ် အလေးအနက်ခံယူကျင့်သုံးသွားမယ်။

(၃) ပါတီရဲ့ ရည်မှန်းချက်၊ မူဝါဒ၊ လုပ်ငန်းစဉ်များလုံးဝအောင်မြင်တဲ့အထိ ကြိုးပမ်းဖော်ဆောင်သွားပါမယ်။

**လေးစားအပ်ပါသော မဲဆန္ဒရှင်ပြည်သူအပေါင်းတို့ခင်ဗျား-**

**ပါတီရဲ့ မူဝါဒများကို ရှင်းလင်းတင်ပြရမည်ဆိုရင်-**

(၁) ပြည်ထောင်စု မြန်မာနိုင်ငံတော်အတွင်း ‘ဝ’ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းအဖြစ် ပို၍ပို၍ ခိုင်မာဖွံ့ဖြိုးတိုးတက်ရေး။

(၂) တိုင်းရင်းသားစည်းလုံးညီညွတ်မှုပိုမိုခိုင်မာရေး။

(၃) ဒို့တာဝန်အရေး(၃)ပါးကို အစဉ်တစိုက် မြဲမြံစွာ ခံယူစောင့်ထိန်းရေး။

(၄) မှန်ကန်သော အသိတရားဖြင့် စစ်မှန်သော မျိုးချစ်စိတ်ဓာတ် ထွန်းကားပြန့်ပွားရေး။

(၅) မူဝါဒနှင့် လမ်းစဉ်တူသော အခြားပါတီများနဲ့ မဟာမိတ်အဖြစ် လက်တွဲဆောင်ရွက်ရေး။

(၆) ရပ်ရွာ အေးချမ်းသာယာရေး၊ တရားဥပဒေစိုးမိုးရေးနှင့် အေးချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေး။

(၇) ပြည်သူတို့၏ စီးပွားရေး၊ လူမှုရေး၊ ကျန်းမာရေး၊ ပညာရေး နယ်ပယ်အသီးသီး၌ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် ဘက်ပေါင်းစုံမှ အားပေးကူညီရေး။




**ပါတီရဲ့လုပ်ငန်းစဉ်များနှင့် သဘောထားများကို ဆက်လက်တင်ပြရမယ်ဆိုရင် -**

(၁) ‘ဝ’ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းအတွင်းရှိ တိုင်းရင်းသားလူမျိုးများအားလုံး စည်းလုံးညီညွတ်စွာ နေထိုင်ရေး။

(၂) ထာဝရတည်ငြိမ်အေးချမ်းမှုရှိသော နယ်မြေအဖြစ် တည်တံ့ခိုင်မြဲရေး။

(၃) ‘ဝ’ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းရှိ တိုင်းရင်းသားပြည်သူများ ဖွံ့ဖြိုးတိုးတက်ရေး။

(၄) တိုင်းရင်းသားလူမျိုးများ၏ ဘာသာစကား၊ စာပေ၊ ယဉ်ကျေးမှု၊ ဓလေ့ထုံးတမ်းစဉ်လာများကို လေးစားပြီး တိုးတက်အောင် အားပေးကူညီသွားရေး။

(၅) တောင်သူလယ်သမား၊ အလုပ်သမားတို့ရဲ့ အခွင့်အရေး၊ အခြေခံရပိုင်ခွင့်တို့ကို တရားဥပဒေနှင့်အညီ ခံစားခွင့်အပြည့်အဝရရှိရေး။

(၆) တိုင်းရင်းသား စီးပွားရေးလုပ်ငန်းရှင်များရဲ့ စီးပွားရေး၊ ဖွံ့ဖြိုးတိုးတက်မှုအတွက် လွတ်လပ်စွာဆောင်ရွက်နိုင်တဲ့ဈေးကွက်၊ စီးပွားရေးမူဝါဒများ ဖော်ဆောင်သွားရေး။

(၇) သက်ကြီးရွယ်အိုများ၊ မိဘမဲ့များ၊ မသန်စွမ်းသူများနဲ့ ခိုကိုးရာမဲ့ အမျိုးသမီးများအား ကူညီစောင့်ရှောက်ရေး။

(၈) ဒေသအတွင်း ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေး၊ လမ်းပန်းဆက်သွယ်ရေးနှင့် လျှပ်စစ်မီးရရှိအောင် ကူညီစောင့်ရှောက်ရေး။

(၉) ဒေသအတွင်းနေထိုင်သော တိုင်းရင်းသားအားလုံး၏ အခြေခံလူ့အခွင့်အရေးနှင့် ဒီမိုကရေစီအပြည့်အဝရရှိအောင် ကူညီစောင့်ရှောက်ရေး။

(၁၀) တိုင်းရင်းသား မိဘပြည်သူများ၏ ရင်သွေးငယ်များဖြင့် ဖွဲ့စည်းထားသော ပြည်ထောင်စုတပ်မတော်သားများနှင့်အတူ နိုင်ငံတော်အား ကာကွယ်စောင့်ရှောက်ရေးတို့ဖြစ်ပါတယ်။

**နိဂုံးချုပ်အနေဖြင့်-**

ကျွန်တော်တို့ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ကြီးရဲ့ ဒုတိယအကြိမ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကြီးကို အောင်မြင်စွာပြီးဆုံးနိုင်ရေးအတွက် မဲဆန္ဒရှင် ပြည်သူများအနေဖြင့် မိမိတို့နိုင်ငံရဲ့ ရှေ့ရေးကံကြမ္မာကို ကိုယ်တိုင်ဖန်တီးနိုင်တဲ့အခွင့်အရေးရရှိလာပြီ ဖြစ်ပါတယ်။

ဒါကြောင့်လာမည့် ၂၀၁၅ ခုနှစ် နိုဝင်ဘာလ ၈ ရက် အထွေထွေရွေးကောက်ပွဲကြီးမှာ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေးအတွက် မိမိတို့နှလုံးသားကြားက တန်ဖိုးရှိလှတဲ့ ဆန္ဒမဲတစ်ပြားကို လူမှန်နေရာမှန်အဖြစ် ဆက်လက်ပြီး ‘ဝ’ ဒီမိုကရက်တစ်ပါတီကိုသာ ထောက်ခံမဲပေးကြပါစို့လို့ တိုက်တွန်းရင်း နိဂုံးချုပ်အပ်ပါတယ်။

အားလုံးကိုကျေးဇူးတင်ပါတယ်။

